www.free4readers.com

The SPEAKER
သတင်းဂျာနယ်
news journal
Vol(2) No(42) ၁၃၈၀ပြည့်နှစ်၊တော်သလင်းလပြည့်ကျော် (၃) ရက်
Sep (27) - Oct(3) 2018

## ရှိုင်ရယ်တည်းခိုခန်း လူသတ်မှုဖြစ်စဉ်တွင် သေဆုံးခဲ့ရသူ
## ထွန်းလင်းအောင်(ခ)ဖိုးထောင်၏ ဇနီးဖြစ်သူ
## မလွင်မာဦး(ခ)မမိငယ်က မကျေနပ်ချက်များကို ရှင်းပြီ



သူလည်း အိမ်ထောင်သည်၊ ကျွန်မယောကျ်ားလည်း အိမ်ထောင်သည်ပဲလေ။ အမှန်တကယ်ဆို သူက နှစ်ယောက်ပေါင်းမယ်ဆိုပြီး ကျွန်မ ယောကျ်ားနဲ့ မြဝတီကို လိုက်လာတာပါ။ ကျွန်မတို့ အိမ်ထောင်ကျတာကတော့ ၁၁ နှစ်လောက်ရှိပြီ။ အကြီးဆုံး သားလေးက ကိုးနှစ်၊ အလတ်ကောင်က ခြောက်နှစ်၊ အငယ်ဆုံးသားလေးက သုံးနှစ်ရှိပြီ။ ကျွန်မမှာလည်း အကြွေး သိန်းနှစ်ဆယ်ကျော်လောက် ရှိတယ်။ လင်းလင်းခိုင်မှာကလည်း ကလေးနှစ်ယောက်ရှိပါတယ်။ တစ်ယောက်ဆိုရင် ဆယ်တန်း တောင်ရောက်နေပြီလို့ ကြားပါတယ်။ ဖြစ်စဉ်အမှန်ကို မသိတဲ့ သူတွေကတော့ လူတစ်ရာမှာ တစ်ရာလုံးက လင်းလင်းခိုင်ပြောတာကိုယုံကြမှာပါ။ ကျွန်မက အမုန်းမပွားချင်လို့ အရှုံးနဲ့ ရပ်နေတာပါ . . .

■ စာ (၁၀) သို့

### တွေ့ကြုံခဲ့ရ လူ့ဘဝ (၁၄၄) ခွန်ရဲ
## ပန်းချီဝါသနာရှင်ဘဝ အမှတ်တရ (၂)

ကျွန်တော့်ဆီကို အသက်(၅၉)နှစ်ပြည့်တဲ့နှစ်မှာ စစ်ရာထူးခန့်ချုပ်ရုံးက စာလာတယ်။ အသက် (၆၀) ပြည့်ရင် ပင်စင်ယူလိုသလား၊ ဆက်လက်တာဝန်ထမ်းဆောင်လို သလားလို့ မေးတယ်။ အဖြေကို လက်မှတ်ထိုးပြီး ပြန်တင်ရတယ်။ ကျွန်တော်က အသက်(၆၀) ပြည့်ရင် နားမယ်။ ပင်စင်ယူပါ့မယ်လို့ လက်မှတ်ထိုးပြီး ပြန်တင်ပြခဲ့တယ်။

ဗိုလ်ချုပ်မှူးကြီးက "မင်း နားပြီး ဘာလုပ်မှာလဲလို့မေးတော့"

"စာရေးမယ်။ ပန်းချီဆွဲမယ်။ စတူဒီယိုတစ်ခုလုပ်ပြီး ဓာတ်ပုံနဲ့ဗီဒီယိုရိုက်မယ်။ မြန်မာပြည်အနှံ့ ဌက်တွေကို ဓာတ်ပုံလျှောက်ရိုက်ပါမယ်"လို့ ဖြေခဲ့တယ်။

ပုံမှန်ထက် လေး၊ ငါးလလောက်စောပြီး ၂၀၀၅ ခုနှစ်မှာ နားခွင့်ရခဲ့တယ်။ ကျွန်တော် ပန်းချီဆွဲတာ၊ ပန်းချီကားတွေ ပြပွဲတင်ပြီး ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ထွက်ရောင်းနေတာတွေကို ဗိုလ်ချုပ်မှူးကြီးက သိတယ်။ တစ်ခါက ရှမ်းပြည်နယ် တောင်ပိုင်းမှာရှိတဲ့ ပြဒါးလင်းဂူထဲက ကျောက်ခေတ်နံရံပန်းချီတွေကို သွားကြည့်ပြီး ပြန်လာတော့ ကျွန်တော့်ကို ပြောတယ်။ "ငါ့ မျက်စိထဲမှာတော့ နွားသားအမိပုံပဲ ပီပီပြင်ပြင်လေးပေါ်တယ်။ တောင်ကြားက နေထွက်တာနဲ့ လက်ဖဝါးပုံတွေက သိပ်မရှင်းဘူးကွ . . ."

■ စာ (၁၈) သို့

### ၂၀၁၇ ခုနှစ်အတွင်း ကျိုက်ထီးရိုးတောင်ပေါ် တွင် မည်သည့် အဆောက်အအုံသစ်မှ ထပ်မံဆောက်လုပ်ခွင့်မပြုဟု သတ်မှတ်ခဲ့သော်လည်း ယခုအခါ ကျိုက်ထိုဟိုတယ် အဆောက်အအုံသစ်များ ဆောက်လုပ်နေမှု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သမ္မတရုံးသို့ ကန့်ကွက်စာ ပေးပို့ထားသော်လည်း အကြောင်းမပြန်သေးဟုဆို

■ စာ (၂) သို့

### သနပ်ပင်မြို့နယ် တဲစုကျေးရွာ အမက(ခွဲ)တွင် ကလေးငယ်များ အငှား ဆရာ၊ ဆရာမများဖြင့် ပညာသင်ကြားနေရ

■ စာ (၅) သို့

### ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အခွန်ကောက်များခြင်းကြောင့် Feel စားသောက်ဆိုင်များ ဝါးတိုင်ထောင်ခနီမိုးဖြင့် ဖွင့်ရတော့မည်ဟုဆို

■ စာ (၃) သို့

### အသက် (၁၈) နှစ်ပြည့်သူများသာ ဝင်ရောက်ခွင့်ရမည့် Sexy Bar ရန်ကုန်တွင် ဖွင့်မည်

■ စာ (၅) သို့

### YBS ယာဉ်တစ်စီး ကျပ်လေးထောင်ကောက်ခံပြီး ယာဉ်လိုင်းများအပေါ် မည်သည့်ထောက်ပံ့မှုမှ မပြုလုပ်ပေးသဖြင့် ယာဉ်လိုင်းအများစု အရှုံးပေါ်နေ

■ စာ (၂) သို့





လေယာဉ်လက်မှတ်အပါအဝင် ၂ညအိပ် / ၃ရက် ခရီးကို
၂၈၅၀၀၀ဝိ ကျပ်တည်းနဲ့ အလှပဆုံးငပလီကမ်းခြေမှာ
အပန်းဖြေကြရအောင်လား...
အောက်တိုဘာလထဲမှာ ရှားရှားပါးပါးအခွင့်အရေးမို့
လက်လွတ်မခံနဲ့နော်...

(1st Oct - 22nd Oct 2018) / (26th Oct - 31st Oct 2018)

၂ညအိပ် / ၃ရက် Package
(285,000 ks per person)

ပါဝင်သည့်ဝန်ဆောင်မှုများ
- ရန်ကုန် - သံတွဲ - ရန်ကုန် လေယာဉ်လက်မှတ်အသွားအပြန် - သံတွဲလေဆိပ် အကြိုအပို့ - Sea View Deluxe Room တွင် တည်းခိုခွင့်
- လတ်ဆတ်သော အုန်းစိမ်းရည်၊ သစ်သီးပွဲ၊ မိမိအမည်ရေးထိုးထားသော ခရုလည်ဆွဲတို့ဖြင့် ကြိုဆိုခြင်း - အမယ်စုံလှသော နံနက်စာ စသည်တို့ပဲ ဖြစ်ပါတယ်...

RESERVATION :
09 777 123 700 / 800 / 900

www.free4readers.com

# ၂၀၁၇ ခုနှစ်အတွင်း ကျိုက်ထီးရိုးတောင်ပေါ်တွင် မည်သည့်အဆောက်အအုံသစ်မှ ထပ်မံဆောက်လုပ်ခွင့်မပြုဟု သတ်မှတ်ခဲ့သော်လည်း ယခုအခါ ကျိုက်ထိုဟိုတယ် အဆောက်အအုံသစ်များဆောက်လုပ်နေမှု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သမ္မတရုံးသို့ ကန့်ကွက်စာ ပေးပို့ထားသော်လည်း အကြောင်းမပြန်သေးဟုဆို



ရန်ကုန်၊ စက်တင်ဘာ ၂၅

ကျိုက်ထိုဟိုတယ် အသစ်ပြုပြင် တည်ဆောက်မှုနှင့်ပတ်သက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကန့်ကွက်ထားသော်လည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) က ခွင့်ပြုထားသည်ဟု သိရကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးအောင်ဆန်းဝင်းက ပြောသည်။

"MIC က ခွင့်ပြုထားတယ်လို့တော့ ကြားပါတယ်။ သမ္မတရုံးကို ကျွန်တော်တို့ ကန့်ကွက်စာ တင်ထားတယ်။ သမ္မတရုံးရဲ့ ဆုံးဖြတ်ချက်ကို စောင့်နေတယ်" ဟု ၎င်းက ပြောသည်။ ကျိုက်ထီးရိုးစေတီတော် တောင်ပေါ်ရှိ ကျိုက်ထိုဟိုတယ်၌ အဆောက်အအုံများတိုးချဲ့ခြင်း၊ အကြီးစားပြုပြင်မွမ်းမံမှုနှင့် အဆောက်အအုံအသစ် တည်ဆောက်နေမှုကို ရပ်ဆိုင်းပေးရန် ဟိုတယ်ဘက်သို့ အကြောင်းကြားထားပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက စက်တင်ဘာ ၅ ရက် ရက်စွဲဖြင့် ကြေညာချက် ထုတ်ပြန်ထားသည်။ အဆိုပါ ထုတ်ပြန်ချက်ကို သမ္မတရုံးသို့လည်း ပေးပို့ထားသည်။ ဟိုတယ်/ခရီးဝန်ကြီးဌာနပိုင် ကျိုက်ထိုဟိုတယ်တွင် အထပ်မြင့် အဆောက်အအုံသစ်များ တည်ဆောက်နေမှုနှင့် ပတ်သက်၍ ဟိုတယ်ဘက်မှ ကျိုက်ထီးရိုးစေတီတော် ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ကို တရားဝင် အကြောင်းကြားထားခြင်း မရှိကြောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လွန်ခဲ့သော ရှစ်နှစ်ခန့်က ဆောက်လုပ်ပြီးစီးထားသော ကျိုက်ထီးရိုးတောင်အနီးရှိ ကျီးပါးစပ်သွားရာလမ်းတွင် ရိုးရိုးလေးဟိုတယ် ဆောက်လုပ်နေမှုမှ ပေ ၃၀ အထက်မြင့်သော အဆောက်အအုံများကို ဟိုတယ်/ခရီးဝန်ကြီးမှ ဖျက်သိမ်းခိုင်းသောကြောင့် လုပ်ငန်းရှင်ဘက်မှ ဖျက်သိမ်းပြီးဟု ကြားသိရသည်။

TTS

# YBS ယာဉ်တစ်စီး ကျပ်လေးထောင်ကောက်ခံပြီး ယာဉ်လိုင်းများအပေါ် မည်သည့်ထောက်ပံ့မှုမှ မပြုလုပ်ပေးသဖြင့် ယာဉ်လိုင်းအများစု အရှုံးပေါ်နေ

ရန်ကုန်၊ စက်တင်ဘာလ ၂၅

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ YRTA က YBS ယာဉ်လိုင်းများ ထံကနေပြီး ယာဉ်တစ်စီးလျှင် ကျပ်လေးထောင်ကောက်ခံပြီး ယာဉ်လိုင်းများအပေါ် မည်သည့်ထောက်ပံ့မှုမှ ပြုလုပ်မပေးသဖြင့် ယာဉ်လိုင်းအများစု အရှုံးပေါ်နေပြီး ယာဉ်စီးခကိုလည်း တိုးမြှင့်ကောက်ခံလိုသည်ဟု ယာဉ်လိုင်းပိုင်ရှင်များက Speaker သို့ ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အမည်မဖော်လိုသူ ယာဉ်လိုင်းပိုင်ရှင်တစ်ဦးက"ကျွန်တော်တို့ ယာဉ်လိုင်းအများစု ခံစားနေရတာက သတ်မှတ်ငွေ မရဘူး။ ကတ်စနစ်ကလည်း သုံးလအတွင်း အကောင်အထည်ဖော်မယ် ပြောပြီး တင်ဒါသာနှစ်ဖွဲ့ပြောင်းသွားတယ်။ စာချုပ်လည်း မချုပ်နိုင်သေးဘူး။ အခုက ဘယ်လိုဖြစ်နေလဲဆိုတော့ ကားထွက်တာနဲ့ ရှုံးနေတယ်။ အဲဒီတော့ ယာဉ်စီးခကို တိုးစေချင်တယ်။ ကျွန်တော်တို့တွေက ရှုံးပြီးဘယ်သူမြတ်နေလဲဆိုတော့ အစိုးရရဲ့ YRTA က မြတ်နေတယ်။ သူက ဘာလို့မြတ်လဲဆိုတော့ ယာဉ်တစ်စီးထွက်ပြီဆိုတာနဲ့ လာထား လေးထောင်ကောက်တယ်။ အဲဒီကားက တစ်မှတ်တိုင်ပဲ မောင်းပြီးပျက်သွားလည်း ပေးရတာပဲ။ ရန်ကုန်မှာ ယာဉ်အစီးရေခြောက်ထောင်လောက်ရှိတယ်။ အဲဒီအထဲက ငါးထောင်နီးပါးပဲထွက်။ တစ်ရက်ကို သိန်းနှစ်ရာထားပါတော့။ သိန်း ၁၅၀ ပဲထား။ အဲဒါကို YRTA က နေ့စဉ်ရနေတယ်"ဟု ဆိုသည်။

ယင်းကဲ့သို့ YRTA က နေ့စဉ် YBS ယာဉ်ထွက်ခွာတိုင်း ကျပ်လေးထောင် ရရှိနေသော်လည်း ယာဉ်လိုင်းများအတွက် မည်သည့် ပံ့ပိုးမှုကိုမျှ လုပ်ကိုင်ပေးခြင်း မရှိဟု ဆိုသည်။ "ကျွန်တော်တို့ အခက်အခဲကို တာဝန်ရှိသူတွေ တွေ့ဆုံပြီးဖြေကြားပေးခြင်းလည်း မရှိဘူး။ ကားရပ်နားကွင်းလည်း လုပ်မပေးနိုင်ဘူး။ လမ်းတွေဆိုးရွားနေတာတွေ ပြုပြင်မှုလည်း အားနည်းတယ်။ ဒေါ်လာကစပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းတက်နေတဲ့အချိန်မှာ ကျွန်တော်တို့က ပိုဒုက္ခရောက်နေတယ်။ ယာဉ်လမ်းကြောင်းစစ်ဆေးတာလည်း မရှိဘူး။ တချို့ကားတွေဆို မှတ်ပုံတင်မရှိဘူး။ လုပ်ငန်းလိုင်စင် မရှိဘူး။ အာမခံထားတာတွေလည်း မရှိဘူး။ ကြားကားတွေလည်း မထိန်းဘူး။ ဖမ်းလည်း မဖမ်းဘူး။ အဲဒီအခြေအနေက တရားဝင်လုပ်တဲ့သူတွေနဲ့ ကြတော့ ပြိုင်ဆိုင်မှုက မမျှတဘူးဖြစ်နေတယ်"ဟု ပြောသည်။

ယာဉ်လိုင်းပိုင်ရှင်များ၏ အခက်အခဲကို တာဝန်ရှိသူများထံ တင်ပြမှုများ ပြုလုပ်ထားသော်လည်း လက်ရှိအချိန်အထိ တိကျသည့် မူဝါဒများ လမ်းညွှန်ချက်များ ဆောင်ရွက်ပေးခြင်းမရှိဟု သိရသည်။ ယာဉ်လိုင်းပိုင်ရှင်များ၏ အခက်အခဲ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးအခက်အခဲများနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးမှုများလည်း ပြုလုပ်သွားမည်ဟု အမည်မဖော်လိုသူတစ်ဦးက ပြောသည်။

"စက်တင်ဘာ ၂၆ ရက်မှာ JICA ရယ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရရယ်၊ YBS လုပ်ငန်းကို ဆောင်ရွက်နေတဲ့ ကုမ္ပဏီဘက်က ဒါရိုက်တာတစ်ယောက်စီရယ်၊ တာဝန်ရှိသူတွေနဲ့ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမယ်"ဟုပြောသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ယာဉ်လိုင်းပိုင်ရှင်များဘက်က ယာဉ်စီးခ ပိုမိုတိုးမြှင့်ကောက်ခံရန် တင်ပြသွားမည်ဟု အမည်မဖော်လိုသူ ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ရွှေထီး



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)







www.free4readers.com



# ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အခွန်ကောက်များခြင်းကြောင့်
# Feel စားသောက်ဆိုင်လုပ်ငန်း ဝါးတိုင်ထောင်ဓနိမိုးဖြင့်ဖွင့်ရတော့မယ် . . .

## Feel စားသောက်ဆိုင်ပိုင်ရှင် ဦးစိုးညီညီနှင့် တွေ့ဆုံခြင်း

ရွှေထီး

*Feel* စားသောက်ဆိုင်ပိုင်ရှင် ဦးစိုးညီညီက လတ်တလော အထွေထွေ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အခွန်အကောက်များ ပိုမို တိုးမြှင့် ကောက်ခံနေခြင်းကြောင့် စားသောက်ဆိုင်ကြီးများမှ ဆိုင်ငယ်များသို့ပြောင်းကာ ဝါးတိုင်စိုက်၊ ဓနိမိုးဖြင့် ဖွင့်ရတော့မည်ဟု ပြောကြားခဲ့သည်။ ထိုအခြေအနေများနှင့် ပတ်သက်ပြီး Feel စားသောက်ဆိုင် လုပ်ငန်းပိုင်ရှင် ဦးစိုးညီညီကို ဆက်သွယ်မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။



**Speaker။ ။ လုပ်ငန်းရှင်တွေ တော်တော်များများက ရုန်းနေတယ် ပြောတယ်။ အန်ကယ်လ်တို့ Feel စားသောက်ဆိုင်လုပ်ငန်းကလည်း အရှုံးနဲ့ ရင်ဆိုင်နေရတယ်လို့ သိရတယ်။ အဲဒါ ဘယ်လိုဟာမျိုးတွေ ကြုံတွေ့နေရလို့လဲဗျ။**

**USNN**။ ။ လုပ်ငန်းတွေ ကုန်ကျစရိတ်တွေ တက်လာတယ်။ အထွေထွေ ကုန်ကျစရိတ်တွေ တက်လာတယ်။ အစ်ကို့လုပ်ငန်းတွေမှာက ဖြစ်ကတတ်ဆန်း အိမ်သာနဲ့ ရောင်းတဲ့ဆိုင်မျိုးဆိုရင် အိမ်သာသန့်ရှင်းရေး ဝန်ထမ်းကို ခန့်ဖို့ မလိုဘူး။ အိမ်သာသန့်ရှင်းရေးအတွက် ဆေးရမယ့် ဆပ်ပြာတွေလည်း ဝယ်စရာမလိုဘူး။ နောက်တစ်ခါ အပေါစားတစ်ရှူးတွေ သုံးမယ်ဆိုရင် မကောင်းတာတွေ ဖြစ်မယ်။ ပြောရမယ်ဆိုရင် အိမ်သာကနေစပြီး ငွေအများကြီး ကုန်တာပေါ့။ နောက်ဝန်ထမ်းကို လူလိုသူလို ထားမယ်ဆိုရင် အဆောင်တစ်ဆောင်မှာ ကလေးတွေ အများကြီးအိပ်တယ်ဆိုရင် အဲကွန်းလေးဖွင့်ပေးမှ သူတို့ခမျာမှာ တစ်နေ့လုံး ပင်ပန်းတဲ့ဟာကို လူလိုသူလို အိပ်ရမှာပေါ့။ အဲကွန်းတပ်ပေးတာရယ်၊ အဲဒီအခန်းငှားခရယ်၊ အဲဒီ အဲကွန်းရဲ့ မီတာခတွေ ထပ်တက်လာတာရယ်။ နောက်တစ်ခါ ဒီကလေးတွေကို ပေးထားတဲ့ လစာနဲ့ သူတို့ဆိုင်မှာ ဝတ်ဖို့အဝတ်အစားကိုတောင် သူတို့လခထဲက ထုတ်ခိုင်းတယ်ဆို ဘယ်တရားပါ့မလဲ။ အဲဒီတော့ သူတို့ အဝတ်အစားခတွေ၊ သူတို့ ဆေးဖိုးဝါးခတွေ ဆရာဝန်ခန့်ထားရတာတွေ အဓိက သူတို့ကို အလုပ်ချိန်အများကြီး ခိုင်းထားရတဲ့ အချိန်မှာ သူတို့ အဆောင်ပြန်တဲ့အချိန် သူတို့အိမ်သာကို သူတို့ဆေးကြောရမယ်ဆိုရင်၊ သူတို့အခန်းကိုပါ သန့်ရှင်းရမယ်ဆိုရင် သူတို့တွေ အိပ်ချိန်တောင် မလုံလောက်တဲ့အတွက် အစ်ကိုတို့ Feel အနေနဲ့ အဲဒီအခန်းတွေမှာ သန့်ရှင်းရေးတွေပါ။ ထပ်ခန့်ပေးရတယ် စသည်ဖြင့်ပေါ့။ နိုင်ငံတော်ကလည်း ဆိုင်ဖွင့်လာတာ သက်တမ်းကြာလာတာနဲ့အမျှ အခွန်တွေ နှစ်စဉ်တိုးကောက်ဖို့ပဲ။ တောက်လျှောက်လုပ်လာတာ။ အဲဒါ အစိုးရအဆက်ဆက်ပဲ။ သူတို့က တိုးကောက်တယ်ဆိုတဲ့ အဓိပ္ပာယ်က ပိုရောင်းကောင်းတယ်ဆိုတာကို ရည်ရွယ်တာလား။ ငွေကြေးဖောင်းပွနေလို့ ပိုပေးရမယ်လို့ ဆိုလိုတာလားတော့ မသိဘူး။ သူတို့က ပိုင်ရှင်အဆင်ပြေခြင်း၊ မပြေခြင်းကို စိတ်မဝင်စားဘူး။ အခွန်ကောက်တဲ့သူတွေကလေ သူတို့က အပေါ်ကနေ Pressure ပေးထားတယ်။ တိုးကောက်ဖို့ပဲ စဉ်းစားတယ်။ တစ်ခါ မီးတွေ၊ ဘာတွေပြတ်တဲ့ အချိန်မှာ မီးစက်။ မီးစက်ဆိုတဲ့နေရာမှာ မီးစက်တစ်ခုလုံး ရင်းရတာကို ညီလေးသိတဲ့ အတိုင်းပဲ။ အင်ဂျင်ဝိုင်လဲရမှာ၊ ဒီဇယ်ထည့်ရမှာ၊ မီးစက်ကို အစောင့်ထားပေးရမှာ လူတွေ ထပ်ခန့်ရတယ်။ အခုခေတ်မှာလည်း ဆိုင်ထဲမှာ ခိုးတယ်၊ လုတယ်၊ ရန်ဖြစ်တယ်။ ပြဿနာတစ်ခုခုဖြစ်ရင် ရဲကလာတဲ့အခါ စီစီတီဗွီ မတပ်ထားဘူးလား မေးရင် စီစီတီဗွီကိုက နည်းတာမှ မဟုတ်တာ။ နောက်ဆိုင်တွေက ကောင်းကောင်းကန်းကန်း ဖြစ်လာပြီဆိုရင် Computer systerm နဲ့ ဆိုတော့ ဒါလည်း မနည်းဘူး။ စားသောက်သူကို Service ပေးတဲ့ နေရာမှာ Sound System တွေ၊ Speaker တွေ၊ Emplyfire တွေ တပ်မယ်ဆိုတာလည်း နည်းတာ မဟုတ်ဘူး။ အခုဆိုရင် တချို့ဆိုင်တွေမှာဆိုရင် ဘာ Music မှ ဖွင့်မပေးနိုင်တော့ဘူး။ အခုဟာ အစ်ကိုပြောနေတာတွေက အစ်ကိုတို့ Feel အနေနဲ့က သူများကိုက်လည်း အစ်ကိုတို့ မကိုက်သေးဘူး။ ဘာလို့လဲဆိုတော့ ဝန်ထမ်းဟာ မြဲနေဖို့လိုတယ်။ ဝန်ထမ်းတွေက ဒီမှာ မြဲနေဖို့အတွက် တတ်နိုင်သလောက် သူတို့ရဲ့ လိုအပ်ချက်တွေ၊ သူတို့ကျန်းမာရေးတွေ ဂရုစိုက်ပေးရတယ်။ ကောင်းကောင်းမွန်မွန်ဖြစ်ဖို့ သူတို့ကို တစ်ခါတစ်ခါ အပန်းဖြေဖို့ ကုန်ကျစရိတ်တွေ ရှိမယ်။ အဲဒါတွေကို အကုန်လုံးထမ်းနေရင်း အလုပ်လုပ်နေတဲ့ Feel မိသားစုက ဒီနေ့ ငှားခတွေ တက်လာတယ်။ နေရာငှားခကလည်း အမြဲတမ်း တိုးတောင်းဖို့ပဲ စဉ်းစားနေတယ်။ အစိုးရကလည်း အခွန်ကောက်ကို အမြဲတမ်း တိုးကောက်ဖို့ စဉ်းစားနေသလို ကုန်ဈေးနှုန်းကလည်း အမြဲတက်နေတယ်။ အဲဒီမှာလည်း ပဲငံပြာရည်၊ ငါးငံပြာရည်၊ နနွင်းမှုန့်၊ အချိုမှုန့်၊ ငရုတ်သီးအရောင်တင်မှုန့်စတဲ့ သားငါးတွေကအစပေါ့ ဈေးထဲမှာ ဆေးဆိုးထားတဲ့ အသားလိုဟာမျိုး၊ လမ်းဘေးက ခိုးသတ်ထားတဲ့ ဝက်၊ ကြက်လိုမျိုး လိုင်စင်မရှိဘဲနဲ့ ခိုးရောင်းတဲ့ဟာမျိုးကို မဝယ်တဲ့ အစ်ကိုတို့လို လူမျိုးအတွက်ကြတော့ ဝယ်ဈေးတွေက မြင့်နေတာပေါ့။ သုံးတဲ့ပစ္စည်းက ဈေးကြီးတာတွေ ဖြစ်နေတယ်။ အရာရာကို စနစ်တကျနဲ့ တကယ် ဖြစ်သင့်၊ ဖြစ်ထိုက်တဲ့ဟာကို လုပ်မယ်ဆိုလို့ရှိရင် အစ်ကိုတို့က ရှေ့လျှောက်ရပ်တည်ဖို့ မလွယ်တော့ဘူး။ အဲဒီတော့ တစ်ခုခုခိုမှ ရတော့မယ်။ ဥပမာ အစ်ကိုတို့ရဲ့ တရားဝင်နေရာလေးက ပေဘယ်လောက်၊ ဘယ်လောက်ပဲ ရှိမယ်။ အဲဒီရှေ့နားက မြောင်းဖုံးဆိုင် အပြင်လေးမှာ၊ စည်ပင်ခွင့်ပြုတဲ့နေရာလေးမှာ တဲလေးထိုးပြီး ခုံလေးခင်း၊ အကြော်လေးတွေ ဖြစ်ဖြစ် ရောင်းမှ ကိုက်တော့မယ်။ တစ်ခုခုကို တိုးလုပ်မှရတော့မယ်။ တိုးလုပ်ရတဲ့ဟာ ဆိုတာမှာ ဝန်ထမ်းကို လျှော့ကျွေးတာတွေ ပါလာမယ်။ ဝန်ထမ်းကိုဆင်တဲ့ အဝတ်အစားတွေက နည်းနည်း အပေါစားတွေ ဖြစ်လာနိုင်တယ်။ သုံးတဲ့ဆီတွေက စားအုန်းဆီတွေ သုံးလာမယ်။ ငရုတ်သီးမှုန့်တွေက ဟိုရော၊ ဒီရောတွေ သုံးလာမယ်။ ပဲငံပြာရည် အပေါစား သုံးမယ်။ အချိုမှုန့်က တရုတ်ပြည်က ဝင်တဲ့ဟာတွေသုံးမယ်ဆိုမှ ကောင်းကောင်းရပ်တည်နိုင်မယ်။ မှန်မှန်ကန်ကန် လုပ်မယ်၊ စားသုံးသူအတွက်လည်း အန္တရာယ်ကင်းရမယ်၊ ကိုယ့်ဆီလုပ်နေတဲ့ ဝန်ထမ်းတွေကိုလည်း လူလိုသူလို ထားမယ်ဆိုလို့ရှိရင်တော့ အရမ်းခက်ခဲလာပြီလို့ ဆိုလိုတာပါ။

> Feel 3 လို့ ခေါ်တဲ့ အခု ဝါးတန်းလမ်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်မှာ ကိုယ်ပိုင်အခန်း . . . အဲဒီလို အခန်းတောင်မှ အခုပိတ်ပြီးတော့ YKKO ကြေးအိုးကို ငှားဖို့ပြင်နေရတယ်

**Speaker ။ ။ အထွေထွေ ကုန်ဈေးနှုန်း မြင့်တက်လာတာရယ်။ အခွန်တွေတိုးကောက်တာက ပိုပြီးထိုးနှက်ချက် ဖြစ်စေတာလား။**

**USNN**။ ။ ညီလေးကို ဥပမာပြောပြမယ်။ လှည်းတန်းတို့၊ ကမာရွတ်တို့မှာ တွေ့မှာပါ။ ပလက်ဖောင်းတွေမှာ ဈေးရောင်းနေတာ အများကြီးရှိတယ်။ စားစရာတွေ လမ်းဘေးမှာ အများကြီးပဲ။ အစ်ကိုက ပြောင်းဖူးပြုတ်ရောင်းမယ်ဆိုရင်တော့ လမ်းဘေးပြောင်းဖူးပြုတ်ရောင်းသူလောက် မြတ်မှာမဟုတ်ဘူး။ အစ်ကိုက အခွန်ပေးရဦးမယ်၊ နေရာပေးရဦးမယ်၊ စားပွဲထိုးပေးရဦးမယ်။ လမ်းဘေးက အခွန်လည်း မပေးရဘူး၊ အချိုမှုန့်တွေ၊ ဆေးသကြားတွေ ထည့်ပြုတ်ချင်ပြုတ်မှာပဲ ဆိုတော့ အဲဒီလိုဟာတွေကိုလည်း နိုင်ငံတော်ကနေပြီးတော့ ဒီစားသုံးသူအတွက် မသင့်တော်တာကို ဒီနေ့အထိ ဖြေရှင်းနိုင်စွမ်း မရှိဘူး။ အစိုးရမှာလည်း အကျပ်အတည်းနဲ့။ အစိုးရလုပ်မပေးနိုင်တာကို လမ်းဘေးမှာ ဘာအခွန်မှ မပေးနိုင်ဘဲနဲ့ ရောင်းနေတဲ့သူတွေက ကိုက်တယ်။ သူတို့က ကြီးပွားတယ်။ ကမာရွတ်တို့၊ လှည်းတန်းတို့မှာဆို တွေ့နေရတယ်။ တီလားဘီးယားငါးကင်တွေ နည်းတာမဟုတ်ဘူး။ အကောင်တွေ အများကြီးပဲ။ အစ်ကိုတို့ဆိုင်တွေမှာ အဲဒီလောက် မရောင်းရဘူး။ သူတို့မှာ ဘာ Service၊ ဘာစရိတ်မှ မရှိတဲ့အတွက် ဈေးနှုန်း ချရောင်းနိုင်တယ်။ ပေါပေါပဲပဲလည်း ရောင်းနိုင်တဲ့ အချိန်မှာ ဘယ်သူမဆို အဲဒီဟာပဲ သွားစားမှာပဲ၊ သွားစားရင် အစ်ကိုတို့ဆီကို လာစားမယ့်ဟာ နည်းမှာပဲ။ အစ်ကိုတို့ဆီကို လာစားတဲ့သူနည်းတဲ့အတွက် အစ်ကိုတို့က ကိုက်အောင် ဈေးတင်ရောင်းရမှာပဲ။ ဈေးတင်ရင် အစ်ကိုတို့ဆိုင်ကို ဈေးကြီးတယ်လို့ ပြောကြမှာပဲ။ အဲဒီ ဈေးကြီးတဲ့အပေါ်မှာ အစိုးရကလည်း ကုန်သွယ်ခွန်နဲ့ အမြတ်ခွန်ကို တိုးကောက်နေမှာပဲ။ အဲဒီ သံသရာကို အစ်ကိုတို့က မခံနိုင်တဲ့အခါမှာ အစ်ကိုတို့က ဘယ်ကိုလွင့်မလဲဆိုရင် အစ်ကိုတို့ Feel ကလည်း လမ်းဘေးမှာ သူများနည်းတူ Feel နာမည်ခံရင်ခံ၊ မခံရင် ကိုယ့်ကလေးတွေကို ဟိုနားလေးမှာ ရောင်းလိုက် ခွင့်မပြုဘူးဆို ထွက်ပြေးလိုက်၊ ဒီလို ပိုက်ဆံရှာရတဲ့ ဘဝ၊ ကားလေးတွေနဲ့ လိုက်ရောင်းတယ်ဆိုတဲ့ဟာ ဖြစ်မယ်။ သို့မဟုတ်ရင် ငှားခသက်သာတဲ့ နယ်တွေဘက်ကိုထွက်ပြီး အလုပ်လုပ်ရတော့မယ်။ နယ်တွေဘက်မှာ အလုပ်လုပ်မယ်ဆိုရင် အစ်ကိုဖွင့်ခဲ့ဖူးတဲ့ ဆိုင်တွေလို သိန်းတွေ ထောင်ဂဏန်းနဲ့ သေချာကျကျနန စားသောက်ဆိုင်လိုမျိုး ဖွင့်တာမဟုတ်ဘဲနဲ့ ကွန်ကရစ်လောင်းရင်လောင်းမယ်။ မလောင်းရင် ကျောက်စရစ်လေး ခင်းမယ်။ ခင်းပြီးတော့မှ ဝါးလုံးလေးထောင်ပြီး၊ ဓနိလေးမိုးပြီး ရောင်းတဲ့ဘဝမျိုး ရောက်တော့မှာ။ အဲဒါ မကြာခင် သေချာပေါက်ရောက်တော့မှာ။ အဲဒါဆို သူတို့ကလည်း မေးမယ်။

စာမျက်နှာ ၃၃ သို့

www.free4readers.com



# ရန်ကုန်တိုင်းဥပဒေချုပ်ဟောင်း ဦးဟန်ထူး အပါအဝင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူခံထားရသူ ခြောက်ဦးကို ပထမဆုံးအကြိမ် ရုံးထုတ်



ရန်ကုန်တိုင်းဥပဒေချုပ်ဟောင်း ဦးဟန်ထူးအပါအဝင် ခြောက်ဦး၏ ရုံးထုတ်မြင်ကွင်းများ

ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

ရန်ကုန်၊ စက်တင်ဘာ ၂၅

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေဖြင့် အမှုဖွင့် အရေးယူခံထားရသူ ရန်ကုန်တိုင်းဥပဒေချုပ်ဟောင်း ဦးဟန်ထူး အပါအဝင် ခြောက်ဦးကို စက်တင်ဘာ ၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံး၌ ပထမဦးဆုံးအကြိမ် ရုံးထုတ်ခဲ့ကြောင်း သိရသည်။

သရုပ်ဆောင် အောင်ရဲထွေး သေဆုံးမှု ရုပ်သိမ်းခွင့်ပြုခဲ့တာနဲ့ပတ်သက်ပြီး လာဘ်စားခဲ့သူ ခြောက်ဦးကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် ပုဒ်မအသီးသီးဖြင့် တရားစွဲတင် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ဟောင်း ဦးဟန်ထူးကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ (၅၆)၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသိန်းဇော်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေအရာရှိ ဦးကိုကိုလေး၊ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်သစ်သစ်ခင်၊ ဒုတိယခရိုင်တရားသူကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ရွှေပေါက်ကံနယ်မြေစခန်းမှူး ရဲအုပ်ချစ်ကိုကို (ယခင်သုဝဏ္ဏနယ်မြေရဲစခန်း)တို့ကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ် ၃၄/ ၂၀၁၈၊ တရားလို ဦးသန့်ဇင်ဦးက တရားခံ သန်းထွဋ်အောင် (ခ)သားကြီးပါ သုံးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ စွဲဆိုထားသည့် သရုပ်ဆောင် အောင်ရဲထွေး သေဆုံးခဲ့ရသည့် အမှုကိစ္စနှင့်ပတ်သက်၍ ၂၅-၇-၂၀၁၈ ရက်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ တရားခံများအပေါ် စွဲဆိုထားသည့်ပြစ်မှုအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်က ကျော်စောသတင်းအဖြစ် သတ်မှတ်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

စစ်ဆေးချက်အရ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၃၄/၂၀၁၈ အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(က)အရ ရုပ်သိမ်းခွင့်ပြုသည့်ကိစ္စတွင် တရားလိုပြသက်သေများကို တမင်ပေါ့လျော့စွာစစ်ဆေးပြီး တရားခံများ ပြစ်မှုကျူးလွန်ကြောင်း တရားလိုပြသက်သေများက ထွက်ဆိုနိုင်ခြင်း မရှိဆိုသည့် အခြေအနေဖြစ်ပေါ်အောင် ဖန်တီးကာ တရားခံများ၏ မိဘများထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်များရယူခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံးမှ ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်သစ်သစ်ခင်(ဥ/၂၃၉၀)၊ ဒေါ်သစ်သစ်ခင်၏ တင်ပြချက်ကို ဆက်လက်စိစစ်ရာတွင် သေချာစွာ စိစစ်ခြင်းမပြုဘဲ တရားခံသန်းထွဋ်အောင်၏ဖခင် ဦးခင်မောင်လေးထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်များရယူကာ ထောက်ခံတင်ပြခဲ့သည့် ရန်ကုန် အရှေ့ပိုင်းခရိုင်ဥပဒေအရာရှိ ဦးကိုကိုလေး(ဥ/၂၄၄၃)၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးသိန်းဇော် (ဥ/၁၈၄၆) တို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ဒေါ်သစ်သစ်ခင်မှစတင်၍ အဆင့်ဆင့် စိစစ်တင်ပြလာသည့် အမှုရုပ်သိမ်းခွင့်ကို သုံးသပ်ဆုံးဖြတ်မိန့်ချမှတ်ရာတွင် ပြည့်စုံစွာ သုံးသပ်ခြင်းမပြုဘဲ တရားခံသန်းထွဋ်အောင်၏ဖခင် ဦးခင်မောင်လေးထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်များရယူကာ အမှုရုပ်သိမ်းခွင့် ချမှတ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဟန်ထူးအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ လည်းကောင်း၊ ဒေါ်သစ်သစ်ခင်က တင်ပြလာသည့် အမှုရုပ်သိမ်းခွင့်ကို သုံးသပ်ဆုံးဖြတ်ရာတွင် တရားခံသန်းထွဋ်အောင်၏ ဖခင် ဦးခင်မောင်လေးထံမှ လာဘ်ငွေရယူကာ အမှုကို ပြည့်စုံစွာ သုံးသပ်ခြင်းမပြုဘဲ အမှုရုပ်သိမ်းခွင့်ပြုပြီး တရားခံများကို တရားရှင်လွှတ်ခဲ့သည့် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ ဒုတိယခရိုင်တရားသူကြီး ဦးအောင်ကြည် (တ/၂၄၃၇) အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆အရလည်းကောင်း၊ အမှုစစ်အဖြစ်ဆောင်ရွက်ရာ၌ ရဲလုပ်ငန်းကုန်စင်အောင် ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် မိမိ၏ ရာထူးတာဝန်ကို အလွဲသုံးစားပြုပြီး တစ်စုံတစ်ရာကို ပြုလုပ်ရန်အတွက် တရားခံသန်းထွဋ်အောင်၏ဖခင်ထံမှ လာဘ်ငွေနှင့် တံစိုးလက်ဆောင်ကို လက်ခံရယူခဲ့သည့် လ ၁၆၆၉၅၄ ရဲအုပ်ချစ်ကိုကိုအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရလည်းကောင်း အရေးယူဆောင်ရွက်ရန် သုဝဏ္ဏနယ်မြေရဲစခန်းတွင် ၁၃-၉-၂၀၁၈ ရက်နေ့တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

TTS






www.free4readers.com



# အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသားများသတ်မှတ်ဦးရေထက် အဆမတန် ကျော်လွန်နေ



ရန်ကုန်၊ စက်တင်ဘာ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသားများ သတ်မှတ်ဦးရေထက် ကျော်လွန်နေကြောင်း စက်တင်ဘာ ၂၄ ရက်က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် သ်တ္တမပုံမှန် အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်မှ သိရသည်။

"အကျဉ်းသားများ ထိန်းသိမ်းရာမှာ သတ်မှတ်ဦးရေထက်များစွာ ပိုမိုနေတဲ့အတွက် အကျဉ်းသားများရဲ့ ကျန်းမာရေးအခြေအနေနဲ့ အခြားမလိုလားအပ်တဲ့ အုပ်ချုပ်မှုပြဿနာတွေ ဖြစ်ပေါ်နိုင်တဲ့အတွက် ဝန်ထမ်းအချိုးနဲ့ ကိုက်ညီတဲ့ အကျဉ်းသားဦးရေကိုသာ ထိန်းသိမ်းထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါတယ်"ဟု ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးတင့်လွင်က ပြောသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အကျဉ်းသားဦးရေ ၅၀၀၀ သာ ထားရှိရန် သတ်မှတ်ထားသော်လည်း ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၅ ရက်အထိ အချုပ်သားနှင့် အကျဉ်းသားဦးရေမှာ သတ်မှတ်ဦးရေထက် ၇၁၅၈ ဦး ပိုမိုနေကြောင်းနှင့် ဝန်ထမ်းအင်အားမှာ ၆၀၇ ဦးနှင့် အကျဉ်းသားအချိုးမှာ ၁ : ၂၀ ဖြစ်နေသည့်အတွက် သတ်မှတ်အချိုး ၁:၁၀ ထက် ပိုမိုနေကြောင်း သိရသည်။

စက်တင်ဘာ ၂၄ ရက်က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ သတ္တမပုံမှန် အစည်းအဝေး၊ အဋ္ဌမနေ့ အစီအစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဦးတင့်လွင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြခဲ့ရာ၌ အကျဉ်းသားကိစ္စကို ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

ကိုငှက်ခါး

# သနပ်ပင်မြို့နယ် တဲစုကျေးရွာ အမက(ခွဲ)တွင် ကလေးငယ်များ အငှားဆရာ၊ ဆရာမများဖြင့် ပညာသင်ကြားနေရ

ပဲခူး၊ စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း သနပ်ပင်မြို့နယ် တဲစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း (အမက ခွဲ)တွင် ကျောင်းသား၊ ကျောင်းသူ ၈၆ ဦးသည် အစိုးရခန့်သင်ကြားပေးမည့် ဆရာ၊ ဆရာမ တစ်ယောက်မှ မရှိသဖြင့် ကျေးရွာမှ စုပေါင်း၍ ဆရာငှားပြီး စာသင်ကြားနေကြောင်း သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးထံမှ သိရသည်။

သနပ်ပင်မြို့နယ် အခြေခံပညာကျောင်းများတွင် ကျောင်းသားနှင့် ဆရာ၊ ဆရာမဦးရေ မမျှတသဖြင့် ပညာသင်ကြားရေးမှာ အားနည်းနေပြီး အခက်အခဲရှိနေကြောင်း သို့ဖြစ်၍ ဆရာ၊ ဆရာမများ ခန့်ထားပေးရန် ရှိ၊ မရှိနှင့် ဖြည့်ဆည်းခန့်ထားရာမှာလည်း ဒေသခံ ဘွဲ့ရများကို ဦးစားပေးခန့်ထားပေးပါရန် ကျင်းပဆဲ ပြည်သူ့လွှတ်တော်နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့တွင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဦးမြင့်ဦးမှ မေးခွန်းထုတ်ခဲ့ပါသည်။

သနပ်ပင်မြို့နယ်တွင် ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စုပေါင်း ၆၀ အုပ်စုရှိပြီး အခြေခံပညာကျောင်းပေါင်း ၁၂၁ ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၃၄၅၄၀ တွင် ဆရာ၊ ဆရာမဦးရေမှာ ၁၀၂၈ ဦးသာရှိပြီး အမှန်တကယ်ရှိရမည်မှာ ၁၄၃၀ ဖြစ်သည်။ သို့ဖြစ်၍ လိုအပ်လျက်ရှိသော ဆရာဆရာမ ၄၀၂ ဦးအား ခန့်ထားပေးရန် မေးခွန်းထုတ်ခဲ့ခြင်းဖြစ်ကြောင်း ဦးမြင့်ဦးက ပြောသည်။

သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ဖြေကြားမှုနှင့် ပတ်သက်၍ ဦးမြင့်ဦးက ဆက်၍ပြောရာတွင် "ပညာရေးနဲ့ပတ်သက်လာရင် ကျွန်တော့်ဒေသအတွက် မေးခွန်းအမြဲထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနများက လာဖြေတဲ့အခါ အဆင်ကို ချောနေတာပဲ။ ကျွန်တော့် မဲဆန္ဒနယ်က ရွာတွေက များသောအားဖြင့် ဆင်းရဲတာက များတယ်။ အခု တဲစုကျေးရွာလေးဆို တစ်နေ့လုပ် တစ်နေ့စားတွေ၊ သား၊ သမီးတွေ ပညာတတ်စေချင်လွန်းလို့ မရှိမဲ့ ရှိမဲ့ စုပေါင်းပြီး ဆရာ၊ ဆရာမငှားသင်နေရတယ်။ ကျွန်တော် လွှတ်တော်တွင်းမှာ ကလေးတွေ ချို့ချို့တဲ့တဲ့ ပညာသင်ကြားပေးနေရတာတွေကို ပါဝါပွိုင့်နဲ့ ထိုးပြတယ်။ ဒီတော့ ဝန်ကြီးရဲ့အဖြေက ဘာပြောလဲဆိုတော့ ကျွန်တော်က အောက်ခြေက တင်ပြတာကို ပြောရတာပါလို့ ပြောတယ်။ ထိုနည်းတူပဲ ရွာတွေက မြို့နဲ့မဝေး၊ ခရီးကကြမ်းတော့ ဆရာမလေးတွေက ဒီရွာ၊ ဒီနေရာကို မလာချင်ကြဘူး။ ဒါကြောင့် ဒေသခံဘွဲ့ရများကို ဦးစားပေးခန့်ထားပေးဖို့ မေးမြန်းရခြင်းဖြစ်ကြောင်း ဦးမြင့်ဦးက သူ့ဒေသ၏ ပညာသင်ကြားနေရပုံ အခက်အခဲများကို ရှင်းပြသည်။

နန္ဒာသားစစ်(ဟင်္သာ)

# ပဲခူးအထွေထွေရောဂါကုဆေးရုံကြီးတွင် အောင်သုခဆရာတော်ကြီးနှင့် တပည့်များမှ တိုးချဲ့လေးထပ် လှူနာဆောင် ဆောက်လုပ်လှူဒါန်း

ပဲခူး၊ စက်တင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း၌ ပဲခူးအောင်သုခ ဓမ္မရိပ်သာ ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာနှင့် တပည့်၊ ဒကာ၊ ဒကာမများက ငွေကျပ်သိန်းနှစ်သောင်းကျော် အကုန်အကျခံ၍ ယခုအခါ နိုင်ငံတကာအဆင့်မီ တိုးချဲ့လေးထပ် လူနာဆောင်ကြီးကို ဆောက်လုပ်လှူဒါန်းလျက်ရှိသည်။

ယင်းတိုးချဲ့လေးထပ်ဆောင်ကြီးကို ဆေးရုံကြီးဝင်းအတွင်း အရေးပေါ်ဌာနရှေ့ မြေနေရာတွင် ၂၀၁၈ ခုနှစ် ဇူလိုင် ၁၄ ရက်က ပဲခူးတိုင်းဒေသကြီး သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာပဏ္ဍိတ)နှင့် သံဃာတော်များက မြေသန့်မင်္ဂလာပြုလုပ်ပေးပြီး ဇူလိုင် ၁၇ ရက်တွင် ပန္နက်တင်မင်္ဂလာ ပြုလုပ်ကာ စတင်အကောင်အထည်ဖော် ဆောက်လုပ်နေခဲ့ပြီး ဖြစ်သည်။ ထို လေးထပ်တိုးချဲ့ဆောင်သစ်ကြီးကို Rainterest.com Pany ကုမ္ပဏီမှ ကုသိုလ်ဖြစ် တာဝန်ယူဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ပါသည်။

ပဲခူးဆေးရုံကြီးသည် ယခင်ပဲခူးတိုင်းဝန်ကြီးချုပ်ဟောင်း ဦးဉာဏ်ဝင်းလက်ထက်တွင် ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးချဲ့ဆောက်လုပ်ရန် ခွင့်ပြုချက်ရရှိထားပြီးဖြစ်သော်လည်းလည်း ငင်းဘတ်ဂျက်ငွေဖြင့် ပဲခူးအတွက် ကလိကျေးရွာအနီးတွင် ခြောက်ထပ်ဆေးရုံကြီးအဖြစ် ယခုအခါ တည်ဆောက်လျက်ရှိသည်ကို တွေ့ရသည်။ ဆေးရုံကြီး တည်ဆောက်မှုနှင့် ပတ်သက်၍ တိုင်းလွှတ်တော်တွင် မေးခွန်းထုတ်ခဲ့ဖူးသည့် ပဲခူးအမှတ်(၁)နယ်မြေ တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေအား မေးမြန်းရာ "ဆေးရုံတိုးချဲ့ဆောက်ဖို့ ကျတဲ့နေရာက အခုလက်ရှိ ဆေးရုံကြီးဝင်းအတွင်းမှာပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုတည်ဆောက်နေတာက ပဲခူးအထွက် ကလိကျေးရွာအနီး လယ်ကွင်းထဲမှာ ကုမ္ပဏီတစ်ခုက လယ် ၂၅ ဧက ဝယ်လှူတယ်။ ပြီးတော့ ဒီခြောက်ထပ်ဆေးရုံကြီးကိုလည်း သူပဲဆောက်ခွင့်ရခဲ့တယ်။ ဒီနေရာက ရေကြီးကွင်းလေ။ မိုးဆိုရင် ရေက ရှစ်ပေလောက်တက်တာ။ သူတို့ဆောက်တဲ့ ပုံစံဒီဇိုင်းက အခုလက်ရှိ ဆေးရုံကြီးမှာကျတဲ့ ဒီဇိုင်းအောက်အုတ်ခုံက နှစ်ပေလောက်ပဲ မြင့်တယ်။ ဒါကို ဘယ်လိုလုပ်မှာလဲလို့ ကျွန်တော် မေးခွန်းထုတ်တယ်။ ပထမတော့ ရပ်ထားသလိုဖြစ်ပြီး အခုဆက်ဆောက်နေတယ်။ နောက်မှာလည်း အဆောင်တွေ ဆောက်နေတာ တွေ့ရတယ်။ ဒီအဆောင်တွေဟာ ဘာလဲဆိုတာ မေးကြည့်ရင် သိပါလိမ့်မယ်။ အခုလက်ရှိ ဆေးရုံကြီးအတွင်းမှာ ဆောက်နေတဲ့ လေးထပ်ဆောင်က အောင်သုခဆရာတော်ကြီးနဲ့ တပည့်ဒကာ၊ ဒကာမတွေက လှူတာ။ နိုင်ငံတော်ဘတ်ဂျက် မပါဘူး"ဟု ဦးညွန့်ရွှေက ဆိုသည်။

ပဲခူးမြို့အထွက်တွင် ဆောက်လုပ်နေသည့် ဆေးရုံအဆောက်အအုံများနှင့် ပတ်သက်၍ ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်အောင်က "အဲဒီ ပဲခူးမြို့အထွက် ကလိရွာအနီးက မြေကွက်လပ်ကို သူနာပြုသင်တန်းကျောင်း ဒါမှမဟုတ် ကင်ဆာအထူးကုဆောင်အဖြစ် ဆောက်လုပ်ဖို့ လျာထားတင်ပြထားတာတော့ ရှိတယ်။ အဲဒီလျာထားချက်က ဒီဘဏ္ဍာနှစ်အတွင်းမှာ အကောင်အထည်ဖော်ဖို့ တင်ပြထားတာ ဖြစ်တယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ခွင့်ပြုချက်အပေါ်မှာ မူတည်ပြီး ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အဲဒီကိစ္စမှာ သင်တန်းကျောင်းဆောက်မယ်ဆိုတာက လောလောဆယ်တော့ အတည်ပြုလို့ မရသေးပါဘူး။ ဌာနခွင့်ပြုတဲ့အပေါ်မှာ မူတည်ပါတယ်။ နောက်တစ်ခုက အဆောက်အအုံကြီးသွားရင်တော့ ကျွန်တော်တို့ အခုလက်ရှိ ဆေးရုံကြီးက ဌာနတချို့ကို အဲဒီမှာတွဲထားဖို့လည်း လျာထားမှုတော့ ရှိပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်အောင်က ရှင်းပြသည်။

ပဲခူးအထွေထွေရောဂါကု ဆေးရုံကြီးအတွင်း ယခုတည်ဆောက်နေသည့် နိုင်ငံတကာအဆင့်မီ လေးထပ်လူနာဆောင်ကြီးအား အောင်သုခဓမ္မရိပ်သာ ဆရာတော်ဘုရားအား ဂါရဝပြု၍ အောင်သုခဆောင်ဟု အမည်ပေးထားကြောင်း သိရသည်။

နန္ဒာသားစစ်(ဟင်္သာ)

# အသက် (၁၈) နှစ် ပြည့်သူများသာ ဝင်ရောက်ခွင့်ရမည့် Sexy Bar ရန်ကုန်တွင်ဖွင့်မည်

အသက် (၁၈) နှစ်ပြည့်သူများသာ ဝင်ရောက်ခွင့်ရမည့် Sexy Bar တစ်ခု ရန်ကုန်မြို့တွင် မကြာမီဖွင့်လှစ်တော့မည်ဟု A4 BAR & KTV ဖေ့စ်ဘွတ်စာမျက်နှာတွင် စက်တင်ဘာ ၂၅ ရက်က ကြော်ငြာထားသည်ကို တွေ့မြင်ရသည်။

အဆိုပါစာမျက်နှာတွင် "မရတော့ဘူး။ အရမ်းသွားချင်နေပြီ။ ၂၇ ရက်မှာ ဖွင့်လှစ်မယ့် A4 Group ရဲ့ Sexy bar grand opening မှာ အရမ်းချစ်စရာကောင်းပြီး အရမ်းလန်းတဲ့ Vietnam dancer သုံးယောက်က အရမ်း Hot တဲ့ ကကွက်တွေနဲ့ ဖျော်ဖြေပေးဦးမှာတဲ့ DJ ICE ကလည်း ကူညီအားဖြည့်ထားတယ်"ဟု ရေးသားထားသည်။

အဆိုပါဖေ့စ်ဘွတ်တွင်ကြော်ငြာထားရာ "အလန်းဆုံး DJ Artist များ၊ အ Hot ဆုံး Dancer များ၊ အကောင်းဆုံးစားသောက်စရာများ မကြာခင်ဖွင့်လှစ်တော့မှာ"ဟု ကြော်ငြာထားသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး A4 Group သို့ ဆက်သွယ်မေးမြန်းခဲ့ရာ "သန်ဘက်ခါ ၂၇ ရက်နေ့မှာဖွင့်မယ်။ ကျွန်မတို့ရဲ့ လူကြီးတွေက အဲဒီ ဖွင့်ပွဲအတွက် ပြင်ဆင်နေရလို့ အစီအစဉ်အသေးစိတ်တော့ ဘာမှပြောလို့မရသေးဘူး။ ကျွန်မတို့အောက်ထပ်ကတော့ Bar ပဲ။ အပေါ်ထပ်မှာ အဲဒီဟာ ဖွင့်မှာ။ အခု ပြင်ဆင်နေတယ်"ဟု ပြောသည်။

အဆိုပါ 18 + Sexy Bar သည် အမှတ် Q ၂၃၈ မင်းရဲကျော်စွာလမ်းနှင့် ဦးဝိစာရလမ်းထောင့် မြောက်ဒဂုံတွင် ဖြစ်ပြီး စက်တင်ဘာ ၂၇ ရက် ည ၇ နာရီတွင် စတင်ဖွင့်လှစ်မည်ဟု သိရသည်။

ရွှေထီး







The Speaker သတင်းဂျာနယ်
news journal

အယ်ဒီတာချုပ် - အွန်လိုင်းဝဏ္ဏ
wunna.online@gmail.com
တာဝန်ခံအယ်ဒီတာ - နှင်းမောင်ဦး
ဥပဒေအကြံပေး - ဦးသိန်းသန်းဦး
(တရားလွှတ်တော်ရှေ့နေ)
B.Sc(R.L)
- ဦးနေလ
(B.A Law)LL.B
အကြီးတန်းသတင်းထောက် - သက်မှူး
- ဇော်ဇော်ထွန်း(ရွှေထီး)
- ကိုဘုန်း
- ကိုငှက်ခါး
နယ်သတင်းထောက် - ထန်းထန်း(မဲဇလီ)
- နေမင်း
- ပေါ်ဦး
ဓာတ်ပုံအယ်ဒီတာ - ဇော်မင်းနိုင်(ဒီပဲယင်း)
မန္တလေးသတင်းအဖွဲ့ - ယဉ်ယဉ်ခန့်(တာဝန်ခံ)
- ဖြိုးအိနိုင်
စာပြင် - ဇောဝင်းနိုင်
လိုဂို - ဒီဇိုင်းသိန်းလွင်
ဒီဇိုင်း - မျိုးမင်း (တာဝန်ခံ)
- ခိုင်မျိုးလွင်
- မင်းခန့်
နေပြည်တော်သတင်းအဖွဲ့ - အေးအေးဟန်
- သဇ္ဈာထွန်း
- သီဟရဲရင့်(ဖြန့်ချိရေး)
အမှတ်(၄၀၅)၊ ချယ်ရီလမ်း၊
ရွှေကြာပင်ရပ်ကွက်၊
ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်။
ဖုန်း- ၀၉ ၉၇၇၇၄၈၅၅၅
၀၉၇၇၇၇၄၉၅၅၅
ကြော်ငြာ - နန့်ဂျိုးစလင်းဂျွန်
၀၉ ၉၇၁၉၃၁၇၃၃
- နော်ဂလိုရီယာ
၀၉ ၂၅၄၄၁၀၄၉၂
ထုတ်ဝေသူ - ဦးဝဏ္ဏ (၀၁၉၀၁)
အမှတ်(၂၂)၊ ဦးဖိုးရွှေလမ်း၊
ဆရာစံမြောက်
(အနောက်ရပ်ကွက်)
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ် - အလက်ာဝတ်ရည်
(၀၀၉၇၈)
အမှတ်(၁၃၅)၊
လုံးသွယ် (၁)လမ်း၊
(၂၉)ရပ်ကွက်၊
သုဝဏ္ဏမြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချိရေး - ဇော်ဇော်ထွန်း၊ ဖြိုးကိုကို
ဖုန်း - ၀၉ ၇၈၀၉၄၉၉၉၇
၀၉ ၇၇၃၈၉၁၄၈၄
ရန်ကုန်ရုံးအဖွဲ့ - ဖြိုးဖြိုး

အမှတ်(၅)၊ ပုညဝန္တနလမ်း၊
မလွှကုန်းဌေးကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ရုံးဖုန်း - ၀၁-၅၅၉၀၂၄
၀၉- ၇၇၇၇၄၈၅၅၅၊ ၀၉- ၉၇၇၇၄၉၅၅၅၊
E-mail-thespeakernewsjournal@gmail.com

# ရှပ်ပိုင်းဆိုင်ရာပျက်စီးယိုယွင်းနေသည့် တာမွေမြို့နယ်ပညာရေးမှူးရုံးအတွက် မြေပိုင်ဆိုင်မှုမရှိသေး

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

ရှပ်ပိုင်းဆိုင်ရာပျက်စီးယိုယွင်းနေသည့် တာမွေမြို့နယ်၊ ပညာရေးမှူးရုံးအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိသော်လည်း မြေပိုင်ဆိုင်မှု မရှိသေးကြောင်း လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောသည်။

"ပညာရေးမှူးရုံး အဆောက်အအုံကို အကြီးစားပြင်ဆင်ပေးခြင်းထက် အသစ် ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိပါတယ်။ သို့သော် မြေပိုင်ဆိုင်မှု မရှိသေးသဖြင့် မြေပိုင်ဆိုင်မှုရရှိရေး စီစဉ်ဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ အကြီးစား ပြင်ဆင်ခြင်း သို့မဟုတ် အသစ်တည်ဆောက်ရန်မှာ မြေပိုင်ဆိုင်မှု မရရှိသေးသဖြင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်တွင် လျာထားခဲ့ခြင်း မရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတွင် တင်ပြနိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ်၌ ပညာရေးမှူးရုံးအား မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း အကယ်၍ မဆောင်ရွက်ပေးနိုင်ပါက မည်သည့် အတွက်ကြောင့် ဖြစ်သည်ကို သိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက မေးမြန်းရာတွင် လူမှုရေးဝန်ကြီးက ပြန်လည်ဖြေကြားခြင်း ဖြစ်သည်။

ယခုအခါ တာမွေမြို့နယ် ပညာရေးမှူးရုံး ရှပ်ပိုင်းဆိုင်ရာ ယိုယွင်းဆွေးမြည့်နေခြင်းကြောင့် ပညာရေးဝန်ထမ်းများအတွက် အန္တရာယ်ရှိကြောင်း တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက ပြောသည်။



"တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် များစွာ အန္တရာယ် ရှိပါတယ်။ ဒါကြောင့် ပညာရေးဝန်ထမ်းများအား ဘေးကင်းလုံခြုံစွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ရှပ်ပိုင်းဆိုင်ရာ ယိုယွင်းနေတဲ့ မြို့နယ်ပညာရေးမှူးရုံးအား အကြီးစားပြင်ဆင်ပေးရန် သို့မဟုတ် အသစ်တည်ဆောက်ပေးရန် လေးစားစွာ တင်ပြအပ်ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ပညာရေးမှူးရုံးမှာ တာမွေမြို့နယ် တာမွေကြီး(ခ) ရပ်ကွက် ၁၆၄ လမ်းတွင် တည်ရှိပြီး သစ်သားများဖြင့် တည်ဆောက်ထားခြင်းကြောင့် ပျက်စီးယိုယွင်းနေကြောင်း၊ တာမွေမြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်း၊ မူလတန်းကျောင်း ၂၇ကျောင်း စုစုပေါင်း ၃၉ ကျောင်း အတွက် ပညာရေးဆိုင်ရာလုပ်ငန်းများကို ထမ်းဆောင်နေသော ပညာရေးမှူးရုံးဖြစ်ကြောင်း သိရသည်။

**ကိုငှက်ခါး**

# ကြားဖြတ်ရွေးကောက်ပွဲ အစိုးရဖွဲ့နိုင်သည့်အဆင့် မရှိခြင်းကြောင့် လူထုစိတ်ဝင်စားမှု နည်းပါး

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲသည် အစိုးရဖွဲ့နိုင်လောက်သည့် အနေအထားမရှိခြင်းနှင့် စီးပွားရေး အဆင်မပြေမှုကြောင့် လူထုအနေဖြင့် စိတ်ပါဝင်စားမှုနည်းခြင်းဖြစ်ကြောင်း စက်တင်ဘာ ၂၅ ရက်က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ မုံရွာအောင်ရှင်က Speaker သို့ ပြောသည်။

"အရေအတွက်အရ လူက ၁၃ ယောက်ပဲ ရှိတယ်။ လူတွေက စားဝတ်နေရေး စီးပွားရေး ကျပ်တည်းလို့ ရုန်းကန်နေရတဲ့ အခါကျတော့ ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု နည်းတာ။ အဲဒါလည်း တစ်ပိုင်းပါတယ်။ နောက်တစ်ခုက နိုင်လည်း အစိုးရဖွဲ့နိုင်လောက်တဲ့ အဆင့်မရှိဘူးလေ။ ဒါက ဒီလောက်ကြီး အရေးမကြီးဘူးဆိုတဲ့ သဘောပါပဲ။ အဲဒါကြောင့် စိတ်ဝင်စားမှုမရှိဘူးလို့ မြင်ပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ကြားဖြတ်ရွေးကောက်ပွဲသည် လွှတ်တော်ရေးရာပိုင်းတွင်လည်း အပြောင်းအလဲတစ်ခု မဖြစ်နိုင်သောကြောင့် လူထု၏စိတ်ဝင်စားမှု လျော့နည်းခြင်းဖြစ်ကြောင်း ရွေးကောက်ပွဲလေ့လာသုံးသပ်သူ New Myanmar Foundation ၏ Excutive Director ဒေါ်မြနန္ဒာသင်းကပြောသည်။

"တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲလို မဟုတ်ဘူး။ မဲဆန္ဒနယ်ကလည်း ၁၃နေရာပဲ ရှိတယ်။ ကိုယ့်အနားက မြို့နယ်တွေကလည်း လှုပ်ရှားမှုတွေ မရှိတဲ့အခါကျတော့ အဲဒီအပေါ်မှာ စိတ်ဝင်စားမှု နည်းတာလည်း ဖြစ်နိုင်တယ်။ နောက်တစ်ခုက ကြားဖြတ်ရွေးကောက်ပွဲ လုပ်တယ်ဆိုပေမယ့် လွှတ်တော်မှာကျ ဘာမှအပြောင်းအလဲ မဖြစ်နိုင်ဘူး" ဟု ၎င်းက ပြောသည်။

ထို့အပြင် ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ လူထုအနေဖြင့် သတင်းအချက်အလက်ရရှိမှုနည်းပါးပြီး လွန်ခဲ့သောနှစ်လခန့်က စစ်တမ်းအရ ကြားဖြတ်ရွေးကောက်ပွဲရှိသည်ကိုပင် သိရှိသူနည်းပါးကြောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ အထိ စစ်တမ်းများအရ နိုင်ငံရေးကို စိတ်ဝင်စားသူ ၃၈ရာခိုင်နှုန်းသာရှိကြောင်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ဒါရိုက်တာ ဦးစိုင်းရဲကျော်စွာမြင့်က ပြောသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို လာမည့်နိုဝင်ဘာ ၃ ရက်တွင် လစ်လပ်မဲဆန္ဒနယ် ၁၃နေရာအတွက် ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိအစိုးရလက်ထက်တွင် ဒုတိယအကြိမ်မြောက် ပြုလုပ်သည့် ကြားဖြတ်ရွေးကောက်ပွဲ ဖြစ်သည်။

**ကိုငှက်ခါး**

# ဈေးအင်္ဂါရပ်နှင့် မညီညွတ်သည့် သိမ်ကြီးဈေးတွင် လက်ဝါးကြီးအုပ်သူများကြောင့် အမြတ်ခွန်မရ

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

ဈေးအင်္ဂါရပ်နှင့် မညီညွတ်သည့် သိမ်ကြီးဈေးတွင် လက်ဝါးကြီးအုပ် နေရာယူထားမှုများရှိခြင်းကြောင့် နိုင်ငံတော်အတွက် ရသင့်သော အမြတ်ခွန်နှင့် ကုန်သွယ်ခွန်များ မရရှိကြောင်း လသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းဟန်က ပြောသည်။

"ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးဌာန စီမံခန့်ခွဲမှုအောက်မှာ ဈေးအဆင့် (က)၊ အဆင့်(ခ)၊ (ဂ)၊ (ဃ)အဆင့်ရှိသည်များထဲမှ (က)ကြီးအဆင့်မှာရှိတဲ့ လသာမြို့နယ်မှာရှိတဲ့ သိမ်ကြီးဈေး C ရုံသည်လည်း အထပ်ငါးထပ်ရှိသော်လည်း မြေညီထပ်မှာသာ စည်ကားလျက်ရှိပြီးတော့ ဒုတိယအထပ်မှာ ဂိုဒေါင်ဆိုင်ခန်း ၂၀ခန့်ရှိသောကြောင့် ဈေးအင်္ဂါရပ်နဲ့ မညီညွတ်ကြောင်း ကြားသိရပါတယ်။ အမှန်တကယ် ရောင်းဝယ်လိုသော လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းမရှိဘဲ လက်ဝါးကြီးအုပ် နေရာယူထားမှုများကြောင့် နိုင်ငံတော်အနေနဲ့ ရသင့်ရထိုက်သော အမြတ်ခွန်၊ ကုန်သွယ်ခွန်များ ကောက်ခံမှု လျော့နည်းလျက်ရှိသည်ကို တွေ့ရပါတယ်။ မီးဘေးအန္တရာယ်ရှိသော ကိစ္စရပ်များလည်း တွေ့ရပါတယ်။ ဈေးသူဈေးသားများကယင်း အခက်အခဲများကို အကြိမ်ကြိမ် တင်ပြခဲ့သော်လည်း တုံ့ပြန်မှုမရှိ၍ ဈေးသူဈေးသားများကိုယ်စား တင်ပြရခြင်း ဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေး၊ နဝမနေ့ အစီအစဉ်၌ ရန်ကုန်တိုင်းဒေသကြီးရှိ ဈေးများတွင် ဈေးအင်္ဂါရပ်နှင့် မညီညွတ်ဘဲ ပစ္စည်းသိမ်းရန် ဂိုဒေါင်များ ရှိနေခြင်းကြောင့် ဈေးများစည်ကားလာမှုရှိစေရန် စည်းကမ်းသတ်မှတ် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊မရှိ မေးမြန်းရာတွင် ထည့်သွင်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

အဆိုပါမေးခွန်းကို စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားရာ "ဆိုင်ခန်းအငှားချထားမှုမှာ လိုက်နာဖို့ စည်းကမ်းချက် ၃၄ ချက် ရှိပါတယ်။ အချက် ၁၃မှာ ဆိုင်နေရာကို ပစ္စည်းများ စုပုံသိုလှောင်သော ဂိုဒေါင်သဖွယ် အသုံးမပြုရဆိုပြီးပါတယ်။ အဲဒီသတ်မှတ်ချက်ကို လိုက်နာဖို့အတွက်လည်း အခုဆောင်ရွက်နေပါတယ်။ ဆိုင်ကိုဂိုဒေါင်လုပ်ပြီးတော့ လမ်းဘေးခလုတ်တိုက်တဲ့နေရာမှာ ဈေးဝယ်လို့ရအောင်ဆိုပြီးတော့ သွားရောင်းတယ်။ ကျူးကျော်သဘောမျိုးဖြစ်တော့ ဒါကိုစည်းကမ်းတကျ ပြန်ထိန်းဖို့ လိုလာပါတယ်။ သိမ်ကြီးဈေးC ရုံမှာ ဆိုင်ခန်းတွေ ဂိုဒေါင်သဖွယ် အသုံးချပြီး အခြားနေရာတွေမှာ သွားရောင်းနေတယ်။ ပစ္စည်းတွေသိုလှောင်ထားတဲ့ ဆိုင်ခန်းပေါင်း ၁၈၆ ခန်း ရှိပါတယ်။ ဒါကို ဆက်လက်အသိပေး အရေးယူနေပါတယ်။ ကျန်တဲ့ ဆိုင်ခန်းပေါင်း ၂၄ခန်းကိုလည်း နို့တစ်ထုတ်ထားပါပြီ။ ၂၀၁၈ ဒီဇင်ဘာလ နောက်ဆုံးထားဖယ်ရှားဖို့ နို့တစ်ထုတ်ထားပါပြီ။ ဥပဒေနဲ့အညီ အရေးယူ ဆောင်ရွက်နေပါတယ်"ဟုပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့လယ်ကောင် ဈေးများအပါအဝင် ဈေးအချို့မှာ ဈေးအင်္ဂါရပ်နှင့် မညီညွတ်ဘဲ ပစ္စည်းထားသိုလောင်ဂိုဒေါင်ရုံများ ငှားထားခြင်းကြောင့် ဈေးအင်္ဂါရပ်ဖြစ်သော ပစ္စည်းအမယ်စုံလင်မှု မရှိသဖြင့် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ မဖြစ်ဘဲ ဈေးသူဈေးသားများ ရောင်းဝယ်ဖောက်ကားမှု အခက်အခဲ ဖြစ်နေကြောင်း သိရသည်။

**ကိုငှက်ခါး**



# ကံမမြို့တွင် အထောက်အထားမဲ့ ကျောက်စုပ်လှေ လေးစီး ဖမ်းမိ

**မကွေး၊ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စစ္စရုံကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ကျောက်စရစ်တင် တွဲရေယာဉ်များ ရောက်ရှိနေကြောင်း သတင်းအရ နယ်ထိန်းအရာရှိရဲအုပ်ဝင်းကို၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စုလဲ့မိုးနှင့် စစ္စရုံကျေးရွာ အုပ်ချုပ်ရေးမှူးတို့က စက်တင်ဘာ ၂၁ ရက် ည ၇ နာရီခန့်က လိုက်လံ စစ်ဆေးဖမ်းဆီးခဲ့ကြောင်း ကံမမြို့ရဲစခန်းမှ သိရသည်။

"ကျောက်စုပ်စက်လှေများ ဖြတ်သန်းသွားကြောင်း သတင်းအရလိုက်တော့ ကံမမြို့ရဲ့ အရှေ့တောင်ဘက်၁၂မိုင်အကွာမှာ တွဲရေယာဉ်လေးစီး ကျောက်စရစ် ထုတ်လုပ်သယ်ဆောင်ခွင့်ပြုမိန့် မရှိဘဲ သယ်လာလို့ ဖမ်းတာပဲ" ဖမ်းဆီးရာ၌ပါဝင်သူ စစ္စရုံ ရွာသားတစ်ဦးက ပြောသည်။ အဆိုပါကျောက်စရစ်များကို ရန်ကုန်သို့ပို့ရန်ဟု သိရသည်။

"သူတို့က ရန်ကုန်ပို့ဖို့တွဲရေယာဉ် လေးစီးဖြစ်ပြီး စုရပ်ကိုကဲ့နေတုန်း တွေ့ရတာ နေ့လယ်ကတည်းက ကင်းလှည့်ရင်းတွေ့တော့ ကံမမြို့နယ်ထဲမှာ ထုတ်လုပ်ခွင့် မရှိဘူး။ ဖမ်းခံရမယ်။ သွားတော့လို့ပြောတာ မရဘူး။ ဆက်လုပ်နေတယ်။ ညနေကြတော့ မသွားလို့ ဖမ်းတာ"ဟု စစ္စရုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းက ပြောသည်။

အဆိုပါခွင့်ပြုမိန့် အထောက်အထားမဲ့ ကျောက်စရစ်များနှင့်တွဲရေယာဉ် ၄စီးရေယာဉ် တာဝန်ခံများဖြစ်သော ဦးလှမျိုး တွဲအမှတ် 9B ၁၅၉/၀၅ ရွှေပြည်ဝင်း၂ကျောက်စရစ်ကျင်း၄၀ခန့်၊ ဦးကျော်ဌေး တွဲအမှတ် သံ / ၁၇၅၂ ယိုကိုဟားမား သုံးကျင်း ၆၀ခန့်၊ ဦးမိုးဝင်းအောင် တွဲအမှတ် သံ/၁၆၂၈ တင့်နေထွန်းကျင်း၁၀၀ခန့်၊ ဦးအောင်ရဲနောင် နေလဝင်း၂ တွဲအမှတ် သံ/၁၂၉၄ ၁၁၅ကျင်း တို့ဖြစ်သည်ဟု သိရသည်။

အမှုကိုကံမမြို့မြို့မရဲစခန်းတွင် မြို့နယ်အုပ်ချုပ်ရေးဌာနမှ ဒုဦးစီးမှူး ဒေါ်စုလဲ့မိုးက တရားလိုပြုလုပ် တိုင်တန်းသဖြင့်(ပ) ၅၈/၂၀၁၈နှင့် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၂၉ဖြင့် တရားစွဲဆိုထားကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

**ထန်းထန်း (မဲဇလီ)**

# ဒေါ်လာဈေးဆက်လက်မြင့်တက်ပါက ဆေးဝါးဈေးနှုန်းများအနည်းငယ်မြင့်တက်နိုင်

**ရန်ကုန်၊ စက်တင်ဘာ ၂၄**

ပြည်တွင်း၌ ဒေါ်လာဈေးမြင့်တက်မှုရှိသော်လည်း ဆေးဝါး၊ ဆေးပစ္စည်း ဈေးကွက်ဈေးမတက်ရန် ဆောင်ရွက်သော်လည်း ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန် ပြန်လည်ဝယ်ယူရာတွင် ဒေါ်လာဈေးဆက်လက်မြင့်တက်နေပါက ဆေးဝါးဈေးနှုန်းများ အနည်းငယ်မြင့်တက်နိုင်ကြောင်း Zar & Zar ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြည်ပကနေဆေးဝါးတွေ တင်သွင်းနေတယ်။ ဒေါ်လာဈေးကတက်တော့ ဈေးကွက်မှာ ဆေးဈေးတွေက တက်ပါတယ်။ ဒါပေမဲ့ ဆေးအသင်းက ဈေးတွေကိုမရပ်ဖို့ ရောင်းပေးဖို့ BPI ကလည်း ပြောထားတယ်။ ကုန်ကြမ်းတွေရှိတဲ့အတွက် ဈေးမတက်ဘူးပေါ့။ ကျွန်တော်တို့လည်း တတ်နိုင်သမျှတော့ ဈေးမတက်အောင် ရောင်းချပေးနေပါတယ်။ လုံးဝတော့ မရပ်ဘူးပေါ့။ ဒါပေမဲ့ ရတဲ့ပိုက်ဆံနဲ့ ပြန်ဝယ်တဲ့အခါမှာ ဈေးတက်နေရင် လက်ရှိဈေးနှုန်းတွေကတော့ တက်သွားနိုင်ပါတယ်။ ပျမ်းမျှကတော့ ဘယ်လောက်တက်နိုင်တယ် ဆိုတာပြော အတိအကျတော့ပြောလို့ မရပါဘူး။ ဒေါ်လာဈေးက တက်နေတော့လေ"ဟု ၎င်းကပြောသည်။

လတ်တလောတွင် နိုင်ငံခြားငွေလဲနှုန်း အချိန်တိုအတွင်း ရုတ်တရက်မြင့်တက်မှုများကြောင့် အသင်းသူ၊ အသင်းသားများအနေဖြင့် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် သတိထားဆောင်ရွက်နေကြသည်ဟု ရှုမြင်သုံးသပ်မိကြောင်း၊ ထို့အပြင် မိမိအကြေးမြင့် ရောင်းချထားသော ဆေးဝါး၊ ဆေးပစ္စည်းများ အကြေးပြန်လည်ရရှိသည့် အချိန်တွင် နိုင်ငံခြားငွေလဲနှုန်း ပြောင်းလဲမှုကြောင့် မိမိမူလက ရောင်းချထားသော ဆေးဝါး၊ ဆေးပစ္စည်းအရေအတွက်အတိုင်း ထပ်မံတင်သွင်းဝယ်ယူနိုင်ခြင်းမရှိဘဲ အရှုံးနှင့်ရင်ဆိုင်နိုင်သည့် အခြေအနေများကို နားလည် သဘောပေါက်လျက်ရှိကြောင်း၊ သို့ပါသော်လည်း ဆေးဝါး၊ ဆေးပစ္စည်းများအား လိုအပ်သော ဆေးရုံဆေးခန်းများ၊ ဆရာဝန်ကြီးများ၊ လူနာများ ထံသို့ ရောင်းချရာတွင် ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရမှုများ မဖြစ်ပေါ်စေရန် သဘောထားကြီးစွာဖြင့်သာ ရောင်းချပေးရန်နှင့် ဈေးကွက်တွင် ပြတ်လပ်မှုများ မဖြစ်ပေါ်စေရန် တတ်နိုင်သမျှ ယာယီအရောင်းရပ်ခြင်းများ မပြုလုပ်ရန် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ ဆေးဝါးဈေးနှုန်းများနှင့် ပတ်သက်၍ မေတ္တာရပ်ခံထားကြောင်း သိရသည်။

"အသင်းအနေနဲ့ကတော့ ဆေးဝါးနဲ့ ဆေးပစ္စည်းတွေမတက်အောင် စက်တင်ဘာ ၂၀ ရက်မှာတော့ မေတ္တာရပ်ခံချက် အနေနဲ့ အသိပေးနိုးဆော်ထားပါတယ်။ လတ်တလောကတော့ ဒေါ်လာဈေးကပြန်မကျသေးပါဘူး။ ဘယ်လောက်အထိ တက်လာမလဲဆိုတာဘဲ စောင့်ကြည့်ရမှာပါ။ ဈေးမတက်ဘူးဆိုပေမယ့် တချို့ဆေးတွေကတော့ ဈေးအနည်းငယ်တက်ပါတယ်"ဟု ဆေးဝါးရောင်းချသူ တစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိဒေါ်လာဈေးမှာစက်တင်ဘာ ၂၂ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၉၇ကျပ်နှင့် စက်တင်ဘာ ၂၃ ရက်တွင် တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၅၉၅ကျပ်ရှိအထိရှိကြောင်း သိရသည်။

**သက်မှူး**

ရွှေပြည်စိုး

အထည်သား ဇော်မီကာနှင့် ပါတေး ရောင်းဝယ်ရေး

၀၀၃၊ တိုက် B-2၊ ယုဇန အိမ်ရာ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်။
☎ -၇၀၁၃၄၉.၂၉၁၄၀၀.၂၉၀၆၄၇
-၀၉-၅၀၈၀၁၅၉၁




. . . ဂမ္ဘီရ . . .

ဆရာ ဝမ ဦးခင်မောင်

မြန်မာပြည်သားတွေ မပူနဲ့

ဗေဒင်-သိပ္ပံလက္ခဏာ
အချစ်ရေး၊ အိမ်ထောင်ရေး ဓာတ်ရိုက်
ဓာတ်ဆင်ပြုပေးသည်။
ဆိုင်အမှတ် (၁၃)၊ ရွှေဘုန်းပွင့်ဘုရား။
ပုဇွန်တောင်မြို့နယ်။

**Ph: 09-428201125**

* အနီးဆုံးရက်ပိုင်း- လပိုင်းကံကြမ္မာကြိုတင်သိရှိထားလိုသူများအတွက် *

ထီဆုကြီး-ဆုလတ်တွေပေါက်တတ်လား။ အမွေရနိုင်လား၊ ငွေအစုအပုံဝင်ကိန်းရှိလား၊ အကြွေးပူတွေပြန်ဆပ်နိုင်မလား၊ ကိုယ်ရစရာရှိတဲ့ငွေကြေးတွေ ပြန်ရမလား၊ ငွေသွားချေးရင် အလွယ်တကူ ရနိုင်မလား၊ စီးပွားရေးအကူအညီရနိုင်လား၊ ရောင်းချလိုတဲ့ တိုက်၊ အိမ်၊ တိုက်ခန်း၊ မြေကွက်လွတ်၊ ခြံမြေ၊ လယ်မြေ၊ ယာဉ်၊ ကျောက်မျက်ရတနာ အမြန်ဆုံး ရောင်းထွက်နိုင်မလား၊ ငှားလိုတဲ့တိုက်၊ အိမ်၊ ခြံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ မြေကွက် စတဲ့ပစ္စည်းတွေ အမြင့်ဆုံး အငှားထွက်နိုင်လား၊ ဆုံးရှုံးထားတဲ့ငွေကြေးပစ္စည်းဥစ္စာတွေ အမြန်ဆုံး ပြန်ရကိန်းရှိလား၊ ရာနှုန်းပြည့်နီးပါး မှန်ကန်ကြောင်း အာမခံနိုင်သောအဟောများဖြင့် (တာဝန်ယူပါရစေ)။ **ဆရာကြီး ဦးအောင်မြိုင် (ဥပဒေတွဲ့) (လက္ခဏာ ဗေဒင်ပညာ သုတေသီ) အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း- ၀၉-၅၀၆၂၈၃၄၊ ၀၉-၅၁၇၇၆၂၂၊ ၀၉- ၂၅၂ ၃၀၆၆၇၅၊ ၀၉-၂၆၀၄၄၄၈၀၈၊ ၀၉-၇၉၅၆၀၇၄၈၅၊ ၀၉-၄၅၈၅၈၆၁၂၂၊ ၀၉-၄၅၀၅၇၀၉၈၅၊ ၀၉-၂၅၀၁၆၄၂၄၆။**

* ယုံကြည်အားကိုးမှသာ လာခဲ့ပါ *

အခါထ သွေးကျဆေး

သွေးတိုးရောဂါ၊ လေဖြတ်၊ လေငန်း၊ အကြောတက်၊
အကြောသေ၊ အကြောကပ်၊ နှလုံးအားနည်းသော
ရောဂါ၊ အစာအိမ်နာ၊ အစာမှား၊
ဆေးမှားရောဂါ၊ ဆီးရောဂါအမျိုးမျိုး
(ခန္ဓာကိုယ်တွင်ရှိသော သွေးပေါင်ချိန်ထက်
ပိုမကျစေပါ)



အမှတ်-၁၅၀၊ မြို့ပတ်လမ်း။ ရွာမအနောက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၁၆၉၇၁၁၇၊ ၀၁ ၆၄၇၄၂၅၊ ၀၉ ၇၃၂၄၂၁၂၇၊ ၀၉ ၅၀၄၃၅၆၃

☞ ထမင်းဟင်းကောင်းကောင်းစားရရင် မိသားစုကို သတိရတယ် ☜

* ပုသိမ်ပေါ်ဆန်းမွှေးဆန်ကောင်းကောင်းနဲ့ ထမင်းကောင်းကောင်းချက်ထားပြီး၊ သန့်ရှင်းလတ်ဆတ်တဲ့သား၊ ငါး၊ သီးရွက်တို့ကို ဟင်းအမယ်စုံ၊ အရသာရှိအောင် စေတနာတွေ ထည့်ပြီးချက်၊ ပြုတ်၊ ကြော်၊ လှော်၊ စီမံထားပါတယ်။ ဈေးနှုန်းလည်းသက်သာတယ်။ နာမည်ရရုံပါပဲ။ မိသားစုပါ ခေါ်လာပြီးတစ်ခေါက်လောက် လာစားကြည့်ပါ။ ဒါမှမဟုတ် - မိသားစုလက်ဆုံစားဖို့ပါဆယ်ဝယ်သွားပါ။ စားကောင်းဖို့/ထမင်းမြိန်ဖို့-အာမခံနိုင်ပါတယ်။ "မိသားစုထမင်းဝိုင်း" တောမက- မြို့မကျထမင်းဆိုင်။ **အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း- ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂။ နေ့စဉ်နံနက်(၇)နာရီကျော်မှ ည(၉)နာရီအထိ နေ့စဉ်ဖွင့်ပါသည်။**

*** ကရင်တိုင်းရင်းသူများချက်တဲ့ မြန်မာထမင်းဟင်းကို အားပေးကြ ပါအုံးနော် ***

The Speaker Journal ဂျာနယ်သို့
စာမူကိစ္စများ ဆက်သွယ်လိုပါက ဖုန်း-၀၉၂၅ ၄၂၀၅၀၅၇ သို့ ဆက်သွယ်နိုင်ပါသည်။

www.free4readers.com

www.free4readers.com



# မန္တလေးကျွဲဆည်ကန်ကားဝင်း အဆင့်မြှင့်တင်မှုတွင် နေရာချထားမှုနှင့် ပတ်သက်၍ ယာဉ်ပိုင်ရှင်များ သဘောမတူဖြစ်နေ

**မန္တလေး၊ စက်တင်ဘာ ၂၅**

မန္တလေးမြို့ ချမ်းမြေ့ပြည်အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြှင့်တင်ရေးစီမံချက်တွင် နေရာချထားမှုနှင့် ပတ်သက်၍ ယာဉ်ပိုင်ရှင်များက သဘောမတူညီသေးသောကြောင့် ယာယီကားကွင်းအသစ်ဘက်သို့ စတင်ရွှေ့ပြောင်းသွားမည် မဟုတ်ကြောင်း ကျွဲဆည်ကန်ကားကြီးကွင်း အဆင့်မြှင့်တင်မှု ညှိနှိုင်းရေးကော်မတီမှ သိရသည်။

မန္တလေးချမ်းမြေ့ပြည် အဝေးပြေးယာဉ်ရပ်နားစခန်း(ကျွဲဆည်ကန်ကားကြီးကွင်း) အဆင့်မြှင့်တင်ရေးစီမံချက်တွင် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကားကွင်းအဆင့်မြှင့်တင်မှု တည်ဆောက်မည့် ကုမ္ပဏီ၊ အဝေးပြေးယာဉ်လိုင်းအသင်းများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ ညှိနှိုင်းချက်ပြေလည်ပြီဖြစ်ကာ လက်ရှိကားကွင်းမှ ကားဂိတ်များကို ယာယီကားကွင်းသို့ ၂၀၁၈ ဒီဇင်ဘာ နောက်ဆုံးထား၍ ပြောင်းရွှေ့ရမည်ဟု ရတနာပုံနေ့စဉ်သတင်းစာတွင် ဖြေကြားခဲ့သော်လည်း ကားဂိတ်များမှ ညှိနှိုင်းမှုကို သဘောမတူသေးကြောင်း ပြောသည်။

"ကျွန်တော်တို့က အဆင့်မြှင့်တင်မှာကို သဘောမတူတာ မဟုတ်ဘူး။ ကုမ္ပဏီရဲ့ နေရာချထားမှုကို သဘောမတူတာပါ။ ကျွန်တော်တို့ရဲ့ လက်ရှိအကျယ်အဝန်းတွေအတိုင်းပဲ ကျွန်တော်တို့ လိုချင်ပါတယ်"ဟု အကယ်ဒမီယာဉ်လိုင်းမှ ဦးအေးဇော်က ပြောသည်။

လက်ရှိ ကျွဲဆည်ကန်ကားကွင်း၏ အကျယ်အဝန်းမှာ ၁၄ ဧကရှိပြီး ရှစ်ဧကကို အဆောက်အအုံ ဆောက်ကာ ကားဂိတ်များအတွက် နေရာချထားပေးမည်ဖြစ်ပြီး ကျန်ရှိသည့် မြေဧကကို ကုမ္ပဏီဘက်မှ တခြားသောအဆောက်အအုံများ ဆောက်လုပ်သွားမည်ဟု သိရသည်။

ကားဂိတ်များနေရာ ချထားပေးမည့် ရှစ်ဧကအဆောက်အအုံတွင်လည်း ဂိတ်များ လက်ရှိပိုင်ဆိုင်သည့် အကျယ်အဝန်း၏ ၆၀ရာခိုင်နှုန်းကိုသာ ပြန်လည်ပေးဆောင်သွားမည်ဟု သိရပြီး ကားဂိတ်ပိုင်ရှင်များက ၎င်းတို့ လက်ရှိပိုင်ဆိုင်သည့် ဧရိယာအကျယ်အဝန်းအတိုင်း ပြန်လည်ရလိုကြောင်း ပြောသည်။

"သူတို့ ပြတဲ့ပုံအတိုင်းဆိုရင် ရှစ်ဧကပေါ်မှာ အဆောက်အအုံဆောက်မယ်။ ကားဂိတ်တွေအတွက်ကို အကျယ်အဝန်း သုံးဧကလောက်ပဲပေးမယ်။ အဲဒီလိုမျိုးဖြစ်နေတယ်။ ကျွန်တော်တို့အတွက် ဘယ်လိုမှ အဆင်မပြေဘူး"ဟု ပန်းတော်ဦးယာဉ်လိုင်းမှ ဦးသန်းနိုင်က ပြောသည်။

လက်ရှိ ကားကွင်းတွင် ကားဂိတ်ဆိုင်ခန်း အရေအတွက် ၁၃၀ ကျော် ရှိနေပြီး ဆိုင်ခန်းအပေါ်ထပ်တွင် ဝန်ထမ်းများနေထိုင်သည့် အခန်းများလည်းရှိကြောင်း သိရသည်။ လက်ရှိ ကုမ္ပဏီဘက်မှပေးသည့် တိုက်ခန်းအရ ပထမထပ်တွင် လက်မှတ်ရောင်းရမည်ဖြစ်ပြီး အဆိုပါ လက်မှတ်ရောင်းသည့် ဂိတ်တွင် ခရီးသည်နားနေရန်နေရာမရှိကြောင်းနှင့် ဒုတိယထပ်တွင် ဝန်ထမ်းများနေထိုင်ရန် နေရာအစားပြန်ပေးမည့် အချက်များကို သဘောမတူကြောင်း ပြောသည်။




"ကျွန်တော်တို့ မြေညီထပ်မှာ အလုပ်လုပ်ချင်တယ်။ ကုန်စည်တင်ရင် ပစ္စည်းတွေထားရမယ့်နေရာ ရှိတယ်။ နောက်ပြီး ဝန်ထမ်းတွေနေတဲ့နေရာကို အပေါ်ထပ်အောက်ထပ် ကပ်လျက်ပဲ လိုချင်တယ်။ ကျွန်တော်တို့အခု ပိုင်ဆိုင်ထားတဲ့ အကျယ်အဝန်းအတိုင်းပဲ လိုချင်တယ်"ဟု ဦးအေးဇော်က ပြောသည်။

အဆိုပါကိစ္စနှင့် ပတ်သက်ကာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အပါအဝင် ကုမ္ပဏီနှင့် လုပ်ငန်းရှင်များက အောက်တိုဘာ ၁ ရက်တွင် ချိန်းဆိုထားပြီး အဆိုပါအချက်များကို ပြန်လည်တောင်းဆိုသွားမည်ဟု သိရသည်။

တောင်းဆိုချက်များအဆင်မပြေပါက ၎င်းတို့ဘက်မှ တုံ့ပြန်ချက်များကိုကြည့်ကာ ဆက်လက်လုပ်ဆောင်သွားမည်ဟု ဦးသန်းနိုင်ကပြောသည်။ **ဖြိုးအိ**

# လမ်းဘေးတွင် ရပ်ထားသည့် တွဲယာဉ်များကို မန်းစည်ပင် အရေးယူ

**မန္တလေး၊ စက်တင်ဘာ ၂၅**

မန္တလေးမြို့တော်စည်ပင်နယ်နိမိတ်အတွင်း လမ်းဘေးတွင် ရက်ကြာမြင့်စွာ စည်းကမ်းမဲ့ ရပ်နားထားသည့် တွဲယာဉ်များကို စီမံချက်ဖြင့် စတင်ဖမ်းဆီးအရေးယူနေသည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

စီမံချက်စတင်သည့် တစ်ပတ်အတွင်း တွဲယာဉ် ၁၀၄ စီး ဖမ်းဆီးအရေးယူထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ အခွန်ဌာနယာယီဌာနမှူး ဦးသက်နိုင်က ပြောသည်။

"လမ်းဘေးမှာ စည်းကမ်းမဲ့ ရပ်နားထားတာက ယာဉ်ကြော ပိတ်ဆို့မှုကို ဖြစ်စေတယ်။ ညပိုင်းမှာဆိုရင် လမ်းအသုံးပြုသူတွေ ဝင်တိုက်မိတာနဲ့ ယာဉ်အန္တရာယ်လည်း များတယ်။ ဒါကြောင့် စီမံချက်ချ အရေးယူတာ"ဟု ဦးသက်နိုင်က ဆိုသည်။

စည်းကမ်းမဲ့ ရပ်နားထားသည့် တွဲယာဉ်များကို ပိုင်ရှင်ရှိပါက ဒဏ်ငွေကျပ်ငါးသောင်းဒဏ် ရိုက်အရေးယူပြီး ပိုင်ရှင်မပေါ်သည့် တွဲယာဉ်များကို ကရိန်းများဖြင့် နီးစပ်ရာစည်ပင်ပိုင်နေရာများသို့ ရွှေ့ပြောင်းသယ်ဆောင်ကာ ကရိန်းအသုံးပြုခ ကျပ်တစ်သိန်း အပါအဝင် စုစုပေါင်း ဒဏ်ကြေးကျပ်တစ်သိန်းငါးသောင်း ပေးဆောင်ရမည်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ယာဉ်ကို ၂၄ နာရီတွင်း လာရောက်ယူဆောင်ခြင်းမရှိပါက ရက်လွန်ဒဏ်ကြေးတစ်ရက်လျှင် ကျပ်တစ်သောင်းပေးဆောင်ရမည် ဖြစ်သည်။

စီမံချက်ကို စက်တင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ပညာပေးကာလသတ်မှတ်၍ ပညာပေးအစီအစဉ် ပြုလုပ်ပြီးနောက် စီမံချက်ကာလက စတင်ကာ အရေးယူခြင်းဖြစ်ပြီး စီမံချက်ကာလသည် တစ်လကြာမြင့်မည်ဟုသိရသည်။

"တချို့တွဲကားတွေက လမ်းပေါ်မှာ တွဲကိုဖြုတ်ပြီး ထားချင်သလို ထားသွားတယ်။ လုပ်ငန်းရှင်တွေဘက်က ဒီလိုတွေမဖြစ်အောင် ပူးပေါင်းပေးဖို့လိုတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇောအောင်က ဆိုသည်။

**ဖြိုးအိ**

# စက်သုံးဆီဈေးတက်မှုကြောင့် အဝေးပြေးယာဉ်လိုင်းအချို့ ရပ်နားရမည့် အခြေအနေနှင့် ရင်ဆိုင်နေရ

**မန္တလေး၊ စက်တင်ဘာ ၂၅**

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုနှင့် အခွန်အခပေးဆောင် နေရမှုများပြားသောကြောင့် အဝေးပြေးမော်တော်ကားလိုင်းများ ရပ်နားရမည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည်ဟု မန္တလေး-ရန်ကုန် အဝေးပြေးယာဉ်လိုင်းများထံမှ သိရသည်။

စက်သုံးဆီဈေးနှုန်း မြင့်တက်မှုကြောင့် ယခင်က မန္တလေး-ရန်ကုန် အသွားအပြန် ဆီဖိုးတစ်သိန်းကိုးသောင်းဝန်းကျင် ကုန်ကျခဲ့ရာမှ လက်ရှိဆီဈေးအရ သုံးသိန်းအထိ ကုန်ကျနေကြောင်း အကယ်ဒမီအဝေးပြေးယာဉ်လိုင်းမှ ပိုင်ရှင် ဦးအေးဇော်ကပြောသည်။

"ကျွန်တော်တို့ ခရီးသည်တွေမျက်နှာကြောင့် လူနည်းနည်းများများ ပြေးနေရတယ်။ ရှုံးရင်ရှုံး မရှုံးရင် အရင်းပဲရတယ်"ဟု ဦးအေးဇော်က ပြောသည်။

ယာဉ်လိုင်းပြေးဆွဲမှုတွင် ဆီဈေးနှုန်းတက်နေသည့် သုံးလအတွင်း သိန်း ၇၀ အရှုံးပေါ်နေကြောင်း ပြောသည်။

စက်သုံးဆီဈေးနှုန်း မြင့်တက်နေရုံသာမက ပေးဆောင်ရသည့် အခွန်အခမှာလည်း များပြားနေကြောင်း ယာဉ်ပိုင်ရှင်များက ပြောသည်။ ခရီးစဉ်တစ်ခေါက်လျှင် လက်ရှိဆီဈေးနှုန်းအရ ဆီဖိုးကုန်ကျငွေ သုံးသိန်း၊ ဝန်ထမ်းစရိတ် ပျမ်းမျှတစ်သိန်းခွဲနှင့် လမ်းတံတားကြေး ကျပ်ငါးသောင်း ပေးဆောင်နေရပြီး စုစုပေါင်း ကုန်ကျငွေကျပ်ငါးသိန်းခန့် ရှိနေပြီး ရန်ကုန်-မန္တလေး အသွားအပြန် ခရီးသည်နှင့် ကုန်ပစ္စည်းတင်ဆောင်ခမှာ ခန့်မှန်းခြေ လေးသိန်းဝန်းကျင်သာ ရရှိနေကြောင်း ပြောသည်။

ထို့အပြင် ဒေါ်လာဈေးတက်မှုကြောင့် ကားအပိုပစ္စည်းဈေးနှုန်းများတက်လာပြီး ကားတာယာ ဈေးနှုန်းမှာလည်း တာယာတစ်လုံးလျှင် ငါးသောင်းခန့် ဈေးပိုလာခဲ့ကြောင်း အောင်နိုင်သူ အဝေးပြေးယာဉ်လိုင်းမှ ဦးနေမျိုးအောင်က ပြောသည်။

"သောကြာနဲ့ တနင်္ဂနွေနေ့လောက်ပဲ အရင်းရတယ်။ ကျန်တဲ့ရက်တွေမှာ ရှုံးနေတယ်"ဟု ဦးနေမျိုးအောင်ကပြောသည်။

ထိုသို့ ကားပြေးဆွဲမှုများ အရှုံးပေါ်နေသောကြောင့် တချို့သော ကားများကို အစီးအရေအတွက် လျှော့ချကာ ပြေးဆွဲမှုများ ပြုလုပ်နေသကဲ့သို့ ယင်းကိစ္စကို ဖြေရှင်းရန် အတွက်လည်း အဝေးပြေးယာဉ်လိုင်းအသင်းများ ဆွေးနွေးပွဲပြုလုပ်သွားမည်ဟု သိရသည်။

"ရှုံးနေတာကို ဘာလို့ဆက်ပြီး ပြေးဆွဲနေရလဲလို့ ကျွန်တော်တို့ကို မေးစရာရှိလာပြီ။ ဒီပြေးဆွဲနေတဲ့ ကားတွေကိုသာ ရပ်လိုက်ရင် ဒီအပေါ်မှာ မှီခိုနေတဲ့ ဝန်ထမ်းတွေနဲ့ ကျွန်တော်တို့စီမှာ စီးနေကြ ခရီးသည်တွေ ရှိနေတယ်။ ကျွန်တော်တို့သာရပ်လိုက်ရင် ဝန်ထမ်းတွေ ဘယ်လိုဖြစ်သွားမလဲ။ ဒါတွေကြောင့် ဆက်ပြီး ဆွဲနေရတာ"ဟု ဦးနေမျိုးအောင်က ဆက်ပြောသည်။

ပြီးခဲ့သည့် လပိုင်းအတွင်းမှ စတင်ကာ မြန်မာနိုင်ငံတွင် ဒေါ်လာဈေးနှင့် စက်သုံးဆီဈေးနှုန်း စံချိန်တင်မြင့် တက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းများ အခက်ကြုံလာခဲ့ကြရသည်။

**ဖြိုးအိ**

# မန္တလေးတွင် တောင်းရမ်းသူများကို အရေးယူနေသော်လည်း လမ်းပေါ်နေ ကလေးငယ်များ ဆက်ရှိနေဆဲဖြစ်

**မန္တလေး၊ စက်တင်ဘာ ၂၅**

မန္တလေးမြို့တွင်း လမ်းပေါ်တွင် တောင်းရမ်းသူများကို စီမံချက်ဖြင့် ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေသော်လည်း လမ်းပေါ်နေကလေးများဆက်လက်ရှိနေဆဲဖြစ်ကြောင်း မန္တလေးမြို့ခံများက ပြောသည်။

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ လမ်းပေါ်နေကလေး (တောင်းရမ်းစားသောက်သူများကို) စီမံချက်ဖြင့် စက်တင်ဘာ ၂၀ ရက်က စတင်ဖမ်းဆီးခဲ့ပြီး ယင်းနေ့တွင် မြို့တွင်း မီးပွိုင့် သုံးနေရာမှ တောင်းရမ်းသူ လူကြီး လေးဦးနှင့် ကလေး ၁၃ ဦး စုစုပေါင်း ၁၇ ဦး ဖမ်းဆီးပြီး လူမှုဝန်ထမ်းဦးစီးဌာနသို့ အပ်နှံပေးခဲ့ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဦးစိုးတင့်အောင်က ပြောသည်။

"စီမံချက်ချပြီး ဆောင်ရွက်နေတယ်။ အချိန်ကာလကတော့ လျှို့ဝှက်ပဲ။ သတင်းရရင် ရှောင်တခင် ဝင်ဖမ်းမယ်"ဟု ၎င်းက ပြောသည်။

ယင်းကဲ့သို့ ဖမ်းဆီးမှုများပြုလုပ်နေသော်လည်း တောင်းရမ်း စားသောက်သူများကို မန္တလေးမြို့မီးပွိုင့်များနှင့် ၇၃ လမ်းမပေါ်မှ အကင်ဆိုင်များတွင် တွေ့နေရဆဲဖြစ်ကြောင်း မန္တလေးမြို့ခံ မဂျူလိုင်မိုးက ပြောသည်။

မန္တလေးမြို့ခံ ကိုပြည့်ဖြိုးမောင်ကလည်း "ကလေးငယ်တွေကို တောင်းခိုင်းနေတာကြည့်ပြီးလည်း သနားတယ်။ ဒါပေမဲ့ ပိုက်ဆံမပေးမိရင်လည်း သူတို့က (တောင်းရမ်းသူ) လူကိုရန်ပြုတော့ မိန်းကလေးတွေသာဆိုရင် မလွယ်ဘူး။ ထိထိရောက်ရောက် လုပ်စေချင်ပါတယ်"ဟု ပြောသည်။

တောင်းရမ်းသူများကို ဖမ်းဆီးရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနနှင့် စည်ပင်ရဲ၊ ကလေးသူငယ်ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးရေးရာအဖွဲ့နှင့် ကလေးသူငယ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များ ပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးသည်။

မန္တလေးမြို့ မီးပွိုင့်များနှင့် အထင်ကရနေရာများတွင် တောင်းရမ်းမှုများကြောင့် မြို့၏ဂုဏ်ကို ထိခိုက်စေနိုင်ခြင်း၊ ပြည်ပခရီးသွားများအတွက် အနှောင့်အယှက်ဖြစ်စေခြင်းတို့ကြောင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း ဦးစိုးတင့်အောင်က ပြောသည်။

တောင်းရမ်းစားသောက်သူများကို ထိန်းသိမ်းမှုများပြုလုပ်ပြီးလျှင် ကလေးသူငယ်များကို လူမှုဝန်ထမ်းဦးစီးဌာနသို့အပ်နှံပြီး အရွယ်ရောက်သူများကို လူမှုဝန်ထမ်းဦးစီးဌာနမှ တရားလိုလုပ်ကာ တရားစွဲဆိုသည်။

တရားစွဲဆိုရာတွင် ထောင်ဒဏ် ခြောက်လ ချမှတ်မှုများ ရှိသော်လည်း တချို့သော လူများက လွတ်လာပြီး ပြန်လည် တောင်းရမ်းနေမှုများလည်း ရှိကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ကလေးများကို တောင်းရမ်းခိုင်းသည့် အုပ်ထိန်းသူ ခြောက်ဦးကို ကလေးသူငယ်ဥပဒေ ၆၆(ဂ)ဖြင့် တရားစွဲဆိုခဲ့ပြီး တရားရုံးက ထောင်ဒဏ် ခြောက်လချမှတ်ခဲ့သည်။

**ဖြိုးအိ**

The Speaker Journal

ဂျာနယ်သို့

စာမူကိစ္စများ ဆက်သွယ်လိုပါက

ဖုန်း-၀၉၂၅ ၄၂၀၅၀၅၇ သို့ ဆက်သွယ်နိုင်ပါသည်။

www.free4readers.com

# ရှိုင်ရယ်တည်းခိုခန်း လူသတ်မှုဖြစ်စဉ်တွင် သေဆုံးခဲ့ရသူ ထွန်းလင်းအောင်(ခ)ဖိုးထောင်၏ ဇနီးဖြစ်သူ မလွင်မာဦး(ခ)မမိငယ်က မကျေနပ်ချက်များကို ရှင်းပြီ

နန္ဒမျိုးဆောင်

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရှိုင်ရယ်တည်းခိုခန်းတွင် စက်တင်ဘာ ၁၆ ရက်က ဖြစ်ပွားခဲ့သော လူသတ်မှုတွင် အမှုကျူးလွန်ခဲ့သူ ဒေါ်လင်းလင်းခိုင်က ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖေ့စ်ဘုတ်မှ ပြန်လည်ပြောကြားသည့် ရုပ်သံဖိုင်သည် စိတ်ဝင်စားသူ များပြားခဲ့သည်။ အဆိုပါပြောကြားချက်များသည် အပြည့်အစုံမှန်ကန်ခြင်းမရှိကြောင်း ကိုထွန်းလင်းအောင်(ခ)ဖိုးထောင်၏ ဇနီးဖြစ်သူ မလွင်မာဦး(ခ) မမိငယ်နှင့် မေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

**Speaker ။ ။ အစ်မယောကျ်ား သေဆုံးတာနဲ့ပတ်သက်လို့ မလင်းလင်းခိုင်က ဖေ့ဘုတ်စ်ကနေ ပြောဆိုထားတဲ့ အကြောင်းအရာတွေအပေါ် ဘာများပြောချင်ပါသလဲ။**

MN ။ ။ ပြောချင်တာကတော့ သူလည်း အိမ်ထောင်သည်။ ကျွန်မယောကျ်ားလည်း အိမ်ထောင်သည်ပဲလေ။ အိမ်ထောင်သည် အချင်းချင်း ဖြစ်ကြတာလေ။ သူပြောထားတာတွေက တော်တော်လေးကို တစ်ဖက်စောင်းနင်းနိုင်တယ်လို့ ပြောတယ်။ သူက ကျွန်မယောကျ်ားက သူ့ကိုယ်သူ လူပျိုပါလို့ ပြောပြီး သူ့ကို ယူတယ်လို့ပြောတယ်။ အမှန်တကယ်ဆို ကျွန်မယောကျ်ား လူပျိုမဟုတ်တာလည်း သူသိတယ်။ ကလေးရှိတာလည်း သူသိတယ်။ သုံးနှစ်သားအရွယ် ကျွန်မသားတောင် ယောကျ်ားခေါ်သွားလို့ သူ့ဆီပါသွားသေးတယ်။ တကယ်ဆိုရင် သေတဲ့သူလည်း သေပြီးပြီဆိုတော့ ကျွန်မအနေနဲ့ ဒါတွေမပြောချင်ပါဘူး။ ဒါပေမဲ့ သူပြောတာတွေက တော်တော်လေးကို လွန်လွန်းလို့ ပြောရတာပါ။ သူက အပြစ်ကင်းစင်တဲ့ ပုံစံမျိုးဖြစ်နေပြီး ကျွန်မတို့ကပဲ သူ့ကို မတရားလုပ်တဲ့ပုံစံမျိုး ပြောထားတာတွေက မဟုတ်ပါဘူး။ ရဲစခန်းက ကျွန်မကို မေးတုန်းကတောင် ဆရာတို့ သင့်တော်သလိုပဲ လုပ်ပါလို့ ပြောခဲ့တာပါ။ ကျွန်မက အခု ကလေးသုံးယောက်နဲ့ ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိဘူးဖြစ်နေတယ်။ ကျွန်မတို့က လူမှောင်ခိုကူးတဲ့သူတွေလည်း မဟုတ်ပါဘူး။ စုံစမ်းကြည့်လို့ ရပါတယ်။ အမှန်တကယ်ဆို သူက နှစ်ယောက်ပေါင်းမယ်ဆိုပြီး ကျွန်မယောကျ်ားနဲ့ မြဝတီကို လိုက်လာတာပါ။

**Speaker ။ ။ သူက ဘယ်လိုဖြစ်ပြီး မြဝတီကို လိုက်လာတာလဲ။**

MN ။ ။ ကျွန်မယောကျ်ားက ကျွန်မနဲ့မြဝတီမှာ အလုပ်လုပ်နေတာ။ ကျွန်မသားလေးကို ရန်ကုန်ကနေ ပြန်ခေါ်မယ်ဆိုပြီး ယောကျ်ားက အဲဒီအမျိုးသမီးနဲ့ သွားပေါင်းနေတာ နှစ်လလောက်ကြာတယ်။ ကျွန်မ မြဝတီမှာပဲ အလုပ်လုပ်နေတာ။ ကျွန်မယောကျ်ားက ကလေးကို ခေါ်ပြီး မြဝတီကို လိုက်လာချင်တယ်လို့ ပြောတယ်။ ကျွန်မက နင်နဲ့ ကလေးပဲလား။ မယားငယ်ကို ခေါ်မလာနဲ့လို့ ပြောလိုက်တယ်။ အဲဒါကို သူက မယားငယ်ကိုပါ ခေါ်လာတယ်။ အဲဒီနေ့က မိုးတွေကလည်း ရွာနေတယ်။ ကျွန်မလည်း ကလေးပါတော့ အိမ်ဘေးနားက သူငယ်ချင်းရဲ့ အစ်ကိုကို သူတို့ကို သွားကြိုခိုင်းလိုက်တယ်။ သွားကြိုတော့မှ မယားငယ်ပါလာမှန်း သိတာ။ ပြီးတော့ နှစ်ယောက်ပေါင်းမယ်လို့ လင်းလင်းခိုင်က ပြောတယ်။ ကျွန်မက အဲဒါတော့ အဆင်မပြေဘူး။ ကျွန်မတို့က လိုင်းခန်းငှားနေရတာ။ ပတ်ဝန်းကျင်မှာ ဘယ်လိုမှအဆင်မပြေနိုင်ဘူး။ အဲဒီတော့ ကျွန်မ သူငယ်ချင်းက စေတနာနဲ့ လင်းလင်းခိုင်ကို အလုပ်ရှာပေးဖို့လုပ်တာ။ အဲဒါကို သူ့ကို ရောင်းစားဖို့ လုပ်တာပါဆိုပြီး လျှောက်ပြောတယ်။ ကျွန်မ သူငယ်ချင်းအိမ်မှာ သူညအိပ်ခဲ့တယ်။ တစ်လုပ်စားဖူး သူ့ကျေးဇူးကိုတောင် မထောက်ခဲ့ဘဲ သူ လျှောက်ပြောတယ်။ ရင်ထဲမှာ ပြောချင်တဲ့ စကားတွေ အများကြီးရှိတယ်။ ကိုယ့်ဘက်က တရားနဲ့ဖြေနေလို့ မပြောခဲ့တာပါ။ အခု ဖေ့ဘုတ်မှာ တက်နေတာတွေကိုလည်း အရင်တုန်းက မသိဘူး။ သူငယ်ချင်းတွေပြောမှ သိတာ။ ကျွန်မ ဖေ့စ်ဘုတ်လည်း မသုံးတတ်ဘူး။ ဖုန်းကလည်း ကီးပတ်ဖုန်းလေးပဲ ရှိတာပါ။ ကျွန်မယောကျ်ား အမျိုးတွေလည်း မကျေနပ်ဘူး။ ပြီးတော့ ကလေးတွေရဲ့ ရှေ့ရေးလည်း ရှိသေးတယ်လေ။

**Speaker ။ ။ အစ်မတို့ အိမ်ထောင်ကျတာ ဘယ်လောက်ကြာပြီလဲ။ ကလေးရော ဘယ်နှရောက်ရှိလဲ။**

MN ။ ။ အိမ်ထောင်ကျတာကတော့ ၁၁ နှစ်လောက်ရှိပြီ။ အကြီးဆုံးသားလေးက ကိုးနှစ်၊ အလတ်ကောင်က ခြောက်နှစ်၊ အငယ်ဆုံးသားလေးက သုံးနှစ်ရှိပြီ။ ကျွန်မမှာလည်း အကြွေးသိန်းနှစ်ဆယ်ကျော်လောက် ရှိတယ်။ သူနဲ့ သွားတွေ့တော့လည်း အိမ်က စုဘူးကို ဖောက်သွားတယ်။ တည်းခိုခန်းငှားတဲ့အထဲမှာ လင်းလင်းခိုင်ဆီက ပိုက်ဆံယူတာ တွေ့တယ်။ အဲဒီမှာ ကျွန်မယောကျ်ားကို အချုပ်ဇယားဘာညာဆိုပြီး ပြောကြတယ်။ သူ့ဆီမှာလည်း အိမ်က ပိုက်ဆံတွေပါသွားပါတယ်။ ရန်ကုန်မှာ နှစ်လနေတဲ့အချိန် သူတို့ဘာသူတို့ ဆွဲကြိုးကို ရောင်းစားပြီးတော့ သုံးကြတာလေ။ အတူတူစားသောက်တုန်းက ကုန်သွားတဲ့ ဆွဲကြိုးကို မိဘတွေက ဆွဲကြိုးမပါရင် သူ့ကို ပြန်လာခိုင်းမှာ မဟုတ်ဘူးဆိုပြီးတော့ မြဝတီကို ကျွန်မယောကျ်ားနဲ့ လိုက်လာတာပါဆိုပြီး ပြောတာတွေ့လိုက်တယ်။ ကျွန်မသားလေးကိုလည်း သူတို့နှစ်ယောက် ပေါင်းနေတဲ့အချိန်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်းကို သွားပို့ထားတယ်။ အဲဒီဘုန်းကြီးကျောင်းမှာ နှစ်မတွေလည်း ရှိတယ်လို့ ပြောတယ်။ ကျွန်မဘက်က မယားကြီးတစ်ယောက်အနေနဲ့ တိုင်လို့ရတယ်။ ဒါပေမဲ့ ကလေးတွေကို ငဲ့ပြီး မတိုင်ခဲ့ဘူး။ မိန်းကလေးချင်း ကိုယ်ချင်းစာတဲ့စိတ်လည်း ပါတယ်။ အဲဒါကိုလိုက်ပြီး သူ့ကို သနားအောင် ဖေ့စ်ဘုတ်ကနေ ပြောနေတာ။ မြဝတီမှာ သူအိပ်ခဲ့တဲ့အိမ်က၊ သူထမင်းစားခဲ့တဲ့ အိမ်က လူတွေကိုတောင် ထိုင်းကို ရောင်းစားမယ့်သူတွေဆိုပြီးတောင် ပြောနေတာ။ ကျွန်မယောကျ်ားကိုလည်း လူကုန်ကူးပါတယ်ဆိုပြီး ပြောတယ်။ စုံစမ်းကြည့်လို့ ရပါတယ်။

**Speaker ။ ။ အခု အစ်မက ဘယ်ရောက်နေတာလဲ။**

MN ။ ။ အခု ကျွန်မက မြဝတီကို ရောက်နေတာ။ ကျွန်မတို့ နေခဲ့တဲ့ လိုင်းခန်းမှာ ကျွန်မယောကျ်ားကို ရက်လည်လုပ်နေတာ။ ကျွန်မ ယောကျ်ားသေလို့ ရန်ကုန်ပြန်ဖို့ လုပ်တုန်းကတောင် ပိုက်ဆံမရှိလို့ အဲဒီ လင်းလင်းခိုင် တည်းခဲ့တဲ့အိမ်က မိတ်ဆွေလင်မယားက ငွေသုံးသောင်းချေးလို့ ကျွန်မ ရန်ကုန်ပြန်ခဲ့ရတာ။ ရက်လည်ကိုလည်း မြဝတီက အိမ်နီးနားချင်းတွေက ပိုက်ဆံစုပြီး လုပ်ပေးထားတာ။ ကျွန်မစိတ်ထဲမှာ အခုဖြစ်နေတာက ဒီကလေးသုံးယောက်ကို ဘယ်လိုပြုစုပျိုးထောင်ရမလဲဆိုတာပဲ ကျွန်မ စဉ်းစားနေတယ်။ အငယ်ဆုံး သုံးနှစ်ကလေးဆိုရင် ဖအေဆိုတာ ဘာမှန်းတောင် မသိသေးဘူး။ အခု ဖြစ်တာကတော့ ကျွန်မယောကျ်ားရော၊ လင်းလင်းခိုင်ရော နှစ်ယောက်စလုံးမှားတယ်။ ကျွန်မယောကျ်ားကိုလည်း လင်းလင်းခိုင်က နဝရတ်လက်စွပ်လုပ်ထားတယ်၊ စမတ်ဖုန်း ဝယ်ထားတယ်ဆိုပြီး ညာပြီးခေါ်တာ။ ကျွန်မယောကျ်ားက ကျွန်မကို ပြောတယ်။ လင်းလင်းခိုင် ဖုန်းဆက်လာတယ်။ သူ့ကို ဒါတွေဒါတွေ လုပ်ပေးဖို့ ခေါ်နေတယ်။ ကျွန်မကိုပါ တစ်ခုခုဝယ်ပေးချင်လို့ လိုက်လာခဲ့ပါဆိုပြီး လင်းလင်းခိုင်က ပြောနေတယ်။ အဲဒါနဲ့ ကျွန်မက ရှင်လည်းသွားစရာမလိုဘူး။ ကျွန်မလည်း မလိုက်ဘူးဆိုပြီး ပြောထားတာ။ အဲဒါကို ကျွန်မ မသိတဲ့အချိန်မှာ ထွက်သွားတာ။ ကျွန်မသာ လိုက်သွားရင် ကျွန်မပါ အသတ်ခံရမလား မသိဘူး။ ရန်ကုန်ကို လိပ်ပတ်လည်အောင် မသွားတတ်ဘူးဆိုတဲ့သူက ဖေ့ဘုတ်သုံးတတ်တယ်။ တည်းခိုခန်းကို ထီပေါက်တယ်ဆိုပြီး လိမ်ခေါ်တတ်တယ်။ လက်စွပ်တောင် နဝရတ်ကိုးသွယ် လက်စွပ်လုပ်ထားတယ်ဆိုပြီး ပြောတယ်။ စမတ်ဖုန်းလည်း ဝယ်ပေးမယ်ဆိုပြီး ပြောတယ်။ အခုသူ ကျွန်မ ယောကျ်ားကို သတ်တဲ့ပုံစံက မတော်တဆ သတ်တာမဟုတ်ဘူး။ ကြိုတင်ကြံစည်ပြီးတော့ သတ်တာ။ ကျွမ်းကျင်တယ်လို့တောင် ပြောလို့ရတယ်။ သတ်ပြီးတော့လည်း ဟန်မပျက် တည်းခိုခန်းကနေ ထွက်သွားတယ်။ ကျွန်မက အမုန်းမပွားချင်လို့ အရှုံးနဲ့ပဲ ရပ်နေတာပါ။ လင်းလင်းခိုင်မှာလည်း ကလေးနှစ်ယောက်ရှိပါတယ်။ တစ်ယောက်ဆိုရင် ဆယ်တန်းတောင် ရောက်နေပြီလို့ ကြားပါတယ်။ ကျွန်မယောကျ်ားက ၃၂ နှစ်၊ လင်းလင်း ခိုင်က ၃၉ နှစ်၊ ကျွန်မယောကျ်ားထက်တောင် ခုနစ်နှစ် ကြီးပါတယ်။ ကျွန်မယောကျ်ားက သူ့ကိုသွေးဆောင် ဖြားယောင်းတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ စဉ်းစားကြည့်ပေါ့ရှင်။ ကျွန်မတို့အနေနဲ့ သူပြောထားတာတွေကို ဘယ်လိုမှ မကျေနပ်နိုင်လွန်းလို့ အခုလို ပြောရတာပါ။ သူပြောဆိုထားတဲ့ စကားလုံးတွေက ကျွန်မရဲ့ ကလေးတွေကိုပါ စိတ်ဒဏ်ရာရစေတယ်။ သူတို့အဖေဟာ ဒီလိုလူမျိုးကြီး ပါလားလို့ ကလေးတွေစိတ်မှာ စွဲသွားပြီလေ။ သူတို့ဘာသာ သူတို့ဖြစ်ကြတဲ့ဇာတ်လမ်းကို သူတို့ဘာသူတို့ အဆုံးသတ်ပြီးကြပြီလေ။ အခုဟာက ကျွန်မကလေးတွေကိုပါ အညွန့်ချိုးသလိုဖြစ်နေလို့ ပြောပြရတာပါ။ ဖြစ်စဉ်အမှန်ကို မသိတဲ့သူတွေကတော့ လူတစ်ရာမှာ တစ်ရာလုံးက လင်းလင်းခိုင် ပြောတာကိုယုံကြမှာပါ။ သူက သေတဲ့သူကိုပဲ အပြစ်ပုံချပြီး ပြောနေတာလေ။ သူ ရန်ကုန်ပြန်ဖို့ကိုတောင် ကျွန်မက တစ်နေ့တစ်ထောင်သွင်းနဲ့ ကားခငွေရှာပေးလိုက်ရတာပါ။ လိုအပ်လို့ရှိရင် သူတည်းခိုခဲ့တဲ့ အိမ်က အစ်ကိုကြီးလင်မယားကို အချိန်မရွေး မေးလို့ရပါတယ်။

**Speaker ။ ။ အစ်မက မြဝတီမှာ ဘာလုပ်တာလဲ။**

MN ။ ။ မြဝတီကို ကျွန်မတို့လင်မယား အလုပ်လာလုပ်တာ ငါးလလောက်ပဲ ရှိပါသေးတယ်။ ကျွန်မက ဘောင်းဘီလေးတွေ ချုပ်တာပါ။ တစ်နေ့ကို သုံးထောင်ရပါတယ်။ အချိန်ပိုဆင်းရရင် တစ်ထောင်ပိုရပါတယ်။ စုစုပေါင်း လေးထောင်ပဲရပါတယ်။ သေသွားတဲ့ အစ်မယောကျ်ားက အိကြာကွေးတို့၊ ပဲပလာတာတို့ မနက်စောစော လိုက်ရောင်းတယ်။ အခုကလေးသုံးယောက်နဲ့ အစ်မဘယ်လိုနေရမှန်း မသိဘူးဖြစ်နေတယ်။ လောလောဆယ်တော့ ခရမ်းမှာရှိတဲ့ အစ်မဆီမှာပဲ ခိုကပ်နေရဦးမယ်ထင်ပါတယ်။

နန္ဒမျိုးဆောင်



ရှိုင်ရယ်တည်းခိုခန်းတွင် သေဆုံးသူ ထွန်းလင်းအောင်(ခ)ဖိုးထောင်၏ ဇနီးဖြစ်သူ မလွင်မာဦး(ခ)မမိငယ်

# ရှိုင်ရယ်တည်းခိုခန်းတွင် လူသတ်မှု ကျူးလွန်ခဲ့သူ ဒေါ်လင်းလင်းခိုင်၏ ပြောကြားချက်

မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရှိုင်ရယ်တည်းခိုခန်းတွင် စက်တင်ဘာ ၁၆ ရက်နေ့က ဖြစ်ပွားခဲ့သော လူသတ်မှုတွင် အမှုကျူးလွန်ခဲ့သူ ဒေါ်လင်းလင်းခိုင်က ၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ ဖေ့စ်ဘုတ်မှ ပြန်လည်ပြောကြားသည့် ရုပ်သံဖိုင်သည် စိတ်ဝင်စားသူ များပြားခဲ့သည်။ အဆိုပါပြောကြားချက်များကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

**Q။ ။ သမီးနဲ့သူနဲ့ ဘယ်လိုပတ်သက်လဲ။**

A ။ ။ သမီးကို သူက ယူမယ်လို့ ပြောတယ်။ ယူမယ် ပြောတုန်းက လူပျိုလူလွတ်လို့ ပြောထားတာ။ နောက်ယူပြီးသွားတော့မှ အိမ်ထောင်ရှိတယ်ဆိုတာ သိရတာ။

**Q။ ။ အချိန်လွန်မှ သိရတာပေါ့။ အဲဒီတော့ သူက ဘာတွေပြောလဲ။**

A ။ ။ သူကပြောတယ်။ သူ့မိန်းမက မြဝတီမှာတဲ့ အဲဒီမှာ သမီးနဲ့ သူနဲ့ တောင်ဒဂုံမှာ ငှားနေတယ်။ သူက မြဝတီသွားဖို့ကို ခဏခဏပြောတယ်။ မြဝတီမှာဆိုရင် အလုပ်က ဘယ်လို အဆင်ပြေတယ်။ သမီးကို အမြဲတမ်းပြောတယ်။ သမီးကလည်း မသွားချင်ဘူး သမီးကတစ်ခါမှမရောက်ဘူးတာ။ ဒီရန်ကုန်မြို့မှာတောင် မြို့ထဲလည်လည်ဝယ်ဝယ် မသွားတတ်ဘူး။ အဲဒီတော့ သမီးကြောက်တယ်။ နောက်တော့ သူက ဘယ်လိုပြောလဲဆိုတော့ မြဝတီမှာ သူအလုပ်လုပ်လို့ အဆင်ပြေရင် သမီးကုန်ထားတဲ့ရွှေတွေ ပြန်ဝယ်ပေးမယ်။ ဝယ်ပြီးတော့ မိဘတွေဆီ ပြန်လာမယ်။

**Q။ ။ သမီးရွှေက ဘယ်လောက်လောက်များလဲ။**

A ။ ။ သမီးရွှေက ငါးမူးသား။ အဲဒီလိုနဲ့ သမီးကို မြဝတီကို ခေါ်သွားတယ်။ ခေါ်သွားပြီးတော့ လိုက်သွားလိုက်တယ်။ လိုက်လည်း လိုက်သွားတော့ အိမ်တစ်အိမ်မှာလည်းရောက်ရော ကွမ်းသွားဝယ်ချင်လို့တဲ့ ခဏလေးနေခဲ့ဆိုတော့ သမီးကို ထားခဲ့တယ်။ အဲဒီအိမ်ထဲကနေပြီးတော့ သူလည်းသွားရော သမီးကိုခေါ်တယ်။ သမီးကနေဦး သမီးယောက်ျားကို စောင့်လိုက်ဦးမယ်ပြောတော့၊ အဲဒီက မိန်းမကနေပြီးတော့ နင့်ယောက်ျားက လာမှာမဟုတ်တော့ဘူး၊ နင့်ကို ယိုးဒယားဘက် သွားပို့မယ်ဆိုတော့ သမီးကြောက်တာပေါ့။ သမီးကိုအိမ်ထဲ အတင်းဝင်ခိုင်းတယ်၊ သမီးမဝင်ဘူး၊ ယိုးဒယားဘက်ပို့မယ် ဘာညာနဲ့ အဲဒီမိန်းမကလည်း အာကြမ်းတယ်၊ အရမ်းအာကြမ်းတာ၊ သမီးအဲဒီအထဲကို ဝင်လည်းမဝင်ရဲဘူး။ အဲဒါ သမီးလမ်းမှာ သမီးယောက်ျားကို စောင့်ရင်း စောင့်ရင်းနဲ့ တဖြည်းဖြည်း မိုးလင်းတော့မယ်။ အဲဒီမှာ အီကြာကွေးကြော်တဲ့ အစ်မကြီး၊ ဝဝကြီးနဲ့သူက သမီးကို မေးတယ်။ ဘာဖြစ်လို့ ငိုတာလဲဆိုတော့၊ သမီးက အဲဒီလိုအဲဒီလိုပဲလို့ ကွမ်းဝယ်မယ်ဆိုပြီးထွက်သွားတာလို့၊ သမီးတို့ မြဝတီကို ရောက်တော့ ဘယ်အချိန်လောက်ရောက်လဲဆိုတော့ ည ၈ နာရီလောက်မှာ ရောက်တယ်။ မိုးချုပ်နေပြီ၊ အဲဒီချိန်ကနေ တဖြည်းဖြည်း မိုးကလည်း လင်းတော့မယ်။ အဲဒီ အီကြာကွေးကြော်တဲ့ အစ်မကြီးက နင်ဘာဖြစ်ချင်လို့လဲတဲ့၊ သမီး ရန်ကုန်ပြန်ချင်တယ်လို့၊ ငါမှာတော့ အဆင်မပြေဘူး၊ ဒါပေမဲ့ နင့်ကို ကားလက်မှတ်ဖြတ်ပေးလိုက်မယ်၊ သနားလို့တဲ့၊ သမီးလက်ထဲမှာလည်း ပိုက်ဆံပါမသွားဘူး၊ ကားလက်မှတ်ဖြတ်ပေးမယ်ဆိုတော့ သမီး အဲဒီအစ်မကြီး ဖြတ်ပေးတဲ့ ကားလက်မှတ်နဲ့ပြန်လာတယ်။

**Q။ ။ ကားလက်မှတ်က အဲဒီမြဝတီက ကားလက်မှတ်ပေါ့။**

A ။ ။ ဟုတ်တယ်အဲဒီ မြဝတီကားလက်မှတ် သမီးသိမ်းထားသေးတယ်။ သမီးမှာ ရှိတယ်။ အထောက်အထားရှိတယ်။ သမီးကို ကားပေါ်ကို တင်ပေးတယ်။ ကားပေါ်ကို တင်ပေးလို့ သမီးရန်ကုန်ကို ရောက်လာတယ်။ ရန်ကုန်ကို ရောက်လာတော့ ည ၉ နာရီကျော်နေပြီ။ ည ၉ နာရီကျော်တော့ အဝေးပြေးဂိတ်မှာ ဂိတ်ကနေပြီးတော့ ဒီအချိန်ဆိုရင် ကောင်မလေး နင်တစ်ယောက်တည်းပြန်လို့ အဆင်ပြေမှာ မဟုတ်ဘူးတဲ့။ အဲဒီအဝေးပြေး လက်မှတ်ရောင်းတဲ့ ဂိတ်က သမီးကို တစ်ည ခေါ်သိပ်တယ်။ အဲဒီ အစ်မကြီးက၊ မနက်မိုးလင်းတဲ့ အခါကျတော့ သမီးကို လမ်းစရိတ်သုံးထောင် ထုတ်ပေးတယ်။ လမ်းစရိတ်သုံးထောင်ပေးတော့ သမီးပြန်လာတယ်။ (ငိုနေသဖြင့် စကားဆက်မပြောနိုင်) ပြန်လာတော့ ဆူးလေဘုရားမှာ ထိုင်နေတယ်။ သမီးအိမ်လည်း မပြန်ရဲဘူး၊ သမီးဆွဲကြိုးတွေ ကုန်သွားလို့ အိမ်မပြန်ရဲဘူး။ အဲဒီကနေပြီးတော့ သမီး ဗေဒင်သွားမေးတယ်။ ဗေဒင်ဆရာတစ်ယောက်ကနေပြီးတော့၊ သမီးကို သနားလို့ဆိုပြီးတော့ မော်တာစက်ချုပ်တဲ့ ဆီမှာ လုပ်မလားတဲ့။ စက်ချုပ်သင်ရင် တစ်လ သုံး၊ လေးသောင်းတော့ ရမယ်တဲ့။ စရိတ်ငြိမ်းတဲ့၊ သမီး ဝင်လုပ်လိုက်တယ်။



**Q။ ။ ဘယ်လောက် ကြာလဲ။**

A ။ ။ မကြာဘူး တစ်ရက်၊ နှစ်ရက်ပဲ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စ မတရားတာကြီးဆိုတော့ အမှုဖွင့်ချင်တယ်လေ။ အစုံရောက်တယ်။ တောင်ဒဂုံ တောင်မြောက်ရဲစခန်းလည်း ရောက်တယ်။

**Q။ ။ ဘယ်နှရက်နေ့လောက်မှာ ရောက်လဲ။**

A ။ ။ ခုနစ်လပိုင်းထဲမှာပဲ။ ဒါပေမဲ့ အဲဒီစာရွက်စာတမ်းတွေ အကုန်လုံး မိတ္တူကူးပြီး သိမ်းထားတာရှိတယ်။ တောင်မြောက် ရဲစခန်းကနေပြီးတော့ ဇရာဝဏ်ရဲစခန်းကို လွှတ်လိုက်တယ်။ ဇရာဝဏ်ရဲစခန်းကနေပြီးတော့ တောင်မြောက်ရဲစခန်းကို ပြန်လွှတ်တယ်။ အဲဒီမှာတင် သမီး အလုပ်ကောင်းကောင်း မလုပ်ရဘူး။ အဲဒါနဲ့ တောင်မြောက် ရဲစခန်းလည်းရောက်ရော ပြောပြတာပေါ့။အဲဒီ ရဲစခန်းကနေ သမီးကို အချက်အလက်တွေရေးပေးတယ်။ ရေးပေးပြီးတော့ တောင်ဒဂုံတရားရုံးမှာ ဦးတိုက်သွားလျှောက်တဲ့။ အဲဒါနဲ့ ရဲစခန်းက ရဲတွေပေးတဲ့ စာရွက်နဲ့ စာတွေ ဘာတွေနဲ့၊ တံဆိပ်ခေါင်းတွေနဲ့ ပြီးလည်း ပြီးရော ရှေ့နေအစ်မဆီကို ဦးတိုက်သွားလျှောက်တယ်။ လျှောက်လည်း လျှောက်ရော နောက်ဆုံးမြဝတီမှာ ဖြစ်တာကိုး။ ညီမက နောက်ဆုံးမြဝတီမှာ ဖြစ်တဲ့အတွက် မြဝတီရဲစခန်းကို သွားတိုင်တဲ့။ သမီး ဒီမှာတောင်မှ ဒီလောက် ဒုက္ခတွေရောက်နေတာ ဘယ်လို သွားတိုင်မလဲ။

**Q။ ။ အဲဒါဘယ်သူက ပြောတာလဲ။**

A ။ ။ တောင်ဒဂုံတရားရုံးက ရှေ့နေမက ပြောတာ။ အဲဒါကြောင့်မို့ သမီး စိတ်လည်းနာတယ်။ သမီးကို လက်မှတ်ဝယ်ပေးတဲ့ အစ်မကြီးရဲ့ ဖုန်းနံပါတ်ကို သမီးက ယူလာတာကိုး။ ယူလာတော့ သမီးက သူနဲ့ အဆက်အသွယ်လည်းဖြစ်ရော၊ အဲဒီအကောင်လိပ်စာကို ငါသိတယ်တဲ့။ တိုင်မယ်ဆို အဲဒီအကောင်ရဲ့ လိပ်စာ ငါ့မှာရှိတယ်တဲ့။ သမီးရဲစခန်းမှာ တိုင်တုန်းကလည်း သူလိပ်စာအပြည့်အစုံ၊ သူ့မှတ်ပုံတင်နံပါတ်တွေရော၊ သူ့နာမည်၊ ထွန်းလင်းအောင် (ခ) ဖိုးထောင် အရပ်ငါးပေနဲ့ ခြောက်လက်မ အကုန်လုံး အချက်အလက်တွေ ပြည့်စုံတယ်။ သမီးနဲ့သူနဲ့ တောင်ဒဂုံမှာငှားရမ်းပြီး နေထိုင်တဲ့လိပ်စာ အပြည့်အစုံ။

**Q။ ။ ဘယ်နှလလောက် ငှားရမ်းနေထိုင်လဲ။**

A ။ ။ ဘယ်နှလလဲဆိုတော့ သုံးလပိုင်း ၂၆ ရက် ကနေ ၇ လပိုင်း ၁၅ ရက်နေ့အထိ။

**Q။ ။ သမီးတို့ မှတ်တမ်းတော့ ရှိမှာပေါ့နော်။**

A ။ ။ သူနဲ့လက်မှတ်ထိုးထားတဲ့ ဟာတွေ ရှိတယ်။ အဲဒီနားကလူတွေက သမီးနဲ့သူနဲ့ ပေါင်းသင်းနေထိုင်တယ်ဆိုတာ အကုန်လုံးသိတယ်။ ဘာကြောင့် သိလဲဆိုတော့ သူက ဆိုက္ကားနင်းတယ်။ သမီးက ထမင်းကြော်ရောင်းတယ်။ အဲဒီရပ်ကွက်ထဲက လူတွေက သမီးကို မသိတဲ့သူလည်း မရှိဘူး။ သမီးတို့ လင်မယားနှစ်ယောက်ကို မသိတဲ့သူ မရှိဘူး။ နောက်ဆုံး ဘယ်လိုလဲဆိုတော့ သမီးဘက်က မှန်ကန်ရဲ့သားနဲ့ သမီးတိုင်တာ တိုင်လို့မရဘူး။ သမီး ဖြုတ်ချခံရတယ်။ အဲဒါကြောင့် သမီးစိတ်နာတယ်။ အဲဒီမှာ အကြော်ရောင်းတဲ့ အစ်မကြီးက သမီးကို ထိကြီးပေါက်ပါတယ်ဆိုပြီး သတင်းလွှင့်လိုက်တယ်။ အဲဒီလို ထီပေါက်တယ်လည်း ကြားရော သမီးဆီရောက်လာတယ်။ မြဝတီကနေ ၅ နာရီကားနဲ့လာတယ်။ မနက်ဘက် အစောကြီးရောက်လာတယ်။ ရောက်လာတော့ သမီးက ပထမတုန်းက ဘယ်မှာတွေ့မလဲဆိုတော့ မြန်မာပလာဇာရှေ့က ကန်ပေါင်ပေါ်မှာ တွေ့မလို့၊ သူက မဟုတ်ဘူးတည်းခိုခန်းမှာ အေးဆေးစကားပြောချင်လို့ သမီးကို ခေါ်တယ်။ ခေါ်လည်းခေါ်ရော သူ့အလိုလိုက်လိုက်တယ်လေ။ လိုက်သွားတော့ ဟိုလည်းရောက်ရော သမီးက ဓားထုတ်လိုက်တယ်။ သူနဲ့ သမီးနဲ့ ဓားချင်းလုသေးတယ်။ မသေခင်မှာ ဓားချင်းလုသေးတယ်။ ဓားချင်းလုတော့ သူ့ရင်ဘတ်ကို တစ်ချက် ဓားနဲ့ထိုးမိသွားတယ်။ သွေးထွက်သွားတယ်။ သွေးထွက်သွားတော့ အဲဒီအချိန်မှာ သမီး စဉ်းစားလိုက်တယ်။ သမီး အဲဒီဓားကို အလွတ်ပေးလိုက်မယ်ဆိုရင် သမီးဒုက္ခရောက်တော့မှာလေ။ သမီးသိသွားတယ်လေ အဲဒါကြောင့် သမီးရှန်းရင်းဆန်ခတ်နဲ့ သမီး ခါးကို တစ်ချက်ထပ်ထိုးလိုက်တယ်၊ ထိုးပြီးတော့ သမီး ဓားပါယူပြီး ထွက်လာလိုက်တယ်။ သမီးဘာလို့ အဲဒီလိုလုပ်ရလဲဆိုတော့ သမီးအစတုန်းက အဲဒီလိုလုပ်ဖို့ ရည်ရွယ်ချက်မရှိဘူး။ သမီးအချက်လက်အပြည့်စုံနဲ့ တိုင်တယ်။ တိုင်ပြီးသွားလို့ရှိရင် တရားရင်ဆိုင်မယ်။ အဲဒီကတောင် သမီးကို ပြောသေးတယ်။ တကယ်လို့ သူ့ကိုဖမ်းမိရင် လျော်ကြေးယူမှာလား၊ လျော်ကြေးမယူဘူးလို့၊ သူ့ကိုထိုက်သင့်တဲ့ အပြစ်ဒဏ်ခံရရင် ပြီးရောလို့ သမီးက ပြောလိုက်တယ်။ သမီးသူ့ကို သတ်ဖို့အထိလည်း မရည်ရွယ်ဘူး။ သတ်ဖို့အထိ ဘာလို့ဖြစ်သွားလဲဆိုတော့ သမီးတိုင်တယ်။ အရေးမယူဘူး အဖြုတ်ချခံရတယ်။ သမီးမှာ နောက်ခံအင်အား မရှိဘူး။ ပိုက်ဆံမရှိဘူး။ အဲဒါကြောင့်လား မသိဘူးဆိုပြီး သမီးစိတ်နာပြီး အခုလိုမျိုး သူ့ကိုသတ်ပြီး ချက်ချင်းအဖမ်းမခံတာ စိတ်နာလို့။ သမီးအခု အဖမ်းခံချင်လို့ မချစ်မဆိုတဲ့ အစ်မကြီးဆီ ဆက်သွယ်တယ်။ ရအောင် ဆက်သွယ်ပြီးတော့မှ ဒီကိုလာပြီးတော့ အဖမ်းခံဖို့ လုပ်တာ။ သမီးချက်ချင်း အဖမ်းမခံဘူးဆိုတာလည်း စိတ်နာတာပါတယ်။ သမီး ကောင်းကောင်းမွန်မွန် တိုင်တုန်းက ဒုက္ခခံပြီးတော့ တိုင်တာ။ အဲဒီတိုင်တုန်းက တိုင်တဲ့ နေ့တုန်းကဆိုရင်လေ မှတ်မှတ်ရရ သမီး ကမ္ဘောဇဘဏ်ကနေပြီးတော့ အင်တာဗျူးခေါ်တယ်။ ဒါပေမဲ့ အဲဒီနေ့က အင်တာဗျူး တောင် မသွားနိုင်ဘူး။ အဲဒီလောက်ထိ ဒုက္ခတွေ ခံလာခဲ့ရတာ။ ♦



www.free4readers.com



# အစိုးရကောင်း၊ အစိုးရဆိုးနှင့် ပြည်သူလူထုလက်ထဲမှ နိုင်ငံတော်၏အနာဂတ်

ခက်ဆစ်လင်း (ပြည်)




မကြာသေးသော ကာလတစ်ခုက လူမှုကွန်ရက်စာမျက်နှာများ၊ သတင်းစာ၊ ဂျာနယ်စာမျက်နှာများတွင် နေရာယူကြီးစိုးနေသည့် သတင်းမှာ ထိုင်းနိုင်ငံမှသတင်းတစ်ပုဒ်ဖြစ်၏။ လိုဏ်ဂူအတွင်း လူ ၁၃ ယောက် ပျောက်ဆုံးနေသော သတင်း ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးရှိ လူမှုကွန်ရက်စာမျက်နှာ အထက်တွင်လည်း ထိုသတင်းသာ နေရာယူ ကြီးစိုးနေခဲ့ခြင်း ဖြစ်ပေသည်။ ထိုသတင်းဖြစ်စဉ်မှာ ထိုင်းနိုင်ငံ၊ ချင်းမိုင် မြို့ဒေသခံ လူငယ်ဘောလုံးအသင်းတစ်သင်းသည် (သန်လောင်နမ်နွမ်လိုဏ်ဂူ) သဘာဝ ရေဝင်ထုံးကျောက်ဂူတစ်ခုအတွင်းသို့ ဝင်ရောက်သွားပြီး ပျောက်ဆုံးနေသည်မှာ ရက်အတော်အတန် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ စတင်ပျောက်ဆုံးသွားသော နေ့မှစ၍ ကယ်ဆယ်ရေးလုပ်ငန်းများအား ကြိုးစားလုပ်ဆောင်နေပါသော်လည်း ဇူလိုင်လ ၁ ရက်နေ့အထိ ထူးခြားမှုတစ်စုံတရာ မတွေ့ရသေးပေ။ ထို့ကြောင့်လည်း ထိုသတင်းအားတစ်ကမ္ဘာလုံးက စိတ်ဝင်တစား စောင့်ကြည့်နေကြခြင်းလည်း ဖြစ်ပါ၏။ ထိုကဲ့သို့ လိုဏ်ဂူအတွင်း လူ ၁၃ ဦး စတင်ပျောက်ဆုံးခဲ့ရသည့်နေ့မှာ ၂၀၁၈ ခုနှစ် ဇွန်လ ၂၃ ရက်နေ့ကသာ ဖြစ်ပါ၏။ လူငယ်ဘောလုံးအသင်းနည်းပြတစ်ဦးနှင့်ဘောလုံးသမား(ကလေး) ၁၂ ဦး စုစုပေါင်း ၁၃ ဦး ပျောက်ဆုံးနေရခြင်း ဖြစ်ပါသည်။ ဘောလုံးအသင်းနည်းပြအက်ကာပိုလ်ချန်သာပေါင်သည် ဘောလုံးအသင်း၏ လေ့ကျင့်ခန်းဆင်းနေပုံများအား facebook တွင် Live လွှင့်ခဲ့သေး၏။ ဤသည်မှာ တောဝက်ရိုင်းများဟု အမည်ရသော လူငယ်ဘောလုံးအသင်းသားများ လိုဏ်ဂူအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်မသွားခင် နောက်ဆုံးတွေ့မြင်လိုက်ရသည့် မြင်ကွင်းမှတ်တမ်းတစ်ခုသာ ဖြစ်ပါသည်။

ထိုနေ့ညနေပိုင်းတွင် တောခေါင်းတစ်ယောက်က သဘာဝဉယျာဉ်ပိတ်ပြီဖြစ်ကြောင်း လိုက်လံအသိပေးရာမှ လိုဏ်ဂူအဝတွင်စက်ဘီး ၁၁ စီး ရပ်ထားသည်ကို တွေ့လိုက်ရခြင်းကြောင့် သက်ဆိုင်ရာသို့ အကြောင်းကြားခဲ့ခြင်းဖြစ်ပေသည်။ ကလေးများထဲမှ တစ်ယောက်၏ မိခင်ဖြစ်သူသည် သားဖြစ်သူနှင့် ဖုန်းအဆက်အသွယ်ရခဲ့ပြီး လိုဏ်ဂူအတွင်းတွင် တစ်ဖွဲ့လုံး ပိတ်မိနေသည်ကို သိရှိသွားခဲ့၏။ ထိုသို့ဖြင့် မိဘများလိုဏ်ဂူအဝသို့ရောက်ရှိလာကြပြီး ရဲတပ်ဖွဲ့၏ ကင်းလှည့် ယူနစ်ကလည်း လာရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ကြ၍ ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါတော့၏။ ဇွန်လ ၂၄ ရက်နေ့တွင် လိုဏ်ဂူအတွင်းသို့ ဝင်နိုင်ရန် ရေငုပ်သမားများက စတင်ကြိုးစားခဲ့ကြသည်။ နံနက်အလင်းရောင်ရသည့် အချိန်တွင် ကယ်ဆယ်ရေးများက ဖြန့်ကြက်ရှာဖွေကြသည့်အခါ ညှပ်ဖိနပ် ၁၁ ရံကို တွေ့ရှိခဲ့၏။ ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို စစ်တပ်ကပါ ပူးပေါင်း ပါဝင်လာခဲ့သည်။ နံနက်အစောပိုင်းတွင် အဖွဲ့သားများ အလွန်ပင်ပန်းနေကြပြီး မိုးများအဆက်မပြတ်ရွာသွန်းနေသဖြင့် လိုဏ်ဂူအတွင်းတွင်လည်း ရေမျက်နှာပြင် ဆက်လက်မြင့်တက်လာသည့်အတွက်ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ခဏတာရပ်ဆိုင်းခဲ့ကြရသည်။

ထို့နောက် မယ်ဆိုင်မှကယ်ဆယ်ရေးအဖွဲ့ဝင် ခုနစ်ယောက်သည် လိုဏ်ဂူအတွင်းပိုင်းသို့ ရောက်နိုင်သမျှ တိုးဝင်ပြီး ရေများစုပ်ထုတ်နိုင်ရန် စစ်ဆေးခဲ့ကြ၏။ သို့သော်အဆင်မပြေသဖြင့် လက်လျှော့ခဲ့ရသည်။ နေ့လယ်ပိုင်းတွင် ရေငုပ်သမားများ ရေဝင်ဧရိယာအတွင်းသို့ ငုပ်လျှိုး၍ ကြည့်ကြ၏။ နောက်ကျိနေသော ရေပြင်သည် ၁၅ ပေလောက်အထိ နက်သည်ကို တွေ့ရသည်။ ၄၅ ပေမျှသာ ရှေ့တိုးနိုင်ခဲ့ပြီးနောက် ရေငုပ်သမားများ ပြန်တက်လာကြ၏။ ညနေပိုင်းတွင်တော့ ကယ်ဆယ်ရေးအဖွဲ့ခေါင်းဆောင်က ရေတပ်၏ ရေငုပ်သမားများကိုပါ အကူအညီတောင်းရန် အကြောင်းကြားခဲ့သည်။ ဇွန်လ ၂၅ ရက်နေ့တွင်တော့ ထိုင်းစစ်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ပါဝင်သောအဖွဲ့သည် ညသန်းခေါင်ကျော်သည်နှင့် လိုဏ်ဂူအတွင်းသို့ ဝင်၍ လိုက်ရှာကြသည်။ မဲခေါင်မြစ်ကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ပညာရှင်များလည်း လာရောက်ပူးပေါင်းကြသည်။ ထို့နောက်တွင်တော့ ရေတပ်၏ ကွန်မန်ဒိုအဖွဲ့သားများလည်း ရောက်လာကြ၏။

> “ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူလူထု၏ အာဏာသာ အဓိက သက်ရောက်ပေသည်။ အစိုးရတစ်ရပ်အား ပြည်သူလူထုက စိတ်ကြိုက်ရွေးချယ်ခွင့်ရှိသလို၊ စိတ်ကြိုက် ဖြုတ်ချခွင့်လည်း ရှိပေသည် ...

နံနက်အလင်းရောင်ရသည့် အချိန်တွင် ရေတပ်ကွန်မန်ဒိုများသည် အဖွဲ့လေးဖွဲ့ခွဲလိုက်၏။ ရှေ့က ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်နေသူများနှင့် ပူးပေါင်းပါဝင်ကြသည်။ အလှည့်ကျရှာဖွေခဲ့သော်လည်း မည်သည့်သဲလွန်စမှ မတွေ့ခဲ့ရပေ။ ရေအောက်သို့ ငုပ်လျှိုး၍ ရှာဖွေချိန်တွင်တော့ ငါးမိုင်မျှရှည်လျားသော ဥမင်အတွင်းပိုင်း ဝင်ပေါက်ကို စတွေ့ခဲ့သည်။ ရေအောက်နစ်မြုပ်နေသော်လည်း ပျောက်ဆုံးနေသော ကလေးငယ်များ၏ခြေရာကိုလည်း တွေ့ရသည်။ ကယ်ဆယ်ရေးအဖွဲ့သားများအား တက်ခဲ့ရ၏။ ဇွန်လ ၂၆ ရက်နေ့တွင်တော့ တစ်နိုင်ငံလုံး စိတ်ဝင်စားလာသော ထိုကိစ္စကို အစိုးရကိုယ်တိုင် ကိုင်တွယ်လာခဲ့တော့၏။ နိုင်ငံတော်အဆင့် သတ်မှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့တော့သည်။ ထိုင်းပြည်ထဲရေးဝန်ကြီး အနူပွန်ပေါင်ဂျင်ဒါ လိုဏ်ဂူအဝသို့ ရောက်လာပြီး စိုးရိမ်သောကရောက်နေကြသော မိဘဆွေမျိုးများကို အားပေးစကားပြောကြားခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြသည်။ ဤသို့ဖြင့် ဇွန်လ ၂၇ ရက်နေ့တွင်တော့ အမေရိကန်ရေတပ်နှင့် ဗြိတိန်စစ်တပ်မှ ပရော်ဖက်ရှင်နယ် ရေငုပ်သမားများလည်း ဆက်လက်၍ ပူးပေါင်းပါဝင် ကူညီလာခဲ့သည်။

အိမ်နီးချင်းဖြစ်သော အမိမြန်မာနိုင်ငံဘက်မှလည်း လိုဏ်ဂူနှင့် ဆက်စပ်နေသည်ဟု ယုံကြည်ရသော တာချီလိတ်ဘက်မှ ဂူပေါက်ဝများအား ဝင်ရောက်စစ်ဆေးပြီး အကူအညီပေးမည်ကြေညာခဲ့ပြီး ကူညီဆောင်ရွက်ပေးခဲ့သည်။ ဇွန်လ ၂၈ ရက်နေ့အထိ ကယ်ဆယ်ရေးလုပ်ငန်းများ နိုင်ငံတော်အဆင့်သတ်မှတ်ဆောင်ရွက်နေပါသော်လည်း ထူးခြားသော သဲလွန်စဟူ၍ မတွေ့ရသေးပေ။ ဇွန်လ ၂၉ ရက်နေ့တွင်တော့ လိုဏ်ဂူအတွင်း သွယ်တန်းထားသော မီးကြိုးမှ တစ်ဆင့် ကယ်ဆယ်ရေးသမားတစ်ယောက် ဓာတ်လိုက်ခံရပြီး ဆေးရုံတင်ပို့ခဲ့ရသည်။ ရဟတ်ယာဉ်များ၊ ခေတ်မီစက်ကိရိယာ၊ နိုင်ငံတကာအကူအညီများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ထိုနေ့တွင်ပင် ထိုင်းဝန်ကြီးချုပ် ပယာရွတ်သ်ချန်အိုချာ ကိုယ်တိုင်ကယ်ဆယ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိလာခဲ့၏။ မိဘများအား အားပေးနှစ်သိမ့်ခဲ့ပြီး ကယ်ဆယ်ရေးအတွက်လိုအပ်သမျှ ကူညီမည်ဟု ကတိပြုခဲ့သည်။ ဇွန်လ ၃၀ ရက်နေ့အထိလည်း ထူးခြားမှုမရှိသေးပေ။ ညနေ ၂ နာရီမှ စတင်၍ ဒုတိယအကြိမ် မိုင်းဖုန်းဆရာတော်ကြီး ကြွရောက်လာခဲ့ပြီး လူငယ်များ ပိတ်မိနေသော လိုဏ်ဂူအတွင်းတွင် တရားထိုင်မေတ္တာပို့ပြီး ညနေ ၅ နာရီမှ ဂူအပြင်သို့ ပြန်ကြွလာခဲ့သည်။ ကလေးအားလုံးကို အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်နိုင်လိမ့်မည်ဟု မိန့်ကြားခဲ့လေသည်။

ဤသို့ဖြင့် နိုင်ငံတော်အဆင့်သတ်မှတ်ပြီး လိုဏ်ဂူအတွင်းပျောက်ဆုံးနေသော လူငယ်ဘောလုံးနည်းပြနှင့် လူငယ် (ကလေး) ၁၂ ဦး၊ စုစုပေါင်း ၁၃ ဦးတို့အား ကြိုးစားရှာဖွေရာမှ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့ ထိုင်းစံတော်ချိန် ည ၁၀ နာရီတွင်တော့ လိုဏ်ဂူပွိုင့် (၃) ဂိတ်တွင်ပိတ်မိနေသော ကလေးလူငယ် ၁၃ ဦးအား အသက်ရှင်လျက် ရှာဖွေတွေ့ရှိ ကယ်ဆယ်နိုင်ခဲ့သည်ဟု သတင်းရရှိခဲ့ပေသည်။ တစ်ကမ္ဘာလုံးက စိတ်ဝင်တစား စောင့်ကြည့်နေသည့် သတင်းလေးဖြစ်သည့်အတွက်လည်း ကမ္ဘာအနှံ့မှ လူများလည်း ဝမ်းသာအားရစွာဖြင့် လက်ခုပ်တီးပေးခဲ့ကြလေတော့သည်။ အမှန်တော့ အထက်ပါအကြောင်းလေးအား ပြန်လည်တင်ပြနေရသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အစိုးရတစ်ရပ်က ပြည်သူလူထု၏ အသက်များအား အထူးတန်ဖိုးထားသည်ကို မြင်သာလိုခြင်းသာ ဖြစ်ပါသည်။ အမှန်တော့ ထိုကလေးများသည် သူတို့ဘာသာ သူတို့ အပျော် လိုဏ်ဂူအတွင်း လျှောက်သွားရာမှာ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။ သို့သော်အစိုးရသည် လျစ်လျူမရှုခဲ့ဘဲ ကယ်ဆယ်ရေးလုပ်ငန်းများအား နိုင်ငံတော်အဆင့်အထိ သတ်မှတ်ပြီး နိုင်ငံတကာ၏ အကူအညီများကိုလည်း ပြည်သူလူထုအတွက် ရယူပေးခဲ့ကြခြင်းသာ ဖြစ်ပါသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို တန်ဖိုးထားသော အစိုးရတစ်ရပ်၏ လုပ်ဆောင်ချက်သာ ဖြစ်ပေ၏။ တစ်နည်းအားဖြင့် ကောင်းသော အစိုးရ (သို့) အစိုးရကောင်းဟုသာ ဆိုရပေလိမ့်မည် ဖြစ်ပါ၏။ (အမှန်စင်စစ် လက်ရှိထိုင်းအစိုးရသည် အာဏာသိမ်းအစိုးရသာ ဖြစ်သည်။ သို့သော် ပြည်သူလူထုအား အလေးထားပေသည်။ တစ်နည်းအားဖြင့် လူကလူကို လူလိုမြင်ပေးခြင်းဖြင့် လူ့တန်ဖိုးကို တန်ဖိုးထားခဲ့ပေ၏။)

အထက်ပါဖြစ်စဉ်နှင့် အလားသဏ္ဍာန်တူသော ဖြစ်စဉ်လေးတစ်ခုလည်း ၂၀၁၀ ပြည့်နှစ်က ဖြစ်ပွားခဲ့ဖူးပါ၏။ ၂၀၁၀ ပြည့်နှစ်က ချီလီနိုင်ငံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်၏။ ချီလီနိုင်ငံတွင် ကြီးမားသော မိုင်းတွင်းပြိုကျမှုကြီး ဖြစ်ပွားခဲ့ရသည်။ ထိုသို့ပြိုကျအပြီးတွင် ချီလီအစိုးရက ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့သည့်အဆင့်၊ အပေါ်ယံရှာဖွေမှုများတွင်ပင် ရပ်တန့်၍ မနေဘဲ အသက်ရှင်ကျန်ရစ်နေနိုင်သေးသည့် သူများအားရှာဖွေ ကယ်ဆယ်နိုင်ရန်အတွက် ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ရှာဖွေမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ ရက်ပေါင်းများစွာ ချီလီ သတ္တုဝန်ကြီးကိုယ်တိုင် ကယ်ဆယ်ရေးစခန်းတွင် ရွက်ဖျင်တဲထိုး၍နေပြီး ကယ်ဆယ်ရေးလုပ်ငန်းများအား ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်ခဲ့သည်။

ပညာရှင်များက မြေအောက်တွင် အသက်ရှင်ကျန်ရစ်နေသူများ ရှိနိုင်သေးသည်ဟု တင်ပြကြ၏။ ထို့ကြောင့်လည်း ကယ်ဆယ်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ( ၂၆ ) သို့

www.free4readers.com



# စာအုပ် မိတ်ဆက် | မောင်ဝန်ဖင်း(Speaker) - စုစည်းရေးသားသည်













**ရန်ကုန်ရာဇဝင်သမိုင်း**
**ဦးသိမ်းမောင်**

ဥက္ကလာပမင်းကြီးနှင့် ရွှေတိဂုံ၊ ရန်ကုန်သည် ဥက္ကလာပလော၊ ဥက္ကလာနှင့် မွန်တို့ဘဝ၊ ဒဂုံမြေနင်း၍ မင်းဖြစ်လာသူ၊ ဒဂုံနှင့် ရှင်စောပု၊ ရန်ကုန်နှင့် အလောင်းဘုရား၊ ကုန်းဘောင်မင်းများ၏ ပထမရန်ကုန်၊ ကုန်းဘောင်မင်းများ၏ ဒုတိယရန်ကုန်၊ အင်္ဂလိပ်ရန်ကုန်၏ ပထမခေတ်၊ နိုင်ငံရေးအစ ရန်ကုန်က၊ စစ်ကြိုခေတ် ရန်ကုန်၊ ပြဿနာအစုံစုံ ရွှေတိဂုံ၊ ဂျပန်ခေတ် ရန်ကုန်၊ ရန်ကုန်မြို့နှင့် မြန်မာ့အလံတော်ကြီး၊ စစ်ပြီးခေတ်ရန်ကုန်၊ ကမ္ဘာကျော် ရန်ကုန်လူသတ်မှုကြီး၊ ရန်ကုန်မြို့၏ ပြည်ကြီးတန်ဆာ၊ နေပြည်တော် သယ်ယူပို့ဆောင်ရေး၊ ရန်ကုန်မြေမျက်နှာပြင်ပေါ်ဝယ်၊ သာသနာရောင်ဝါထွန်းချိန်မို့၊ ဇာတ်သဘင်နှင့် တီထွင်မှု၊ ရန်ကုန်က အပုပ်ကောင်ကြီး၊ မတ်လ ၂ ရက်နေ့နှင့် ရန်ကုန်မြို့အသွင် ဟူသည့် အခန်း ၂၃ ခန်းဖြင့် အတိတ်သမိုင်း ရန်ကုန်အကြောင်း ပြည့်ပြည့်စုံစုံ လေ့လာဖတ်ရှုရမည့် စာအုပ်ဖြစ်သည်။

၁၉၄၉ ခုနှစ် မတ်လ ၁ ရက်တွင် ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပခဲ့သော လွတ်လပ်ရေးခေတ် ပထမရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော မြူနီစီပယ်လူကြီးများ တက်ရောက်လာကြရာ အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်လည်း မိမိကိုယ်ကိုယ် မိမိပင် မင်းကြီးခန့်ထား၍ မင်းကြီးဖြစ်လာရပေသည်။ ထိုအချိန်အခါသည်ကား သခင်သန်းထွန်း၏ ကွန်မြူနစ်သူပုန်တို့ အားကောင်းကောင်းဖြင့် သောင်းကျန်းနေချိန်ပင် ဖြစ်သည်။ ရန်ကုန်အနီးက အင်းစိန်မြို့ကိုလည်း ကေအင်ဒီအိုသူပုန် သိမ်းပိုက်ထားချိန်ဖြစ်သည်။ ထိုပြည်တွင်း သူပုန်ဆူပူသောင်းကျန်းမှုများကြောင့်လည်း ရန်ကုန်သို့ ခိုလှုံလာကြသူတို့ ရာထောင်ချီ၍ နေစဉ်နှင့်အမျှ ရောက်ရှိနေသည်။ ထိုဒုက္ခသည်တို့သည် မြေနေရာကွက်လပ်မကျန်အောင်ပင် တဲအိမ်များ မှိုပေါက်သကဲ့သို့ နေ့ချင်းညချင်း ဆိုသလို တည်ဆောက်လာကြရာ ဘဏ္ဍာရေး ချို့ငဲ့လှသော ရန်ကုန်မြူနီစီပယ်အဖွဲ့၏ ကျန်းမာသန့်ရှင်းရေးတာဝန်မှာ ကြီးလေးသည်ထက် ကြီးလေးလာရပြန်သည့်အတွက် မနိုင်မနင်း အင်အားမမျှ ဖြစ်လာရပြန်သည်။ မြူအလုပ်သမားတွေ တာဝန်မကျေသဖြင့်လည်း အမှိုက်ပုံတွေ မြို့တွင်းမြို့ပြင် မြင်မကောင်းဘဲ ခြင်တသောသော၊ ယင်တလောင်းလောင်းဖြင့် နံစော်ပုပ်ဟောင်သော မြို့ကြီးအသွင်ကို ဆောင်နေလေတော့သည်။ မြူနီစီပယ်လူကြီးများကလည်း ပါတီနိုင်ငံရေးစိတ်ဖြင့် သူဖြူလျှင် ငါမည်းမည် ဟူသော အရွဲ့တိုက်စနစ်အရ လုပ်ဆောင်နေကြသောကြောင့် ရန်ကုန်လူထုမှာသာ ထိခိုက်နစ်နာလျက်ရှိနေကြရသည်ဟု 'ရန်ကုန်က အပုပ်ကောင်ကြီး' အခန်းတွင် ရေးသားထားသည်။ စိတ်ကူးချိုချိုစာပေမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၆၀၀၀ ကျပ်ဖြစ်သည်။

**မောင်ခင်မင်(ဓနုဖြူ)**
**လူ့ခန္ဓာကိုယ်နှင့် ဘာသာစကား**

ဘာသာစကားသည် လူတွင် မရှိမဖြစ်သော အသုံးအဆောင်တစ်ခုဖြစ်သည်။ နေ့စဉ်ပြောဆိုရာ၌ အသုံးပြုသော နှုတ်စကားများသည်လည်းကောင်း၊ နေ့စဉ်ရေးသားရာ၌ အသုံးပြုသော စာစကားများသည် လည်းကောင်း ဘာသာစကားတွင် အကျုံးဝင်ပေသည်။ လူသည် နေ့စဉ်စကားပြောနေရသည်။ စာရေးနေရသည်။ စကားပြောတတ်သောကြောင့်၊ စာရေးတတ်သောကြောင့် လူ့ယဉ်ကျေးမှုကြီး တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်ဟု ဆိုက မှားမည်မထင်ပေ။ လူသည် ထိုမရှိမဖြစ်သော အသုံးအဆောင်ဖြစ်သည့် ဘာသာစကားကို တိုးတက်သည်ထက် တိုးတက်အောင်၊ ကြွယ်ဝသည်ထက် ကြွယ်ဝအောင် ခေတ်အဆက်ဆက် အားထုတ်လာရသည်။

လူ့သမိုင်းသည် တရိပ်ရိပ်ပြောင်းလဲနေသည်နှင့်အမျှ ဘာသာစကားသည်လည်း တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနေပေသည်။ မြန်မာစကားသည်လည်း ဤနည်းဤပုံအတိုင်းပင် တိုးတက်ကြွယ်ဝလာရသည်ဟု ဆိုရပေမည်။ ခေတ်အဆက်ဆက် ပြောင်းလဲလာသော မြန်မာစကားထဲတွင် ယခုတင်ပြလိုသည့် စကားစုများကို အမြောက်အမြားပင် တွေ့ရှိရပေသည်။ ထိုစကားစုများက အခြားမဟုတ်၊ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများကို အစွဲပြု၍ နှီးနွယ်တင်စား ပြောဆိုသော ဝေါဟာရသုံး စကားများပင်ဖြစ်သည်။ လူအများသည် နေ့စဉ်စကားပြောဆိုရာတွင် ထိုစကားများကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြသည်။ ပုံစံပြရလျှင် ခေါင်းချင်းရိုက်သည်၊ မျက်နှာလိုက်သည်၊ မျက်စိလည်သည်၊ နားခါးသည်၊ နှုတ်လွန်သည်၊ နှာခေါင်းရှုံ့သည်၊ လျှာရှည်သည်၊ လက်ဦးသည်၊ ခြေရှုပ်သည်၊ ဝမ်းသာသည်၊ အသည်းကွဲသည် အစရှိသည်ဖြင့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းအသီးသီးကို စွဲ၍ တင်စားပြောဆိုသော ဝေါဟာရသုံးစကားများကို မြန်မာစကားထဲတွင် များစွာတွေ့ရှိရပေသည်။ ထိုစကားများသည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ ပြုမူလှုပ်ရှားပုံများကိုလည်းကောင်း၊ စွမ်းရည်သတ္တိများကိုလည်းကောင်း၊ ဂုဏ်ထူး ဝိသေသများကိုလည်းကောင်း၊ ထင်းခနဲမြင်သာအောင် လှစ်ပြနေသကဲ့သို့ ရှိသည်။ တစ်နည်းဆိုရလျှင် လူ့မူရာ၊ လူ့အစွမ်း၊ လူ့ဂုဏ်ရည်များကို ထင်ရှားစေသော စကားများဖြစ်သည်။ ထိုစကားများဖြစ်လာအောင် တင်စားပုံများကို စူးစမ်းကြည့်ပါလျှင်လည်း အလွန်စိတ်ဝင်စားဖွယ်ကောင်းသည်ကို တွေ့ရပေသည်ဟု စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ)က စာအုပ်နိဒါန်းတွင် ရေးသားထားသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် စိုးမိုးလွင်စာပေမှ ပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၁၅၀၀ ကျပ်ဖြစ်သည်။

**ရယ်ရသောသူတို့၏ မရယ်ရသော ဘဝများ (အတွဲ-၁)**
**သူရဿဝါ**

စာရေးဆရာမကြီး လူထုဒေါ်အမာ ရေးသားသည့် 'အငြိမ့်'၊ ဆရာနေဝင်းမြင့် ရေးသားသည့် 'ပလ္လင်အငြိမ့်၊ ခုတင်အငြိမ့်၊ စင်အငြိမ့်' လူရွှင်တော် ချစ်စရာ မန္တလေး ရေးသားသည့် 'ကျွန်တော်သိမီသော လူရွှင်တော်ကြီးများနှင့် ကျွန်တော်နှင့် ခေတ်ပြိုင်လူရွှင်တော်များ' စာအုပ်များ ထွက်ပေါ်ခဲ့ပြီးနောက် ယခုစာရေးဆရာ သူရဿဝါ ရေးသားသည့် ရယ်ရသော သူတို့၏ မရယ်ရသောဘဝများ စာအုပ်သည် အငြိမ့်လူရွှင်တော်ကြီးများကို တွေ့ဆုံမေးမြန်းထားသည့် စာအုပ်ဖြစ်သည်။ လူရွှင်တော်ကြီးများ၏ ကြမ်းတမ်းခဲ့သော ဘဝခရီး၊ သူတို့ကို လူရွှင်တော်ပညာ လက်ဆင့်ကမ်းအမွေပေးခဲ့ကြသည့် ပညာရှင်ကြီးများနှင့် သူတို့နှင့်ခေတ်ပြိုင် လူရွှင်တော်ကြီးများအကြောင်း ပြန်ပြောင်းသတိရချက် အထွေထွေ၊ လူရွှင်တော်ကြီးတို့၏ သဘင်လောက စင်ပေါ်စင်အောက် အတွေ့အကြုံများနှင့် သဘင်လောကအပေါ် သူတို့ဖြစ်စေချင်သည့် သဘောထားအမြင်များနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေတို့ကို တွေ့ဆုံမေးမြန်းထားသည့် စာအုပ်ဖြစ်သည်။

အငြိမ့်ခွေထဲမှ လူရွှင်တော်တွေကို ရစ်မပစ်စေချင်တဲ့ ကိုတိမ်ညွန့်၊ အခုထိ ကိုယ့်ကိုယ်ကိုယ် တတ်တယ်လို့ကို မထင်သေးတဲ့ ဦးစိန်ရိုး၊ မင်းသားဖြစ်ချင်လို့ ဇာတ်ထဲလိုက်သွားရင်း လူရွှင်တော်ဖြစ်လာတဲ့ ဦးမိုးဒီ၊ သေရင်တောင် အနုပညာဖျော်ဖြေရင်း၊ ပွဲကရင်းပဲ သေချင်တယ်ဆိုတဲ့ ဦးမန်းဝင်း၊ အခုခေတ် လူရွှင်တော်လေးတွေ သေတ္တာမှောက်ဖို့မပြောနဲ့ စောင်းဖို့တောင် မတတ်နိုင်ကြတော့ဘူးဆိုတဲ့ ဦးပေါ်လေး၊ ဇာတ်မင်းသားယောင်ဆောင်ပြီး ဇာတ်ထဲလိုက်သွားရင်း ဇာတ်ထဲလိုက်သွားတဲ့ ဦးငွေမိုး အစရှိသည့် လူရွှင်တော်ကြီး ခြောက်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည့် စာအုပ်ဖြစ်သည်။

ရွှေမန်းကျော်အောင် ဇာတ်မှာ တစ်ည ရှစ်ကျပ်နဲ့ မီးသမားဘဝ၊ လူရွှင်တော် ဘဝကနေပြီးတော့ အဲဒီ လူကြီးတွေနဲ့အတူ အလုပ်လုပ်ခဲ့ရပြီးတော့ နောက်နှစ်ကျတော့ စိန်မာဒင်ဇာတ်ကို ပြောင်းရတယ်။ ပြောင်းတော့ အဲဒီအခါကျတော့ မီးအလုပ် မလုပ်တော့ဘူး။ လူရွှင်တော်ပဲ။ အဲဒီရောက်တော့ စိန်မာဒင်ဇာတ်မှာ တစ်ညကို ၁၂ ကျပ်ပေးတယ်။ လူရွှင်တော် ၁၂ကျပ်ပေါ့။ လောက်တာမလောက်တာ ကိုယ့်အလုပ်၊ ပေးတာ သူတို့အလုပ်ပဲ။ သူတို့က ဈေးဆစ်တယ်။ သူတို့က ဈေးဆစ်တယ်။ အမှန်က ဦးစိန်ရိုး အားနာလို့ လက်ခံတာပေါ့နော်။ ကိုယ်လည်း လက်မခံချင်ပါဘူး။ သူတို့က ကိုယ့်ကို လူရွှင်တော်အဖြစ် သုံးဖို့လည်း ရည်ရွယ်ချက်မရှိဘူးဟု လူရွှင်တော်ကြီး ဦးမိုးဒီက သူ့ဘဝဇာတ်ကြောင်း ခက်ခဲခဲ့ပုံများကို ပြောပြထားသည်။ ၂၀၁၈ ဇူလိုင်လတွင် Home Media မှ ပထမကြိမ်အဖြစ် အုပ်ရေ ၁၀၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၂၇၀၀ ကျပ်ဖြစ်သည်။

**နှစ်တစ်ရာက ခရီးသည်**
**မောင်ရဲခိုင် (မြန်မာပြန်သည်)**

၁၉၀၃-၀၄ ခုနှစ်များအတွင်း မြန်မာပြည်သို့ ရောက်ရှိခဲ့သည့် ဗြိတိသျှလူမျိုး ပန်းချီဆရာ တောလ်ဘော့ကယ်လီ (Talbot Kelley)၏ မြန်မာပြည်အနှံ့ ခရီးထွက်ရင်း တွေ့မြင်ခဲ့ရသည်များကို ပန်းချီရေးဆွဲရုံမက စာအဖြစ်ပါ ရေးသားမှတ်တမ်းတင်ခဲ့သည့် ခရီးသွားမှတ်တမ်းစာအုပ်ဖြစ်သည်။ မြန်မာ့မြေပေါ်တွင် အင်္ဂလိပ်တို့ ဘုန်းမီးနေလ တောက်ပဆုံးအချိန် မြန်မာနိုင်ငံ၏ ရေမြေသဘာဝ အနုပညာလက်ရာများ၊ မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်များနှင့် ယဉ်ကျေးမှုအပေါ် အင်္ဂလိပ်လူမျိုး ပန်းချီဆရာတစ်ဦး၏ ရှုမြင်မှုများကို တွေ့မြင်ခံစားရမည့် စာအုပ်ဖြစ်သည်။

တောလ်ဘော့ကယ်လီသည် အနုပညာရှင်ပန်းချီဆရာတစ်ဦး၏ အမြင်ဖြင့် သူမြင်တွေ့သိရှိခဲ့ရသော မြန်မာပြည်အကြောင်းကို ပန်းချီမျက်စိဖြင့် ရေးသားခဲ့ခြင်းဖြစ်ပြီး သူ၏ ရေးသားချက်များသည် လွန်ခဲ့သော နှစ်ပေါင်း တစ်ရာနီးပါးခန့်က ရေးသားခဲ့ခြင်းဖြစ်သည်။ ကယ်လီသည် သမိုင်းဆရာမဟုတ်သဖြင့် သမိုင်းမှတ်တမ်းတင်ခဲ့ခြင်းမျိုး မဟုတ်သော်လည်း ၁၉ ရာစုအကုန် ၂၀ ရာစုနှစ်အစပိုင်းက သူ့အတွေ့အကြုံ၊ အမြင်အကြားများတွင် စိတ်ဝင်စားဖွယ်ကောင်းသော အချက်အလက်လေးများကို တွေ့ရသည်။ သို့သော်လည်း ဤစာအုပ်တွင် ကြီးကျယ်သော ဖြစ်ရပ်များ မပါဝင်ကြောင်းကို မြန်မာပြန်သူက ဝန်ခံထားသည်။

သူသည် အနုပညာရှင်တစ်ဦးအနေဖြင့် မြင်တွေ့ရသည့် ရှုမြင်ကွင်း၊ သိကျွမ်းဆက်ဆံခဲ့ရသည့် လူပုဂ္ဂိုလ်နှင့် သူ့ကိုယ်ပိုင်ထင်မြင်ယူဆချက်များကို လှပညင်သာစွာ ရိုးရိုးသားသား ရေးခဲ့ခြင်းဖြစ်သည်ဟု မြန်မာပြန်သူက ရေးသားထားသည်။ တောလ်ဘော့ကယ်လီသည် မန္တလေးမြို့သို့ ရောက်ခိုက်တွင် မန္တလေးမြို့၏ အထင်ကရ ဘုရားစေတီများနှင့် ကျောင်းကန်တိုက်တာတို့ကိုလည်း လက်လှမ်းမီသမျှ လေ့လာခဲ့သည်ဟု ရေးသားထားသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အလင်းသစ်စာပေမှပထမအကြိမ်အဖြစ် အုပ်ရေ ၁၀၀၀ ထုတ်ဝေထားပြီး တန်ဖိုးမှာ ၄၀၀၀ ကျပ်ဖြစ်သည်။ ◆

www.free4readers.com

# ငွေကြေးအရှုပ်အရှင်း ဆက်တိုက်ဖြစ်လာတဲ့ မန္တလေးစီးပွားရေးလောက



သန်းနိုင်ဦး




ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပဲယင်း)

မန္တလေးစီးပွားရေးနယ်ပယ်စုံမှာ ဒီဘက်နှစ်ပိုင်းအတွင်း လိမ်လည်လှည့်ဖြားမှုတွေ ခပ်စိပ်စိပ် ဖြစ်လာတယ်။ တရားတဘောင်စွဲဆိုတာ၊ ထွက်ပြေးတိမ်းရှောင်တာ၊ ထောင်ကျသွားတာ စတဲ့အမှုအခင်းတွေက မမြင်ချင်မှ အဆုံးပါပဲ။ ငွေကြေး အရှုပ်အရှင်းဖြစ်တဲ့ အမှုအခင်းတွေမှာ ကာယကံရှင်ကိုယ်တိုင်က လိုအပ်တာထက် မတော်လောဘပိုကြီးတာ၊ လောင်းကစားကို စွဲစွဲလမ်းလမ်း ခုံခုံမင်မင်လောင်းတာ၊ တပ်မက်စိတ် လွန်ကဲတာစတဲ့သူတွေမှာ ပိုပြီးအဖြစ်များတယ်။ အမှုအခင်းရယ်လို့ ဖြစ်ပြီဆိုမှတော့ အချိန်ကုန် ငွေကုန်လူပင်ပန်း စတဲ့ ဒဏ်တွေခံရတော့တာပါပဲ။

မန္တလေးကုန်စည်ဒိုင်မှာ ကြိုရောင်းကြိုဝယ်တား မြစ်ထားတဲ့ကြားက ကြိုပွဲ့ရောင်းဝယ်တာကြောင့် ကျပ်သိန်း ၁၇၀၀ ဝန်းကျင် ကုန်ဖိုးငွေတွေကို ကိုယ်စားလှယ်တစ်ယောက် ယူဆောင်ထွက်ပြေးတဲ့ဖြစ်ရပ် ရှိခဲ့တယ်။ အလားတူ မန္တလေးဈေးချိုတော်မှာလည်း ပစ္စည်းသယ်ယူပို့ဆောင်ပေးတဲ့ ကယ်ရီသမားတစ်ယောက်က ကုန်ဖိုးငွေတွေ ယူဆောင်ထွက်ပြေးမှုကြောင့် တရားရင်ဆိုင်နေရတယ်။ အဲဒီငွေကြေး အရှုပ်အရှင်းမှာ လုံချည်ဆိုင်တစ်ဆိုင်တည်းကပဲ ကုန်ဖိုးငွေ ကျပ်သိန်း ၁၅၀ လောက် ကယ်ရီသမားဆီမှာ ပါသွားခဲ့ပါသတဲ့။

ရတနာပုံဈေးမှာလည်း စုကြေးလေလံနဲ့ ကုန်ဖိုးငွေတွေ ကျပ်သိန်း ၃၀၀၀ နီးပါးယူပြီး ထွက်ပြေးတိမ်းရှောင်နေတဲ့အမှု ဇူလိုင်လအတွင်းက ဖြစ်ခဲ့ပါသေးတယ်။ မန္တလေး သကြားဒိုင်မှာလည်း ဒီလထဲမှာပဲ ငွေကြေးအရှုပ်အရှင်းရှိခဲ့ပြီး နစ်နာတဲ့ စက်ပိုင်တွေ ရှိခဲ့တယ်။ မန္တလေးက ပုဂ္ဂလိက ဘဏ်ကြီးတစ်ဘဏ်မှာ ဘဏ်ဝန်ထမ်းအမျိုးသမီးငယ်က သူ့ရည်းစားနဲ့ ပူးပေါင်းကြံစည်ပြီး ဘဏ်က ငွေတွေကို ချက်လက်မှတ်နဲ့ထုတ်ယူတဲ့ ဖြစ်စဉ်လည်း ဒီနှစ်လအတွင်းမှာ ဖြစ်ခဲ့ပြီး သက်ဆိုရာဘဏ်က တရားစွဲဆိုနိုင်ခဲ့တယ်။

စီးပွားရေးနယ်ပယ်စုံမှာ ငွေကြေးအရှုပ်အရှင်းတွေကြောင့် နာမည်ကောင်းတစ်လုံး ထူထောင်ထားတဲ့ ရိုးရိုးသားသားလုပ်ကိုင်စားသောက်သူတွေမှာ နစ်နာရတယ်။ နယ်ပယ်အသီးသီးမှာ လူဆိုးလူကောင်း ဒွန်တွဲရှိနေတာမှန်ပေမယ့် နာမည်ပျက်သွားရင် နာမည်တစ်လုံးပြန်ရဖို့ ထူထောင်ရတာ ခဲယဉ်းလွန်းလှတယ်။ နာမည် ကောင်းတစ်လုံးရဖို့ အချိန်တွေလုပ်အားတွေ ကိုယ်ရည်ကိုယ်သွေးတွေ အများကြီးရင်းရပေမယ့် နာမည်ပျက်ချင်ရင်တော့က လိမ်ကကျစ်လုပ်လိုက်ရုံနဲ့ အချိန်ပိုင်းအတွင်း ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားမှာပါ။ ကိုယ်နာမည်ကောင်းရဖို့ ကိုယ့်ဘာသာ တည်ဆောက်ရမှာဖြစ်သလို နာမည်ပျက်ချင်ရင်လည်း ကိုယ်တိုင်ဖျက်မှ ပျက်မှာပါ။

စီးပွားရေးလောကမှာ ငွေကြေးအရှုပ်အရှင်းတွေ ဆက်တိုက်ဖြစ်ပေါ်လာခြင်းက တစ်ဦးနဲ့တစ်ဦး ရှိခဲ့ဖူးတဲ့ ယုံကြည်မှုတွေ ပျက်ယွင်းသွားစေတယ်။ အရှိန်နဲ့လည်း ပတ်နေတဲ့ အရောင်းအဝယ်လောကကို ဟန့်သွားစေတယ်။ အထွေထွေ အကျပ်အတည်းကြောင့် အရောင်းအဝယ်အေးနေချိန်မှာ ငွေကြေး အရှုပ်အရှင်းတွေကြောင့် အရောင်းအဝယ်က ပိုအေးသွားစေပါတယ်။

အကျိုးဆက်က နေ့စားလုပ်ငန်းအချို့မှာ အလုပ်သမားတွေ ရက်ခြားအလုပ်ဆင်းလာရလို့ ပုံမှန်ဝင်ငွေမရှိတော့ဘူး။ အရင်က ငွေကြေးကိစ္စ အရှုပ်အရှင်းဖြစ်တဲ့အခါ တစ်ယောက်ယောက်က ကြားဝင်ညှိနှိုင်းပေးလိုက်ရင် အဆင်ပြေသွားလေ့ ရှိတယ်။ ရုံးရောက်၊ ဂါတ်ရောက် မဖြစ်တော့ဘဲ ကိုယ့်အချင်းချင်း လက်သိပ်ထိုး ဖြေရှင်းခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ဖူးတယ်။

အဲဒီလို ဖြေရှင်းတဲ့အခါ တန်ဖိုးရဲ့ ထက်ဝက်လောက်နဲ့ နှစ်ဦးနှစ်ဖက် ကျေနပ်လိုက်ကြတာ များပါတယ်။ တစ်ခါတစ်ရံမှာ အပြည့်အဝ ရတာရှိပေမယ့် တင်းပြည့်ကျပ်ပြည့်ရတယ်ဆိုတာ နည်းတယ်။ ဒီနေ့ခေတ် ဈေးကွက်စီးပွားရေး တွင်တွင်အော်လာတဲ့ကာလမှာတော့ ငွေကြေးအရှုပ်အရှင်း ကိစ္စရပ်တွေမှာ အရင်လို လူမှုရေးအရမဖြေရှင်းတော့ဘဲ တရားစွဲဆိုတဲ့နည်းနဲ့ ဖြေရှင်းလာကြတော့တယ်။ ဆွေမျိုးရင်းခြာဖြစ်သည့်တိုင် စီးပွားရေးကိစ္စ၊ ရောင်းရေးဝယ်တာ ကိစ္စတွေမှာ ခေတ်ကာလအခြေအနေအရ ရှေ့နေရှေ့ရပ်တွေနဲ့ ဥပဒေနဲ့အညီလုပ်လာကြရတယ်။ စီးပွားရေးလောက ကိုယ်တိုင်က အရင်လို အမှားမခံတော့ဘူး။ အရင်က အတွက်အချက်မှားရင် ပြန်လည်ထူမတ်နိုင်တဲ့ အခွင့်အလမ်းရှိပေမယ့် ဒီနေ့ခေတ်လို အပြိုင်အဆိုင်များတဲ့ ကာလမှာ မှားရင်ပြားနေအောင် မှောက်သွားမှာဖြစ်တယ်။မတော်တဆမှားတာဖြစ်စေ၊ တစ်စုံတစ်ယောက်ရဲ့ လုပ်မှားကိုင်မှားကြောင့် မှားယွင်းတာဖြစ်စေ မှားခဲ့ရင် ပြန်လည်ထူထောင်နိုင်ဖို့ အတော်လေးရုန်းကန်ကြိုးစားရမှာ ဖြစ်တယ်။

ဘယ်သူ့ကြောင့်မှ အမှားမခံနိုင်တဲ့ အခြေအနေပါ။ လက်ရှိအချိန်က ဒေါ်လာဈေးတက်၊ ရွှေဈေးမြင့်နေတဲ့ကာလဖြစ်တဲ့အပြင် လူတစ်ဦးချင်းဆီရဲ့ သုံးစွဲနိုင်အားပါကျဆင်းနေတယ်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေလည်း ရပ်တည်နိုင်ဖို့ နည်းမျိုးစုံနဲ့ ကျားကန်နေရချိန် ဖြစ်တယ်။ ပုဂ္ဂလိက စီးပွားရေးနဲ့ နိုင်ငံ့စီးပွားရေးက ချိတ်ဆက်နေတယ်။ ပုဂ္ဂလိကတွေရဲ့ စီးပွားရေး အားကောင်းပါမှ နိုင်ငံ့စီးပွားရေး အားကောင်းမှာပါ။ အခုလို တစ်ယောက်နဲ့တစ်ယောက် လိမ်လည်လှည့်ဖြား တစ်ပတ်ရိုက်နေရင် ပုဂ္ဂလိကစီးပွားရေး နာလန်ထူဖို့မလွယ်နိုင်ဘူး။ နိုင်ငံစီးပွားရေးကတော့ မိတ်ဆွေတို့ ကြားသိကြတဲ့အတိုင်း ဘုရားပန်းတောင် ပြည်ပက တင်သွင်းနေရတဲ့အဖြစ်ပါ။

ပို့ကုန်မယ်မယ်ရရမရှိဘဲ အစစအရာရာ တင်သွင်းနေရတဲ့နိုင်ငံအဖို့ ကိုယ်ပိုင်ငွေကြေး ကျပ်ငွေတန်ဖိုး မာဖို့ဆိုတာ လေထဲ တိုက်အိမ်ဆောက်သလိုမျိုးပဲ ဖြစ်လိမ့်မယ်။ လိမ်လည်လှည့်ဖြား ကောက်ကျစ်မှုက သက်ဆိုင်ရာလောကကို အကျည်းတန်စေတယ်။ အရောင်းအဝယ်သမားဘဝတစ်လျှောက်လုံး ဂုဏ်သိက္ခာရှိရှိ ရောင်းဝယ်ဖောက်ကားလာသူတွေကို စော်ကားလိုက်တာပါပဲ။ လိမ်လည်လှည့်ဖြားမှုကို ဘယ်လူ့အဖွဲ့အစည်းကမှ လက်မခံပါဘူး။ လိမ်လည်ကောက်ကျစ်ခဲ့ရင် ကာယကံရှင်သာမက မိသားစုဝင်တွေပါ အမည်းစက် စွန်းထင်းခံကြရတယ်။ အထူးသဖြင့် ကျောက်လောက၊ ရွှေလောက၊ ပွဲစားကုန်သည်လောက၊ စက်ပိုင်လောက၊ ဈေးလောက စတဲ့ အရောင်းအဝယ်လောကတွေမှာ တစ်ခါလိမ်လည်ပြီးရင် လူရာသွင်းခြင်း မခံရတော့ဘဲ ဘဝသေသွားလေ့ရှိတယ်။

စီးပွားရေးလောကက ယုံကြည်မှုကို အရင်းတည်ပြီး ကတိကဝတ်နဲ့ လုပ်ကြကိုင်ကြရတာဖြစ်တယ်။ သမာသမတ်ကျတဲ့ ကုန်သည်ကောင်းဆိုတာ မိဘအကြွေးယူထားစဉ် တိမ်းပါးသွားခဲ့ရင် သားသမီးက မိဘယူထားတဲ့ကြွေးမြီကို မဖြစ်မနေဆပ်ကြရတယ်။ မန္တလေးကုန်စည်ဒိုင်မှာ လွန်ခဲ့တဲ့ ငါးနှစ်ဝန်းကျင်က အဲဒီလို အစဉ်အလာကောင်းရှိခဲ့တယ်။ မိဘယူခဲ့တဲ့ ကုန်ကြွေးတွေကို မိဘကွယ်လွန်သွားချိန်မှာ သားသမီးက ကုန်စည်ဒိုင်လာပြီး ကုန်ကြွေးတွေ ရှင်းပေးခဲ့တာပါ။ ဒီဖြစ်ရပ်အပေါ် မန္တလေးကုန်စည်ဒိုင်က အသင်းသူအသင်းသားတွေအားလုံး ဂုဏ်ယူခဲ့ကြတယ်။

> # “ အရောင်းအဝယ်လောကမှာ
> # ကျင်လည်သူ မှန်သမျှ ငွေပေးငွေယူ၊
> # ကုန်ဖိုးပေးရန် ရရန်တွေက
> # ရှိနေမှာပဲ ဖြစ်တယ်။ တည်တည်ကြည်ကြည်
> # ဖြောင့်ဖြောင့်မတ်မတ် လုပ်ကိုင်စားသောက်ဖို့သာ
> # လိုပါတယ်။ ဘယ်လောကမဆို နာမည်ကောင်းတစ်ခု
> # တည်ဆောက်နိုင်ရင် ရေရှည်
> # လုပ်ကိုင်စားသောက်နိုင်မှာ ဖြစ်တယ် ...

အရောင်းအဝယ်လောကမှာ ကျင်လည်သူမှန်သမျှ ငွေပေးငွေယူ၊ ကုန်ဖိုးပေးရန် ရရန်တွေက ရှိနေမှာပဲ ဖြစ်တယ်။ တည်တည်ကြည်ကြည် ဖြောင့်ဖြောင့်မတ်မတ် လုပ်ကိုင်စားသောက်ဖို့သာ လိုပါတယ်။ ဘယ်လောကမဆို နာမည်ကောင်းတစ်ခု တည်ဆောက်နိုင်ရင် ရေရှည်လုပ်ကိုင်စားသောက်နိုင်မှာ ဖြစ်တယ်။ အကျင့်စာရိတ္တပျက်ပြားပြီး လိမ်လည်လှည့်ဖြားနေတာက ကိုယ့်သေတွင်း ကိုယ်တူးတာနဲ့ အတူတူပါပဲ။ ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ စာရိတ္တပျက်ပြားသူတွေ လူတွင်ကျယ်လုပ်တဲ့ ခေတ်တစ်ခေတ် ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီလိုလူတွေ သမိုင်းရဲ့ ဒဏ်ခတ်ခြင်း မရှုမလှခံရတာပါဘဲ။ မဝေးသေးတဲ့ အတိတ်သမိုင်းစာမျက်နှာတွေကို လှန်ကြည့်ရင် အထင်အရှားတွေ့နိုင်တယ်။

မိရိုးဖလာ ရောင်းဝယ်ဖောက်ကားခဲ့တဲ့ ခေတ်တွေတုန်းက လိမ်လည်လှည့်ဖြား ကောက်ကျစ်တာ နည်းခဲ့ပေမယ့် ဒီနေ့အင်တာနက်ခေတ်၊ နာနိုတက္ကနိုလော်ဂျီခေတ်၊ ပညာခေတ်မှာတော့ လိမ်လည်တဲ့နည်းတွေက ပေါင်းစုံပဲ။ တချို့လိမ်လည်သူတွေကြောင့် လိမ်လည်ခံကြရသူတွေ ဘဝပျက်သွားရတဲ့အထိ ရှိကြတယ်။ သိုးဆောင်းစကားပုံမှာ “စိုက်သောအပင်၏ အသီးကိုသာ ခူးဆွတ်ရိတ်သိမ်းရစမြဲ”ဆိုတာရှိတယ်။ အဓိပ္ပာယ်က ကိုယ်စိုက်သမျှ ကိုယ်ရရှိတာပါပဲ။ ဘာပင်မှ မစိုက်ခဲ့ရင် ဘာသီးမှ စားဖို့မမျှော်လင့်သင့်ဘူး။ ကိုယ်ကျင့်သိက္ခာ မြင့်မားသူတွေများခဲ့ရင် အဲဒီလူ့အဖွဲ့အစည်း အများရဲ့လေးစားခြင်းခံရမှာ ဖြစ်တယ်။ ကလိမ်ကကျစ်ကျတဲ့သူတွေ များခဲ့ရင် အဲဒီလူ့အဖွဲ့အစည်း ပျက်စီးချိန်တန်ပြီလို့ ဆိုရမှာပါပဲ။

သန်းနိုင်ဦး

www.free4readers.com



# တိုင်းပြည်မှာဖြစ်နေတဲ့ ကိစ္စရပ်တွေကို ပြည်သူက ကျွန်တော်တို့ထက် ပိုနားလည်တယ်

ကိုငှက်ခါး

## တာမွေမဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတိုးဝင်းနှင့် တွေ့ဆုံခြင်း

*တရားဥပဒေစိုးမိုးရေးအပိုင်း၌ ၂၀၁၅ ရွေးကောက်ပွဲ မတိုင်ခင်က အဖွဲ့ချုပ်ကြီးသာ အနိုင်ရရှိခဲ့လျှင် ဆူပူအုံကြွမှုများဖြစ်နိုင်သည်ဟု ကြိုတင်ဟောကိန်းထုတ်သည့် ပုဂ္ဂိုလ်များလည်းရှိခြင်းကြောင့် စဉ်းစားစရာဖြစ်နေသည်ဟုဆိုသူ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးတိုးဝင်းနှင့် Speaker မှ တွေ့ဆုံမေးမြန်းထားသည်ကို ရေးသားဖော်ပြလိုက်ရပါသည်။*



**Speaker။ ။ ၂၀၁၈ နိုဝင်ဘာမှာ လုပ်မယ့် ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ပြိုင်ဖြစ်တဲ့ အကြောင်းအရင်း ပြောပြပေးပါဦး။**

UTW။ ။ ကျွန်တော်တို့က အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် စတင်ကတည်းက ခေါင်းဆောင်ဟောင်းတွေ ဖြစ်တယ်။ စဉ်ဆက်မပြတ်လည်း အခုထက်ထိ တာဝန်ထမ်းဆောင်ခဲ့တယ်။ အတွေ့အကြုံနဲ့ ပေးဆပ်မှုတွေလည်း အထိုက်အလျောက် ရှိထားတဲ့အခါကျတော့ ရဲဘော်ဟောင်းတွေကပဲ ဒီကြားဖြတ်မှာ ခင်ဗျား ဝင်ပါဆိုပြီးတော့ ဝိုင်းပြီးတွန်းပေးကြတယ်။ ကျွန်တော်တို့အနေနဲ့ တောက်လျှောက်လည်း ပံ့ပိုးနေတဲ့အခါကျတော့ အဖွဲ့ရဲ့ လိုအပ်ချက်ဖြစ်ပေါ်လာတဲ့အခါမှာ မဖြစ်မနေ သမိုင်းပေး တာဝန်တစ်ရပ်အနေနဲ့ ဝင်ရခြင်း ဖြစ်ပါတယ်။ ပြည်သူလူထုအတွက်ပေါ့။

**Speaker ။ ။ တာမွေမြို့နယ်မှာ အဓိက ထားပြိုင်ရမယ့် ပြိုင်ဘက်တွေက ဘယ်သူဖြစ်မလဲ။**

UTW ။ ။ အဓိက ပြိုင်ဘက်ဆိုတာ ကြီးတယ်၊ ငယ်တယ် မဟုတ်ပါဘူး။ အားလုံးက ပြိုင်မယ်ဆိုကတည်းက အလေးအနက်ထားရမယ့် ပုဂ္ဂိုလ်တွေချည်းပါပဲ။ ပြိုင်တယ်ဆိုတာ ယှဉ်ပြိုင်ပွဲတစ်ခုအနေနဲ့သာ ပညတ်သွားရာ သဘောအရ ပြိုင်ဘက်လို့ ပြောရတာပါ။ သို့သော်လည်း အားလုံးဟာ ယှဉ်ပြိုင်ဘက်ဆိုတာထက် တိုင်းပြည်အတွက် အားလုံး ဝင်ရောက်ရွေးချယ်ခံကြတယ်လို့ ဒီလိုပဲပြောချင်ပါတယ်။

**Speaker ။ ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ ကြားဖြတ်ရွေးကောက်ပွဲမှာ ဘယ် နေရာတွေမှာ နိုင်မယ်လို့ ယူဆလဲ။ အားနည်း ချက် အားသာချက်တွေရော ရှိလား။**

UTW။ ။ ကျွန်တော်တို့ ၂၀၁၅ ရဲ့ မဲနိုင်တဲ့ အနေအထားပေါ့။ မဲရုံတွေနဲ့ ရပ်ကွက်တွေ အနေအထားကြည့်တဲ့ အခါမှာ အဓိက ၈၀ ရာခိုင်နှုန်းကျော်တွေချည်းပဲ နိုင်ခဲ့တာပေါ့။ ရပ်ကွက် သုံးခုလောက်ပဲ ၆၅ နဲ့ ၇၅ ရာခိုင်နှုန်းလောက် ရှိတယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့ တာမွေမှာ NLD အနေနဲ့ အပြတ်အသတ်နိုင်ခဲ့တဲ့အခါမှာလည်း သုံးရပ်ကွက်လောက်ပဲ မဲပေးမှု အနေအထားမှာ ထောက်ခံမဲ အားနည်းတယ် ပြောလို့ရတယ်။ အားနည်းတယ်ဆိုတာတောင် အနိုင်ရာခိုင်နှုန်းမှာ ရှိ နေပါတယ်။ အနိမ့်ဆုံးက ၆၅ ရာခိုင်နှုန်းရှိတာကို၊ ကျွန်တော်တို့က ကြားဖြတ်ရွေးကောက်ပွဲ ဖြစ်တဲ့အတွက်ကြောင့် ပြည်သူလူထုကြီးအနေနဲ့က အစိုးရတစ်ရပ်က ကိုယ်လိုချင်တဲ့ အစိုးရတစ်ရပ်လည်း ရနေတဲ့အခါကျတော့ ဒီတစ်ယောက်တည်း နိုင်သွားလို့လည်း သိပ်ပြီးတော့ အပြောင်းအလဲကြီး မဖြစ်နိုင်ဘူးလို့ သုံးသပ်တဲ့ ပြည်သူတွေလည်း ရှိတယ်။ တချို့ကျတော့လည်း တမင်ကို မဲမပေးအောင်၊ ပေးလည်း ဘာထူးမှာလဲဆိုတဲ့ လှုံ့ဆော်မှုလေးတွေလည်း ပြန်ပြီးကြားရတာ ရှိတယ်။ ပြည်သူ့အစိုးရတစ်ရပ်ရဲ့ အပြောင်းအလဲတွေကို အကြီးမားဆုံးလုပ်နေတဲ့ ကာလမှာ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူလူထုကို အင်အားပြည့် မပေးစေချင်တယ်။ အင်အားပြည့် အနိုင်ယူချင်တဲ့ ဆန္ဒရှိပါတယ်။

> ၂၀၁၅ မှာကတည်းက ပြောင်းပြီလို့ ရာနှုန်းပြည့် ယုံကြည်ခဲ့ကြပါတယ်။ သို့သော် တကယ်တမ်းပြောင်းလဲမှုက ပြည်သူလူထုကြီး လိုချင်သလို မရနိုင်သေးဘူးဆိုတာကိုလည်း ပြည်သူက သိတယ် ...

**Speaker ။ ။ တာမွေမြို့နယ်က နိုင်ငံတော်သမ္မတကြီး ၂၀၁၅ခုနှစ်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ မဲဆန္ဒနယ်တစ်ခုဖြစ်တယ်။ လက်ရှိ စည်းရုံးရေးလုပ်တဲ့အချိန်မှာ ပြည်သူလူထုရဲ့ ကြိုဆိုမှု အနေအထားက ဘယ်လိုရှိလဲ။**

UTW ။ ။ ကြိုဆိုမှုအနေအထားက ကောင်းတယ်။ ခုနစ်ရပ်ကွက်၊ ရှစ်ရပ်ကွက်လောက် ဖြစ်နေပြီ။ အစိုးရရဲ့ အကျပ်အတည်းတွေ တိုင်းပြည်မှာဖြစ်နေတဲ့ ကိစ္စရပ်တွေကို ပြည်သူက ကျွန်တော်တို့ထက် ပိုနားလည်တယ်။ တိုက်ခန်းတွေမှာဆို အဘိုးအဘွားတွေကအစ တုန်တုန်ချည့်ချည့်နဲ့ လက်တွေယမ်းပြတော့ မျက်ရည်တောင် ဝဲချင်တယ်။ တချို့ဆို ဗိုးချဲကြီးနဲ့ ဆင်းလာတာမျိုးတွေ ကြုံရတယ်။ ကျွန်တော်တို့ ကြိုးစားနေသ၍၊ မှန်မှန်ကန်ကန် လုပ်နေသ၍ ပြည်သူက အားပေးနေဦးမယ်ဆိုတာ ယုံကြည်တယ်၊ အားရတယ်။

**Speaker ။ ။ မဲနိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်နဲ့ လွှတ်တော်ထဲ ရောက်သွားရင် ဘယ်လိုကဏ္ဍတွေကို ဆွေးနွေး တင်ပြသွားမလဲ။**

UTW ။ ။ ဥပဒေပြုရေးကိစ္စတွေ အပြန်အလှန် ထိန်းကျောင်းရေး ကိစ္စတွေမှာ ပြည်သူလူထုက ဒီ့ထက်မက တင်ပြချင်တာ၊ ပြောချင်တာတွေ ရှိတယ်။ ကျွန်တော်တို့အနေနဲ့ သမ္မတကြီးဦးဝင်းမြင့် လွှတ်တော်ထဲမှာ ရှိကတည်းက တင်ပေးတယ်။ သူလည်း အတတ်နိုင်ဆုံး အစွမ်းကုန်လုပ်ပေးတယ်။ သို့သော် အရွေးခံရပြီဆိုတာနဲ့ ကိုယ်ထိလက်ရောက် လွှတ်တော် ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ပြည်သူလူထု ပြောချင်တာတွေကို ဦးစားပေးပြီး တိုက်တွန်းပြောဆိုသွားမယ်။ လူငယ်နဲ့မူးယစ်ဆေးကိစ္စ၊ အမျိုးသမီးအခွင့်အရေးကိစ္စတွေမှာ အဓိကထားဆောင်ရွက်သွားမယ်။

**Speaker ။ ။ ပြီးခဲ့တဲ့ ရက်ပိုင်းက တာမွေမြို့နယ်ရှိ လူမြင်ကွင်းမှာ ဓားခုတ်မှုဖြစ်တယ်။ တရားဥပဒေ စိုးမိုးရေးအပိုင်းကို ဘယ်လိုမြင်လဲ။**

UTW ။ ။ တရားဥပဒေစိုးမိုးရေးဟာ တရားဥပဒေစိုးမိုးရေးကိုလုပ်တဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ အဓိကတာဝန်ရှိပါတယ်။ အခုဆို ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်နေရတယ်။ ဥပဒေပြဋ္ဌာန်းပြီးတော့ကို လုပ်နေရတဲ့ကိစ္စဖြစ်တယ်။ တရားဥပဒေစိုးမိုးရေးအပိုင်းမှာ ရွေးကောက်ပွဲ ၂၀၁၅ ခုနှစ်မတိုင်ခင်က ပြောတာလည်း ကြားဖူးကြမှာပေါ့။ အဖွဲ့ချုပ်ကြီးသာ နိုင်သွားလို့ရှိရင် ဆူပူအုံကြွမှုတွေ အများကြီးဖြစ်နိုင်တယ်လို့ ကြိုပြီး ဟောကိန်းထုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိထားတဲ့အခါကျတော့ ဒါတွေက စဉ်းစားစရာဖြစ်နေပါတယ်။

**Speaker ။ ။ တရားဥပဒေစိုးမိုးရေးအပိုင်းမှာ နှောင့်နှေးအောင်ဘယ်သူတွေက လုပ်နေတယ်လို့ ယူဆလဲ။**

UTW ။ ။ ဘယ်သူတွေက လုပ်နေတယ်ဆိုတာကို တစ်ဦးချင်းပုဂ္ဂလဓိဋ္ဌာန် ပြောရမှာထက်စာရင် ပြည်သူတွေက သိပြီးသားပါ။

**Speaker ။ ။ လက်ရှိအစိုးရအနေနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးကို အရင်လုပ်စေချင်လား၊ စီးပွားရေးကို အရင်လုပ်စေချင်လား၊ တစ်ပြိုင်နက်တည်းလုပ်စေချင်လား၊ ဘယ်လိုမြင်မိလဲ။**

UTW ။ ။ စီးပွားရေးကို တစ်ဖက်မှာ ဆောင်ရွက်နေသလို၊ တစ်ဖက်မှာ ငြိမ်းချမ်းရေးကို အားသွန်ခွန်စိုက် လုပ်နေတယ်လို့ မြင်တယ်။ ကျွန်တော်တို့ Generation က တစ်ခုအရေးကြီးပြီး တစ်ခုချန်ထားလို့ မရတဲ့ Generation ထဲမှာ ရောက်နေတယ်။ တော်တော်ဆိုးဆိုးရွားရွား ဖြစ်ခဲ့တဲ့ကိစ္စတွေကို ပြန်ပြီးလုပ်နေရလို့ အနေအထားရှိတယ်။

**Speaker ။ ။ ကြားဖြတ်မဲဆန္ဒနယ် နည်းပါးနေတဲ့အတွက် ပြည်သူလူထုက စိတ်ပါဝင်စားမှု လျော့နည်းနေတယ်။ တာမွေမြို့နယ်မှာ အပြတ်အသတ်အနိုင်ရမယ်လို့ ယုံကြည်လား။**

UTW။ ။ မဲစာရင်းစကပ်လို့ လာကြည့်တဲ့ အနေအထားက ၁၂ ရာခိုင်နှုန်းကျော်လောက်ပဲ ရှိတယ်ဆိုတဲ့ အနေအထား ကြားတယ်။ လူထုဆိုတာက သူ့ရဲ့ ပုံမှန်လုပ်ငန်းတွေရှိမယ်။ ကြားဖြတ်ဆိုတာ တစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် လုပ်တာမဟုတ်တဲ့အတွက် ဒါက သဘာဝကျတယ်။ စိတ်ပါဝင်စားမှုနည်းတာ သဘာဝကျတယ်။ အားလုံး စိတ်ဝင်စားအောင်လုပ်ဖို့က နိုင်ငံရေးပါတီတွေမှာလည်း တာဝန်ရှိတယ်။ ကော် မရှင်မှာလည်း တာဝန်ရှိတယ်။ သက်ဆိုင်ရာ အုပ်ချုပ်ရေးတွေမှာလည်း တာဝန်ရှိတယ်။

**Speaker ။ ။ ၂၀၁၅ မှာ ဦးနိုင်ငံလင်း ဓားခုတ်ခံခဲ့ရတယ်။ ကြားဖြတ်ရွေးကောက်ပွဲမှာ အကြမ်းဖက်အန္တရာယ် ရှိနိုင်လား၊ ကြားဖြတ်က တရားမျှတမှုရှိတယ်လို့ ယုံကြည်လား။**

UTW ။ ။ ကော်မရှင်ကို ခြုံပြီးတော့ သုံးသပ်ရင်တော့ တရားမျှမျှတတ လုပ်မယ်လို့ ယုံကြည်ပါတယ်။ ယုံကြည်လို့လည်း ဝင်ပြိုင်တာပေါ့။ အကြမ်းဖက်မှုတွေကတော့ ကြိုပြောလို့ရတဲ့ ကိစ္စတွေမဟုတ်ဘူး။ ကြိုတင်ကာကွယ်ဖို့ကတော့ သက်ဆိုင်ရာ လုံခြုံရေးပိုင်းက ပုဂ္ဂိုလ်တွေမှာ တာဝန်ရှိပါတယ်။ ပါတီဝင်တွေကို ဘယ်လိုပဲရန်စရန်စ၊ ဘယ်လိုပဲ မခံချင်အောင်လုပ်လုပ် အတတ်နိုင်ဆုံး သည်းခံဖို့နဲ့ ခိုက်ရန် မဖြစ်ပွားဖို့ မှာထားတယ်။ ညှိနှိုင်းရေးမှူးတွေလည်း ထားထားတယ်။

**Speaker ။ ။ ရပ်ကွက်တွေကို စည်းရုံးရေးဆင်းတဲ့အခါမှာ အာဏာပိုင်အဖွဲ့အစည်းတွေရဲ့ လုံခြုံရေးဆောင်ရွက်မှု ဘယ်လိုရှိလဲ။**

UTW ။ ။ လောလောဆယ် လုံခြုံရေးပေးတာ တချို့အရပ်ဝတ်တွေနဲ့ လိုက်တာမျိုး၊ လုံခြုံရေးပေးတာလား၊ သတင်းယူတာလား မသိဘူး၊ လိုက်တော့ လိုက်နေတာပဲ၊ ကျွန်တော်တို့ လုံခြုံရေးကို ကျွန်တော်တို့ စောင့်ရှောက်ပြီး သွားနေတာပဲ။

**Speaker ။ ။ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်ဖြစ်ခဲ့ရင် တိုင်းပြည်စီးပွားရေး အတွက် ဘယ်အခန်းကဏ္ဍကနေ လုပ်ဆောင်သွားမလဲ။**

UTW ။ ။ အဓိက Economi အပိုင်းရယ်၊ Business အပိုင်းရယ် နှစ်ခုရှိတယ်။ ၅၀၀၀ ရင်းပြီးလုပ်လည်း စီးပွားရေးပဲ၊ အစိုးရပေါ်လစီမှာ Economi ပိုင်းနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ အပိုင်းရယ်၊ အလုပ်အကိုင် ရရှိရေးရယ် ဆောင်ရွက်နေတယ်။ အခြေခံမှာရှိတဲ့ Business ပိုင်းကို လုပ်ဖို့ဆို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ခရီးသွားလာရေး ဖွံ့ဖြိုးဖို့ ကိစ္စတွေ ဆွေးနွေးနေတာ ရှိတယ်။ ခရီးသွားလာရေးမှာဆို နိုင်ငံတကာ၊ ပြည်တွင်း ခရီးသွားလာရေးတွေရှိမယ်။ ဒါတွေ ဖွံ့ဖြိုးလာရင် နိုင်ငံတွင်းမှာရှိတဲ့ အရောင်းအဝယ်တွေ၊ စားသောက်ကုန်တွေ၊ ရိုးရာပစ္စည်းတွေ ရောင်းရမယ်။ ဒါတွေဟာ စီးပွားရေး အခြေခံလို့မြင်ပါတယ်၊ ဒါကြောင့် ကျွန်တော့်အနေနဲ့ အခြေခံပြည်သူလူထုရဲ့ စားဝတ်နေရေး အမြန်ဆုံးနည်းနဲ့ နှစ်တိုအတွင်းမှာ လုပ်လို့ရအောင် လေ့လာနေပါတယ်။ ဆွေးနွေးဖို့ ကြံစည်ထားတာတွေလည်း ရှိတယ်။

**Speaker။ ။ လက်ရှိအမျိုးသားရင်ကြားစေ့ရေးမှာ ဘယ်လိုအခက်အခဲတွေ ရင်ဆိုင်နေရတယ်လို့ မြင်လဲ။**

UTW ။ ။ ရင်ကြားစေ့ရေးကိစ္စက အခက်အခဲအများကြီးရှိပါတယ်။ ဒါက နှစ်ပေါင်းများစွာ ဖြစ်လာတဲ့ ကိစ္စပါ။ တိုင်းရင်းသားအရေးတွေ၊ နယ်မြေဒေသတစ်ခုချင်းရဲ့ တန်း တူညီမျှရေးတွေ၊ အစိုးရနဲ့ လုံခြုံရေးပိုင်း၊ ကာကွယ်ရေးပိုင်း ဒီဟာတွေ အများကြီးပေါ့။ ဒါကြောင့်လည်း (၂၁) ရာစု ပင်လုံညီလာခံလို့ စကားလုံး အသုံးအနှုန်းကိုယူပြီး အစိုးရအနေနဲ့ ဆောင်ရွက်နေတယ်။ ညီလာခံသဘောက မပြေလည်မှုတွေ၊ ဖြစ်ချင်တဲ့ ဆန္ဒတွေကို ဖလှယ်ပြီး၊ ပြောဆိုပြီး မူဘောင်တွေထွက် လာအောင်လုပ်ရတာပဲ။ မူဘောင်တွေခိုင်ပြီ ဆို အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်မှာပါ။ အချိန်တော့ ယူရမယ်။

**Speaker ။ ။ ပြည်သူကို ပြောချင်တဲ့ စကားရှိရင်လည်း ပြောပေးပါဦး။**

UTW ။ ။ ၂၀၁၅ မှာကတည်းက ပြောင်းပြီလို့ ရာနှုန်းပြည့် ယုံကြည်ခဲ့ကြပါတယ်။ သို့သော် တကယ်တမ်း ပြောင်းလဲမှုက ပြည်သူလူထုကြီး လိုချင်သလို မရနိုင်သေးဘူးဆိုတာကိုလည်း ပြည်သူကသိတယ်။ ဘာကြောင့်မရနိုင်သေးတာကိုလည်း ပြည်သူက စာနာတယ်။ ဆက်ပြီးတော့လည်း ပြည်သူ့အတွက် ကြီးလေးတဲ့ တာဝန်ကို ပြည်သူအတွက် ထမ်းပိုးမယ်။ ကြိုးစားခွင့်ပေးပါလို့ ပြောချင်ပါတယ်။

ကိုငှက်ခါး

www.free4readers.com



# နောက်ဆုံးဧကရာဇ်ရဲ့ တားမြစ်ထားတဲ့ မြို့တော်



ကျော်ရင်မြင့်

မင်မင်းဆက်နဲ့ ချင်မင်းဆက်တို့ နှစ်ပေါင်း(၅၀၀) နီးပါး ထီးနန်းစိုက်သွားတဲ့ ပေကျင်းမြို့လယ်က တားမြစ်ထားတဲ့မြို့တော် ( Forbiden City) မှာ အဆောင်ပေါင်း ၉၈၀ ရှိပါတယ်။ အေးအေးဆေးဆေး လေ့လာမယ်ဆိုရင် တစ်နေကုန်မယ်။ ဒီနေရာကို ယူနက်စကိုက ၁၉၈၇ ခုနှစ်မှာ ကမ္ဘာ့ ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ထားပါတယ်။

တားမြစ်ထားတဲ့ မြို့တော်လို့ ခေါ်ရခြင်းကတော့ ဘုရင်ဧကရာဇ်ရဲ့ ခွင့်ပြုချက်မရှိဘဲ ဘယ်သူမှ ဝင်ရောက်ခွင့် မရှိ၊ ထွက်ခွာခွင့်မရှိဘူးလို့ တားမြစ်ထားတာကြောင့်လို့ဆိုပါတယ်။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းထားတဲ့ နေရာတစ်ခုကို ရောက်ချိန်မှာ မြန်မာနိုင်ငံမှာ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်ဖြစ်ထိုက်လျက်နဲ့ မဖြစ်ရသေးတဲ့ နေရာတွေကို ပြန်လည်သတိရပြီး နှမြောစိတ်ဖြစ်မိပါတယ်။ မြန်မာတို့ပုဂံဆိုရင်လည်း ရှေးကတည်းက ကမ္ဘာ့အမွေအနှစ် ဖြစ်ရမယ့်နေရာတစ်ခုပါ။ ကမ္ဘာက တန်ဖိုးထား ထိန်းသိမ်းပေးရမယ့် နေရာတစ်ခုပါ။ ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရတဲ့ ထိုင်းနိုင်ငံက အယုဒ္ဓယဆိုရင် ဘုရားပြိုဘုရားပျက် အနည်းငယ်ကို ရှေးမူမပျက် ထိန်းသိမ်းထားတယ်။ ဒီနေရာကို တိုးရစ်တွေ နေ့စဉ်ထောင်ချီပြီး လာနေကြတယ်။ အယုဒ္ဓယကို ရောက်တဲ့ မြန်မာအချို့က ဒါမျိုးဒါလောက်ဖြင့် မြန်မာနိုင်ငံမှာ ပေါမှပေါလို့ ပြောလေ့ရှိတယ်။ မြန်မာနိုင်ငံက နေရာဒေသအချို့မှာ မပြိုမပြင် ရှိနေသေးတဲ့ ဘုရားကျောင်းကန်တွေ၊ အဆောက်အအုံတွေကို မြင်ရတဲ့ အမြင်ကျယ်သူတွေလည်း ဒါတွေဟာ ကမ္ဘာ့တန်းဝင် အမွေအနှစ်တွေလို့ ပြောလေ့ရှိတယ်။

မလေးရှားနိုင်ငံ ပီနန်မြို့က ဂျော့တောင်း ကမ်းနားရပ်ကွက်နဲ့ သဘော်ဆိပ်ကို ရောက်စဉ်ကလည်း မြန်မာနိုင်ငံမှာ ဒီလို အမွေအနှစ်တွေရှိသားပဲလို့ ပြန်လည်သတိရဖူးတယ်။ ရှေးလက်ရာ တိုက်တာတွေနဲ့ ဆိပ်ကမ်းကို သူတို့က ထိန်းသိမ်းထားတာပါ။ ယခုလည်း တရုတ်တို့ရဲ့ ရှေးဟောင်း နန်းတော်နန်းဆောင်တွေကြား လျှောက်ကြည့်ရင်း စိတ်အာရုံက ကိုယ့်နိုင်ငံကို ပြန်ရောက်မိပါတယ်။

မြန်မာနိုင်ငံမှာ နောက်ဆုံးမင်းဆက် စိုးစံသွားတဲ့ မြနန်းစံကျော် ရွှေနန်းတော်ကြီးကတော့ မူလမဟုတ်ဘဲ မူလီဖြစ်နေပါပြီ။ နဝတခေတ် (၁၉၉၀ခန့်) မှ ပြန်ဆောက်ထားတာပါ။ ဒါပေမဲ့ မင်းတုန်းမင်းကြီးရဲ့ နန်းတော်ဟောင်းကို ဖျက်ယူပြီး ပြန်ဆောက်ထားတဲ့ ရွှေနန်းတော်ဘုန်းကြီးကျောင်းတော့ ကျန်ကောင်းကျန်ရာ ရှိပါသေးတယ်။ ဒီကျောင်းကို ယခုအချိန်မှာ ပညာရှင်တွေနဲ့ ထိန်းသိမ်းမှုလုပ်နေပါပြီ။ ဒီလိုပဲ စလေရုပ်စုံကျောင်း၊ မန္တလေး ရွှေအင်ပင်ကျောင်းလို ထိန်းသိမ်းစရာ အမွေအနှစ်တွေလည်း အမြောက်အမြား ကျန်ရှိနေပါသေးတယ်။

တရုတ်တို့ရဲ့ နန်းတော်ကြီးကို ၂၆ ပေမြင့်တဲ့ အုတ်မြို့ရိုး၊ ၁၇၁ ပေကျယ်ပြီး ပေ ၂၀ နက်တဲ့ကျုံးနဲ့ ဝန်းရံထားတယ်။ ဒီကျုံးဒီမြို့ရိုးတွေက အခိုင်အခံ့ကာရံထားတာ။ ရန်သူအလွယ်တကူဝင်ဖို့ မဖြစ်နိုင်ပါဘူး။ ကျုံးရေပြင်ကျယ်ကျယ်နဲ့ မြို့ရိုးမြင့်မြင့်ကို ငေးကြည့်ရင်း အနော်ရထာမင်းလက်ထက်က ရွှေဖျဉ်းညီနောင်တို့ နန်းတွင်းဝင်ပြီး ကြေးစန္ဒိနတ်ကို ထုံးသုံးချက်တားတယ်ဆိုတဲ့ ဒဏ္ဍာရီကို ပြန်သတိရပါတယ်။

တားမြစ်ထားတဲ့မြို့ထဲမှာ ဖန်တီးထားတဲ့ စမ်းချောင်းကလည်း တသွင်သွင်စီးနေပါတယ်။ ကျွန်တော်တော်တို့ရဲ့ ဧည့်လမ်းညွှန် တရုတ်မ မရွှေကောင်း (မစ္စကောင်းဂျင်ဝေ့)က နန်းဆောင်တစ်ဆောင်ကို ပြတယ်။ ထိုက်ဟော်တဲ့။ နန်းဆောင်ထဲမှာ မင်မင်းဆက်ခေတ်က ရာဇပလ္လင်ရှိတယ်။ အရှေ့နန်းဆောင်မှာ ဘုရင် ခဏအနားယူတဲ့ စုန်းဟော်နန်းဆောင်၊ ဘုရင်အဝတ်အစားလဲ



တားမြစ်ထားတဲ့ မြို့တော်အတွင်းမှာ

ရာ၊ ပွဲတော်တည်ရာ အသုံးပြုတဲ့ပေါင်းဟော် အဆောင်တော်နဲ့အခမ်းအနားတွေကျင်းပတဲ့ ထိုက်ဟော်အဆောင်တော်တွေရှိတယ်လို့ ရှင်းပြပါတယ်။ ပေါင်းဟော်အဆောင်မှာ သုခမိန်လောင်းလျာတွေ စာမေးပွဲဖြေရပြီး ဘုရင်ကိုယ်တိုင် မေးခွန်းထုတ်တယ်လို့ဆိုပါတယ်။

နန်းဆောင်တစ်ခုရဲ့ အတက်လှေကားနေရာမှာ စကျင်ကျောက် အကောင်းစားကို အင်မတန်လက်ရာမြောက်စွာ အနုစိတ်ထုဆစ်ထားတဲ့ ကျောက်ပြားကြီးရှိပါ



စာရေးသူနှင့် ဧည့်လမ်းညွှန် မရွှေကောင်း

တယ်။ တော၊ တောင်၊ ရေ၊ လှိုင်းပုံထွင်းထုထားတာ။ လောကမှာ ဒီလေးခုကသာ ထာဝရတည်မြဲတယ်ဆိုတဲ့ အဓိပ္ပာယ်ဆောင်ပါတယ်တဲ့။ ဒီကျောက်ပြားကြီးကို ပေကျင်းမြို့တော် ပန်းရှန်းတောင်က သယ်ယူလာတာတဲ့။

ဧည့်ကြိုမ မရွှေကောင်းက တန်ချိန်ပေါင်းများစွာလေးလံတဲ့ ဒီကျောက်ပြားကြီးကို ကုတ်တင်ကားတွေ ကရိန်းစက်တွေမရှိဘဲ နန်းတော်တွင်းအရောက် ဘယ်လိုသယ်ယူလာသလဲလို့ ကျွန်တော်တို့ကို မေးခွန်းထုတ်တယ်။ သူ့မေးခွန်းကို မဖြေဘဲ ကျွန်တော်တို့နိုင်ငံမှာလည်း မင်းတုန်းမင်းကြီးက စကျင်တောင်ကနေ တန်ချိန်ပေါင်းများစွာလေးပြီး ထုထည်ကြီးမားတဲ့ ကျောက်တော်ကြီးကို မန္တလေးတောင်ခြေအရောက် သယ်ယူဖူးပါတယ်လို့ ကြွားလုံးထုတ်ချင်နေမိတယ်။

မရွှေကောင်းက သူကပဲမေးပြီး သူကပဲ ဆက်ဖြေတယ်။ ဆောင်းတွင်းကာလ ရေခဲလောက်အောင်အေးမြတဲ့အချိန်မှာ ဒီကျောက်ပြားကြီးကို သယ်တာပါ။ လုပ်သားပေါင်း ၁၀၀၀၀ ကျော်၊ မြင်း ၅၀၀၀ ကျော်နဲ့ အချိန်တစ်လကြာသယ်ယူကြတယ်။ သယ်ယူရာ လမ်းတစ်လျှောက်မှာ ရေတွင်းတွေ တူးတယ်။ ရေတွေက ခဲနေပြီး ရေခဲပေါ်မှာ ကျောက်ပြားကြီးကို လျှောပြီးသယ်ကြတာလို့ မရွှေကောင်းက ဆိုတယ်။ စကျင်ကျောက်ပြားကြီးကို

ချန်းလုံဘုရင်က လက်ရာမြောက်စွာ ထုဆစ်စေတာပါတဲ့။

တားမြစ်ထားတဲ့ မြို့တော်ထဲက အဆောက်အအုံတွေမှာ သင်္ကေတအဓိပ္ပာယ်တွေ အသီးသီးရှိပါတယ်။ ဒဿနနဲ့ ဘာသာရေးအတွေးအယူတွေ ပါဝင်တယ်။ အဆောက်အအုံရဲ့အမိုးကို အဝါရောင်စဥ့်ထည်တွေ လုပ်ထားတယ်။ တရုတ်မှာ အဝါရောင်က မင်းဧကရာဇ်ကို ကိုယ်စားပြုတယ်။ အိမ်ရှေ့စံရဲ့ အဆောင်တော်ကိုတော့ အစိမ်းရောင်နဲ့ ဖော်ဆောင်တယ်။ အစိမ်းရောင်က သစ်

ပင်သစ်တောရဲ့အရောင် ရှင်သန်ကြီးထွားမှုကို ကိုယ်စားပြုပါတယ်။

ဧည့်လမ်းညွှန်မရွှေကောင်းက တားမြစ်ထားတဲ့ မြို့တော်ရဲ့ ထူးခြားချက်တွေကို ရှင်းပြနေတယ်။ ၁၄၀၆ ခုကနေပြီး ၁၄၂၀ ခုအထိ ခြောက်နှစ်ကြာ အလုပ်သမားပေါင်း ၁၀၀၀၀၀၀ နဲ့ တည်ဆောက်ခဲ့ရတယ်။ ဒီလူတစ်သန်းထဲမှာ ပန်းပုပညာရှင်က တစ်သိန်းပါတယ်။ တရုတ်ဧကရာဇ်တွေ ၉၄၂ နှစ်ကြာ (၁၄၂၀ခု-၁၉၁၂ခု) ထီးနန်းစိုက်တယ်။

ကျွန်တော် ပေကျင်းရောက်တိုင်း အိမ်ခံတွေက တားမြစ်ထားတဲ့ မြို့တော်ကိုပို့ပေးလို့ ကျွန်တော် အကြိမ်ကြိမ်အခါခါ ရောက်ဖူးပါတယ်။ တစ်ခေါက်မှာ မျက်စိလျှမ်းသွားတာကို နောက်တစ်ခေါက်မှာ ကျွန်တော် တွေ့မိတယ်။

တားမြစ်ထားတဲ့ မြို့တော်ထဲမှာ ကျွန်တော့်အတွက် အမှတ်ထင်ထင်ရှိနေတာက "အိမ်သာ" ပါ။ စာရေးဆရာနှယ် အိမ်သာများ အထူးအဆန်းလုပ်လို့ဆိုပြီး ပြောချင်သူလည်း ရှိမှာပါပဲ။ ဒီအိမ်သာကို ပေကျင်းမြို့တော် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ကြယ်လေးပွင့် ( Four Stars) အဆင့် သတ်မှတ်ပေးထားတာ။ အိမ်သာအဝင်ခန်းက လူလတ်တန်းစားအိမ် ဧည့်ခန်း

လောက် သားနားတယ်။ ကော်ဇောခင်းထားတယ်။ထိုင်စရာ ဆိုဖာနဲ့ ဖတ်စရာစာအုပ်စင်ရှိတယ်။ အဲယားကွန်းက အေးမြနေပြီး အနံ့အသက်မရှိဘူး။ သန့်စင်ခန်းက အမျိုးသား၊အမျိုးသမီးနဲ့ မသန်စွမ်းသူအတွက်လို့ သုံးမျိုးထားပေးပါတယ်။ သန့်စင်ခန်းဟာ လူ့အဆင့်အတန်းကို မြင့်စေတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ သန့်ရှင်းပြီး လူတွေအသုံးပြုရလွယ်မယ့် သန့်စင်ခန်းတွေ များများရှိစေချင်တယ်။

ကျွန်တော်ရောက်တဲ့ နိုင်ငံရပ်ခြားဒေသတွေမှာ သန့်စင်ခန်း ယဉ်ကျေးမှုကို စိတ်ဝင်တစားကြည့်မိပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ အမျိုးသားတွေ လမ်းဘေးရပ်ပြီး မတ်တတ်ရှူရှူးပန်းတာ အခုထိရှိနေတာတွေ့ရတယ်။ နယူးဒေလီမြို့တော် လမ်းဘေးအုတ်တံတိုင်းမှာ ရှူရှူးမပန်းရလို့ စာတန်းကြီးကို ကော့ပန်းနေတဲ့သူကို ဓာတ်ပုံရိုက်ခဲ့ဖူးတယ်။ အိန္ဒိယနဲ့ နီပေါမှာ ကျွန်တော့်အတွက် ထူးခြားဆန်းပြားတဲ့ စနစ်တစ်ခု အမှတ်ထင်ထင်ကြုံဖူးတယ်။ သန့်စင်ခန်းအဝင်မှာ စာရေးထားတယ်၊ အခင်းလေးသွားရင်နှစ်ရူပီး၊ အခင်းကြီးသွားရင် သုံးရူပီးတဲ့။ သန့်စင်ခန်းအပေါက်ဝက ပိုက်ဆံစောင့်ကောက်နေတဲ့ ကုလားမလေးကို "အခင်းကြီးလား၊ အခင်းလေးလား နင်ဝင်လိုက်ကြည့်သလား" လို့ မေးချင်မိခဲ့ပါတယ်။

တားမြစ်ထားတဲ့ မြို့တော်က ကြယ်လေးပွင့်သန့်စင်ခန်းကို ဒီတစ်ခေါက်ရောက်တော့လည်း ကျွန်တော် အမှတ်ထင်ထင် ထပ်ဝင်ကြည့်ခဲ့ပါသေးတယ်။ စိတ်ထဲမှာ အရင်တစ်ခေါက်လောက်တော့ မသန့်စင်တော့သလို ထင်မိတယ်။

တားမြစ်ထားတဲ့ မြို့တော်နောက်ပိုင်းမှာတော့ ဥယျာဉ်လေးရှိတယ်။ သစ်ပင်တွေကို သူတို့သက်တမ်းအလိုက် သံပြားအစိမ်း၊ အနီလေး တွေကပ်ပြီးမှတ်တမ်းတင်ထားပါတယ်။ ရှေးဟောင်းသစ်ပင်ပေါင်း ၁၆၀ ကျော် ထိန်းသိမ်းထားတယ်တဲ့။ သစ်ပင်တွေကြားက လျှောက်လမ်းကလေးကို ရောင်စုံကျောက်ခဲတွေနဲ့ စီခြယ်ပြီး ခင်းထားပါတယ်။ အတိတ်နိမိတ်ကောင်းတွေကို ဖော်ဆောင်တဲ့ အရုပ်တွေ ပုံဖော်ထားတယ်ဆိုပါတယ်။

ဥယျာဉ်ထဲမှာ တစ်ပင်နဲ့တစ်ပင် ယှက်နွယ်နေတဲ့ အမြဲစိမ်းကျောက်ပန်းနွယ်ဝင် သစ်ပင်တစ်ပင်ရှိတယ်။ သက်တမ်းနှစ်( ၄၀၀)ခန့်ရှိပြီလို့ မှန်းကြတယ်။ ယှက်နွယ်နေတဲ့ သစ်ပင်နှစ်ပင်ကို ဧကရာဇ်နဲ့ဧကရီလို့ တင်စားကြတယ်။ ဒီအပင်ကို မင်္ဂလာမောင်နှံအပင်အဖြစ် ယူဆပြီး ညားခါစစုံတွေက လာရောက်ပြီး အိုအောင်မင်းအောင် ချစ်ခင်ပျော်ရွှင်စွာ ပေါင်းသင်းရဖို့ ဆုတောင်းလေ့ရှိတယ်။ ဒီအပင်အနီးမှာ ဆုတောင်းချင်တဲ့ မောင်မယ်တွေနဲ့ ဓာတ်ပုံရိုက်ချင်တဲ့ ဧည့်သည်တွေ အတန်းအရှည်ကြီးစီစောင့်နေတာ တွေ့ရနိုင်ပါတယ်။

စိတ်ဝင်စားစရာတွေနဲ့ ကြွယ်ဝတဲ့ တားမြစ်ထားတဲ့ မြို့တော်ကို ဧည့်သည်တွေ နေ့စဉ် ၈၀၀၀၀ လောက်၊ တစ်နှစ်ကို ၁၄ သန်း လောက်လာတာ ဖြစ်သင့်ပါတယ်။

ကျော်ရင်မြင့်

www.free4readers.com

# ပါတီဝင်များ နုတ်ထွက်မှု ရှိသော်လည်း စည်းကမ်းပိုင်းကို လျှော့ပေးမည် မဟုတ်ကြောင်း NLD ပြော

**နေပြည်တော်၊ စက်တင်ဘာ ၂၄**

လက်ရှိ အစိုးရတာဝန်ကို ရယူထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ လွှတ်တော် ကိုယ်စားလှယ်များသည် ပါတီ စည်းကမ်းတင်းကျပ်လွန်း၍ နုတ်ထွက်မှုများ ရှိနေသော်လည်း ပါတီစည်းမျဉ်း၊ စည်းကမ်းကို လျှော့ချပေးသွားမည် မဟုတ်ကြောင်း သိရသည်။

၎င်းတို့၏ ပါတီမှ နုတ်ထွက်ခွင့်တင်ပြထားသော လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၉)မှ ဦးဖေချစ်နှင့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် (၅) မှ ဦးတင်အောင်ထွန်းတို့အား စက်တင်ဘာလ ၂၃ ရက်က ကျင်းပသည့် NLD ပါတီ CEC အစည်းအဝေး ဆုံးဖြတ်ချက်များအရ နုတ်ထွက်ခွင့်ပြုလိုက်ပြီဟု ပါတီ၏ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ မျိုးညွန့်က ပြောသည်။

"ပြစ်ချက်ရှိလို့ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်က ပါတီစည်းကမ်းတွေက တင်းကျပ်လွန်းတယ်။ ပါတီကို အလှူငွေတွေ ထည့်ဝင်ရတယ်။ ဒါတွေကို လွတ်လွတ်လပ်လပ် လုပ်ချင်တယ်ဆိုပြီး ပါတီကို နုတ်ထွက်ခွင့်တောင်းတာ။ ဒါကို ဒီနေ့အစည်းအဝေးက အတည်ပြုလိုက်တာ။ ပါတီစည်းကမ်းကိုတော့ လျှော့ပေးဖို့အကြောင်း မရှိပါဘူး။ ဘယ်လိုစနစ်တကျနဲ့ ကိုင်တွယ်မလဲဆိုတာပဲ ဆွေးနွေးတာရှိပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ တိုင်းပြည်၏ အခြေအနေအရ ပါတီ စည်းမျဉ်းစည်းကမ်းကို မဖြစ်မနေ တင်းကျပ်ကျပ် လုပ်ထားရမည် ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ သက်သောင့်သက်သာနှင့် လုပ်ရမည်ဟု မမျှော်လင့်ကြရန် ပြောဆိုထားပြီးဖြစ်ကြောင်း၊ ယင်း ပြောဆိုချက်အတိုင်း တိတိကျကျ ဆောင်ရွက်သွားမည်ဟု NLD ပါတီ တာဝန်ရှိသူများက ပြောသည်။

"လွှတ်တော် ကိုယ်စားလှယ်ဖြစ်လို့ စီးပွားရေးအရ တွက်ခြေကိုက်လိမ့်မယ်။ သက်သောင့်သက်သာ ဖြစ်လိမ့်မယ်ဆိုတာမျိုးကတော့ ခွင့်မပြုနိုင်ပါဘူး။ နိုင်ငံသားတွေ ဆင်းရဲကျပ်တည်းနေတာနဲ့အမျှ လွှတ်တော် ကိုယ်စားလှယ်တွေကလည်း ပင်ပင်ပန်းပန်း ကြိုးစားရုန်းကန်ဖို့ လိုတယ်လို့ ဆုံးဖြတ်ထားတဲ့အတွက် ပါတီ စည်းကမ်းကို တင်းတင်းကျပ်ကျပ် ကိုင်တွယ်မှာ ဖြစ်ပါတယ်" ဟု ဒေါက်တာ မျိုးညွန့်က ပြောသည်။

ထို့ကြောင့် လွှတ်တော် ကိုယ်စားလှယ်များသည် ပါတီအမှုဆောင်များနှင့် တွေ့ဆုံခြင်း၊ လွှတ်တော်တွင်း အလုပ်လုပ်ခြင်း၊ ပြည်သူလူထုနှင့် တွေ့ဆုံခြင်းများကို ပုံစံတစ်ခုတွင်ဖြည့်၍ ပါတီသို့ တင်ပြရမည်ဖြစ်ကြောင်း၊ တင်ပြရာတွင်လည်း ကိုယ်စားလှယ်၏ မှတ်ချက်နှင့်အတူ မြို့နယ် အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက် သဘောထားလည်း ပါဝင်ရမည်ဟု သိရသည်။

လွှတ်တော်ကိုယ်စားလှယ်များကမူ ၎င်းတို့တွင်လည်း လွှတ်တော် ကိုယ်စားလှယ် လစာကြောင့် ငွေရေးကြေးရေး အမြတ်အစွန်း သဘောမျိုး လုံးဝ မရရှိဘဲ လုပ်ငန်းများ ပြန်လည် ဆောင်ရွက်သည့်အခါ ပြန်လည် ကုန်ကျလျက်ရှိကြောင်း၊ တိုင်းပြည်တွင် စနစ်တစ်ခု ပြောင်းလဲစေလိုသော စိတ်ဖြင့် ဝင်ရောက်လုပ်ကိုင်နေခြင်း ဖြစ်ကြောင်း တုံ့ပြန်ပြောဆိုခဲ့ကြသည်။

**သဉ္ဇာထွန်း**



# မူးယစ်ဆေးသတင်း ပြည်ထဲရေးကိုပင် အသိမပေးဘဲ သမ္မတ အပါအဝင် လူသုံးဦးဖြင့် တိုက်ရိုက်ကိုင်တွယ်နေ




**နေပြည်တော်၊ စက်တင်ဘာ ၂၄**

နိုင်ငံတော် သမ္မတရုံးသို့ မူးယစ်ဆေးဝါး ရောင်းဝယ်မှု သတင်းများ ရောက်ရှိလာပါက မှန်၊ မမှန် အတည်ပြုပြီးသည်နှင့် စတင်အရေး ယူမှုများကို ဆောင်ရွက်ရာ ယင်းတိုင်ကြားမှု သတင်းများကို သမ္မတ ဦးဝင်းမြင့် အပါအဝင် လူသုံးဦးခန့်သာ သိ၍ ပြည်သူများအနေဖြင့် စိတ်ချလက်ချ သတင်းပေးကြရန် သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောသည်။

"တိုင်ကြားသူကိုလည်း ကျွန်တော်တို့က လျှို့ဝှက်ထားတယ်။ ပြည်ထဲရေးက မသိဘူး။ ဘယ်သူတိုင်တယ်ဆိုတာ ဒီက ကိုင်တွယ်တဲ့ လူသုံးယောက်လောက်ပဲသိတယ်။ သမ္မတကြီး အပါအဝင်ပေါ့။ ပြည်ထဲရေး မသိဘူး၊ ကျွန်တော်တို့ မသိဘူး။ ဒီသတင်း ဘယ်က လာလဲမသိဘူး။ အဲဒီလောက် သူ့ကို ကျွန်တော်တို့က အကာအကွယ်ပေးထားပါတယ်"ဟု ဦးဇော်ဌေးက ပြောသည်။

မူးယစ်သတင်း တိုင်စာရောက်ရှိလာပါက သမ္မတရုံးမှ ဒုတိယ ညွှန်ချုပ်တစ်ဦးက ဦးစီးပြီး အဆင့် နှစ်ဆင့် တင်ပြရကြောင်း၊ ပြီးသည်နှင့် ပြည်ထဲရေး ဝန်ကြီးဌာနသို့ ချပြလိုက်ပြီး အမြန်အရေးယူသည့်အခါ ထိရောက်ကြောင်း၊ သို့သော် အမှုကြီးများ ဖမ်းမမိသေးကြောင်း၊ ပြည်ထဲရေးသို့ အဆင့်ဆင့် ချပေးပါက ကွင်းဆက်ပျောက်သွားတတ်ကြောင်း သမ္မတရုံးမှ သိရသည်။

"ဒါမျိုးမဖြစ်အောင် ဆိုပြီးတော့ ကျွန်တော်တို့ ထိထိရောက်ရောက် တိုက်ဖျက်နိုင်အောင်ဆိုပြီးတော့ လုပ်လိုက်တယ်။ သို့သော် ထိထိရောက်ရောက် ဟိုနေ့ကလည်း ပြည်ထောင်စုဝန်ကြီး မိန့်ခွန်းမှာလည်း ပါပါတယ်။ ဒုနဲ့ထည်နဲ့ ကြီးကြီးမားမားကြီးတွေ ကျွန်တော်တို့ သတင်းတွေမရဘူး။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ ဒါကိုတော့ ဒီလိုဟာတွေတော့ ပိုပြီးတော့ ရချင်တယ်။ သေးသေးမွှားမွှားကိုလည်း ဒါကို ကျွန်တော်တို့က ဒါ အသေးအမွှားပါဆိုပြီးတော့ လျစ်လျူရှုလို့ မရဘူး။ ဒီအနေအထား ဖြစ်ပါတယ်"ဟု ဦးဇော်ဌေးက ပြောသည်။

မူးယစ်ဆေးဝါး ထုထည်ကြီးမားစွာ ဖမ်းမိသည့်အခါ ပိုင်ရှင်မဲ့ ဖြစ်သွားလေ့ရှိသည့်အတွက် ယင်းပြဿနာကို တိုက်ဖျက်ရန် ရည်ရွယ်ချက်ဖြင့် သမ္မတရုံးတွင် မူးယစ်ဆေးဝါး အထူးသတင်းပေး တိုင်ကြားသည့်ဌာန ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ ပြည်သူလူထုက ယုံယုံကြည်ကြည်ဖြင့် တိုင်ကြားချက်များကို ပေါက်ကြားမှု မရှိအောင် ဆောင်ရွက်ထားသဖြင့် အမှုကြီးများကိုလည်း သတင်းပေးနိုင်ကြောင်း သမ္မတရုံးမှ သိရသည်။

**သဉ္ဇာထွန်း**

# အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ) သဘာဝဓာတ်ငွေ့လိုအပ်ချက်နှင့် ခွဲဝေသုံးစွဲရေး အစီအစဉ်အရ ရပ်ဆိုင်းထားရ

**အောင်လံ၊ စက်တင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်ရှိ မြန်မာနိုင်ငံတွင် အကြီးဆုံး အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ) လည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့ အလုံအလောက် မပေးနိုင်သောကြောင့် သဘာဝဓာတ်ငွေ့ လိုအပ်ချက်နှင့် ခွဲဝေသုံးစွဲရေး အစီအစဉ်အရ ရပ်ဆိုင်းထားရကြောင်း သိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှု အောက်တွင်ရှိသော အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)မှ ထွက်ရှိသည့်ယူရီးယားဓာတ်မြေဩဇာသည် မြန်မာနိုင်ငံတွင် အကောင်းဆုံး အရည်အသွေးဖြင့် ပြည်တွင်းရှိ တောင်သူများသာမက နိုင်ငံခြားအထိ တင်ပို့ရသောကြောင့် ပြည်တွင်းဝင်ငွေသာမက နိုင်ငံခြားဝင်ငွေ တစ်နှစ်သန်းထောင်ချီ ရှာပေးနိုင်သော စက်ရုံတစ်ရုံဖြစ်သော်လည်း ပြည်တွင်းမှထွက်ရှိသော သဘာဝဓာတ်ငွေ့သည် စက်ရုံလည်ပတ်နိုင်အောင် အလုံအလောက် မပေးနိုင်သောကြောင့် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ စက်ရုံလည်ပတ်မှု ရပ်ဆိုင်းခဲ့ရကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ ကျော်စွာ ဓာတ်မြေဩဇာစက်ရုံ အပါအဝင် ပြည်ဒေသတစ်ဝိုက်က စက်ရုံတွေကို ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းက သဘာဝဓာတ်ငွေ့ကို ဖြန့်ဖြူးနိုင်ဖို့ စီစဉ်နေပြီး အဲ့ဒီဓာတ်ငွေ့ကိစ္စဆောင်ရွက်ပြီးစီးပါက ပြည်တွင်းပြည်ပလုပ်ငန်းရှင်တွေကို တင်ဒါခေါ်ယူသွားမှာဖြစ်ကြောင်း အရင်က စက်ရုံအတွက် သဘာဝဓာတ်ငွေ့ကုန်ကြမ်းကို ပြည်တောင်တန်းရေနံမြေနဲ့ အဖျောက်သဘာဝဓာတ်ငွေ့တို့က တစ်ရက်သဘာဝဓာတ်ငွေ့ ကုဗပေ၁၁ ဒသမ ၅ သန်း အသုံးပြုရကြောင်းစွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြောသည်။

အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)ကို ၁၉၈၀-၁၉၈၁ခုနှစ်က အနောက်ဂျာမဏီနိုင်ငံအကူအညီရယူ၍ လေးနှစ်စီမံကိန်းဖြင့် တည်ဆောက်ခဲ့ရာ ၁၉၈၄-၁၉၈၅ ခုနှစ်တွင် တစ်နေ့တန် ၆၀၀ ကျ မြန်မာနိုင်ငံ အကြီးဆုံး ဓာတ်မြေဩဇာစက်ရုံကြီးကို စတင်လည်ပတ်နိုင်ခဲ့သည် ပြည်တွင်းသုံး သာမက နိုင်ငံခြားအထိ တင်ပို့ရသောကြောင့် နိုင်ငံခြားဝင်ငွေ တစ်နှစ်သန်းထောင်ချီ ရှာပေးနိုင်သော စက်ရုံကြီး တစ်ရုံဖြစ်သည်။ စက်ရုံစတင်လည်ပတ်ပြီး ၁၈ နှစ်ခန့်အကြာ ၂၀၀၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၏အကူအညီဖြင့်စက်အသစ်များ လဲလှယ်တပ်ဆင်အသုံးပြုခဲ့ရာ ဂျာမနီစက်ဖြင့် ၁၈ နှစ်၊ ဂျပန်စက်ဖြင့် ခုနစ်နှစ် လည်ပတ်နိုင်ခဲ့သော်လည်း စက်ရုံလည်ပတ်နိုင်လောက်အောင် သဘာဝဓာတ်ငွေ့ အလုံအလောက် မပေးနိုင်တော့သဖြင့် ၂၀၁၀ ပြည့်နှစ်တွင် စက်ရုံလည်ပတ်မှု ရပ်ဆိုင်းခဲ့ရသည်။

"ကျော်စွာစက်ရုံထွက် ဓာတ်မြေဩဇာက ပုလဲလုံးလေးတွေလို တစ်လုံးချင်းရှိနေလို့ ပုလဲဓာတ်မြေဩဇာလို့ နာမည်ကြီးခဲ့ပါတယ်။ ခဲနေပေမယ့် လက်နဲ့ အလွယ်တကူခြေလို့ရအောင် အရည်အသွေး ကောင်းမွန်ကြောင်း ဈေးကွက်အတွင်းရှိ နိုင်ငံခြား ဓာတ်မြေဩဇာတွေကတော့ ခဲနေရင် အလွယ်တကူခြေလို့ မရဘူး"ဟု ကံမမြို့နယ် ခြောက်ပင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)သည် စက်ရုံစတင်လည်ပတ်သည့်ကာလမှ ရပ်နားခဲ့ရသည့် ကာလအထိ ၂၆ နှစ်အတွင်း အရည်အသွေးမြင့် ဓာတ်မြေဩဇာများ ထုတ်လုပ်ပေးနိုင်ခဲ့သော်လည်း သဘာဝဓာတ်ငွေ့ရရှိမှုမလုံလောက်သဖြင့် ရပ်နားထားရာ ပြည်ဒေသတစ်ဝိုက်ရှိ စက်ရုံများအား ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ ထွက်ရှိသော သဘာဝဓာတ်ငွေ့ကို အရှေ့တောင်အာရှ ဓာတ်ငွေ့ ပိုက်လိုင်းမှ တစ်ဆင့်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၇၅ သန်း အကုန်အကျ ခံဆောင်ရွက်မည့် မကွေး-ရွှေတောင် ၁၁၉ မိုင်ရှည်လျားသော ၁၄ လက်မ ဓာတ်ငွေ့ပိုက်လိုင်းအား ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ ဂျပန်နိုင်ငံ ODA ချေးငွေဖြင့်သော်လည်းကောင်း အဆင့်မြင့်အစားထိုးလဲလှယ်ရန်စီစဉ်ခဲ့သော်လည်း မရရှိခဲ့သဖြင့် ကိုရီးယားနိုင်ငံမှ အထူးသက်သာသော အတိုးနှုန်းဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းမှု ဆောင်ရွက်ပြီးစီးပါက ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နိုင်ငံတကာတင်ဒါခေါ်ယူ၍ ရပ်ဆိုင်းထားရာမှ ပြန်လည် လည်ပတ်ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ဓာတ်မြေဩဇာစက်ရုံမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများကို တောင်သူလယ်သမားများ လက်ဝယ်သို့အဆင့်အနည်းဆုံးဖြင့် ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ကြီး(သရက်)**

The SPEAKER Cartoon



www.free4readers.com

## တွေ့ကြုံခဲ့ရ လူ့ဘဝ (၁၄၄)

# ပန်းချီဝါသနာရှင်ဘဝ အမှတ်တရ (၂)



ကျော်ဝင်း (စာရေးသူ စွန်ရဲ) ၏ နာဂဆီဆေးပန်းချီကား
မူလဓာတ်ပုံရှင် Mr. Barry Broman အမေရိကန်သံရုံး (၂၀၀၁ ခုနှစ်)



Ms. တာကာဟာရှိ ဂျပန်သံရုံး၊
ဦးပေါက်ယူချမ်း (ဝ အဖွဲ့ခေါင်းဆောင်)နှင့်
ဗိုလ်မှူးကြီးကျော်ဝင်း (စာရေးသူ စွန်ရဲ) (ထက်)



ပုံ (၃-၆)။ ရှမ်းပြည်နယ် တောင်ပိုင်း ပြဒါးလင်းဂူ နံရံပန်းချီ။ တောင်ကြားမှ နေထွက်ဟန်က နေကို ကိုးကွယ်ခြင်းနှင့် သက်ဆိုင်နိုင်သည်။ လက်ဖဝါးပုံများသည်လည်း ယုံကြည်မှုနှင့် သက်ဆိုင်သည်။ ရှေ့လက်က ပြေးနေသော သားကောင် ဖြစ်ပြီး နောက်လက်က မုဆိုး ဖြစ်နိုင်သည်။ သားကောင်၏ နှလုံး ပစ်မှတ်နေရာကို ရေးဆွဲထားသည်။ အခြား သားကောင်ပုံ များစွာ ရေးဆွဲထားရာ အမဲလိုက်ခြင်း အောင်မြင်ဖို့အတွက် မှော်အစီအရင် ပြုလုပ်ခြင်း ဖြစ်ဖွယ် ရှိသည်၊

ဆရာနိုင်ဇော်၏ ပျူနိုင်ငံတော်နှင့် ပျူနိုင်ငံသားများ စာအုပ်မှ ကူးယူဖော်ပြထားသော ပုံ

ယခင်တစ်ပတ်မှအဆက်

၂၀၀၆ ခုနှစ်လောက်ကဖြစ်မယ် ထင်ပါတယ်။ မဥမ္မာ (ဒေါ်ခင်ကြည်ဖောင် ဒေးရှင်း)က သူ့မိတ်ဆွေတစ်ယောက်ရဲ့သမီး လေးပုံတူကို ဆီဆေးနဲ့ ဆွဲခိုင်းဖူးတယ်။ ဆွဲပြီးပေးလိုက်ရပေမယ့် ဒီနေ့အထိ အဲဒီပုံလေးကို သတိရနေတယ်။

နောက်တစ်ပုံက အမေရိကန်သံရုံးအရာရှိ Mr. Barry Broman (CIA) က နာဂပွဲတော်မှာ ရိုက်ခဲ့တဲ့ နာဂကြီးပုံကို ကျွန်တော်ဆွဲတာ၊ အဲဒီနာဂကြီးရဲ့ အကြည့်ကိုလည်း ဒီနေ့အထိ မျက်လုံးထဲက မထွက်ဘူး။

ဂျပန်သံရုံးဒုတိယအတွင်းဝန် Ms. တာကာဟာရှိ ကို လက်ဆောင်ပေးခဲ့တဲ့ နေကြာပန်းပုံကိုလည်း သတိရနေတယ်။ Ms. တာကာဟာရှိကတော့ ကွယ်လွန်သွားရှာပါပြီ။ ကျွန်တော့်ရဲ့ နေကြာပန်းလေးတွေတော့ ဂျပန်ပြည်ရဲ့ ဘယ်နားများ ရောက်



Ms. တာကာဟာရှိ သို့ လက်ဆောင်ပေးခဲ့သော နေကြာပန်းများ (ရေဆေး) (၁၉၉၆ ခုနှစ်)

နေရှာမလဲလို့ တစ်ခါတစ်ရံ တွေးမိပါရဲ့။

တကယ်တော့ ကျွန်တော်ဆွဲနိုင်တဲ့ ပန်းချီကားအရေအတွက်က သိပ်မများလှပါဘူး။ ဒါ့ကြောင့်လည်း အားလုံးနီးပါးကို မှတ်မိနေပါတယ်။

ဆရာကြီးဦးလွန်းကြွယ်က သူကိုယ်တိုင်လည်း မြန်မာမင်းသား၊ မင်းသမီး အကတွေကို ကောင်းကောင်း ကတတ်တယ်၊ အဲဒါကြောင့် ဆရာကြီးဆွဲတဲ့ အကကားတွေဆို ကကြိုးလည်း မှန်တယ်၊ အမြဲလိုလိုလည်း သက်ဝင်လှုပ်ရှားနေတယ်။

၂၀၀၅ ခုနှစ်မှာ ကျွန်တော်လည်း နတ်ကတော်အကတစ်ပုံဆွဲဖြစ်တယ်။ သန္တာလင်းက ကပြပေးတယ်၊ တစ်လက်စတည်း နတ်ကတော်သီချင်းကို ဝီရရသ၊ ဂရုဏာရသ၊ ဟာသရသတို့ကို ပေါ်လွင်အောင် မိနစ်လေးဆယ်စာခန့် ကခိုင်းပြီး ဗီဒီယိုတစ်ခွေပါ ရိုက်ခဲ့တယ်။

သန္တာလင်းက ပုပ္ပါးမယ်တော်ပုံပါ လိုချင်တယ်ဆိုလို့ ပုပ္ပါးမယ်တော်အကကို ဆက်ရိုက်ကြတယ်၊ အဲဒီမှာတင် သန္တာလင်းကို ပုပ္ပါးမယ်တော်ဝင်ပူးလို့ သူမရဲ့ မိခင်က တော်တော်လေးပြုစုခဲ့ရတယ်။

သာကေတမှာရှိတဲ့ ကျွန်တော်ရဲ့ River Bank Art Centre ထဲက ရေတံခွန်ရှေ့မှာ ကနေတုန်း ဝင်ပူးတာ။

ဆရာကြီးဦးလွန်းကြွယ်ရဲ့ သင်





မဥမ္မာ (ထက်) အား ဆွဲပေးခဲ့သော ဆီဆေးပန်းချီကား (ဝဲ)
(၂၀၀၆ ခုနှစ်)




GV Art Centre
နောက်တန်း ဝဲမှ ယာ - ကိုလှိုင်ဘွား၊ ကိုမျိုးဝင်း
ရှေ့တန်း ဝဲမှ

စွန်ရဲ

www.free4readers.com



ကျော်ဝင်း (စာရေးသူ စွန်ရဲ) နတ်ကတော်အက ရေးဆွဲနေစဉ် (ထက်)
သန္တာလင်း (ကထိက ယဉ်ကျေးမှုဝန်ကြီးဌာန) ၏ နတ်ကတော်အက (ယာ)



ကြားပြသလမ်းညွှန်မှုနဲ့ မြန်မာမင်းသမီးက ပုံတွေကို ဆက်ဆွဲမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော့်ရဲ့ စတူဒီယိုထဲမှာပဲ မီးအလင်းအမှောင်နဲ့ အရောင်တွေ စိတ်ကြိုက်ပြင်ဆင်ပြီး အကပုံ တော်တော်များများကို ကိုယ်တိုင်စိတ်တိုင်းကျ ရိုက်ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ထပ်မဆွဲဖြစ်သေးဘူး။

လက်မှတ်ထိုးပြီး ပြန်တင်ရတယ်။

ကျွန်တော်က အသက် (၆၀) ပြည့်ရင် နားမယ်။ ပင်စင်ယူပါ့မယ်လို့ လက်မှတ်ထိုးပြီး ပြန်တင်ပြခဲ့တယ်။

ဗိုလ်ချုပ်မှူးကြီးက

"မင်း နားပြီး ဘာလုပ်မှာလဲလို့ မေးတော့"

"စာရေးမယ်။ ပန်းချီဆွဲမယ်။
စတူဒီယိုတစ်ခု လုပ်ပြီး
ဓာတ်ပုံနဲ့ ဗီဒီယို ရိုက်မယ်။
မြန်မာပြည်အနှံ့ ငှက်တွေကို
ဓာတ်ပုံလျှောက်ရိုက်ပါမယ်"
လို့ ဖြေခဲ့တယ်။

ပုံမှန်ထက် လေး၊ ငါးလလောက် စောပြီး ၂၀၀၅ ခုနှစ်မှာ နားခွင့်ရခဲ့တယ်။

ကျွန်တော် ပန်းချီဆွဲတာ၊ ပန်းချီကားတွေ ပြပွဲတင်ပြီး ပြည်တွင်းမှာရော၊ ပြည်ပမှာပါ ထွက်ရောင်းနေတာတွေကို ဗိုလ်ချုပ်မှူးကြီးက သိတယ်။

တစ်ခါက ရှမ်းပြည်နယ် တောင်ပိုင်းမှာရှိတဲ့ ပြဒါးလင်းဂူထဲက ကျောက်ခေတ်နံရံပန်းချီတွေကို သွားကြည့်ပြီး ပြန်



ပန်းချီဆရာကြီး ဒေါက်တာဦးလွန်းကြွယ်၏ ဆီဆေးလက်ရာ မင်းသမီးအက (၁၉၉၆ ခုနှစ်)



ကျော်ဝင်း (စာရေးသူ စွန်ရဲ)၏ ဆီဆေးလက်ရာ 'အခါတိုင်းရင်းသူလေး' ပန်းချီကား (၂၀၀၀ ခုနှစ်)

၀) ပြည့်အထိမ်းအမှတ် ပွဲတွင်တွေ့ရသော ပန်းချီဆရာများပုံ (၂၀၁၇ ခုနှစ်)
ိအောင်စည်သူလှိုင်၊ ကိုဝင်းတင့်၊ ကိုမောင်ဦး။ မောင်ဝင်းချို၊ ကျော်ဝင်း (စာရေးသူ စွန်ရဲ)၊ ဒေါ်ခင်သင်းစီစီ၊
ိခင်မောင်၊ ကိုခင်မြင့်အောင်၊ ကိုကျော်ဆွေ၊ ကိုဝင်းအောင်။
ိဆန်းလင်း။ ကိုအောင်ဇော်မိုး။ ကိုလှမျိုးဝင်း။ မောင်သိန်းလှိုင်၊ မမို့မို့ဝင်း။




၂၀၀၀ ပြည့်နှစ်တစ်ဝိုက်က ရန်ကုန်မြို့ လွှတ်တော်သဘင်ခန်းမကြီးထဲမှာ ကျွန်တော်ရိုက်ခွင့်ရခဲ့တဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ ညည့်ခံအက ဓာတ်ပုံတွေထဲက တချို့ကို ကျွန်တော် ပြန်ဆွဲဖို့ စုထားတယ်။ ဆရာကြီး ဦးလွန်းကြွယ်ကတော့ (၈၈) နှစ်အရွယ်အထိ ပန်းချီကို မြတ်မြတ်နိုးနိုး ဆွဲနေတုန်းပဲ။ (ဆရာဝန်သတိပေးလည်း နားမထောင်ဘဲ ဆွဲနေတုန်း။)

ကျွန်တော်လည်း ကံကောင်းရင်တော့ အဲဒီအရွယ်အထိ ဆွဲနိုင်မယ်လို့ မျှော်လင့်မိတယ်။

ကျွန်တော့်ဆီကို အသက် (၅၉) နှစ်ပြည့်တဲ့နှစ်မှာ စစ်ရာထူးခန့်ချုပ်ရုံးက စာလာတယ်။ အသက် (၆၀) ပြည့်ရင် ပင်စင်ယူလိုသလား၊ ဆက်လက်တာဝန်ထမ်းဆောင်လိုသလားလို့ မေးတယ်။ အဖြေကို

ဆရာဦးမြင့်လွင် (ပန်းချီတေဇာလင်း) နှင့် ဒေါ်ခင်သင်းစီစီ (ပန်းချီဧယျာသင်း) တို့၏ ကိုယ်စား နှစ်(၃၀) ပြည့် GV Art Centre ၏ သမိုင်းကြောင်းကို မီဒီယာအား ရှင်းပြနေသော ပန်းချီကျော်ဝင်း (စာရေးသူစွန်ရဲ) (၂၀၁၇ ခုနှစ်)



လာတော့ ကျွန်တော့်ကို ပြောတယ်။

"ငါ့ မျက်စိထဲမှာတော့ နွားသားအမိပုံပဲ ပီပီပြင်ပြင်လေးပေါ်တယ်။ တောင်ကြားက နေထွက်တာနဲ့ လက်ဖဝါးပုံတွေတ သိပ်မရှင်းဘူးကွ" လို့ ပြောရင်း

"အဲဒီ ကျောက်ခေတ်ပန်းချီဆရာကလည်းကွာ မင်းလို ခပ်ညံ့ညံ့ကောင်ထင်ပါရဲ့။ မင်းလည်း အဲဒီကောင်သေလို့ ဝင်စားတာလားမှ မသိတာ"

လို့ မှတ်ချက်ပြုတယ်။

ကျွန်တော်က "ပန်းချီဆရာဝင်စားတာချင်းတူရင် ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘညွန့် ဝင်စားတာဖြစ်မှာပါ ဗိုလ်ချုပ်"

"ဆရာကြီး ဦးဘညွန့်က ၁၉၄၅ ခုနှစ်မှာ ကွယ်လွန်တာ။ ကျွန်တော်က ၁၉၄၅ ခုနှစ်မှာ မွေးတာလေ"လို့ ပြန်ပြောလိုက်တယ်။

ပြီးတော့ ဘိလပ်ပြန်ပန်းချီဆရာကြီးဦးဘညွန့်နဲ့ ဦးဘဇော်တို့ရဲ့ ပန်းချီကားတွေအကြောင်းကို ဆက်ပြောဖြစ်ကြတယ်။

ဆက်လက်ဖော်ပြပါမည်။
စွန်ရဲ

www.free4readers.com

# ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း

ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (Ph.D)



"ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း" တဲ့။ စဉ်းစားဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်တွေ၊ သတိထားတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ မိမိရဲ့ပတ်ဝန်းကျင်မှာ ရှုမြင်စရာတွေကို ကြည့်ရှုပြီးတဲ့အခါမှာ ကိုယ့်ဘဝကိုယ် ဘယ်လိုပြုပြင်ကြရတယ်ဆိုတာကို သိရှိနားလည်ကြတယ်။

မြတ်စွာဘုရားကိုယ်တိုင်ကလည်း ပတ်ဝန်းကျင်ကို ရှုမြင်တတ်ဖို့ ဆုံးမထားတာရှိတယ်။ အနမတဂ္ဂ သံယုတ်မှာ"လောကမှာ အလွန့်အလွန်အရုပ်ဆိုး အကျည်းတန်ပြီး ရွံစရာကောင်းလှတဲ့ သတ္တဝါတစ်ဦးဦးကို မင်းမြင်တယ်ဆိုရင် အစမထင် သံသရာမှာငါလည်း ဒီဘဝမျိုးရောက်ခဲ့ရပြီလို့ စဉ်းစားလိုက်ပါ"လို့ ဒီလိုပြောတာနော်။ ဒီလို ဒုက္ခမျိုး ငါလည်း ခံစားခဲ့ရတယ်ပေါ့။ အေး လောကမှာ အခြေအနေဘယ်လောက်ဆိုးတဲ့ ပုဂ္ဂိုလ်တွေ့တွေ့ ငါတို့လည်း ဒီလိုအဖြစ်ဆိုးမျိုး ကြုံခဲ့ရပြီ"လို့ စိတ်ထဲမှာ နှလုံးသွင်းလိုက်ပါတဲ့။

ဒါဟာ ပတ်ဝန်းကျင်ကို ရှုတတ်၊ မြင်တတ်ဖို့ သင်ကြားခြင်းပဲဖြစ်တယ်ပေါ့။

ဘုရားအလောင်း ဖြစ်လာတော့လည်း ကြည့်လေ၊ ပတ်ဝန်းကျင်ကို ရှုတတ်၊ မြင်တတ်တယ်။ ဘုရားအလောင်းဘဝမှာ သူကိုယ်တိုင် ရှုမြင်တတ်ပုံကို ကြည့်၊ သူအို၊ သူနာ၊ သူသေ၊ ရဟန်းလို့ဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်တာ။ ဗုဒ္ဓဝင်ထဲမှာ ကြည့်မယ်ဆိုရင် သူအိုကို မြင်တဲ့အခါမှာ သာမန်အဘိုးကြီးတစ်ယောက်၊ အဘွားကြီးတစ်ယောက်ကို မြင်တယ်လို့ စိတ်ထဲမှာမရှိဘဲနဲ့ "ငါလည်းပဲ တစ်နေ့မှာ အိုရဦးမှာပဲ" ဆိုတဲ့အတွေးဟာ သူ့ခေါင်းထဲမှာ ရှိသွားတယ်။ အဲဒီအတွေးဟာ အလွန်တန်ဖိုးရှိတဲ့ အတွေးတစ်ခုပဲ။ လူတိုင်းဟာ ဒီအတွေးမျိုးတွေးမိကြတာ မဟုတ်ဘူးနော်။ သာမန်မြင်တဲ့ သဘောလောက်ပဲ တွေးမိကြမှာ။

လူနာတွေ့လို့ရှိရင်လည်း "ငါလည်း တစ်နေ့ နာရဦးမှာပဲ၊ နာခြင်းသဘောကို မလွန်မြောက်နိုင်သေးဘူး" လို့ စဉ်းစားလိုက်ပါ။ ဘုရားအလောင်းက အဲဒီလို စဉ်းစားတယ်နော်။ လူသေနဲ့ တွေ့တဲ့အခါကျတော့လည်း "ဩော် ငါလည်း တစ်နေ့ကျရင် သေရဦးမှာပဲ၊ သေခြင်းတရားကို ငါလည်း မလွန်မြောက်သေးဘူး"လို့ ဒီလို စဉ်းစားတယ်ပေါ့။ ရဟန်းနဲ့တွေ့တဲ့အခါ "ဩော် ဒီလို ဘဝမျိုးဟာ ငြိမ်းချမ်းပြီး မြင့်မြတ်တဲ့ အကျင့်ရှိတယ်" ဆိုတဲ့အတွေးနဲ့ သူကိုယ်တိုင် ဒီဘဝကိုခံယူဖို့ စိတ်ဝင်စားမှု ဖြစ်လာခဲ့တယ်။ ဒါပတ်ဝန်းကျင်ကို ရှုမြင်တတ်ပုံကို ပြောတာနော်။

နောက်တစ်ခါ မြတ်စွာဘုရား ဒေဝဒူတသုတ်မှာ ဟောထားခဲ့တာလည်း ဒီပုံစံပဲ၊ အားလုံးကို ရှုမြင်တတ်ဖို့။ လူတစ်ယောက်ဟာ ကံမကောင်းအကြောင်းမလှလို့ အကုသိုလ်တွေကြောင့် ငရဲဘက်ကို ရောက်သွားတယ်။ သို့သော် ငရဲတံခါးဝလေးဖက်လေးတန်မှာ ယမမင်းကြီးလေးဦးက စောင့်နေတာ။ သူတို့စောင့်တာက သတ္တဝါတွေအပေါ်မှာ ကြင်နာသနားလို့ Volunteer လာလုပ်တာ။ ယမမင်းဆိုတာ အဆိုးမဟုတ်ဘူး။ ငရဲမကျထိုက်တဲ့ ပုဂ္ဂိုလ်တွေ မကျရအောင် ကူညီဖို့လာတာ။ အဲဒီတော့ ယမမင်းက ဘာတွေကူညီနိုင်တုန်းဆိုရင် ပြုဖူးတဲ့ ကုသိုလ်ကောင်းမှုတွေ ပြန်သတိရအောင် ဖော်ထုတ်ပေးမယ်။ ဖော်ထုတ်ပေးလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရင် သူဟာ ငရဲက လွတ်သွားနိုင်တယ်။ ဒီလို အနေအထားမျိုးနဲ့ ယမမင်းက လာစောင့်နေတာနော်။

လူတွေ ထင်နေတာက "ယမမင်းကို ငရဲကို ဆွဲချတဲ့သူ"လို့ ထင်နေတာ၊ မဟုတ်ဘူး။ ကြီးမားတဲ့ငရဲဘုံကြီးရဲ့ တံခါးဝမှာရုံးထိုင်နေတဲ့အနေနဲ့ ငရဲကျမယ့် ပုဂ္ဂိုလ်တွေကို စောင့်ကြိုနေတာသာ ဖြစ်တယ်။ သူဟာ ဝေမာနိက ပြိတ္တာမျိုး ဖြစ်တယ်ပေါ့။ ဝေမာနိက ပြိတ္တာဆိုတာ ဘုံဗိမာန်နဲ့နေထိုင်ရပြီး ချမ်းသာတဲ့အခါ ချမ်းသာ၊ ဆင်းရဲတဲ့အခါ ဆင်းရဲတယ်။ လူတွေလိုပဲ သူလည်းပဲ ဘဝရဲ့ အတွေ့အကြုံတွေကို ခံစားရတယ်။

အဲဒီမှာ အပြစ်မကြီးလွန်းတဲ့ ပုဂ္ဂိုလ်တွေဟာ ငရဲထဲကို တန်းကျမသွားဘဲ ငရဲပတ်ဝန်းကျင်ကို ရောက်လာတတ်တယ်။ အပြစ်ကြီးတဲ့ ပုဂ္ဂိုလ်ကတော့ ချက်ချင်း ငရဲထဲရောက်သွားတယ်၊ သူကျတော့ ယမမင်းရဲ့ အကူအညီမရနိုင်ဘူး။

အပြစ်သိပ်မကြီးတဲ့သူတွေ ငရဲပတ်ဝန်းကျင်ရောက်လာပြီး ငရဲသားတွေက နှိပ်စက်မယ်ဆိုတဲ့အခါ အနှိပ်စက်မခံရအောင် ယမမင်းက အကူအညီပေးတာ။ ငရဲဘုံနားသွားပြီး ယောင်လည်လည်လုပ်ရင်တော့ ဆွဲထည့်ခံရမှာပေါ့နော်။ လူ့ပြည်မှာတောင် ယောင်လည်လည် မလုပ်ရတဲ့နေရာတွေ ရှိတယ်လေ။ ယောင်လည်လည် သွားလုပ်ရင်တော့ ဖမ်းခံရမှာပေါ့။ ငရဲမှာလည်း အဲဒီလိုပဲ ငရဲရောက်ဖို့ ငရဲဘုံနားလေးမှာ ယောင်လည်လည် ဖြစ်နေတဲ့သူတွေကို ယမမင်းကြီးက ခေါ်ပြီးမေးတယ်။ "မင်း လူ့ပြည်မှာတုန်းက ဒေဝဒူတဆိုတဲ့ နတ်တမန်သုံးဦး ပေါ်ပေါက်နေတာကို တွေ့ခဲ့ရဲ့လား" ဆိုတော့ နားမလည်လို့ မတွေ့ခဲ့မိဘူးလို့ ဖြေတယ်။

ယမမင်းကြီးက "အေး . . . မင်း ငါမေးတာ သဘောမပေါက်ဘူးတဲ့။ နတ်တမန်ဆိုတာ တခြားမဟုတ်ဘူး။ နတ်တွေက ပြောတဲ့ စကားဟာ သေချာပေါက်ဖြစ်တာလိုပဲ။ "မင်းလူ့ပြည်မှာ အိုမင်းနေတဲ့ အဘိုးအဘွားတွေ မတွေ့ခဲ့ဘူးလား"။ "တွေ့ခဲ့ပါတယ်"။ "အေး အဲဒီတုန်းက ငါလည်းပဲ အိုရဦးမှာပဲ၊ အိုခြင်းတရားက မလွန်မြောက်နိုင်သေးဘူးလို့ မင်းမစဉ်းစားခဲ့မိဘူးလား" ဆိုတော့ မေ့နေတယ်၊ မစဉ်းစားခဲ့မိဘူး" ဆိုတော့ ယမမင်းကြီးက "ဟင်း" ချပြီး ဘာလုပ်တုန်းဆိုရင် "အေးလေ၊ မင်းမေ့တော့ မင်းမဟုတ်တာတွေ လုပ်မိတာပေါ့၊ မင်းထိုက်နဲ့ မင်းကံပဲ။ ဒီကို မင်းအမေက လွှတ်တာလည်း မဟုတ်ဘူး၊ မင်းအဖေက လွှတ်တာလည်း မဟုတ်ဘူး၊ ဆွေတွေ၊ မျိုးတွေကလွှတ်တာလည်းမဟုတ်ဘူး၊ ဘယ်သူကမှ လုပ်တာမဟုတ်ဘူး၊ မင်းလုပ်တဲ့ကံ မင်းပဲခံရမှာ"။

ငါ တစ်ခုမေးမယ်၊ လူနာကိုရော မတွေ့ခဲ့ဘူးလား"၊ "တွေ့ခဲ့ပါတယ်"။ "အဲဒီတုန်းကရော အသိဉာဏ်ရှိတဲ့ အရွယ်ရောက်လာတဲ့အချိန်မှာ မင်းမစဉ်းစားဘူးလား၊ ငါလည်း နာရဦးမှာပဲ၊ နာခြင်းတရားကို ငါလည်း မလွန်မြောက်နိုင်သေးဘူးဆိုတဲ့ အတွေးလေး မင်းမတွေးခဲ့မိဘူးလား"။ "မေ့နေတယ်၊ မတွေးခဲ့မိဘူး"တဲ့။ "ငါလည်း ကုသိုလ်ကောင်းမှုလုပ်ဦးမှ ဆိုတဲ့စိတ် မဖြစ်ခဲ့ဘူးလား" ဆိုတော့ မဖြစ်ခဲ့ဘူး။ အဲဒီမှာလည်း ယမမင်းကြီးက စုတ်သပ်တယ်။ "အေး မင်းထိုက်နဲ့ မင်းကံပဲ" တဲ့။

ကဲ နောက်တစ်ခု ငါမေးမယ်တဲ့ "လူသေတော့ မင်းတွေ့ဖူးတယ်မှတ်တယ်"ဆိုတော့တွေ့ဖူးတယ်။ "အဲဒီ လူသေတွေကို တွေ့တုန်းက ဩော်ငါလည်း တစ်နေ့ သေရဦးမှာပဲ၊ သေခြင်းတရားကို ငါမလွန်မြောက်နိုင်သေးဘူး၊ ငါကောင်းတာတွေလုပ်မှဖြစ်မယ်ဆိုတဲ့ အတွေးမျိုးမတွေးခဲ့ဘူးလား"။ "မတွေးခဲ့မိဘူး၊ မေ့နေတယ်။ ပျော်သလိုနေခဲ့တယ်"တဲ့။ "အေး အဲဒီလိုဆိုလည်း မင်းထိုက်နဲ့မင်းကံပဲ၊ ငါလည်း ဘာမှမတတ်နိုင်ဘူးဆိုပြီး ယမမင်းကြီးက ငြိမ်နေလိုက်တယ်။ အဲဒီအခါမှာ ငရဲစောင့်တွေကဆွဲပြီး ငရဲကို ပို့ပစ်လိုက်တယ်ပေါ့။ ဒါပါပဲနော်။

အကယ်၍များ ဒီလူက ယမမင်းကိုလည်း အမှုဝေခဲ့တယ်၊ ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့တာ မေ့နေတာဆိုရင် ယမမင်းကြီးက "နေပါဦး၊ မင်းကို ငါပြောမယ်၊ မင်းဘယ်တုန်းက ဘာလုပ်ခဲ့တာလေ၊ ကျောင်းဆောက်ခဲ့တယ်၊ သို့မဟုတ် ဆွမ်းလောင်းခဲ့တယ်၊ လှူခဲ့တယ် မင်းဒါတွေကို ပြန်တွေးလိုက်စမ်း" ဆိုတော့ "ဟုတ်သားပဲ" ဆိုပြီး အတိတ်ကို ပြန်သတိရတဲ့အခါမှာ သူလွတ်သွားတယ်။ ကုသိုလ်ကောင်းမှုကို သတိဖော်ပေးတဲ့အခါ အဲဒီကုသိုလ်စိတ်နဲ့ပဲ ပြန်လွတ်သွားတယ်။ အဲဒီလို ငရဲပြည်ကို ယောင်လည်လည် ရောက်လာတဲ့သတ္တဝါတွေကို ကူညီစောင့်ရှောက်ဖို့ ယမမင်းကြီးက ငရဲဘုံတံခါးဝမှာ ထိုင်စောင့်ခဲ့တာ ဖြစ်တယ်ပေါ့။ အဲဒီမှာလည်းပဲ ပြောချင်တာက ပတ်ဝန်းကျင်ကို ရှုတတ်၊ မြင်တတ်ဖို့ လိုတယ်လို့ ဆိုလိုတယ်ပေါ့။

လူတိုင်းလူတိုင်းဟာ ပတ်ဝန်းကျင်နဲ့ နေ့စဉ်မြင်တွေ့ထိတွေ့နေကြတာဖြစ်တော့ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့အရာတွေကို ရှုမြင်သုံးသပ်ကြည့်တတ်ဖို့ လိုအပ်တယ်။ အဲဒီလိုမကြည့်ဘဲနဲ့ အိုတဲ့လူကို တွေ့ရင်လည်း "သူ့ဟာသူ အိုတာ ငါနဲ့မဆိုင်ဘူး၊ နာတဲ့လူနဲ့တွေ့ရင်လည်း သူ့ဟာသူ နာတာ ငါနဲ့ မဆိုင်ဘူး၊ သေတဲ့လူတွေ့လည်း ငါက မသေဘူး၊ သူ့ဟာသူ သေတာပဲ"ဆိုပြီး မစဉ်းစားဘဲ မနေသင့်ဘူးပေါ့။ ငါလည်း ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ကြုံနိုင်တယ်၊ ကြုံရဦးမှာပဲ၊ မေ့နေလို့ မဖြစ်ဘူး၊ ကုသိုလ်ကောင်းမှုတွေ လုပ်ဦးမှပဲ" ဆိုတဲ့အတွေးမျိုးလေး တွေးတတ်ဖို့။ ဒါကို ပြောတာနော် ပတ်ဝန်းကျင်ကို ရှုမြင်တယ်ဆိုတာ၊ သတိထားပြီး အသိဉာဏ်နဲ့ ဆင်ခြင်ရမယ်။ "ပတ်ဝန်းကျင်ကို ရှုမြင်ခြင်း၊ ဆင်ခြင်ခြင်း ဒီနှစ်ခုပြီးတဲ့အခါမှာ ကိုယ့်ဘဝကို ကိုယ်ပြင်ပါ" လို့ဆိုလိုတယ်ပေါ့နော်။

ကိုယ့်ဘဝ ကိုယ်ရှုမြင် ဆင်ခြင်ပြီး ပြုပြင်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ သူတော်ကောင်းတွေဖြစ်ပြီး သံသရာဝဋ်က လွတ်သွားကြတာပဲ။ အမှတ်တမဲ့နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သံသရာရေယာဉ်ကြောမှာ မျောသွားကြတယ်ပေါ့။ ဒီအကြောင်းလေးကို ၅၅ဝ ဇာတ်ထဲမှာ ၄ဝ၈ ခုမြောက်ဖြစ်တဲ့ ကုမ္ဘကာရဇာတ်မှာပါတဲ့ အကြောင်းအရာလေးတွေကို မှတ်သားနာယူပြီးတော့ ပတ်ဝန်းကျင်ကို ရှုမြင်တတ်ဖို့ လေ့ကျင့်ထားရမယ်။

အနမတဂ္ဂသံယုတ်မှာ မြတ်စွာဘုရားဟောသလိုပဲ၊ အခြေအနေဆိုးတဲ့ ပုဂ္ဂိုလ်တွေကို မြင်ရင် "ငါလည်း ခံခဲ့ရဖူးတယ်၊ သံသရာမှာ ငါလည်း ကြုံခဲ့ဖူးတယ်"၊ ကောင်းတာမြင်မြင် ဆိုးတာမြင်မြင် "ငါလည်း ကြုံခဲ့ရဖူးတယ်၊ ဒါတွေဟာ သံသရာရဲ့ဒုက္ခတွေပဲ၊ ငါတော့ ကောင်းအောင် လုပ်မှပဲ၊ မအိုခင် မနာခင် မသေခင် ငါကောင်းတာလုပ်ရမယ်" လို့ ကောင်းရာတုပြီးတော့ ကောင်းမှုတွေကို ပြုနိုင်ဖို့အတွက် ဆင်ခြင်စဉ်းစားရမယ်။

မြတ်စွာဘုရားဟောတဲ့ ဒေသနာထဲမှာ ကထံဘူတဿ မေ ရတ္တိ ဒိဝါ ဝီတိဂစ္ဆန္တိ ငါ့မှာ နေ့တွေ၊ ညတွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေ ကုန်လာခဲ့တာ ဘာတွေနဲ့ကုန်နေတာလဲ။ တစ်နေ့တာ အချိန်တစ်ခုကို ငါ့မှာဘာနဲ့ကုန်ဆုံးတာလဲ၊ တန်ဖိုးမရှိတဲ့အရာတွေလုပ်ကိုင်ပြီး ကုန်ဆုံးတာလား၊ ကုသိုလ်စိတ်နဲ့ ကုန်ဆုံးတာလား၊ သို့မဟုတ် အကုသိုလ်စိတ်တွေနဲ့ ကုန်ဆုံးသွားတာလား၊ တစ်နေ့ပြီး တစ်နေ့ ငါဟာအသက်ကြီးလာပြီ။ သံသရာရဲ့ ဒုက္ခတွေဟာ အင်မတန်မှကြီးလွန်းလို့ ငါ ကောင်းတာတွေလုပ်ဖို့ လိုအပ်တယ်"လို့ ကိုယ့်ကိုယ်ကိုယ် သတိထားပြီး ဆင်ခြင်သုံးသပ်တတ်ဖို့လိုအပ်တယ်၊ ဆင်ခြင်သုံးသပ်ပြီးမကောင်းသေးရင် ကောင်းအောင် ကုသိုလ်အားနည်းနေရင် များများလုပ်ဖို့ ပြင်ရမယ်။ အဲဒီလို ကိုယ့်ဘဝကို ကိုယ်ပြုပြင်ရမယ်ဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမတရားပဲဖြစ်တယ်ပေါ့။

မြတ်စွာဘုရားက ၄ဝ၈ ခုမြောက်ဖြစ်တဲ့ ကုမ္ဘကာရဇာတ်မှာ ရဟန်းတော်တွေနဲ့ ပတ်သက်ပြီးတော့ ဟောကြားထားတာ ရှိတယ်။ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းဆိုတာ အားလုံးသိကြတဲ့ အတိုင်းပဲ။ ဇေတဝန်ကျောင်းရဲ့ မြေကြီးကို သူဌေးကြီးက ရွှေဒင်္ဂါးအပြည့်ခင်းပြီးတော့ ဝယ်ရတာ။ မြေဖိုးတင်ပဲ ၁၈ ကုဋေ ကုန်ကျတယ်။ ရွှေဒင်္ဂါးတွေကို အစွန်းချင်းထိပြီး ခင်းထားတဲ့ တန်ဖိုးနဲ့ဝယ်ရတာ ၁၈ ကုဋေနော်။ အဲဒီမြေကိုပဲ တစ်ခါတစ်ရံကျတော့ ကောင်ရှိသန္တာရလို့ စာထဲမှာ သုံးတယ်။ အနာထပိဏ်သူဌေးကြီး ကျောင်းဆောက်မယ်ဆိုတော့ ဇေတမင်းသားကို တန်ဖိုးကြီးပေးပြီး ဝယ်ရတာ။

သစ်ပင်ရှိတယ်ဆိုရင်လည်း သစ်ပင်နေရာတွေကို တစ်နေရာမှာ ကွက်ပြီးတော့ သစ်ပင်အတိုင်းအတာ လုပ်ပြီးတော့ အဲဒီဟာ ခင်းရတယ်။ သို့သော် နောက်ပိုင်းကျတော့ ဇေတမင်းသားက ဇေတဝန်ကျောင်းရဲ့ မုခ်ဦးမြေကွက်ကို လှူလိုက်တယ်။ သစ်ပင်တွေ၊ သစ်ပင်နေရာတွေကိုလည်းပဲ ဇေတမင်းသားက ကုသိုလ်ပါဝင်လိုက်တယ်။ သစ်ပင်မရှိတဲ့ နေရာတွေကိုပဲ ခင်းပြီးတော့ ၁၈ကုဋေကုန်ကျတဲ့ ဒင်္ဂါးတွေနဲ့ မြေကြီးကို ဝယ်တယ်။ ကျောင်းဆောက်တော့လည်း ၁၈ ကုဋေနဲ့ ဆောက်တယ်။ ကျောင်းရေစက်ချတော့လည်း ၁၈ ကုဋေ။

ရှေ့တစ်ပတ်ဆက်ရန်

"လူသေတော့ မင်းတွေ့ဖူးတယ်
မှတ်တယ်" ဆိုတော့ တွေ့ဖူးတယ်။
"အဲဒီ လူသေတွေကို တွေ့တုန်းက
ဩော်ငါလည်း တစ်နေ့ သေရဦးမှာပဲ၊
သေခြင်းတရားကို ငါမလွန်မြောက်နိုင်သေးဘူး၊
ငါကောင်းတာတွေ လုပ်မှဖြစ်မယ်ဆိုတဲ့
အတွေးမျိုး မတွေးခဲ့ဘူးလား"။

www.free4readers.com

# ရုပ်ချောပိုက်ဆံရှိ သူဌေးသားကို စိတ်ကူးယဉ်မိတဲ့ ရွှေသမီး



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပယင်း)

ရန်ကုန်၊ စက်တင်ဘာ ၂၃

သရုပ်ဆောင်ကောင်းခြင်းကြောင့် ဇာတ်ကားများရိုက်ကူးခွင့်ရလာပြီဖြစ်သော်လည်း အချစ်ရေးသတင်း မထွက်သည့် ရွှေသမီးက ရုပ်ချောပိုက်ဆံရှိ သူဌေးသားကို မိန်းကလေးဖြစ်ခြင်းကြောင့် စိတ်ကူးယဉ်မိသည်ဟု ဆိုသည်။

"တချို့တွေက ရှိတယ်။ ငွေကြေးချမ်းသာမှ၊ ရုပ်ရည်ချောမောမှ ဘယ်လိုအရည်အချင်းတွေရှိမှဆိုတာ ရှိတော့ ရွှေသမီးအနေနဲ့ဆိုရင် ဒါကတော့ ကိုယ်မှမဟုတ်ပါဘူး။ လူသားတိုင်းမှာ အဲဒီလိုစိတ်ကူးတွေဆိုတာ ရှိပါတယ်။သူတို့စံချိန်စံညွှန်း သတ်မှတ်ထားတာရှိတယ်။ ဒါပေမဲ့ တစ်ခါတလေကျတော့ ဖူးစာမပါတဲ့ဟာတွေ ရှိပါတယ်။ ကိုယ်သတ်မှတ်ထားတာနဲ့ တွက်ထားတာနဲ့က ကိုက်ညီပေမယ့် လွဲချော်သွားတာတွေရှိပါတယ်။ အဲဒီလိုတွေ သတ်မှတ်ထားတာမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ မိန်းကလေးပီပီ လူသားတွေထဲက လူသားဖြစ်တဲ့ အပြင်မိန်းကလေးဖြစ်တဲ့ အတွက်ကြောင့် အဲဒီလိုမျိုး စိတ်ကူးယဉ်တာတွေတော့ ရှိတာပေါ့။ ခုနောက်ပိုင်းဆိုရင် ကိုရီးယားကားတွေပေါ်လာတယ်။ ရိုမန်းတစ်တွေပေါ်လာတော့ အဲဒီမှာရှူးပြီပေါ့။ အဲဒီလိုမျိုး ပြည့်စုံတဲ့သူလေးတွေ့ချင်လိုက်တာ။ ရုပ်လည်းချော ပိုက်ဆံရှိ သူဌေးသားပေါ့။ အဲဒီလိုမျိုးတွေ စိတ်ကူးယဉ်မိတာပေါ့လေ။ ဒါပေမဲ့လည်း တစ်ခါတလေကျတော့ လွဲချော်တာလေးတွေ ရှိပါတယ်။ ဖူးစာပါမပါလည်း ရှိသေးတယ်လေ။ ကိုယ့်ကိုတကယ်ချစ်ပြီး ယုံကြည်ပေးမယ့်သူ ကိုယ့်ကို ဘာမဆိုဖြည့်ဆည်းပေးမယ့်သူ ပုံစံမျိုးဆိုရင် ရပါတယ်။ ဒါကဘုရားပေးတဲ့ ဖူးစာပေါ့" ဟု ပြောသည်။

ရွှေသမီးသည် ဒါရိုက်တာကျော်သားကြီး ရိုက်ကူးသည့် 'မားပြေး' ရုပ်ရှင်ဇာတ်ကားတွင် ခပ်စွာစွာ တောသူမလေးအဖြစ် သရုပ်ဆောင်ထားသည့်အပြင် လက်ရှိတွင် 'တိုင်စာ' ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထားပြီး စက်တင်ဘာလကုန်တွင် 'အလျှံပယ်' ရုပ်ရှင်ဇာတ်ကား ဆက်လက်ရိုက်ကူးသွားမည်ဟု သိရသည်။

# အနုပညာကြေးထက် ပါဝင်သရုပ်ဆောင်ရမည့်နေရာတစ်နေရာကို တန်ဖိုးထားသည့် အောင်မြင့်မြတ်

ရန်ကုန်၊ စက်တင်ဘာ ၂၃



'ဥပါယ်တံမျဉ်' ဇာတ်ကားဖြင့် ပရိသတ်များ လက်ခံအားပေးခြင်းကို ခံလာရသည့် အောင်မြင့်မြတ် အနေဖြင့် လက်ရှိတွင် ယခင်ဇာတ်ကားထဲက ဇန့်ဇာတ်ကောင်အတိုင်းလာ ရောက်ငှားရမ်းနေကြသည့် အတွက် အနုပညာကြေးထက် ပါဝင်သရုပ်ဆောင်ရမည့် နေရာတစ်နေရာကို တန်ဖိုးထားသည်ဟုပွင့်လင်းစွာပြောသည်။

"သူတို့ကတော့ ထုံးစံအတိုင်းပါပဲ။ လာလို့ရှိရင် ဘယ်ဈေးယူလည်းပေါ့။ ကျွန်တော်က သူတို့ကိုဈေးပြောတာ မဟုတ်ဘူး။ ကျွန်တော့်ကို ဇာတ်ပြပေါ့။ ဇာတ်လမ်းကို ကျွန်တော်တောင်းဆိုတယ်။ အဲဒီအခါကြလို့ရှိရင် ငါးယောက် လာလို့ရှိရင် သုံးယောက်၊ လေးယောက်လောက်က ဘာပြောလည်းဆိုတော့ မဟုတ်ဘူး။ ဒီလောကမှာက ဈေးသိမှလုပ်လို့ရမယ်လို့ ပြောကြတယ်။ ဈေးက နောက်ပိုင်းမှလို့ ပြောတာမရဘူး။ ကျွန်တော့်ကို ဇာတ်ကိုအရင်ပေးပါလို့ ပြောတာကို လုံးဝကိုပြောလို့မရကြဘူး။ ကိုယ့်မသိတဲ့ ဇာတ်ကောင်စရိုက်တစ်ခုကို ဈေးမဖြတ်ချင်ဘူး။ စစဦးချင်းမှာပဲ ပြဿနာကတက်နေပြီ။ တော်တော်လေးတော့ ရပ်တည်ရတာခက်တယ်။ ကျွန်တော့်အနေနဲ့ ပြောရရင် ဒီဘက်မှာ အသိပေါ်တယ်လို့လည်း ပြောလို့ရပါတယ်။ တချို့အကြံဉာဏ်တွေ ပေးကြတယ်။ အရမ်းကြိုက်တဲ့ အခြေအနေတစ်ခုမှာဆိုရင်တော့ ဇန့်ဇာတ်ကောင်ကို ပြန်လုပ်ချင်ရင်ပြန်လုပ်မှာပေါ့နော်။ ကျွန်တော့်အနေနဲ့က ပိုက်ဆံထက် ကိုယ်လုပ်ချင်တာလေးကို၊ နေရာတစ်ခုကို ပိုပြီးတန်ဖိုးထားတယ်။ အလေးထားတယ်။ အဲဒီအတွက်ကြောင့်မို့ ကျွန်တော်သိပ်ပြီး မရိုက်ဖြစ်တာပါ။ ရိုက်ချင်တာတွေရှိပါတယ်။ စိတ်ထဲမှာပဲထားပါတယ်။ ထုတ်ပြောလည်း ဘာမှမထူးဘူးလေ။ လာငှားတာတွေ ရှိပါတယ်။ ကိုယ်လည်း ကိုယ့်ပေတံလေးနဲ့တော့ တိုင်းကြည့်ပြီး အဆင်ပြေတာဆိုရင် လက်ခံပါတယ်။ အဆင်မပြေတာဆိုရင် ငြင်းလိုက်တာ များပါတယ်။ အဲဒီလိုငြင်းလိုက်တော့ မိတ်ပျက်တာတွေရှိတာတို့ပေါ့"ဟု ပြောသည်။

လက်ရှိတွင် ဇာတ်လမ်းတွဲများကို လက်ခံရိုက်ကူးရန် ပြင်ဆင်နေသည့်အပြင် ဒါရိုက်တာခရစ္စတီးနားခီ သရုပ်ဆောင်သစ်ရွေးချယ်ရာတွင် ထပ်မံသွားရောက်လျှောက်ထားလျက်ရှိသည်ဟု သိရသည်။ အောင်မြင့်မြတ်သည် 'ဥပါယ်တံမျဉ်'ရုပ်ရှင်ဇာတ်ကားတွင် တည်ငြိမ်အေးဆေးသည့် ဇန့်သရုပ်ဆောင်ဖြင့် ပရိသတ်များ ကြိုက်နှစ်သက်စွာ အားပေးခြင်းခံရသူဖြစ်သည်။♦

# ဆယ်ကျော်သက်အရွယ်ဖြစ်ခြင်းကြောင့် စိတ်ကူးယဉ်ကောင်လေး တစ်လတစ်ယောက် အမြဲပြောင်းနေသည့် ယွန်းယွန်း



ဓာတ်ပုံ-ဇော်မင်းနိုင်(ဒီပယင်း)

ရန်ကုန်၊ စက်တင်ဘာ ၂၃

ဆယ်ကျော်သက်အရွယ်ရောက်နေသည့်အပြင် လက်ရှိတွင် တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေသည့် သရုပ်ဆောင်ယွန်းယွန်း အနေဖြင့် ဆယ်ကျော်သက်အရွယ်ဖြစ်ခြင်းကြောင့် စိတ်ကူးယဉ်ကောင်လေး တစ်လတစ်ယောက် အမြဲတမ်းပြောင်းနေတတ်သည်ဟု အရွှန်းဖောက်ကာ ပြောဆိုလိုက်သည်။

"ညီမ စိတ်ကူးထဲက ကောင်လေးက တစ်လ တစ်ယောက်ကတော့ အမြဲတမ်းပြောင်းနေတာပါ။ ညီမက အစားအသောက်တွေ ဖက်ရှင်တွေက အမြဲတမ်းလိုပြောင်းလဲတတ်သလို၊ ညီမကြိုက်တဲ့ ပုံစံတွေကလည်း ပြောင်းနေတတ်ပါတယ်။ များသောအားဖြင့် အပြင်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာကတော့ ညီမကြိုက်တဲ့ ကောင်လေးပုံစံမျိုးက မပြောင်းပါဘူး။ တွေ့လည်း မတွေ့သေးပါဘူး။ ကိုယ်ကိုယ်တိုင်အတွက် အပြင်ပိုင်းပြောင်းလဲလာတာ မသိသာပေမယ့် စိတ်တွေ၊ ခံစားချက်တွေ၊ အတွေးအခေါ်ပိုင်းတွေ ပြောင်းလဲလာပါတယ်။ ညီမကိုယ်တိုင်ကလည်း university join level လောက်ကို တော်တော်လေးကို ပြောင်းလဲသွားတယ်လို့ ထင်ပါတယ်။ ငယ်ငယ်တုန်းကဆိုရင် ကျောင်းရယ်၊ ရှူတင်ရယ်ပဲ သွားနေရာကနေပြီး တကယ့်ကို life ထဲကို ရောက်သွားတယ်။ တက္ကသိုလ်တက်တော့ လူတွေ အများကြီးနဲ့လည်း တွေ့ရတယ်။ ပတ်ဝန်းကျင် အသစ်တွေလည်းရတယ်။ သူငယ်ချင်းတွေနဲ့လည်း တွေ့ရတာဆိုတော့ ညီမကိုယ်တိုင်က လူငယ်ဘဝ ဆယ်ကျော်သက်မှာ နေရတာ ပျော်ရွှင်မိပါတယ်။ အနုပညာတစ်ဖက်လုပ်နေရင်းနဲ့ကို အပြင်လူတွေရဲ့ lifestyle ကို ပျော်ပါတယ်"ဟု ပြောသည်။

ဇာတ်လမ်းတွဲများ လက်ခံရိုက်ကူးခဲ့သည့် ယွန်းယွန်းက ကောင်လေးတစ်ယောက်ကို နှစ်ယောက်၊ သုံးယောက် ဝိုင်းကြိုက်နေသည့် ဇာတ်လမ်းများကို လက်ခံရိုက်ကူးချင်သည့် စိတ်များမရှိဘဲ ပရိသတ်စိတ်ဝင်စားစေမည့် ဇာတ်လမ်းများကိုသာ ရွေးချယ်ရိုက်ကူးသွားမည်ဟု ဆိုသည်။ လက်ရှိတွင် ကြော်ငြာရိုက်ကူးမှုများ အပါအဝင် လာရောက်ကမ်းလှမ်းထားသည့် ဇာတ်လမ်းတွဲများကို ထပ်မံရိုက်ကူးသွားမည်ဟု သိရသည်။ ယွန်းယွန်းပါဝင် သရုပ်ဆောင်ထားပြီး MRTV-4 က ထုတ်လွှင့်ပြသနေသည့် 'ရွှေမင်းသမီးနှင့်လူလိမ်' ဇာတ်လမ်းတွဲကို ပရိသတ်များ ကြိုက်နှစ်သက်လျက်ရှိသည်ဟု ယွန်းယွန်းက ပြောသည်။

www.free4readers.com



## ဘဏ္ဍာရေးစည်းမျဉ်း လိုက်နာမှုမရှိသည့် မြန်မာ့မီးရထား ထိရောက်စွာ အရေးယူခံရတော့မည်



ရန်ကုန်၊ စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အရ ပစ္စည်းဝယ်ယူမှုများတွင် ဘဏ္ဍာရေးစည်းမျဉ်းကို မလိုက်နာခြင်းကြောင့် ထိထိရောက်ရောက် အရေးယူရန် ပြည်သူ့ငွေစာရင်းကော်မတီမှ အကြံပြုအပ်ပါကြောင်း ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်က ပြောသည်။

စက်တင်ဘာ ၂၄ ရက်က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ မနေ့ အစီအစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ၂၀၁၆- ၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဦးတင့်လွင်က လွှတ်တော်သို့ တင်ပြခဲ့ခြင်းဖြစ်သည်။

"ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားစက်ခေါင်း စက်ရုံ (အင်းစိန်) အနေနဲ့ လိုအပ်တဲ့ စက်ခေါင်းအရန်ပစ္စည်းတွေအတွက် ရုံးချုပ်ကိုတင်ပြပြီး ရုံးချုပ်မှ တင်ဒါခေါ်ပြီး မီးရထားထောက်ပံ့ရေးဌာနမှတစ်ဆင့် စက်ခေါင်းစက်ရုံကို ပို့ပေးပြီး တင်ဒါမှာ မပါဝင်တဲ့ ပစ္စည်းတွေကို ရုံးချုပ်ခွင့်ပြုချက်နဲ့ ဆိုင်သုံးဆိုင် နှိုင်းယှဉ်စျေးနှုန်းများနဲ့ ပြင်ပမှ စာချုပ်ချုပ်ဆိုပြီး ထပ်မံဝယ်ယူခဲ့တယ်။ ကျပ်သိန်း ၅၀ နဲ့အထက် ပစ္စည်းတွေကို တင်ဒါခေါ်ယူမှုမရှိဘဲ ကျပ်သိန်း ၅၀ အောက် ပစ္စည်းဝယ်ယူမှု အသွင်ဆောင်ပြီး တန်ဖိုးများ ထပ်မံခွဲဖြန့်ပြီးတော့ စာချုပ်ချုပ်ဆိုခြင်း၊ ပြေစာခွဲများဖြင့် စာရင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ထားကြောင်းနှင့် ပစ္စည်းဝယ်ယူမှုဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်မှုမရှိကြောင်း တွေ့ရှိတယ်" ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ၎င်းက "တင်ဒါနဲ့ဝယ်ယူတဲ့ ပစ္စည်းအချို့ဟာ နှစ်အတွင်း သုံးစွဲမှု အနည်းငယ်သာရှိပြီး မဝယ်ယူဘဲ စာရင်းဖွင့်လက်ကျန်မှ သုံးစွဲလျှင်ပင် လုံလောက်ရုံမျှမက ပိုလျှံခြင်း၊ ပြင်ပမှ ဝယ်ယူတဲ့ ပစ္စည်းများမှာ စာရင်းဖွင့် လက်ကျန်မရှိဘဲ လတ်တလော ဝယ်ယူမှုများက အမှန်သုံးစွဲမှုထက် အဆများစွာပိုပြီး စာရင်းပိတ် လက်ကျန်များစွာ ကျန်ရှိနေဆဲဖြစ်ကြောင်း ဖော်ပြထားတယ်" ဟု ၎င်းက ပြောသည်။

ပစ္စည်းဝယ်ယူမှုမှာ ဘဏ္ဍာရေးစည်းမျဉ်းအရ သတ်မှတ်ချက်များကို မလိုက်နာဘဲ ကျော်လွှန်ဆောင်ရွက်ခြင်းများအတွက် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သင့်ကြောင်း ကော်မတီမှ အကြံပြုထားသည်။

ကိုငှက်ခါး

## ရဲတပ်ဖွဲ့တွင် မပြည့်စုံမှုများကို အကြောင်းပြု၍ မှုခင်းကျဆင်းရန် ဆောင်ရွက်နိုင်မှု အားနည်းနေရသည်ဆိုသော အကြောင်းတရား ခိုင်လုံပြည့်စုံမှု မရှိဟုဆို

ရန်ကုန်၊ စက်တင်ဘာ ၂၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများတွင် ပစ္စည်းအင်အား၊ လူအင်အား မပြည့်စုံမှုကို အကြောင်းပြု၍ မှုခင်းများ ကျဆင်းစေရန် ဆောင်ရွက်နိုင်မှု အားနည်းနေရသည်ဆိုသော အကြောင်းတရားမှာ ခိုင်လုံပြည့်စုံမှုမရှိကြောင်း လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် (ခ) ဦးဦးဝင်းမောင်က ပြောသည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် သက်ဆိုင်ရာဌာနများတွင် လူအင်အား၊ အထောက်အကူပြု ပစ္စည်းကိရိယာအင်အား မပြည့်စုံမှုများ ရှိနေသည်ကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်သူများက နားလည်သဘောပေါက်ကြပါတယ်။ သို့ပါသော်လည်း ၎င်းမပြည့်စုံမှုများသည် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ကတည်းက ဖြစ်ပေါ်နေသည့် ကိစ္စရပ်ဖြစ်ပါတယ်။ ယခုကာလရောက်မှ ၎င်းမပြည့်စုံမှုများကို အကြောင်းပြုပြီး မှုခင်းများ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်နိုင်မှု အားနည်းနေရသည်ဆိုသည့် အကြောင်းတရားက ခိုင်လုံပြည့်စုံမှု မရှိသည့် အယူအဆ ဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်သည် ရန်ကုန်မြို့၏ လူဦးရေ ၁၀ ရာခိုင်နှုန်းခန့် နေထိုင်သော မြို့သစ်တစ်ခု ဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်၏ တရားဥပဒေစိုးမိုးရေးသည် ရန်ကုန်တိုင်း၏ တရားဥပဒေစိုးမိုးရေးအတွက် အဓိက ဆက်စပ်နေပါတယ်"ဟု ၎င်းက ပြောသည်။

စက်တင်ဘာ ၂၄ ရက်က ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၃ မနေ့၌ လှိုင်သာယာမြို့နယ်အတွင်း ခိုးမှု၊ လုယက်မှု၊ ဖောက်ထွင်းမှုများ ယခုထက် ပိုမိုလျော့နည်းကျဆင်းစေရန် သက်ဆိုင်ရာ ဌာနများအနေဖြင့် ထိရောက်သော အစီအစဉ်များ ချမှတ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ မှုခင်းကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများကို လှိုင်သာယာမြို့နယ်အတွင်း အရှိန်မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို သိရှိလိုကြောင်း မေးမြန်းရာတွင် ထည့်သွင်းပြောဆိုခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လှိုင်သာယာမြို့နယ်သည် ခိုးမှု၊ လုယက်မှု၊ ဖောက်ထွင်းမှုများ ဖြစ်ပေါ်နေသည့် မြို့နယ်များတွင် ထိပ်ဆုံးက ပါဝင်နေပြီး ဆိုင်ကယ်ဖြင့် လုယက်မှုများ နေ့စဉ်ဖြစ်ပွားနေကြောင်း သိရသည်။

"လှိုင်သာယာမြို့နယ်အတွင်း အခုကာလအတွင်း ဖြစ်ပွားခဲ့သော ခိုးမှု၊ လုယက်မှု၊ ဖောက်ထွင်းမှုများအနက် အမှတ် (၁၉) ရပ်ကွက်တွင် ၂၀၁၈ ခုနှစ် ဩဂုတ် ၉ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ခိုးမှု ရှစ်မှု၊ အမှတ် (၁၂) ရပ်ကွက်တွင် စက်တင်ဘာ ၆ ရက်မှ စက်တင်ဘာ ၁၄ ရက်အထိ ခိုးမှု ခြောက်မှုနဲ့ အခြားရပ်ကွက်များတွင်လည်း အလားတူဖြစ်ပွားလျက် ရှိနေပါတယ်။ ဆိုင်ကယ်ဖြင့် လုယက်မှုများလည်း လှိုင်သာယာမြို့နယ်အတွင်း နေ့စဉ်ဖြစ်ပွားလျက် ရှိနေပါတယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် (ခ) ဦးဦးဝင်းမောင်က ပြောသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉၊ ပုဒ်မ ၃၉၂ နှင့် ပုဒ်မ ၄၅၄ တို့သည် ရဲအရေးပိုင်သည့် ပုဒ်မများဖြစ်ကြပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၉ တွင် ရဲတို့၏ ကြိုတင်ကာကွယ် ဆောင်ရွက်နိုင်သော လုပ်ပိုင်ခွင့်များကို ဖော်ပြထားပြီးလည်းဖြစ်ကြောင်း၊ ရဲအရာရှိတိုင်းသည် ကြိုတင်ကာကွယ်ရန် ရည်ရွယ်ချက်ဖြင့် ကြားဝင်ဆောင်ရွက်နိုင်သည့် အပြင် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုတစ်ရပ်ကို ကျူးလွန်မည့်အရေးကို မိမိစွမ်းဆောင်နိုင်သမျှ ကြိုတင်ကာကွယ်ရမည်ဟု အတိအလင်း လုပ်ပိုင်ခွင့်ပေးထားပြီးကြောင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ တရားစီရင်ရေးဌာနများတွင် မှုခင်းများကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများတွင် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ထားပြီး ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက "လှိုင်သာယာမြို့နယ်ဟာ လူဝင်လူထွက်များတဲ့ နယ်မြေဖြစ်ပါတယ်။ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေး လုပ်ငန်းတွေဆောင်ရွက်ဖို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့ရုံးနဲ့ လှိုင်သာယာမြို့မစခန်း သောင်ကြီး ရဲစခန်းတို့နဲ့ ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါတယ်။ ဝင်ထွက်သူတွေ ပိုများလို့ အခြားမြို့နယ်တွေနဲ့စာရင် မှုခင်းတွေ ပိုမိုဖြစ်ပွားတဲ့ နေရာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ဖို့အတွက်ကို ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ယာဉ်တွေနဲ့ လှိုင်သာယာမြို့နယ်မှာ ဖွဲ့စည်းပုံအင်အားထက် ပိုပြီး တာဝန်ချထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိမှာလည်း ဖွဲ့စည်းပုံထက် ပိုပေးထားတာ ရှိပါတယ်။ လက်ရှိမှာ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အနေနဲ့ လင်းယုန်စီမံချက် အဆင့် (၃) ကို ဆောင်ရွက်လျက် ရှိပါတယ်။ ညစဉ် ယာဉ်စစ်ပိတ်ဆို့ လုပ်ငန်းများလည်း ဆောင်ရွက်နေပါတယ်။ ကင်းလှည့်ခြင်းများလည်း ဆောင်ရွက်နေပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

လှိုင်သာယာမြို့နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၂၆ ဒသမ ၀၁ ကျယ်ဝန်းပြီး ရပ်ကွက် ၂၀၊ ကျေးရွာပေါင်း ၉၀၀ ဖြင့် ဖွဲ့စည်းထားကြောင်း၊ အိမ်ထောင်စု ၁၃၄၃၆၊ အိမ်ခြေ ၁၄၉၇၁၇၊ နေထိုင်သူဦးရေ ၆၈၆၈၄၈ ဦး နေထိုင်လျက်ရှိကြောင်း စက်ရုံ၊ အလုပ်ရုံများရှိ၍ အခြေခံလူတန်းစားများ အများဆုံး နေထိုင်သည့် မြို့နယ်ဖြစ်သည်။ ကိုငှက်ခါး

## ရေးမြို့ပေါ်မှလွဲ၍ မြို့နယ်အတွင်း ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသားများ နေထိုင်သွားလာခွင့်မရှိ

ရေး၊ စက်တင်ဘာ ၂၄

ရေးမြို့ပေါ်မှအပ ရေးမြို့နယ် အတွင်း အခြားနေရာများ၌ ခွင့်ပြုချက်မရှိဘဲ နိုင်ငံခြားသားများ နေထိုင်သွားလာခွင့် မရှိကြောင်း ရေးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးခိုင်က ပြောသည်။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်၊ ရက်စွဲပါစာအမှတ်- ၄၀၁ (၂၇၆)/၁၁/ သမ္မတရုံးအရ လုံခြုံရေးကန့်သတ်ချက်ရှိသည့် နယ်မြေများသို့ နိုင်ငံခြားသားခရီးသွားများ၊ သံတမန်များ၊ အခြားအဖွဲ့အစည်းများမှ ခရီးသွားလာရန်ရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနသို့လည်းကောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့အနေဖြင့် တိုင်းစစ်ဌာနချုပ်များသို့ လည်းကောင်း အသိပေးပေါင်းစပ်ညှိနှိုင်းမှု ဆောင်ရွက်ရမည်ဖြစ်ကြောင်း ညွှန်ကြားထားသည်။

"နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်အရ ရေးမြို့ပေါ်မှာ နိုင်ငံခြားသားများ နေထိုင်ခွင့်ပြုထားပါတယ်။ မြို့ပြင်ကိုသွားမယ်ဆိုရင်တော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ခွင့်ပြုချက်လိုအပ်မှာ ဖြစ်ပါတယ်။ ခွင့်ပြုချက်မရှိဘူးလို့ စစ်ဆေးတွေ့ရှိခဲ့ရင် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး လတ်တလော ပြဋ္ဌာန်းချက်များ အက်ဥပဒေ ဗီဇာ စည်းကမ်းဖောက်ဖျက်တဲ့ ပုဒ်မ-၁၃ (၁)နဲ့ တရားစွဲဆိုသွားမှာ ဖြစ်ပါတယ်"ဟု ဦးမျိုးခိုင်က ဆိုသည်။

နိုင်ငံခြားသားများအနေဖြင့် ရေးမြို့ပေါ်တွင် လာရောက်နေထိုင်မည့်ဆိုရင်လျှင် ကုမ္ပဏီများက တာဝန်ရှိသူ တိုင်းရင်းသားတစ်ဦးကနေ နိုင်ငံခြားသားနေထိုင်သော အိမ်ရှင်ထံမှ အိမ်ရှင်၊ အိမ်ငှား စာချုပ်ချုပ်ဆိုရမည်ဖြစ်ကြောင်း၊ သက်တမ်းရှိသော ကုမ္ပဏီလက်မှတ်၊ ပုံစံ-၆၊ ပုံစံ-၂၆ တို့နှင့်အတူ နိုင်ငံခြားသားရောက်ရှိသည့်အချိန်မှ နိုင်ငံကူးလက်မှတ်၊ ဗီဇာ၊ ရှက်စွဲ၊ နေထိုင်ခွင့် စသောအချက်အလက်ပြည့်စုံစွာပါဝင်သော မိတ္တူများကို မြို့နယ် လ. ဝ. က ရုံး၌ ၂၄ နာရီအတွင်း လာရောက်လျှောက်ထားနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

ယခုနှစ် ဇွန်လ ၄ ရက်က ရေးမြို့နယ် လမိုင်းမြို့၌ ခွင့်ပြုချက်မရှိဘဲ နေထိုင်သူ တရုတ်နိုင်ငံသား လေးဦးအား လမိုင်းနယ် မြေရဲစခန်းမှ ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ-၄(၂) အရ အမှုဖွင့် အရေးယူ ဆောင်ရွက်ထားသည်။

"ရေးမြို့နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေကလည်း NCA လက်မှတ်ရေးထိုးထားကြတာဖြစ်တဲ့အတွက် လက်နက်ကိုင်ပဋိပက္ခလည်း အတော်နည်းသွားပြီ။ လုံခြုံရေးအရ ထိုက်သင့်သလောက် စိတ်ချရပြီးလို့ ယူဆလို့ရပါတယ်"ဟု ရေးမြို့ခံတစ်ဦး ဖြစ်သူ ဦးအောင်နိုင်ဝင်းက သုံးသပ်ပြောဆိုသည်။ မွန်ပြည်နယ်အတွင်း ကျိုက်ထို၊ ပေါင်၊ မော်လမြိုင်၊ ချောင်းဆုံနှင့် မုဒုံမြို့နယ်များအတွင်း နိုင်ငံခြားသားများ သွားလာခွင့်ပြုထားသော်လည်း ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့် ရေးမြို့နယ်များအတွင်း မြို့ပေါ်တွင်သာ နေထိုင်သွားလာခွင့်ပြုထားပြီး မြို့ပြင်သို့ သွားလာပါက ခွင့်ပြုချက် ရယူရမည်ဖြစ်ကြောင်းနှင့် ကျိုက်မရောမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များ အတွင်း ခွင့်ပြုချက်ရယူပြီးမှသာ နေထိုင်ရန် သတ်မှတ်ထားကြောင်း သိရသည်။

နေမင်း

## ကင်ဆာရောဂါများနှင့်ပတ်သက်၍ စင်ကာပူရှိ ဆရာဝန်များနှင့် မြန်မာဆရာဝန်များ အတွေ့အကြုံဖလှယ်



ရန်ကုန်၊ စက်တင်ဘာ ၂၂

ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသည့် ရင်သားကင်ဆာ၊ အူကင်ဆာရောဂါများ အကြောင်းကို စင်ကာပူရှိဆရာဝန်များနှင့် မြန်မာ ဆရာဝန်များ၏ အတွေ့အကြုံဖလှယ်ခြင်းအား စက်တင်ဘာလ ၂၂ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ "ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါဖြစ်ပွားမှုက အရင်တုန်းကထက်စာရင် များများလာတယ်ဆိုတာကို တွေ့ရပါတယ်။ အဓိကတော့ ရင်သားကင်ဆာ။ အူကင်ဆာနဲ့ ဓာတ်ရောင်ခြည်နဲ့ ပတ်သက်တာတွေကို လာရောက်ဆွေးနွေးတာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့်လည်း စင်ကာပူနိုင်ငံက ဆရာဝန်တွေရဲ့ အတွေ့အကြုံတွေကို ဒီက ဆရာဝန်တွေသိအောင် ဆောင်ရွက်ပေးတာပါ"ဟု Zar & Zar ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာမျိုးသက်က ပြောသည်။

လက်ရှိတွင် ကင်ဆာရောဂါဖြစ်ပွားမှုမှာ မြန်မာနိုင်ငံနှင့် ကမ္ဘာအနှံ့တွင် ဖြစ်ပွားမှုများပြားလာသည်ကို တွေ့ရှိနေရပြီး စင်ကာပူနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေမှုအား အတွေ့အကြုံနှင့် နည်းပညာတိုးတက်လာမှုအားအသိပညာဖလှယ်နိုင်ရန် စင်ကာပူရှိ Concord International Hospital Singapore နှင့် မြန်မာပြည်ရှိ Zar & Zar ကုမ္ပဏီတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

"အရေးကြီး ပြောချင်တာတော့ အခု ကင်ဆာရောဂါတွေ ဖြစ်လာကြတယ်။ နောက်ကျမှသိရင် ကုရတာလည်း ခက်တယ်။ ငွေကြေးလည်းပိုကုန်ကျတယ်။ အဲဒီတော့ မရှက်ကြပါနဲ့၊ မကြောက်ကြပါနဲ့ တချို့အမျိုးသမီးတွေဆို ရင်သားကင်ဆာဖြစ်ရင် ရှက်ကြကြောက်ကြတယ်။ စောစောစီးစီးဆရာဝန်နဲ့ပြရင် ပိုမိုကောင်းမွန်ပါတယ်လို့ပြောချင်ပါတယ်"ဟု Zar & Zar ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာမျိုးသက်က ပြောသည်။ အတွေ့အကြုံဖလှယ်ပွဲတွင် အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး Professor Dr.Francis Seow Choen က စအိုကင်ဆာ ခွဲစိတ်နည်းလမ်းများ၊ Dr.Ong Kong Wee က ရင်သားကင်ဆာအတွက် နောက်ဆုံးပေါ် ခွဲစိတ်ကုနည်းများ၊ Dr.Daniel Tan Yat Harn ကလည်း ရင်သားကင်ဆာအတွက် နောက်ဆုံးပေါ် ဓာတ်ရောင်ခြည်ဖြင့် ကုသနည်းများစသည်တို့အား ဆွေးနွေး၍ အသိပညာဖလှယ်ခဲ့ကြောင်း သိရသည်။ ထက်သာနိုင်

www.free4readers.com



# ဂျင်း(ချင်း)ထည့်ချင်တိုင်း ထည့်ခံနေရတော့မှာလား

**– မင်းချစ်နိုင် –**




စက်တင်ဘာ ၂၂ ရက်က မြန်မာအစိမ်းရောင်ကွန်ရက် တာဝန်ခံရယ်၊ စာရေးသူရယ်၊ အောင်ပင်လယ် လူမှုဝန်းကျင်မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာရယ်၊ ကိုသွင်မောင်မောင်ရယ် မြန်မာအစိမ်းရောင်ကွန်ရက် တွေ့ဆုံပွဲအတွက် သွားရေးလာရေး၊ နေရေးထိုင်ရေး ကိစ္စတွေ ဆွေးနွေးဖြစ်တယ်။ ဒီနှစ် တွေ့ဆုံပွဲကျင်းပမယ့် ကယားပြည်နယ်ရဲ့ သဘာဝပတ်ဝန်းကျင်အခြေအနေ၊ လူမှုဘဝအခြေအနေတွေကိုလည်း ပြောဖြစ်တယ်။ ကိုသွင်မောင်မောင်က အဲဒီဒေသတွေကို လှည့်လည်သွားလာ၊ အလုပ်လုပ်နေတာကြောင့် အဲဒီဒေသအကြောင်း တော်တော်လေးသိပါတယ်။ သူပြောပြတာတွေက စာရေးသူတို့အတွက်လည်း တော်တော်လေး အထောက်အပံ့ဖြစ်ပါတယ်။ ထားပါတော့။ စာရေးသူပြောချင်တာ အဲဒီအကြောင်း မဟုတ်ပါဘူး။ စာရေးသူတို့ စကားပြောနေရင်း ကိုသွင်မောင်မောင် ပြောတဲ့စကားတွေထဲက စာရေးသူစိတ်ဝင်စားမိတဲ့ အကြောင်းအရာလေးတွေကို ပြန်ပြောပြချင်မိတာပါ။ သူပြောတာနဲ့ စာရေးသူသိတာလေးတွေကို ပေါင်းစပ်ပြီး ပြောပါမယ်။ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာစေဖို့မဟုတ်ဘဲ တိုင်းပြည်နဲ့ လူမျိုးကောင်းဖို့အတွက် ရည်ရွယ်ပါတယ်။

ကိုသွင်မောင်မောင်က "တရုတ်တွေဟာ ဝါးနဲ့ပတ်သက်တဲ့ စက်ရုံတွေလာတည်ဆောက်ပြီး ဝါးတွေကို စည်းမဲ့ကမ်းမဲ့ ခုတ်ယူအသုံးပြုတဲ့အတွက် ဝါးတောတွေ ပျက်စီးပြုန်းတီးကုန်တဲ့ကြောင်း၊ နောက်ပြီး ဖရဲစိုက်ခင်းတွေ၊ ပြောင်းစိုက်ခင်းတွေ၊ ငှက်ပျောစိုက်ခင်းတွေကြောင့် မြေဆီလွှာပျက်စီးသလို တောင်သူတွေလည်း ဒုက္ခရောက်နေရကြောင်း"ပြောပါတယ်။ "အစကကတော့ ကောင်းသလိုနဲ့ နောက်ပိုင်းမှာ ဒုက္ခရောက်တော့တာပဲ။ သူတို့မျိုးစေ့နဲ့ စိုက်ရတယ်။ သူတို့ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးကိုပဲ သုံးရတယ်။ ဆေးတွေကလည်း အရမ်းပြင်းတယ်။ ဒါကြောင့် မြေဆီလွှာတွေ ပျက်စီးကုန်တယ်။ ကြုံကြိုက်ရင် ဒါတွေကိုထည့်ပြောပါဦး"လို့ သူကပြောတယ်။ သူပြောတာတွေက စာရေးသူ ကြားနေရတာ ကြာပါပြီ။ ဆောင်းပါးအချို့မှာလည်း စာရေးသူ ထည့်ရေးခဲ့ဖူးပါတယ်။ အခုသူကိုယ်တိုင်မြင်တွေ့ သိရှိခဲ့တာတွေကို စာရေးသူ ထပ်သိရတာပါ။ ဒါတွေဟာ မြန်မာပြည်နဲ့ မြန်မာလူမျိုးတွေရဲ့ အနာဂတ်အတွက် စိုးရိမ်စရာကိစ္စတွေပါ။ မြန်မာအစိုးရရော ပြည်သူတွေပါ သတိထားသင့်တယ်လို့ စာရေးသူ ယူဆမိပါတယ်။

တရုတ်တွေဟာ မြန်မာပြည်ထဲလာပြီး စာရေးသူတို့ တိုင်းပြည်နဲ့ လူမျိုးတွေကို ခြယ်လှယ်ကုတ်သွေးစုပ်နေတာ အားလုံးအသိပါပဲ။ သူ့ငွေနဲ့သူ ရင်းနှီးမြှုပ်နှံပြီး ရိုးရိုးသားသား လုပ်ကိုင်စားသောက်တာမျိုးကတော့ ဘာမှပြောစရာမလိုပါဘူး။ အခုဖြစ်နေတာတွေကတော့ သာမန်စီးပွားရှာတာမျိုး မဟုတ်ဘဲ တိုင်းပြည်ကိုပါ ဖျက်ဆီးနေသလို ဖြစ်နေပါတယ်။ (ဒီနေရာမှာ တရုတ်အစိုးရနဲ့ ပြည်သူတွေကို ပြောတာမဟုတ်ဘူးဆိုတာတော့ နားလည်စေချင်ပါတယ်။) အဓိကကတော့ ကိုယ့်အတွက် ပိုက်ဆံရဖို့ပဲသိတဲ့ တရုတ်ခရိုနီတွေကို ပြောတာပါ။ ဥပမာလေးတွေနဲ့ ပြောချင်ပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလက တရုတ်ပြည်မှာ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေလို့ ကြက်ဥတွေကို ဖျက်ဆီးဖို့ အာဏာပိုင်တွေက ညွှန်ကြားခဲ့ပါတယ်။ တရုတ်စီးပွားရေးသမားတွေက မဖျက်ဆီးပစ်ဘဲ မြန်မာပြည်တွင်းကို ကုန်လမ်း၊ ရေလမ်းနဲ့ အလုံးအရင်းတင်သွင်းခဲ့တယ်။ (အဲဒါနဲ့ပတ်သက်ပြီး စာရေးသူ ဆောင်းပါးရေးခဲ့သလို သတင်းစာတွေ ဂျာနယ်တွေမှာလည်း သတင်းတွေဖော်ပြခဲ့ပါတယ်။) မြန်မာဘက်မှာရှိတဲ့ ဝိသမလောဘသား စီးပွားရေးသမားအချို့ကလည်း လက်ခံရောင်းချခဲ့ကြပါတယ်။ ဒါပေမဲ့ ဒီကိစ္စကို ဘယ်သူကမှ အရေးမယူခဲ့ပါဘူး။ တော်တော်စိတ်ပျက်၊ ဒေါသထွက်စရာ ဖြစ်ခဲ့ရပါတယ်။

ဒါဟာ မြန်မာပြည်ကို ပြည်ပနိုင်ငံတွေက အချဉ်လို သဘောထားပြီး ဂျင်း(ချင်း) ထည့်တဲ့လုပ်ရပ်တွေပါပဲ။ ဒီလိုဖြစ်စဉ်တွေဟာ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး စသဖြင့် နယ်ပယ်အသီးသီးမှာ မကြာခဏဆိုသလို ဖြစ်ပွားနေခဲ့တယ်။ စာရေးသူအနေနဲ့ကတော့ သဘာဝပတ်ဝန်းကျင်နဲ့ သက်ဆိုင်တဲ့ကိစ္စရပ်တွေကို အဓိက ပြောလိုပါတယ်။ တရုတ်နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသည်းအသန်ကြိုးစားရင်း သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေနဲ့ကြုံတွေ့ခဲ့ရပါတယ်။ ဒါပေမဲ့ သူတို့ဟာ သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းဖို့ ကြိုးစားခဲ့တယ်။ သစ်တောတွေကို ထိန်းသိမ်းခြင်း၊ ပြန်လည်စိုက်ပျိုးခြင်းတွေ လုပ်ဆောင်ပြီး လေထုညစ်ညမ်းမှုကို လျှော့ချဖို့ လုပ်ဆောင်ခဲ့တယ်။ တစ်ဖက်မှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်တဲ့လုပ်ငန်းတွေ ထပ်မံလုပ်ဆောင်မှုကို ရပ်နားခဲ့ပါတယ်။ စီမံကိန်းတွေ လုပ်ချင်ရင်လည်း ဖွံ့ဖြိုးတိုးတက်မှုကို အာသာငမ်းငမ်း လိုအပ်နေတဲ့ နိုင်ငံတွေဆီမှာ လုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။

အဲဒီအထဲမှာ မြန်မာပြည်လည်း အပါအဝင် ဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ မြန်မာပြည်က ရေနံ၊ သဘာဝဓာတ်ငွေ့၊ ရွှေ၊ ကြေးနီ၊ ကျောက်စိမ်း အစရှိတဲ့ တွင်းထွက်သယံဇာတတွေကို နည်းလမ်းမျိုးစုံနဲ့ ထုတ်လုပ်နေတဲ့အပြင် ရေအားလျှပ်စစ်စီမံကိန်း၊ ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေး စီမံကိန်း၊ ဘိလပ်မြေစက်ရုံ စီမံကိန်းတွေကိုလည်း လုပ်ဆောင်နေကြတယ်။ လုပ်ဆောင်ခွင့်ရဖို့ ကြိုးပမ်းနေကြတယ်။ ဒီအထိ ပြဿနာမဟုတ်သေးပါဘူး။ ပြဿနာကတော့ အဲဒီစီမံကိန်း တော်တော်များများဟာ မြန်မာပြည်နဲ့ ပြည်သူတွေအတွက် အကျိုးခံစားခွင့်နည်းနည်းနဲ့ ထိခိုက်မှုများများ ကြုံတွေ့နေဆဲနဲ့ ကြုံတွေ့ရနိုင်တဲ့ စီမံကိန်းတွေဖြစ်နေတယ်။ တရုတ်ဟာ သူ့တိုင်းပြည်မှာ ရေအားလျှပ်စစ်စီမံကိန်းတွေ အကြီးအကျယ်လုပ်ဆောင်ခဲ့တဲ့အတွက် မြစ်ချောင်းတွေ ထိခိုက်ပျက်စီးကုန်တယ်။ ဒါကြောင့် မြန်မာပြည်ဘက်ကို လှည့်လာတယ်ဆိုတာ မှတ်တမ်းတွေအရ သိရပါတယ်။ ကျောက်မီးသွေးစက်ရုံတွေကြောင့် တရုတ်နိုင်ငံမှာ လေထုညစ်ညမ်းမှုတွေ၊ ကျန်းမာရေးထိခိုက်မှုတွေ ဆိုးဆိုးရွားရွား ဖြစ်ပေါ်နေပါတယ်။ တရုတ်အစိုးရက နိုင်ငံတွင်းမှာရှိတဲ့ ကျောက်မီးသွေးစက်ရုံတွေကို လျှော့ချတဲ့အပြင် နောက်ထပ်လည်း တည်ဆောက်ခွင့် မပြုတော့ပါဘူး။ အဲဒီအခါမှာ အချဉ်ဖမ်းလို့ရတဲ့ ဂျင်းထည့်လို့ရတဲ့ မြန်မာပြည်မှာ တည်ဆောက်ဖို့ ကြိုးစားခဲ့တော့တာပဲ။

နောက်ပြီး တရုတ်ပြည်ကနေ ပြန်လာတဲ့သူတိုင်း၊ တရုတ်- မြန်မာနယ်စပ်ရောက်ဖူးတဲ့သူတိုင်းမှာ ပြောနေကျ စကားရှိပါတယ်။ အဲဒါဘာလဲဆိုရင် တရုတ်က မြန်မာပြည်က သစ်တွေကို တရားမဝင် ဝယ်ယူရောင်းချနေပေမယ့် သူ့တိုင်းပြည်က သစ်တော သစ်ပင်ကိုတော့ လုံးဝ မထိတွေ့ခဲ့ပါဘူး။ မြန်မာပြည်ဘက်မှာ သစ်တောတွေ ပြုန်းတီးခြောက်ကပ်နေပေမယ့် တရုတ်ပြည်ဘက်မှာတော့ သစ်တောတွေဟာ စိမ်းလန်းစိုပြည်နေတယ်တဲ့။ သစ်ပင် သစ်တော ဖျက်ဆီးတဲ့သူကို တိုင်းပြည်ဖျက်ဆီးတဲ့သူအဖြစ် သတ်မှတ်ပြီး သေဒဏ်ပေးတဲ့အထိတောင် အရေးယူခဲ့တယ်လို့လည်း ကြားဖူးခဲ့ပါတယ်။ အဲဒါကြောင့် တရုတ်နိုင်ငံဟာ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှု အများဆုံး ပိုင်ဆိုင်ထားတဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်ခဲ့သလို ငါးနှစ်အတွင်း သစ်တောပြန်လည်တိုးတက် ကောင်းမွန်လာတဲ့ နိုင်ငံတွေထဲမှာလည်း အဆင့်(၁) ဖြစ်နေခဲ့တယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံကတော့ ကမ္ဘာ့သစ်တောပြုန်းတီးမှု တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေခဲ့ရတယ်။ ဒါတင် မကသေးပါဘူး။ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံဆီက မိကျောင်းအန်ဖတ်လို အပင်မျိုးကနေ ကျွန်းသစ်ကဲ့သို့ တန်ဖိုးကြီးအပင်တွေအထိ တရားမဝင်ဝယ်ယူခဲ့တယ်။ တောက်တဲ့၊ သင်းခွေချပ်လို အကောင်ငယ်တွေကနေ ကျား၊ ဆင်စတဲ့ အကောင်ကြီးတွေအထိ တရားမဝင်ဝယ်ယူခဲ့တယ်။ ဒီဖြစ်စဉ်တွေကို ကြည့်ပြီး မြန်မာပြည်သားတစ်ယောက်အနေနဲ့ စာရေးသူ ခံပြင်းဒေါသထွက်ရပါတယ်။ စိတ်ထဲလည်း တော်တော်ကြေကြေကွဲကွဲ ဖြစ်ရပါတယ်။ ဒါတွေကို မြန်မာနိုင်ငံအစိုးရတွေက မသိလို့လား၊ သိရက်နဲ့ မသိချင်ယောင်ဆောင်ပြီး ကိုယ်ကျိုးအတွက် လုပ်ခဲ့ကြတာလားတော့ စာရေးသူမသိပါဘူး။ သေချာတာကတော့ ဒါတွေဟာ မြန်မာပြည်မှာ အမှန်တကယ်ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ကိစ္စတွေပါပဲ။

ဒါတွေဟာ ကိုသွင်မောင်မောင်နဲ့ စကားပြောပြီးနောက်ပိုင်းစာရေးသူ စပ်ဆက်တွေးမိတဲ့ ကိစ္စရပ်တွေပါ။ တစ်နည်းအားဖြင့် မြန်မာပြည်ကို ထည့်ချင်တိုင်းထည့်နေတဲ့ ဂျင်းတွေပါပဲ။ မြန်မာပြည်ကို ဂျင်းထည့်နေတာ တရုတ်ကြီးတစ်ဦးတည်းတော့ မဟုတ်ပါဘူး။ ပြည်ပနိုင်ငံတိုင်းလိုလိုက ရရင်ရသလောက် ထည့်နေကြတာပါ။ ဒီနေရာမှာ ဂျင်းထည့်တဲ့လူကိုချည်း အပြစ်တင်နေလို့ မရပါဘူး။ အဓိကကတော့ ဂျင်းအထည့်ခံနေတဲ့သူတွေကိုပဲ အပြစ်တင်ရမှာပါ။ အများအကျိုးဆိုတာထက် ကိုယ့်အကျိုးကိုယ်ကြည့်ပြီး လုပ်ခဲ့တာတွေကြောင့်၊ ဘယ်သူသေသေ ငတေမာရင်းပြီးရော လုပ်ရပ်တွေကြောင့် ဒီ အဖြစ်အပျက်တွေ ဖြစ်ခဲ့ရတာလို့ စာရေးသူ ယူဆမိပါတယ်။ စိုက်ပျိုးရေးမှာ တရုတ်နိုင်ငံက လာလုပ်နေတဲ့ ပြောင်း၊ ငှက်ပျော၊ ဖရဲတွေကြောင့် မြန်မာ့မြေဆီတွေ ပျက်စီးရတာ အခုနောက်ပိုင်းမှပါ။ ဒါတွေ မတိုင်ခင်က တည်းက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတစ်ခါမှ အသုံးမပြုဖူးတဲ့ တောင်သူတွေကို အစိုးရက ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ အတင်းသုံးခိုင်းတယ်။ စပါးတစ်သီးကနေ နှစ်သီးဖြစ်အောင် စိုက်ခိုင်းတယ်။ အဲဒါကြောင့် လက်ရှိမှာ မြန်မာ့လယ်ယာမြေတွေဟာ ပျက်စီးပြီး ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ မသုံးဘဲစိုက်ရင် စပါးမထွက်တော့တဲ့ အခြေအနေတွေ ဖြစ်ကုန်တယ်။ ဒီအခြေအနေမှာ ပိုက်ဆံချမ်းသာတဲ့သူတွေက ပိုချမ်းသာပြီး ဆင်းရဲတဲ့သူတွေက ပိုမိုဆင်းရဲကုန်တယ်။ အလယ်အလတ် တန်းစားအဆင့် တောင်သူတွေထဲမှာတောင် လယ်မဲ့ယာမဲ့ တောင်သူတွေ ရှိလာခဲ့တယ်။ ဒီလိုဖြစ်ပျက်နေပေမယ့် ဘယ်အစိုးရကမှ ပြန်လည်စိစစ်သုံးသပ်ပြီး အရေးယူမှုတွေလုပ်ခဲ့တာ မတွေ့ရပါဘူး။ နောက်ပြီး အဲဒီဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေဟာ သူများနိုင်ငံတွေက ဖျက်ဆီးပစ်မယ့် စွန့်ပစ်ပစ္စည်းတွေကို မြန်မာပြည်ကို တင်သွင်းလာတာလို့ သိရတဲ့အခါ စာရေးသူတော်တော် စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

အချုပ်ဆိုရရင်တော့ ဒါတွေအားလုံး စာရေးသူ ပါးစပ်ထဲတွေ့တာ၊ ထင်ရာမြင်ရာ လျှောက်ပြောနေတာ မဟုတ်ပါဘူး။ တရားဝင်ထုတ်ပြန်ခဲ့တဲ့ သတင်းတွေ၊ သုတေသနစာတမ်းတွေ၊ စာရေးသူကိုယ်တိုင်ကြားခဲ့၊ တွေ့ကြုံခဲ့ရတာတွေကို အခြေခံပြီး ပြောရတာပါ။ ပြောတယ်ဆိုတာကလည်း မြန်မာပြည်နဲ့ ပြည်သူလူထုတွေကို ဂျင်းတွေ ထည့်ချင်တိုင်းထည့်နေတာကို မခံမရပ်နိုင်ဖြစ်လို့ပါ။ ဒါပေမဲ့ စာရေးသူလည်း ပြောရုံရေးရုံကလွဲပြီး ဘာမှ မတတ်နိုင်ပါဘူး။ ဒီကိစ္စတွေကို နိုင်ငံတော်အစိုးရကိုယ်တိုင်က အသိပညာ အမြော်အမြင်ပြည့်ဝစွာ၊ လိမ္မာပါးနပ်စွာနဲ့ ကိုင်တွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အစိုးရ အဆက်ဆက်က ကိုယ်ကျိုးကြည့်ပြီး ပြည်ပနိုင်ငံတွေရဲ့ ဂျင်းထည့်တာကို ခံခဲ့ရပေမယ့် ဒီနေ့ပြည်သူ့အစိုးရလက်ထက်မှာတော့ မြန်မာပြည်ဟာ ပြည်ပနိုင်ငံတွေရဲ့ ဂျင်း(ချင်း) ထည့်ချင်တိုင်း ထည့်လို့ရတဲ့ အချဉ်တိုင်းပြည်မဟုတ်ဘူးဆိုတာ သက်သေပြဖို့လိုပါတယ်။ ။

မင်းချစ်နိုင်

စာ (၃၄) အနုပညာအင်တာဗျူး မှအဆက်

သူတို့ကို အတတ်နိုင်ဆုံးတော့ နောက်ကနေပြီး တွန်းအားပေးမယ်။ ပံ့ပိုးပေးမယ်။ ဒါပေမဲ့ သူတို့ရဲ့အစွမ်းက ဘယ်လောက်ရှိလည်းဆိုတာကို အစ်မကြည့်ရပါဦးမှာပေါ့လေ။ ပိုက်ဆံထုတ်ရင် အစ်မတို့အဖွဲ့ကပဲ ထုတ်ပေးရမှာဆိုတော့ တကယ်လို့များ အစ်မတို့အဖွဲ့မှာ ငွေပေါလာလို့ရှိရင်တော့ အစ်မနဲ့ လက်တွဲခဲ့ဖူးတဲ့ မင်းသား၊ မင်းသမီးတွေဆိုရင် စိတ်ချနေရလောက်တဲ့ အနေအထားရှိနေတော့လေ သူတို့ကို အလုပ်ရစေချင်ပါတယ်။

**Speaker ။ ။ အစ်မအနေနဲ့ ဘယ်လိုရုပ်ရှင်မျိုးက အစ်မရဲ့ အနုပညာ အာသီသကို ဖြစ်စေလဲ။**

CTK ။ ။ ဒီကားတွေ တစ်ကားမှ မကြည့်ရသေးဘူး။ မကြည့်ရသေးတော့ ပြောလို့ ခက်တယ်ပေါ့နော်။ အစ်မရဲ့လုပ်ဆောင်မှုက ဥရောပရုပ်ရှင်မှ ကောင်းတယ်။ ဟောလိဝုဒ်က သိပ်မကောင်းဘူး။ တချို့ကလည်း ဟောလိဝုဒ်မှကောင်းတယ်။ Art of Film မှ Art ဖြစ်တယ်။ အဲဒီလိုမျိုး ဘယ်တော့မှ အစ်မ မထားဘူး။ အစ်မအတွက် အရသာတစ်ခုခုကို ပေးတယ်ဆိုရင် ဒါဟာကောင်းတဲ့ ရုပ်ရှင်ပဲ။ ဒါဟာ ကြည့်သင့်ရင် ကြည့်မယ်။

**Speaker ။ ။ မြန်မာ့ရုပ်ရှင်တွေ နိုင်ငံတကာမှာ ပြနိုင်ဖို့ဆိုရင် ဘယ်လို အချက်တွေ စဉ်းစားသင့်လဲ။**

CTK ။ ။ အဓိကက ဇာတ်လမ်းအရည်အသွေးပါပဲ။ ဒါကို ယူနီဗာဆယ်က နားလည်ရမယ်ပေါ့။ ကိုယ့်ဗမာပဲ။ ငါတော့ ဗမာအရသာပဲ။ ဗမာပုံစံပဲ ကြိုက်တယ်။ ဗမာပဲဆိုပြီး လုပ်လို့မရပါဘူး။ ယူနီဗာဆယ်လ်က နားလည်အောင် လုပ်ရမယ်ပေါ့နော်။ နောက်တစ်ခုက။ သရုပ်ဆောင်ချက်ပါ။ သရုပ်ဆောင်မှုကလည်း အရမ်းအရေးကြီးပါတယ်။ ဒီဇာတ်လမ်းကို ပြောပြရမယ့်သူပေါ့။ သူကဇာတ်လမ်းကို ထွက်ပြောပြရတဲ့ သူလေ။ ဒီဇာတ်လမ်းကို သယ်ဆောင်သွားမယ့်သူရဲ့ သရုပ်ဆောင်ချက်က ထိထိမိမိ မရှိဘူးဆိုရင် နိုင်ငံတကာမှာတော့ တိုးရခက်လိမ့်မယ်ထင်တယ်။

**Speaker ။ ။ ဒီနေ့ European Film Festival 2018 နဲ့ ပတ်သက်ပြီး ပြောပေးပါဦး။**

CTK ။ ။ ဒီနေ့ European Film Festival 2018 ပွဲတော်ကြီး အောင်မြင်ပါစေပေါ့။ ခုလို အစ်မတို့ နိုင်ငံမှာလာပြီးတော့ ရုပ်ရှင်ပွဲတော်တွေကို လာလုပ်ပေးတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်။ ရုပ်ရှင်ချစ်တဲ့သူတွေလည်း ပိုများလာပြီးတော့ တခြားအရသာကွဲပြားမှုတွေ ရှိနေတဲ့ ရုပ်ရှင်တွေလည်း ဖြစ်တဲ့အတွက်ကြောင့်မို့ လူငယ်တွေလည်း ကြည့်ခွင့်ရမယ်။ လူကြီးတွေလည်း ပိုပြီးအမြင်ကျယ်လာမယ်။ အဲအတွက်ကြောင့် ကျေးဇူးတင်ပါတယ်။

**Speaker ။ ။ central base ကနေပြီး သရုပ်ဆောင်သစ်တွေ ဘာ့ကြောင့်**



**ရွေးချယ်နေတာလဲ။**

CTK ။ ။ အစ်မတို့ အဓိကက ဇာတ်ကောင်ရှာတယ်။ ဇာတ်ကောင်ဆိုတာက မျိုးစုံရှိတယ်ပေါ့။ အဲဒါက တစ်ခု။ နောက်တစ်ခုက ဇာတ်ကောင်ထဲမှာ ဝင်ပေမယ့်လည်း အချိန်မပေးနိုင်ဘူးဆိုရင် အစ်မနဲ့က အဆင်မပြေဘူးပေါ့။ ကြာကြာလေးလည်း ရိုက်တတ်တာကိုး။ ဒီကားက ပိုတောင်ဆိုးသေးတယ်။ Now & Ever က ဧပြီမှ ပြီးမယ်။ ခြောက်လလောက် အစ်မနဲ့ အတူတူအလုပ်လုပ်ရမယ်ဆိုတော့ ဒီဟာကို ရိုက်နိုင်ပါ့မလားဆိုတာလည်းပါတယ်။ ပြီးတော့ တီဗွီစီးရီးပေါ့။ ချန်နယ်လ်တစ်ခုနဲ့ ပြောထားတာရှိတယ်။ ဒါကလည်း ဖြစ်ဖို့များလာတယ်ဆိုတော့ အရင်ကတည်းကလည်း ကိုယ်ပိုင်ရိုက်မယ်လို့ ဆုံးဖြတ်ထားတာဆိုတော့ အဲဒါကလည်း အများကြီးလိုမယ်။ အများဆုံးလိုလိမ့်မယ်။ အဲဒါက ဒုတိယဖြစ်လိမ့်မယ်။ အဲဒါရိုက်ပြီးရင် သီတာ အတွက်ပေါ့။ casting ခေါ်ရတာ အစ်မတို့အတွက် အရမ်းပင်ပန်းတယ်။ အစ်မတို့အဖွဲ့ကလည်း တခြားအလုပ်တွေလည်းရှိသေးတာဆိုတော့ အစ်မစဉ်းစားလိုက်တယ်။ ဒါဆိုရင် အကုန်လုံးခေါ်လိုက်တာ ကောင်းပါတယ်လို့လေ။ အကြံပေးလိုက်တာ။ သူတို့ကလည်း ရက်ရှည်ရှည်လေး လုပ်လိုက်မယ်ဆိုပြီး လုပ်လိုက်တာ နှစ်ပတ်ရှိသွားတယ်။ အဲဒါအွန်လိုင်းကိုလည်း ဖွင့်ပေးထားတယ်။ ဘန်ကောက်ကလည်း လျှောက်တယ်။ စင်ကာပူကလည်း လျှောက်တယ်။ မလေးရှားကလည်း လျှောက်တယ်။ အလုပ်ရရင် မြန်မာနိုင်ငံ ပြန်လာမယ်လို့လည်း ပြောတယ်။ အလုပ်ထွက်မယ်လို့လည်း ပြောတယ်။ ဒီတော့ အစ်မခေါင်းလည်း တော်တော်ကြီးတယ်။ လူတွေ့ကိုတောင် မြန်မာပြည်ပြန်လာပြီးလာမယ်လို့ပြောတော့ တော်တော်လေးကို ဝမ်းသာပါတယ်။

**Speaker ။ ။ ခုလိုသရုပ်ဆောင်သစ်တွေ ရွေးချယ်နေတာက မြန်မာ့ရုပ်ရှင်လောကမှာ အသစ်တွေကို နေရရစေချင်တာလား။**

CTK ။ ။ casting လုပ်ရခြင်း ရည်ရွယ်ချက်က အမြဲတမ်း ယုံကြည်တယ်ပေါ့နော်။ အခွင့်အရေးမရသေးတဲ့ လူငယ်တွေ ရှိကိုရှိရမယ်။ အနုပညာလောကကြီးက မင်းသား ငါးယောက်၊ မင်းသမီး ငါးယောက်နဲ့ပဲ တည်ဆောက်လို့မရဘူး။ ပြီးတော့ အရုံတွေဖြစ်သွားလို့လည်း မရဘူးပေါ့။ ဒီလူတွေသာ အရည်အချင်းတွေ အရည်အသွေးတွေရှိနေတဲ့ သူတွေမှာသာ အခွင့်အရေးလေးရှိမယ်။ အစ်မတို့ကလည်း အခွင့်အရေးတွေ ပေးလိုက်လို့ မင်းသား၊ မင်းသမီး ဖြစ်သွားမယ်။ တခြားအလုပ်တွေမှာလည်း ဖြစ်သွားမယ်ဆိုရင် မိဘတွေကလည်း တားမှာမဟုတ်တော့ဘူး။ အစ်မတို့ ငယ်ငယ်ကတည်းက အနုပညာမလုပ်ရဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အနုပညာသည် ထမင်းစားလို့မရဘူး။ ဒုက္ခရောက်မယ်လို့ အမြဲပြောခံရတာ ဖြစ်တယ်။ ဒါကို ကယ်ရီယာဆိုတာကို လူတွေက မသတ်မှတ်ကြဘူး။ အသက်မွေးဝမ်းကျောင်းမှာက အနုပညာက ပါကို ပါရမှာလေ။ သရုပ်ဆောင်ဆိုလည်း အသက်မွေးဝမ်းကျောင်း လုပ်လို့ ရသွားနိုင်တဲ့ ကယ်ရီယာတစ်ခုဖြစ်ရမှာကို မဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီကိစ္စကို ဖြစ်သွားစေချင်တယ်ပေါ့။ ဖြစ်သွားပြီး ဒီကနေပြီး ငွေလေးတွေ ရသွားပြီး တစ်ယောက်က အောင်မြင်သွားရင် ငါလည်း သူ့လို ဖြစ်သွားစေချင်တယ်ဆိုတဲ့ စိတ်ကလေးနဲ့ အနုပညာလောကကြီး လာမယ်လို့ အဲဒီလို မျှော်လင့်တယ်ပေါ့။

**Speaker ။ ။ သရုပ်ဆောင်တွေကို ဘယ်တော့ ရွေးမလဲ။**

CTK ။ ။ လောလောဆယ် အစ်မက ဖိုင်နယ်ကြည့်ရဦးမယ်။ ဆရာနဲ့လည်း ညှိနေတုန်း။ သူလာမယ့်အချိန်နဲ့ ရောပေါ့လေ။ လူကလည်း အရမ်းများတော့ အစ်မတို့ ပဲလုပ်ရမလားပေါ့။ အဲဒီလို ချိန်နေရတယ်။

ဘုန်းနေလ-ဒဂုံတက္ကသိုလ်

စာ ( ၁၂ ) ဆောင်းပါး မှအဆက်

အစိုးရအနေဖြင့် ဘတ်ဂျက်မလုံလောက်တော့သည့် အတွက်ကြောင့် နိုင်ငံတကာမှပညာရှင်များ၊ အဖွဲ့အစည်းများအား အကူအညီတောင်းခံခဲ့၏။ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၏။ မြေအောက်တွင် အသက်ရှင် ကျန်ရစ်နေသူများ၏ အချက်ပြမှုကိုရရှိခဲ့ပြီးနောက် ရေနှင့် အစားအစာများအား ပိုက်လိုင်းမှတစ်ဆင့် ချပေးခဲ့သည်။ ဤသို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရင်း ရက်ပေါင်း ၆၉ ရက် အကြာတွင်တော့၊ မြေအောက်ပေပေါင်း ၂၃၀၀ ကျော်တွင် ပိတ်မိနေသော မိုင်းလုပ်သား ၃၃ ဦးအား အသက်ရှင်လျက်ဖြင့် ကယ်ဆယ်နိုင်ခဲ့ပါတော့သည်။ ၆၉ ရက်ဟူသော အချိန်မှာ လူများ၏ စိတ်ဝင်စားမှုအရှိန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို လျှော့ချနိုင်ပါသော်လည်း ချီလီအစိုးရက ပိတ်မိနေသော မိုင်းလုပ်သားများအတွက် လက်မလျှော့ခဲ့ပေ။ ထို့ကြောင့်လည်း ချီလီအစိုးရ၏ ထိုလုပ်ဆောင်ချက်အား တစ်ကမ္ဘာလုံးက ကောင်းချီးသြဘာ ပေးခဲ့ကြခြင်းလည်း ဖြစ်ပါလိမ့်မည်။ ဤသည်မှာလည်း အစိုးရကောင်းတစ်ရပ်၏ လုပ်ဆောင်ချက်ဟု ဆိုရပေလိမ့်မည် ဖြစ်ပါသည်။ မိုင်းလုပ်သားပြည်သူလူထု၏ အသက်များကို ချီလီအစိုးရက အထူးတန်ဖိုးထားခဲ့ခြင်းသာ ဖြစ်ပါသည်။

ဤနေရာတွင် အမှတ်ရနေမိသည်က အမိမြန်မာနိုင်ငံအတွင်းသို့ နာဂစ်မုန်တိုင်း ဝင်ရောက်စဉ်ကာလကို ဖြစ်၏။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်ညတွင် အမိမြန်မာနိုင်ငံအတွင်းသို့ နာဂစ်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ဧရာဝတီတိုင်းမှ ပြည်သူများ သိန်းနှင့်ချီ၍ သေဆုံးခဲ့ရ၏။

ဤကဲ့သို့ နိုင်ငံ၏ နယ်မြေတစ်ခုအပေါ်တွင် သဘာဝဘေးကြောင့် အလောင်းများ မြင်မကောင်းအောင် ထူထပ်နေသော အချိန်တွင် စစ်အစိုးရသည်မုန်တိုင်းသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးထက်၊ ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျင်းပမည်ဟု ကြိုတင် ပြင်ဆင်ထားပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးအတွက်သာ အားကြိုးမာန်တက် လုပ်ဆောင်နေခဲ့ပေသည်။ တစ်နိုင်ငံလုံးမုန်တိုင်းကြောင့် ဒုက္ခဝေနေသည်ကို လျစ်လျူရှုခဲ့သည်။ နိုင်ငံတကာမှ အကူအညီပေးမည့် သင်္ဘောများ နိုင်ငံတကာရေပိုင်နက်တွင် ရပ်ဆိုင်း၍ နိုင်ငံအတွင်းသို့ဝင်ရောက်၍ အကူအညီပေးရန် အသင့်ရှိနေပါသော်လည်း အစိုးရ၏ ခွင့်ပြုချက်မရသဖြင့် ဝင်ခွင့်မရခဲ့ကြပေ။ မုန်တိုင်းကို အကြောင်းပြု၍ လိုချင်သော ရလဒ်ထွက်ပေါ်လာရန်အတွက်သာ အပူတပြင်း ကလိမ်စေ့ ငြမ်းဆင်ခဲ့ကြပေသည်။ သိန်းချီ၍ သေဆုံးခဲ့ရသော ပြည်သူများ၊ သိန်းချီ၍ ဒုက္ခရောက်နေရသော ပြည်သူများကို ဂရုမစိုက်ဘဲ၊ ဆယ်နှစ်ဆယ်မိုး အသာစီးယူ၍ စိတ်ကြိုက်ရေးဆွဲထားပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီး အတည်ပြုနိုင်ရန်အတွက်၊ မေလ ၁၀ ရက်နေ့မှာပင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးအား တိုးတိုးတိတ်တိတ် လက်သိပ်ထိုးကျင်းပခဲ့ပြီး အားလုံးသိတော်မူကြသည့်အတိုင်း ပြည်သူလူထု၏ဆန္ဒ တစိုးတစိမျှ မပါဘဲ၊ ပြည်သူလူထု၏ ထောက်ခံမဲ ၉၃ ဒသမ ၈၁ ရာခိုင်နှုန်းဟု လုပ်ချ၍ အတည်ပြု ကြေညာခဲ့ပါတော့သည်။ အတော့်ကို မျက်နှာပြောင်လှသော လုပ်ဆောင်ချက်တစ်ခုဖြစ်ပါသည်။ ယခုအချိန်ထိ ထိုဖွဲ့စည်းပုံကြီးကို ကာကွယ်နေကြဆဲဖြစ်ပေသည်။ ဤသည်မှာအလျဉ်းသင့်သော အကြောင်းအရာလေးတစ်ခုကိုသာ တင်ပြရခြင်းဖြစ်ပြီး၊ စစ်အစိုးရအဆက်ဆက်၏ ပြည်သူလူထုအပေါ် ကောက်ကျစ်ခဲ့မှုများအား ပြည်လည်တင်ပြနေရလျှင်၊ ဝတ္ထုတစ်အုပ်စာ ထက်ပင်မကဘဲ ကျော်လွန်နေနိုင်သည့်အတွက် ရင်နာနာဖြင့် မတင်ပြလိုတော့ပါ။

မည်သို့ပင်ဆိုစေ ယနေ့အချိန်တွင်တော့ အမိမြန်မာပြည်သူလူထုအနေဖြင့် လူထုအစိုးရတစ်ရပ်ကို ရရှိပိုင်ဆိုင်ထားသော ကာလသာ ဖြစ်ပါသည်။ ထို့အတူ စစ်အစိုးရ၏ အာဏာရှူးမျိုးဆက်များကလည်း ယနေ့အချိန်ထိ နိုင်ငံတော်အာဏာကို လုယူနိုင်ရန်အတွက် အမျိုးမျိုးယုတ်မာ ကောက်ကျစ်နေဆဲဖြစ်ကြောင်းကိုလည်း အထူးသတိပြုမိကြစေလိုပါသည်။

မည်သို့ပင်ဆိုစေ ဒီမိုကရေစီစနစ် ဆိုသည်မှာ ပြည်သူလူထု၏ အာဏာသာ အဓိကသက်ရောက်ပေသည်။ အစိုးရတစ်ရပ်အား ပြည်သူလူထုက စိတ်ကြိုက်ရွေးချယ် ခွင့်ရှိသလို၊ စိတ်ကြိုက်ဖြုတ်ချခွင့်လည်း ရှိပေသည်။ ဤသည်ကပင် ဒီမိုကရေစီစနစ်၏ အားသာချက်စစ်စစ်ဖြစ်ပါ၏။ ထို့ကြောင့် လက်ရှိနိုင်ငံတော်၏ အနာဂတ်သည် ပြည်သူလူထု၏ လက်ထဲတွင်သာ တည်ရှိ၍နေသည်ဟု ဆိုရပေလိမ့်မည် ဖြစ်ပါသည်။ ထို့အတူ အာဏာရှူးများကလည်း အာဏာပြန်လည်ရရှိနိုင်ရန်အတွက် အမျိုးမျိုးကြံဆောင်ကြပေလိမ့်ဦးမည် ဖြစ်ပါသည်။ ပြည်တွင်းရေး ဆူပူမှုများ၊ မှိုင်းတိုက်မှုများ ပြုလုပ်ကြပေလိမ့်ဦးမည်။ ပြုလုပ်၍လည်း နေပါသည်။ အဓိကရည်ရွယ်ချက်ကတော့ လူထုနှင့်အစိုးရအကြား သွေးကွဲသွားစေရန်အတွက်သာ ဖြစ်ပါ၏။ ဤသည်ကို ပြည်သူလူထုတစ်ရပ်လုံး သိရှိထားရန်လိုအပ်ပြီး မှိုင်းအမျိုးမျိုးမိခြင်းဖြင့်၊ သတိလက်လွတ် မဖြစ်မိကြစေရန်အတွက် အထူးအလေးအနက်ထားခြင်းဖြင့်၊ ထပ်မံ၍ သတိပေး ဆန္ဒပြု တင်ပြလိုက်ရခြင်းသာ ဖြစ်ပါပေတော့သည်။ ။

ခက်ဆစ်လင်း(ပြည်)

The Speaker Cartoon



www.free4readers.com






ဒေါက်တာသိန်းအောင်

# မင်းဒေါင်း

မင်းဒေါင်းကို သိသူ မြင်သူ နည်းပါးသည်။ သို့သော် မြန်မာအမည်ပေးထားခြင်းကို ထောက်ရှုခြင်းဖြင့် တစ်ချိန်က မြန်မာတို့ ကောင်းစွာ တွေ့မြင်သူများပြီး အမည်ပေးထားပုံရသည်။ မြန်မာနိုင်ငံ တနင်္သာရီ ဒေသတွင်သာ နေထိုင်ကျက်စားသည်။ အရှေ့တောင်အာရှတွင်သာ နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်ဖြစ်သည်။ မင်းဒေါင်း၏ တောင်ပံပေါ်တွင် မျက်စိသဏ္ဌာန် အကွက် ပုံစံများ ရှိပြီး အနုစိတ်လှသည်။ အထီးတို့သည် အသံကျယ်လောင်စွာ အော်မြည် တွန်ကျူးတတ်သည်။ အမများကို ပိုးပန်းသည့် ကပဟန် အမူအရာသည် တခြားငှက်များနှင့် မတူ ထူးခြားလှပေသည်။

မင်းဒေါင်း၏ အင်္ဂလိပ်အမည်မှာ (Great Argus) ဖြစ်ပြီး သိပ္ပံအမည်မှာ (Argusianus argus) ဖြစ်သည်။ သတ္တဗေဒပညာရှင်များက (Great Argus) မျိုးစိတ်ခွဲ သုံးမျိုးခွဲခြားထားသော်လည်း တစ်မျိုးမှာ မျိုးသုဉ်းပျောက်ကွယ်သွားပြီ ဖြစ်သည်။ မလေးနှင့် ဆူမတ်တြားကျွန်းတွင် နေထိုင်ကျက်စားသည့် Malaysian Great Argus (Argusianus argus argus) နှင့် ဘော်နီယိုကျွန်း တွင် နေထိုင်ကျက်စားသည့် Bornean Great Argus (Argusianus argus grayi) တို့ ဖြစ်သည်။ မျိုးသုဉ်းပျောက်ကွယ် သွားပြီ ဖြစ်သည့် (Double-banded Argus Argusianus argus



ဘော်နီယိုကျွန်း မင်းဒေါင်း အထီး

bipunctatus) မျိုးစိတ်သည် ၁၉၉၂ ခုနှစ်တွင် ဂျဗား၊ အင်ဒိုနီးရှား သို့မဟုတ် မလေးရှားပိုင် (Tioman) ကျွန်းတွင် နေထိုင်ကျက်စားကြောင်း သိရသည်။ နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) က မျိုးသုဉ်းသွားသည့် မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ အမွေးအတောင် နမူနာပုံစံကို British Natural History Museum တွင် ယနေ့တိုင် ပြသထားသည်။ ငှက်ပညာရှင်များက Double-banded Argus onf Great Argus မှ မျိုးရိုးဗီဇမှ ပြောင်းလဲလာသည့် သန္ဓေပြောင်း (Mutant) ငှက်အဖြစ် သုတေသနပြု လေ့လာသတ်မှတ်ထားသည်။

မင်းဒေါင်း အထီးသည် ရစ်အုပ်စုတွင် အကြီးဆုံး ငှက်မျိုးစိတ် တစ်မျိုးဖြစ်သည်။ မင်းဒေါင်း အထီးသည် အမြီးအရှည် အပါအဝင် ကိုယ်အရှည် (၁၆၀-၂၀၃) စင်တီမီတာ ဖြစ်သည်။ မင်းဒေါင်း အထီး အမြီးသည် အခြားသော ငှက်များနှင့် ယှဉ်လျှင် အရှည်ဆုံးဖြစ်သည်။ အမသည် (၇၂-၇၆) စင်တီမီတာ ဖြစ်သည်။ မင်းဒေါင်းသည် အညိုရောင် အမွေးအတောင်များရှိပြီး ဦးခေါင်း၊ လည်မျိုနှင့် လည်တိုင် အရှေ့ပိုင်းသည် အပြာရောင်ဖြစ်သည်။ ရင်ပိုင်းသည် နီမြန်းသည့် နီဝါရောင်ဖြစ်သည်။ ဆံပင်မွေးကဲ့သို့ အနက်ရောင် အမွေးအမျှင်များ၊ ဦးကင်နှင့် ကုတ်ပေါ်တွင် ရှိသည်။ ခြေထောက်သည် အနီရောင် ဖြစ်သည်။ အမြီးသည် ရှည်လျားပြီး အဖျားပိုင်း အရောင်ပိုမှိုင်းကာ အဖြူရောင် အစက်များပါရှိသည်။ တောင်ပံလယ်မွေးသည် လွန်ကဲစွာ ရှည်လျားပြီး ကြီးမားဝိုင်းစက်သော မျက်စိသဏ္ဌာန် အကွင်းများပါရှိသည်။ ကိုယ်ထည် အပေါ်ပိုင်းနှင့် တောင်ပံသည် အဖြူတူတူ၊ အဝါရောင်ဖျော့ဖျော့နှင့် မည်းတဲတဲ အရောင်သေးငယ်သော အစက်အပျောက်နှင့် ပြောက်ကျားများ ပါရှိသည်။ ကျောနှင့် တင်ပါးပိုင်းသည် ညိုဝါရောင်တွင် အညိုရင့်ရောင် အပြောက်နှင့် စင်းလိုင်းများပါသည်။ ကိုယ်ထည် အောက်ပိုင်းသည် အညိုရင့်ရောင်ဖြစ်ပြီး လှိုင်းတွန့်ပုံ အမည်းရောင်နှင့် အဖြူရောင် ဘားစင်းများ ပါရှိသည်။ လည်တိုင်ရှေ့ အောက်ပိုင်းသည် အရောင်ပြောင်ဖြစ်ပြီး နီဝါရောင် ပိုဆန်သည်။ စအိုပိုင်းတွင် အရောင်မှိန်ပြီး ပြောင်ဖြစ်သည်။

မင်းဒေါင်း အမဦးခေါင်းနှင့် လည်တိုင်သည် အထီးကဲ့သို့ အသွင်သဏ္ဌာန်ဖြစ်သည်။ ကိုယ်ထည် အပေါ်ပိုင်းသည် သိသာထင်ရှားသော အမှတ်အသားနည်းပြီး အဝါနုရောင်ဖြစ်သည်။ ကျောနှင့် တင်ပိုင်းသည် ကိုယ်အပေါ်အုပ်ပိုင်းကဲ့သို့ အစက်



အပြောက်ထက် စင်းကြောင်းရှည် ဆန်ဆန် အမည်းစင်းလိုင်းများ ပိုမို ပါရှိသည်။ ကိုယ်ထည် အောက်ပိုင်းသည် အရောင်မှိုင်းမှိုင်း ပြောင်တွင် သေးမျှင်သည့် အမည်းစင်းကြောင်းရှည်များ ပါရှိသည်။ အမြီးသည် ပိုတိုသည်။ အရောင်ဖျော့သည့် ညိုမည်းရောင်တွင် ညိုဝါရောင်မှ အဝါနုရောင် အမှတ်အသားများပါသည်။ ရှည်လျားသည့် တောင်ပံ အလယ်မွေး မပါပေ။ တောင်ပံဖျားမွေးသည် နီညိုရင့်ရောင်တွင် မပီသသော အညိုရင့်ရောင် အမှတ်အသားများ ပါသည်။ ဒေါင်းမင်းအမအမွေးအတောင်များကို ဘော်နီယိုကျွန်းတွင် ရိုးရာအလှဆင် အဝတ်အစားတွင် အသုံးပြုသည်။

ဒေါင်းမင်းသည် အခြားသော ရစ်မျိုးကဲ့သို့ အသွေးအရောင် မစုံလင်သော်လည်း၊ ၎င်း၏ ထူးခြားသော ကပဟန်အမူအရာ လှုပ်ရှားမှုသည် အထူးခြားဆုံးသော အဆင့်အတန်းတစ်ခုပင်ဖြစ်သည်။ ဒေါင်းမင်း အထီးသည် သစ်တောအတွင်း မြေပြင်ရှင်းလင်းသည့် ကွက်လပ်နေရာတွင် ကရန် နေရာ သီးသန့်ဖန်တီးကြသည်။ ကသည့် အပြုအမူဖြင့် ဟန်ရေးပြကာ ကျယ်လောင်သည့် တွန်သံပေးပြီး အမများကို ဆွဲဆောင်သည်။ အမများ ရောက်လာပါက အမများရှေ့တွင် တောင်ပံကို အစွမ်းကုန် ဖြန့်၍ အမြီးထောင်ပြီး တောင်ပံလယ်မွေးတွင် ပါသည့် မျက်စိသဏ္ဌာန်အကွက်များကို ဖော်ကျူးကာ ကတတ်ကြသည်။ မင်းဒေါင်းသည် အများအားဖြင့် သီးခြားတစ်ကောင်တည်း နေတတ်သည်။ အမများနှင့် တွေ့သည့် အခါ ပိုးပန်းသည့် အပြုအမူများ ပြုလုပ်၍ မိတ်လိုက်တတ်ကြသည်။ မင်းဒေါင်း

မင်းဒေါင်း အထီး အမွေးအတောင် ပုံစံ (ဝဲ)
မင်းဒေါင်းအထီး ကပဟန် (အောက်)

အထီးသည် အမှန်တကယ်တွင် အထီးအမ တစ်လင် တစ်မယား စနစ်ကျင့်သုံးကာ သေတစ်ပန်သက်တစ်ဆုံး အတူပေါင်းဖက် နေထိုင်ကြသည်။ မိတ်လိုက်ပြီးချိန်တွင် အမများသည် သဘာဝပတ်ဝန်းကျင် စားကျက်ဒေသ သစ်တောအတွင်း မြေပြင်ပေါ်တွင် ခြေဖြင့် ကုပ်ခြစ်ကာ အသိုက်လုပ် ဥဥခြင်း၊ ဝပ်ကျင်းတက်ခြင်းတို့ ပြုလုပ်ကြသည်။

Bornean Great Argus (Argusianus argus grayi) သည် ဆာဗား၊ ဆာရဝပ် (မလေးရှား) အပါအဝင် ဘော်နီယို၊ ကလီမန်တန် (အင်ဒိုနီးရှား) တွင် ဌာနေငှက်အဖြစ် နေထိုင်ကျက်စားသည်။ Malaysian Great Argus (Argusianus argus argus) သည် ဆူမတ်တြား (မလေးကျွန်းဆွယ်)၊ အင်ဒိုနီးရှား၊ တနင်္သာရီတောင်ပိုင်း (မြန်မာနိုင်ငံ)၊ ထိုင်းနိုင်ငံအနောက်တောင်ပိုင်းတွင်လည်း နေထိုင် ကျက်စားသည်။ မိတ်လိုက်ရာသီကာလမှာ မတ်-ဩဂုတ်ဖြစ်သည်။ မြေပြင်ပေါ်တွင် သစ်ပင်အထောက်အကန် အကာအကွယ်ကြား၊ တစ်ခါတစ်ရံ သစ်ရွက်များ ပြည့်နေပြီး မြေပြင်မှ (၁.၅) မီတာမြင့်သည့် သစ်ငုပ် ပင်စည်ခွက်အတွင်း အသိုက်လုပ် ဥဥတတ်သည်။ ဥနှစ်လုံး ဥတတ်သည်။ ဥပေါက်ရန် ၂၅ ရက်ကြာသည်။ အထီးသည် အသိုက်တွင်း ဥဝပ်ခြင်း မပြုလုပ်ပေ၊ ထို့အပြင် သားပေါက် ငှက်များကိုလည်း ပြုစုစောင့်ရှောက်ခြင်း မပြုပေ။ ဥမှ ပေါက်သည့် သားပေါက်ဒေါင်းမင်းတို့သည် ဥမှ ပေါက်လျှင် ပေါက်ချင်း အကြီးမြန်ကြသည်။ သို့ရာတွင် သားခွဲ အရွယ်ထိ ကာလကြာသည်။ အသက်သုံးနှစ်သား ရောက်မှ အထီး အမ အမွေးအတောင် စုံလင်ကာ အရွယ်ရောက်သည်။ ဒေါင်းမင်းတို့သည် ညအချိန်တွင် သစ်ပင်ပေါ်၌ အိပ်တန်းတက်ကြသည်။ နေ့ဘက်တွင် သဘာဝပတ်ဝန်းကျင် စားကျက်ဒေသ သစ်တောအတွင်း မြေပြင်ပေါ် သစ်ရွက်ခြောက်၊ သစ်ရွက်ဆွေးများကို ခြေဖြင့် ယက်ကာ အစာရှာဖွေစားကြသည်။ ဒေါင်းမင်းတို့သည် မြေပြင်ပေါ်တွင် သွားလာကာ အပင်မျိုးစုံနှင့် ကျောရိုးမဲ့ သတ္တဝါများကို ရှာဖွေစားကြသည်။

အမြဲစိမ်းတောများအတွင်း ပင်လယ်မြေမျက်နှာပြင် အထက် မီတာ ၁၃၀၀ ထိ နေထိုင် ကျက်စားသော်လည်း အဓိကအားဖြင့် မီတာ ၉၀၀ အောက်တွင် နေထိုင်ကျက်စားသည်။ အလွန်ရှက်ကြောက်တတ်သည့် ငှက်ဖြစ်သည်။ လူမြင် မခံလိုပေ။

နိုင်ငံတကာ သဘာဝထိန်းသိမ်းရေးအဖွဲ့ (International Union for Conservation of Nature-IUCN) ၏ စာရင်းနီ (Red list) တွင် မျိုးသုဉ်းမှု ခြိမ်းခြောက်ခံလုနီး (Near Threatened-NT) မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင်လည်း လုံးဝကာကွယ်ထားသည့် ငှက်မျိုးစိတ်စာရင်း ထည့်သွင်း သတ်မှတ်ကာ ထိန်းသိမ်း ကာကွယ်ထားသည်။ ဥပဒေဖြင့် မည်သို့ပင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည်ဖြစ်စေ၊ လိုက်နာဆောင်ရွက်ရန် အရေးကြီးပေသည်။ ဒေါင်းမင်းတို့သည် သဘာဝစားကျက်ဒေသများ ပျက်စီးပျောက်ကွယ်ခြင်း၊ အရည်အသွေး ကျဆင်းခြင်း၊ ကျဉ်းမြောင်းလာခြင်း၊ အမဲလိုက်ခံရခြင်းတို့ကြောင့် ဒေါင်းမင်းတို့သည် အကောင်ရေ ကျဆင်းကာ မျိုးသုဉ်းမှု ခြိမ်းခြောက်ခံလုနီး မျိုးစိတ်အဖြစ် ရှားပါးလာခဲ့သည်။ အရှေ့တောင်အာရှ ဒေသတွင် ရှားပါးလာသည့် မင်းဒေါင်းမျိုးသည် မြန်မာနိုင်ငံ တနင်္သာရီတောင်ပိုင်းဒေသတွင်သာ ရှားပါးစွာ နေထိုင်ကျက်စားကြသဖြင့် ဇီဝမျိုးစိတ်မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေးအတွက် အလေးထားစီစဉ်ဆောင်ရွက်ရန် အရေးကြီးပေသည်။ မင်းဒေါင်းတို့၏ အမွေးအတောင်နှင့် ကိုယ်ဟန်အမူအရာတို့သည် မြင်သူတိုင်းအဖို့ ထူးခြားသည့် ရင်သပ်ရှုမောဖွယ်ဖြစ်ခြင်းကြောင့် ထူးခြားသည့် ငှက်မျိုးစိတ်တစ်မျိုးလည်း ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

တနင်္သာရီ တောင်ပိုင်းဒေသတွင် နေထိုင်ကျက်စားသည့် မင်းဒေါင်း အထီး





မင်းဒေါင်းအထီး တွန်ကျူးဟန်

ဒေါက်တာသိန်းအောင်

Photographs by Internet

www.free4readers.com
The SPEAKER news journal

**ရဲတပ်ဖွဲ့ဆိုတာ တရားလိုနဲ့ တရားခံကြားမှာ အလုပ်လုပ်ရတာပါ။ အားလုံးကျေနပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ တရားလိုဘက်က ကျေနပ်ရင် တရားခံဘက်က မကျေနပ်နိုင်ဘူး။ တရားခံဘက်က ကျေနပ်ရင်လည်း တရားလိုဘက်က မကျေနပ်နိုင်ဘူး။ နှစ်ယောက်စလုံး ကျေနပ်အောင် လုပ်ပေးနိုင်တဲ့ အဖွဲ့အစည်းမျိုး မဟုတ်ဘူး။ ”**

နောက်ကျောဖုံး အင်တာဗျူးမှအဆက်

အခုလက်ရှိ ဖြစ်နေတဲ့ ပြန်လည်လက်ခံရေးကိစ္စတွေ၊ ဘယ်လိုလူမျိုးကို ပြန်လည်လက်ခံမှာလဲ စသည်ဖြင့် အခုက နိုင်ငံသား တိုက်ရိုက်ပေးပါဆိုပြီး တောင်းတာတွေ ရှိတယ်။ ဒီအပေါ်မှာ သူတို့ ဘာမူဝါဒတွေ ရှိလဲ။ အခုထက်ထိ ရိုဟင်ဂျာဆိုတာကို ပြည်တွင်းမှာရှိတဲ့ အသံလွှင့်ဌာနတွေက တရားဝင်သုံးနေတုန်းပဲ ရှိသေးတယ်။ ဒီအပေါ်မှာ အစိုးရရဲ့ မူဝါဒက ဘာလဲ။ ကျွန်တော်တို့က ဒီအသုံးအနှုန်းကို လက်မခံဘူးဆိုတာ အကြောင်းပြချက်တွေ အများကြီးရှိတယ်။ ရှင်းပြလို့လည်း ရတယ်။ ဒီအပေါ်မှာ အစိုးရကို ပြောချင်တာက ခိုင်မာတဲ့ မူဝါဒတစ်ရပ် ပြည်သူကိုချပြဖို့ လိုတယ်။ ပြည်သူတွေရဲ့ သိလိုစိတ်၊ ပြည်သူတွေရဲ့ မကျေနပ်ချက်တွေကို သူရင်ဆိုင်နေရတယ်။ နောက်တစ်ခုကတော့ နိုင်ငံတကာကိစ္စပေါ့။ နိုင်ငံတကာ ဖိအားတွေကတော့ တစ်နေ့ထက်တစ်နေ့၊ တစ်ရက်ထက်တစ်ရက်၊ တစ်နာရီထက်တစ်နာရီ များလာတယ်။ အခုနောက်ဆုံး ICC ကိစ္စဆိုရင် ဖိအားတော်တော်များတယ်။ ဒီနေရာမှာ အစိုးရက ဘာတွေလုပ်ဖို့လိုလဲဆိုတော့ ရှင်းဖို့လိုတယ်၊ ပြောဖို့လိုတယ်။ ထိရောက်ခြင်း၊ မထိရောက်ခြင်းဆိုတာထက် ပြောနေရင် တစ်ဖက်ကအရှိန်က လျော့သွားမယ်။ ICC က တရားစွဲမယ်၊ ဘာညာ ပြောနေနေ၊ တကယ်တော့ သူတို့မှာ သေသေချာချာ လုပ်နိုင်တဲ့ စွမ်းအားမရှိဘူးဆိုတာ တွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ICC အနေနဲ့ ကျွန်တော်တို့ကို တရားစွဲမယ်။ အထူးသဖြင့် နိုင်ငံတော်နဲ့ တပ်မတော်ပေါ့။ တရားစွဲမယ်လို့ စပြီးပြောတယ်ဆိုသော်လည်းပဲ ဒါဟာ စွဲခွင့် ရှိ၊ မရှိတောင် မသေချာဘူး။ ဘာလို့ဆိုတော့ ကျွန်တော်တို့က ရောမစာချုပ်ကို လက်မှတ်ထိုးတဲ့ အဖွဲ့ဝင်နိုင်ငံ မဟုတ်ဘူး။

အဲဒီအတွက် သူ့အဖွဲ့ဝင်နိုင်ငံ ဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်ဘက်က လှည့်ပြီးတော့ ဒီဘင်္ဂါလီကိစ္စကို ICC တင်ဖို့ သင့်လား၊ မသင့်လားဆိုတာကိုတောင် စပြီးတော့ ဆွေးနွေးတော့ သုံးပါးထိုင်မှာ နှစ်ပါးရဲ့ အတည်ပြုချက်နဲ့ ဆွေးနွေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါ ကိုယ့်ဟာကိုယ် ဖဲချိုး၊ ကိုယ့်ဟာကိုယ် ဖဲဝေ၊ ကိုယ့်ဟာကိုယ် ဖဲလှန်တဲ့သဘောပဲ။ ဒါ တရားစွဲတာတောင် မဟုတ်ဘူး။ တရားစွဲဖို့ သင့်၊ မသင့် ဆုံးဖြတ်တာ။ ဒါပြီးရင် သူတို့ ငါးပါးထိုင်ကို တင်မယ်။ တရားစွဲလို့ မရသေးဘူး။ တရားရုံးတစ်ခုရဲ့ သဘောက စွဲတဲ့ပြစ်ချက်တွေကို မှန်ကန်ကြောင်း သက်သေပြနိုင်ဖို့ လိုတယ်။ ICC စွဲနိုင်တာ သုံးခုပဲ ရှိတယ်။ အစုလိုက်အပြုံလိုက် သတ်တာရယ်၊ စစ်ရာဇဝတ်မှုရယ်၊ လူတွေအပေါ်မှာ ရာဇဝတ်မှု ကျူးလွန်တာရယ်။ တကယ်တမ်းကျတော့ သူတို့မှာ ဒီအချက်အလက်တွေ ပြည့်ပြည့်စုံစုံ မရှိဘူး။ သူတို့ပြောနေတဲ့ ဟိုကတင်တယ်၊ ဒီကတင်တယ်။ နောက်ဆုံး အချက်အလက်ရှာဖွေရေးအဖွဲ့က တင်တဲ့ စာမျက်နှာ ၄၄၀ တို့၊ နိုင်ငံပေါင်း ငါးနိုင်ငံတို့၊ တွေ့ဆုံမှုပေါင်း ၈၇၉ ကြိမ်တို့ ဘယ်လောက်ပဲပြောပြော၊ ဒါတွေဟာ ဘယ်လောက်ထိ ခိုင်မာတဲ့ သက်သေပြချက်တွေ ဖြစ်လဲ။ တရားစွဲဖို့လောက်အထိ မှန်ကန်တယ်လို့ ဘယ်သူက ပြောမလဲ။ ဘယ်မှာလဲ သက်သေ၊ မြင်သက်သေ၊ ကြားသက်သေ မဖြစ်နိုင်ဘူး။ ခုနပြောတဲ့ သုံးချက်ထဲမှာ နောက်ဆုံးဖြစ်တဲ့ လူတွေအပေါ် ရာဇဝတ်မှု ကျူးလွန်တယ်ဆိုတာနဲ့ စွဲလို့ရတဲ့အချက် ၁၁ ချက်ရှိတယ်။ အဲဒီ ၁၁ ချက်ထဲမှာ ဘယ်နှချက်နဲ့ ငြိလဲ။ ဘင်္ဂါလီတွေ ဟိုဘက်ကို နေရပ်စွန့်ခွာသွားတဲ့ ကိစ္စသည် အတင်းအဓမ္မ နှင်ထုတ်လို့ ဆိုပြီးတော့ သူတို့ဘက်က တင်လာနိုင်တယ်။ ဒါကြီးဆိုရင်တော့ ခုနဟာတွေနဲ့စာရင် သက်သေသက္ခာရရှိတယ်ဆိုပြီး သူတို့ပြောနေတယ်။ ပြောချင်တာက သူတို့မှာ ဘယ်ဥစ္စာမှ သက်သေခိုင်ခိုင်မာမာမရှိဘူး။ အဲဒီတော့ အစိုးရက ဘာလုပ်မလဲ။ ပြည်တွင်းမှာ ရှိတဲ့ကိစ္စတွေကို ရှင်းနိုင်သလို၊ ပြည်ပမှာ ထင်နေတဲ့ကိစ္စတွေကိုလည်း ထွက်ရှင်းနိုင်ရမယ်။ အတင်းအဓမ္မနှင်လွှတ်တယ်။ နေရပ်စွန့်ခွာစေတယ်ဆိုတဲ့ ကိစ္စတွေက မှန်သလား။ ဟိုမှာရောက်နေတဲ့ ခုနစ်သိန်းဆိုတဲ့ အရေအတွက်ကရော မှန်သလား။ သက်သေပြနိုင်စရာတွေ အများကြီးရှိတယ်။ နောက်ပိုင်းမှာ သွားနေတယ်ဆိုတဲ့ လူတွေက ကျွန်တော်တို့ တကယ်နှင်လွှတ်လို့ သွားတာလား။ သူတို့သဘောနဲ့သူတို့ ထွက်သွားကြတာလားဆိုတာ အသံဖိုင်တွေ အများကြီးရှိတယ်။ တွေ့ဆုံမေးမြန်းခန်းတွေ အများကြီးရှိတယ်။



ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

သံအမတ်တွေကို ပြထားတာ ရှိတယ်။ အခု ဟိုဘက်ကနေ ပြန်လာတဲ့လူတွေ ရှိတယ်။ ငါးယောက်တစ်ဖွဲ့ရှိတယ်။ ၆၂ ယောက်တစ်ဖွဲ့ရှိတယ်။ ၉၂ ယောက်တစ်ဖွဲ့ရှိတယ်။ နောက်ဆုံး ခြောက်ယောက်ရှိတယ်။ စုစုပေါင်း ၁၆၉ ယောက်ရှိတယ်။ ကျွန်တော်သိသလောက်ပေါ့နော်။ အဲဒါတွေက ဘာကြောင့်ပြန်လာတာလဲ။ တရားဝင်စစ်ချက်တွေ ရှိတယ်။ စစ်ချက်တွေတော့ ကျွန်တော်မဖတ်ရဘူး။ သို့သော် ကျွန်တော်တို့ မြေပြင်မှာသိတာကတော့ ခိုးပြီး ပြန်လာကြတာ။ ညဘက်ကြီးကို ပြန်လာကြတာ။ ဟိုဘက်ကလူတွေက မပြန်ခိုင်းဘူး။ ARSA လို အကြမ်းဖက်အဖွဲ့အစည်းတွေက ဖိနှိပ်ထားတယ်။ ပြီးခဲ့တဲ့ မေလ ၈ ရက်ကဆိုရင် ARSA ခြောက်ယောက်က ဒုက္ခသည် ဘင်္ဂါလီ ခြောက်ယောက်ကို သတ်ပစ်လိုက်တယ်။ ဘာကြောင့်သတ်လဲဆိုတော့ ဒီကောင်က ဗမာပြည်ကို ပြန်ဖို့အတွက် ဦးစီးဦးဆောင်လုပ်နေတဲ့သူ ဖြစ်လို့။ အဲ့ဒါတွေက ကျွန်တော်တို့ဘက်က အတင်းအဓမ္မ နှင်လွှတ်တာမဟုတ်ဘူးဆိုတဲ့အထောက်အထားတွေပဲ။ ဒါတွေကို အစိုးရက မရှင်းပြရတာလဲ။ ဒီမှာရှိတဲ့ သံတမန်တွေကို ခေါ်ပြီးတော့ ဘာဖြစ်လို့ ခဏခဏ မရှင်းပြရတာလဲ။ နိုင်ငံခြားသံရုံးတွေမှာရှိတဲ့ ကျွန်တော်တို့ သံအမတ်တွေကို ဘာဖြစ်လို့ မရှင်းပြခိုင်း ရတာလဲ။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဒီကိစ္စတွေကို ဘာဖြစ်လို့ မရှင်းပြတာလဲ။ သတင်းမီဒီယာတွေကို ဘာဖြစ်လို့ ဒါတွေနဲ့ ပတ်သက်ပြီး ခဏခဏ မရှင်းပြတာလဲ။ ခုဖမ်းဆီးရမိတဲ့သူတွေ ဘယ်လောက်ရှိလဲ ကျွန်တော်မသိဘူး။ ကျွန်တော့်အထင် ထောင်ဂဏန်းကျော်လိမ့်မယ်။ အဲ့ဒီက စစ်ချက်တွေ အများကြီးရှိတယ်။ ဒီဟာတွေ ဘယ်သူတွေ ကျူးလွန်တယ်ဆိုတာ စစ်ချက်တွေ အခိုင်အမာ အများကြီး ရှိလိမ့်မယ်။ ဒီဟာတွေကို ဘာဖြစ်လို့ ခိုင်မာတဲ့ သက်သေအထောက်အထားအနေနဲ့ အသုံးမချတာလဲ။ ဒါတွေကို တုံ့ပြန်ဖို့ လိုအပ်တယ်။ ICC ကို တင်ဖို့ ကိစ္စက အလှမ်းတော်တော်ဝေးတယ်လို့ ကျွန်တော်မြင်တယ်။ သို့သော်လည်းပဲ ဥပဒေမှာက ကယ်ပေါက်တွေ ရှိနိုင်တယ်ဗျာ။ ဒါကို ဥပဒေပညာရှင်တွေ ပိုသိပါတယ်ဗျာ။ ကိုယ့်ဘက်ကလည်း ကျွမ်းကျင်တဲ့ ဥပဒေပညာရှင်တွေနဲ့၊ နိုင်ငံတကာဥပဒေကို နားလည်တဲ့သူတွေနဲ့ ဘာသာစကား ကျွမ်းကျင်တဲ့ သူတွေနဲ့ ကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းလည်း လုပ်သင့်တယ်။ ကမ္ဘာကို ဒီနည်းနဲ့ ကျွန်တော်တို့ ရင်ဆိုင်နိုင်တယ်။ နိုင်ငံတော်အစိုးရရဲ့ လိုအပ်ချက်ကတော့ ဒါတွေ လိုတယ်လို့ ကျွန်တော်ထင်တယ်။

**Speaker ။ ။ ကြားဖြတ်ရွေးကောက်ပွဲမှာကော ကြံ့ခိုင်ရေးပါတီအနေနဲ့ ရာခိုင်နှုန်း ဘယ်လောက်အထိ နိုင်မယ်လို့ ထင်ပါသလဲ။ ၂၀၂၀ အတွက်ရော ဘာတွေ ပြင်ဆင်ထားပြီးပါပြီလဲ။**

UKY ။ ။ ရွေးကောက်ပွဲဝင်ကတည်းက နိုင်ဖို့ ပြိုင်ရတာပဲလေ။ ဘယ်လောက်နိုင်မယ်။ ဘယ်နှရာခိုင်နှုန်းနိုင်မယ်လို့ ပြောတာထက် စာရင် ကျွန်တော်က ဖြစ်နိုင်ခြေလေးကို နည်းနည်းလောက် တင်ပြချင်ပါတယ်။ ရွေးကောက်ပွဲတစ်ခုကို အဆုံးအဖြတ်ပေးတာက မဲဆန္ဒရှင် ပြည်သူတွေ ဖြစ်ပါတယ်။ မဲဆန္ဒရှင် ပြည်သူတွေရဲ့ ကြိုက်နှစ်သက်ခြင်း၊ ထောက်ခံခြင်းအပေါ်ကို မူတည်ပြီးတော့ အနိုင်၊အရှုံး ဖြစ်တာပါ။ ထောက်ခံတာများရင် နိုင်မယ်။ ထောက်ခံတာ နည်းရင် ရှုံးမယ်။ ဒီလိုတွေ ရှိတာပေါ့။ သို့သော် နိုင်ခြင်း၊ ရှုံးခြင်းသည် မဲဆန္ဒရှင် မိဘပြည်သူတွေအပေါ်မှာပဲ မူတည်တယ်။ ဒီအပေါ်မှာ အနိုင်အရှုံးကို မဲဆန္ဒရှင်တွေ အနေနဲ့ ဘယ်လိုဆုံးဖြတ်သင့်သလဲဆိုတော့ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျဖို့ လိုတယ်။ ယနေ့ မဲဆန္ဒရှင် မိဘပြည်သူတွေဟာ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို တောက်လျှောက် ဖြတ်ခဲ့ရပြီးပြီ။ ရှင်ကြီးဝမ်းလည်း ဝင်ခဲ့ပြီးပြီ။ ရှင်ငယ်ဝမ်းလည်း ဝင်ခဲ့ပြီးပြီ။ ကောင်းတာလည်း သိပြီ။ ဆိုးတာလည်း သိပြီ။ ယနေ့လက်ရှိ သူတို့ခံစားနေရတာတွေဟာ ကောင်းလား၊ ဆိုးလား သူတို့စဉ်းစားတတ်တယ်။ သူတို့ဦးနှောက်ရှိတယ်။ ဒီအပေါ်မူတည်ပြီးတော့ မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်တတ်ပါစေလို့ ကျွန်တော်တို့ ဆန္ဒရှိပါတယ်။ သင့်တယ်ထင်တဲ့လူကို ရွေးရမှာပေါ့။ လုပ်နိုင်တယ်ထင်တဲ့လူကို ရွေးရမှာပေါ့။ ဒါ လူပုဂ္ဂိုလ်အပေါ် စဉ်းစားရမှာ။ မဲဆန္ဒရှင်ပြည်သူက သူတို့ခိုင်းရမယ့် ကိုယ်စားလှယ်ဟာ ခိုင်းလို့ရပ့ါမလား။ ငါတို့အတွက် လုပ်ပေးမယ့်သူလား၊ ကျန်းမာသလား၊ စာတတ်သလား၊ အတွေ့အကြုံရှိသလား၊ ဒီလူဟာ တကယ်လုပ်နိုင်တဲ့သူလား၊ ပါးစပ်ပြောပဲလား၊ ငါအရင် ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံအရ လူမှန်၊ နေရာမှန် ရွေးချယ်တတ်ဖို့ လိုအပ်တယ်။ တစ်ဖက်ကလည်း ဒီကိုယ်စားလှယ်လောင်းက သူ့သက်ဆိုင်ရာ မဲဆန္ဒနယ်မြေအတွက် အလုပ်လုပ်ပေးဖို့ဆိုတာ အဲဒီကိုယ်စားလှယ်ရဲ့နောက်မှာ ခိုင်မာတဲ့ အဖွဲ့အစည်း၊ အထောက်အပံ့တွေ အများကြီးလိုတယ်။ သူတစ်ယောက်တည်း လုပ်လို့မရဘူး။ သူ့နောက်မှာရှိတဲ့ ခိုင်မာတဲ့အဖွဲ့အစည်းဆိုတာ ပါတီပဲ။ ဒီပါတီက အားရှိလား၊ ဒီပါတီမှာ သူ့ကို အထောက်အကူပြုပေးနိုင်တဲ့လူတွေက အတွေ့အကြုံရှိလား။ စွမ်းဆောင်ရည်ရှိလား၊ လူသားအရင်းအမြစ်တွေရော ရှိရဲ့လား။ အဲဒါမှ သူလုပ်လို့ရမယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေပေါ် မူတည်ပြီးတော့ ပြည်သူတွေ မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်ပါစေလို့ ပြောချင်တယ်။ နောက်ပြီးတော့ ရွေးကောက်ပွဲတစ်ခု တရားမျှတဖို့ဆိုတာ ရွေးကောက်ပွဲကော်မရှင်အပေါ်မှာလည်း အများကြီးမူတည်ပါတယ်။ တရားမျှမျှတတ ဖြစ်စေချင်ပါတယ်။ ပြည်သူလူထုရဲ့ မှန်မှန်ကန်ကန်ရွေးချယ်တတ်မှု၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ သမာသမတ်ရှိမှုအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ဘယ်သူ့ကိုမဆို မှန်မှန်ကန်ကန် ပြိုင်ရဲပါတယ်လို့ ဒီလိုပဲ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုအကျိုးကို ထဲထဲဝင်ဝင် ဆောင်ရွက်ချင်တဲ့အတွက် နိုင်ချင်ပါတယ်။ ပြည်သူတွေက အဆုံးအဖြတ်ပေးမှာ ဖြစ်တဲ့အတွက် ပြည်သူလူထု စည်းရုံးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ ပါတီထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ လှုပ်ရှားမှုတွေကို တချို့က တွေ့ရင်တွေ့မယ်၊ မတွေ့ရင် မတွေ့ဘူး။ အလယ်အလတ်ပိုင်းခေါင်းဆောင်တွေရဲ့ လှုပ်ရှားမှုတွေကိုလည်း တွေ့ရင်တွေ့မယ်၊ မတွေ့ရင် မတွေ့ဘူး။ အောက်ခြေက ပါတီဝင်တွေရဲ့ ဆောင်ရွက်ချက်တွေကိုလည်း တွေ့ရင်တွေ့မယ်၊ မတွေ့ရင် မတွေ့ဘူး။ ကျွန်တော်တို့ကတော့ ပြည်သူက ကျွန်တော်တို့အပေါ်မှာ အမြင်ကြည်လာအောင်၊ ပြည်သူက သူတို့အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်တဲ့ ပါတီလို့ မြင်လာအောင် ၂၀၂၀ အတွက် ကျွန်တော်တို့ စည်းရုံးရေးလုပ်ငန်းတွေကို ဦးစားပေး ဆောင်ရွက်နေပါတယ်။

**Speaker ။ ။ အခု ကြားဖြတ်ရွေးကောက်ပွဲမှာ အဘတို့ပါတီက စဉ်းစားချိန်တန်ပြီဆိုပြီးတော့ ဆောင်ပုဒ်ပေးလာတာ တွေ့ရပါတယ်။ အဲဒါ ကိုယ်စားလှယ်လောင်းရဲ့ တစ်ဦးချင်းဆောင်ပုဒ်လား။ အဘတို့ပါတီက ချပေးတဲ့ ဆောင်ပုဒ်လား။**

UKY ။ ။ ဒီဥစ္စာက ပါတီရဲ့ ဆောင်ပုဒ် မဟုတ်ပါဘူး။ ပါတီရဲ့ ဆောင်ပုဒ်က ပိုမိုတောက်ပသော အနာဂတ်ဆီသို့ ဖြစ်ပါတယ်။ တချို့ကတော့ ကိုယ့်ရဲ့ နယ်မြေအလိုက် သီးခြားဆောင်ပုဒ်ကလေးတွေ သုံးတာ ရှိပါတယ်။ ရန်ကုန် တာမွေမှာဆို စဉ်းစားချိန်တန်ပြီလို့ သုံးတယ်။ ဟိုနေ့က ဒီကိုယ်စားလှယ်လောင်းလေး သတင်းစာရှင်းလင်းပွဲမှာ ပြောတာ ကျွန်တော်နားထောင်မိတယ်။ ဘာဖြစ်လို့ ဒီဆောင်ပုဒ်တပ်တာလဲလို့ သတင်းသမားတစ်ယောက်က မေးတယ်။ သူက ကျွန်တော်တို့ ပါတီရဲ့ ဆောင်ပုဒ်ကတော့ ပိုမိုတောက်ပသော အနာဂတ်ဆီသို့ ဖြစ်ပါတယ်။ ဒါပေမဲ့ စဉ်းစားချိန်တန်ပြီလို့ ပေးရတာ အရင်တုန်းက ပြိုင်ဘက်ပါတီက ပြောင်းလဲချိန်တန်ပြီဆိုတဲ့ဟာကို သုံးပြီးတော့ ပြိုင်ခဲ့တယ်။ တကယ်ပဲ ပြောင်းလဲသွားပြီးလား၊ မပြောင်းလဲသေးဘူးလားဆိုတာ ဒီအချိန်မှာ ပြန်ပြီး စဉ်းစားဖို့လိုတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သုံးတယ်လို့ ပြောတယ်။ အခြားနေရာတွေမှာလည်း သင့်တော်ရာဆောင်ပုဒ်တွေ သုံးတာ ရှိပါတယ်။

**Speaker ။ ။ အဘ အစိုးရအဖွဲ့မှာ တာဝန်ထမ်းဆောင်ခဲ့တုန်းက အမှတ်တရဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေရှိရင်လည်း သိချင်ပါတယ်။**

UKY ။ ။ ကျွန်တော်က ရဲချုပ်လည်း လုပ်ခဲ့တော့ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေတော့ အများကြီးရှိပါတယ်။ ငွေကြေးခဝါချမှုတွေကို ကိုင်တွယ်ခဲ့ရတဲ့ အတွေ့အကြုံတွေလည်း အများကြီးရှိပါတယ်။ ပြောရရင်တော့ အများကြီးပေါ့။ မှတ်မှတ်ရရဆိုရင် နယ်မြေရဲ့နဲ့ ပတ်သက်ပြီးတော့ နာမည်ကြီးတဲ့ ဖောက်ထွင်းဂိုဏ်းတွေကို မိုးကြိုးစစ်ဆင်ရေးဆိုပြီးတော့ ဖမ်းဆီးခဲ့ဖူးတယ်။ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ကမ္ဘာကျော်တဲ့ ဖမ်းဆီးမှုကြီးတစ်ခု ကျွန်တော်တို့ လုပ်နိုင်ခဲ့တယ်။ ၂၀၁၄ ခုနှစ် ဇူလိုင်လလောက်ကပေါ့။ စိုးစံဇုန်စစ်ဆင်ရေးဆိုပြီးတော့ ဘိန်းဖြူဘလောက်တုန်း ငါးရာလောက် မြန်မာ့ပင်လယ်ပြင်မှာ ဖမ်းမိခဲ့တာ ရှိတယ်။ တရားခံတွေကို ကျွန်တော်တို့ အမေရိကန် DEA၊ ဟောင်ကောင် DEA၊ ထိုင်းနိုင်ငံမှာ ရှိတဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့ ပေါင်းပြီးတော့ ဖမ်းဆီးခဲ့တာ ရှိတယ်။ အဲဒီအချိန်က တော်တော့်ကို အောင်မြင်တဲ့ စစ်ဆင်ရေးတစ်ခုဖြစ်တယ်။ နိုင်ငံတကာအစည်းအဝေးတွေမှာလည်း မျက်နှာပန်းလှခဲ့တယ်။

**Speaker ။ ။ လက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေနဲ့ ဘာတွေ ပြုပြင်သင့်တယ်လို့ ယူဆလဲ။ အဓိက ပြုပြင်ရမယ့်အချက် သုံး၊ လေးချက်လောက် ပြောပြပေးပါ။**

UKY ။ ။ ရဲတပ်ဖွဲ့မှာလည်း နှစ် ၃၀ မျှော်မှန်းချက်ဆိုတာလည်း ရှိပါတယ်။ ကျွန်တော်တို့လက်ထက်ကတည်းက ဒါတွေကို ဆွဲခဲ့တာပါ။ ရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲဖို့ဆိုရင် ဘက်ပေါင်းစုံကနေ ဆောင်ရွက်ဖို့လိုတယ်။ ရဲတပ်ဖွဲ့တစ်ခုတည်းနဲ့တော့ မဖြစ်ဘူး။ နိုင်ငံတော်အစိုးရရဲ့ ပံ့ပိုးမှုတွေလည်း အများကြီးလိုပါတယ်။ ဒါမှလည်း ရဲလုပ်ငန်းကို

www.free4readers.com



# တစ်ပတ်စာ ကံကြမ္မာ

## ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၇ ရက် မှ အောက်တိုဘာ ၃ ရက် အထိ

**မြန်မာ့ရိုးရာ အယူအဆအရ**

၂၇. ၉. ၂၀၁၈ ခုနှစ် ကြာသပတေးနေ့သည် မြန်မာလဆုတ် ၃ ရက်ဖြစ်သောကြောင့် ရောင်းဝယ်ကတိ သတိရှိရမည်။ ၁. ၁၀. ၂၀၁၈ ခုနှစ် တနင်္လာနေ့သည် မြန်မာလဆုတ် ၇ ရက်ဖြစ်သောကြောင့် ရာဇမင်းထံ ဝင်ထွက်ပေးယူ မပြုအပ်။ ၃. ၁၀. ၂၀၁၈ ခုနှစ် ဗုဒ္ဓဟူးနေ့သည် မြန်မာလဆုတ် ၉ ရက်ဖြစ်သောကြောင့် မြေတူးမြေဆွ မပြုရ။

၃၀. ၉. ၂၀၁၈ တနင်္ဂနွေနေ့သည် နဂါးပေါ်ရက်ဖြစ်သည်။ ရေတွင်အပျော်ဆော့ကစားခြင်း မပြုရ။ မြောက်အရပ်သို့ ခရီးသွားစဉ် မတော်တဆအန္တရာယ် အထူးသတိထားရမည်။ နံနက် ၁၀ နာရီခွဲမှ မွန်းတည့် ၁၂ နာရီကြားကာလများတွင် မတော်တဆအန္တရာယ် သတိရှိရမည်။

ဤကာလအတွင်း နေ့သားအသီးသီးတို့၏ ကံကြမ္မာသည်ကား

### တနင်္ဂနွေနေ့ မွေးသူများ

အပြိုင်အဆိုင်အားလုံးကို ကျော်လွှား၍ လိုအင်ဆန္ဒများကို ပြည့်မြောက်အောင် ဆောင်ရွက်နိုင်မည်။ ငွေကြေးကံကောင်းမည်။ မိတ်ကောင်းဆွေကောင်း အထောက်အကူရမည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် ဆက်သွယ်လုပ်ကိုင်သော ကိစ္စမှ ထူးခြားသော တိုးတက်မှုများ ရလာမည်။ နှိမ့်ချသူများအပေါ် မခံချင်စိတ်နှင့် တုံ့ပြန်၍ လုပ်ကိုင်ကာ ဘဝအခြေအနေ အပြောင်းအလဲတို့ကို ဖန်တီးမည်။ မတော်တဆထိခိုက်မှု အထူးဂရုစိုက်ရမည်။

***ယတြာ - တနင်္ဂနွေနေ့တွင် အုန်းနို့သာကူ ဝယ်ယူလှူဒါန်းပါ။***

### တနင်္လာနေ့ မွေးသူများ

အိမ်ရှိသူများ၏ ကျန်းမာရေးအညှော်များ ရှိမည်။ မပေါ့အပ်။ ပစ္စည်းပျောက်မည်။ ငွေလိမ်ခံရမည်။ ကြေကွဲဝမ်းနည်းစရာဖြစ်ရပ်များ ဖြစ်ပေါ်တတ်သည်။ အရပ်တစ်ပါးနှင့် ဆက်သွယ်ပြီးလုပ်သော ကိစ္စမှ ထူးခြားသော အောင်မြင်ခြင်းကို ရရှိလိမ့်မည်။ စေတနာအပေါ် အလေးမထားသောသူများနှင့် ကြုံတွေ့ရတတ်သည်။ ကိုယ်ရှာထားသော ငွေကို ယူငင်သုံးစွဲခြင်း ကြုံမည်။ ကိုယ်လုပ်ထားသော လုပ်ငန်းကို ယူငင်သုံးစွဲ နာမည်ကောင်းယူလိမ့်မည်။

***ယတြာ - တနင်္လာနေ့တွင် ကြာဆံကြော် ဆွမ်းတော်ကပ်ပါ။***

### အင်္ဂါနေ့ မွေးသူများ

ဆောင်ရွက်သမျှ အလွဲလွဲအချော်ချော် ဖြစ်မည်။ မသေချာ မရေရာသောသူများနှင့် ပူးပေါင်းမိ၍ စိတ်သောက ဖြစ်မည်။ အချစ်စစ်ဟူ၍ ယုံမှားထင်မှတ်ကာ မေတ္တာထားရာမှ အသည်းကွဲသောဒုက္ခ ခံစားရမည်။ ယုံစားလွယ်ခြင်းကြောင့် သောကများရမည်။ စတင်လိုက်သော ကိစ္စမှန်သမျှ တစ်ကြိမ်မက ဆောင်ရွက်ရခြင်း ကြုံမည်။ ပစ္စည်းအပျောက်အရှများမည်။ ငွေကြေးလက်ပြောင်းလက်လွှဲ သတိရှိရမည်။ ခရီးကိစ္စများ အဆင်ပြေမည်။

***ယတြာ - အင်္ဂါနေ့တွင် ဆားပုလင်းအပေါင်းများ ရှာဖွေစွန့်ပစ်ပါ။***

### ဗုဒ္ဓဟူးနေ့ မွေးသူများ

အကြံအစည် အောင်၍ လုပ်ငန်းစီးပွား တက်လမ်းပေါ်မည်။ ငွေကြေးကိစ္စ ဆောင်ရွက်ခြင်းအလုံးစုံမှ ထူးခြားသော တိုးတက်မှုရမည်။ ဆုံးဖြတ်ထားပြီးကိစ္စအား ပြုပြင်ပြောင်းလဲခြင်းငှာ မသင့်။ ရဲရဲတင်းတင်း ရှေ့တိုး၍ လိုသလို ဆောင်ရွက်နိုင်သည်။ အလျှမင်္ဂလာကိစ္စများ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကြုံတွေ့ရမည်။ လူယုံဟု သတ်မှတ်ထားသောသူများမှ ဒုက္ခပေးခြင်း၊ စိတ်အနှောင့်အယှက်ပေးခြင်းကို ကြုံရမည်။ ***ယတြာ - ဗုဒ္ဓဟူးနေ့တွင် ရွှေရင်အေး ဒါနပြုပါ။***

### ရာဟု(ဗုဒ္ဓဟူးမွန်းလွဲ) မွေးသူများ

ကောင်းသောအပြောင်းအလဲနှင့် တိုးတက်မှုကို ပူးတွဲကြုံမည်။ ခက်ခဲသောအကြောင်းအရာများကို ကျော်လွှားဖြေရှင်းနိုင်မည်။ သူတစ်ပါးကြောင့် နှောင့်နှေးနေသော ကိစ္စများ ပြီးမြောက်အောင်မြင်သွားမည်။ ငွေကြေးအကုန်အကျများမည်။ ကိုယ်ရေးကိုယ်တာမဟုတ်ဘဲ သူတစ်ပါးကိစ္စများကို လိုက်လံဆောင်ရွက်နေရမည်။ အတတ်ပညာနှင့် ထွန်းပေါက်အောင်မြင်မည်။ မိတ်ဆွေတို့၏ နာရေးကိစ္စများ လိုက်လံကူညီပေးရမည်။

***ယတြာ - ဗုဒ္ဓဟူးမွန်းလွဲတွင် ရွှေထမင်းစားပါ။***

### ကြာသပတေးနေ့ မွေးသူများ

အလုံးစုံအောင်မြင်၍ ရည်မှန်းသလောက် ထွန်းထွန်းပေါက်ပေါက်နှင့် တက်လမ်းရမည်။ ကြိုးပမ်းဆောင်ရွက်ထားသော ကိစ္စများမှ ထင်ရှားသောအကျိုးဆက်ရမည်။ ငွေကြေးအပေးအယူကိစ္စ သတိရှိရမည်။ မိမိနှင့်ဆက်နွယ်နေသော အလုပ်စီးပွားအလုံးစုံတို့ကို ထိထိမိမိ ထွန်းထွန်းပေါက်ပေါက် ဆောင်ရွက်နိုင်မည်။ ခက်ခဲသော ပြဿနာများကို ပြီးမြောက်အောင် ဖြေရှင်းနိုင်မည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စ အလုံးစုံအေးငြိမ်းခြင်းကို ကြုံမည်။ ***ယတြာ - ကြာသပတေးနေ့တွင် ပရိဘောဂများ နေရာအထားအသို ပြောင်းပါ။***

### သောကြာနေ့ မွေးသူများ

အလုံးစုံအဆင်ပြေမည်။ ဆောင်ရွက်သမျှ ထွန်းထွန်းပေါက်ပေါက်နှင့် လိုရာပြည့်စုံခြင်း ကြုံမည်။ လူမျိုးကွဲနှင့်ပူးပေါင်းလုပ်သောကိစ္စတွင် ပါဝင်ပတ်သက် အကျိုးပေးလိမ့်မည်။ အကြီးအကဲများ၏ အထောက်အကူကောင်းကို ရလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်သော အညှော်အဆိုးများ ဖြစ်လွယ်သည်။ ပြတ်နေသော အဆက်အသွယ်များနှင့် ပြန်လည်ချိတ်ဆက်ခြင်း၊ ဝေးကွာနေသောသူများနှင့် ပြန်လည်ပေါင်းစည်းခြင်းတို့ ဖြစ်ပေါ်မည်။ လူလွတ်များ အိမ်ထောင်ကျကိန်းရှိသည်။ ***ယတြာ - သောကြာနေ့တွင် သံဃာတော်တို့ကို သပိတ်လှူဒါန်းပါ။***

### စနေနေ့ မွေးသူများ

ရည်မှန်းထားသည်က တစ်မျိုး၊ လက်တွေ့ဆောင်ရွက်နေရသည်ကတစ်မျိုး ဖြစ်မည်။ ကြိုတင်လုပ်ကိုင်၍မရ၊ အပြောင်းအလဲများ တစ်မျိုးပြီးတစ်မျိုး ဆက်တိုက်ဖြစ်လာမည်။ ဆုံးဖြတ်ချက်ချပြီး ရှေ့တိုးဆောင်ရွက်ခြင်းများမှ တိုးတက်သောအနေအထားသို့ ဖြစ်တည်မည်။ စုဆောင်းထားသောငွေများကို ရုတ်ချည်းသုံးစွဲရခြင်း ရှိမည်။ လုပ်ကိုင်နေသော လုပ်ငန်းများတွင် အနှောင့်အယှက်ပေါ်ပေါက်နိုင်သည်။

***ယတြာ - စနေနေ့တွင် ထောပတ်ထမင်း အလှူဒါနပြုပါ။***

ချမ်းမြေ့မေတ္တာတုံ့ပြန်ပါသည်။
စံ-ဇာဏီဘို

# ညောင်ဦးမြို့ရှိ မနုဟာဘုရားပွဲတွင် အစဉ်အလာမပျက် ရိုးရာအရုပ်သွင်းပွဲတော် ထည့်သွင်းကျင်းပ



**ညောင်ဦး၊ စက်တင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါရပ်တွင် အစဉ်အလာမပျက် မနုဟာဘုရားပွဲတော်အား ကျင်းပလျက်ရှိပြီး ဘုရားပွဲတော်နှင့်အတူ ကျင်းပနေကြဖြစ်သော အရုပ်သွင်းပွဲတော်ကိုပါ ထည့်သွင်းကျင်းပလျက်ရှိကြောင်း မနုဟာဘုရားဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါ ဘုရားပွဲတော်ကို တော်သတင်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက် (စက်တင်ဘာ ၂၃ မှ ၂၅ ရက်) ထိ ကျင်းပနေခြင်းဖြစ်ပြီး ဒေသခံများက ရိုးရာစက္ကူအရုပ်များ သွန်းလုပ်ကာ မနုဟာဘုရားအား ဦးခိုက်ပူဇော်ခြင်း၊ လာရောက်လည်ပတ်သူများအား ပျော်ရွှင်စေခြင်းများကို ပြုလုပ်ကြခြင်းဖြစ်သည်ဟု ဆိုကြသည်။

"ကျွန်တော်တို့ကတော့ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းတဲ့ အနေနဲ့ဆက်လုပ်တာပါ။ ရှေးပဝေသဏီကတည်းက ဘုန်းတော်ကြီးတွေက စက္ကူချိုးတော်တယ်ဗျ။ သူ့တပည့်၊ သားသမီးတွေကို ကျွမ်းကျင်အောင် သင်ခဲ့တော့ ပညာအမွေတွေ ကျန်ခဲ့တယ်။ လက်ဆင့်ကမ်းသယ်လာတဲ့ အရုပ်ချိုးစနစ်နဲ့ အရုပ်ပွဲသွင်းတာပါ။ ပုဂံဒေသမှာက ဘုရားပွဲတော်တွေ များကြီးရှိတယ်။ ဒါပေမဲ့ အခုလို အရုပ်သွင်းပွဲတော်က မနုဟာဘုရားနှင့် မြစေတီဘုရားပွဲမှာပဲ ရှိပါတယ်။ မနုဟာဘုရားပွဲကတော့ လူများတယ်။ နယ်ပရိသတ်ကလည်းများတော့ လူတွေတော်တော် စိတ်ဝင်တစားနဲ့ လာကြတယ်။ ခရီးသွားတွေ၊ နိုင်ငံခြားခရီးသွားတွေလည်း စိတ်ဝင်စားကြတယ်"ဟု မနုဟာ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမြင့်က ပြောပြသည်။

ထိုသို့အရုပ်သွင်းခြင်း ဓလေ့ကို ရှေးခင်က နှစ်ပေါင်းတစ်ရာခန့်ကတည်းက ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘုရားပွဲတွင် အရုပ်ပေါင်း ၂၅ ရုပ်ခန့် ပါဝင်ခဲ့ကြောင်း သိ ရသည်။

"ဘုန်းကြီးကျောင်းက ၁၄ ကျောင်းရှိတယ်။ တစ်ကျောင်းကို စက္ကူတစ်ရုပ်နဲ့ ဒေသခံရွာတွေက လုပ်တာနဲ့ဆို ၂၅ ရုပ် အနည်းဆုံးဗျ"ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါ မနုဟာဘုရားမှာ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ဂူဘုရားများအနက် အကြီးဆုံးဖြစ်ကာ မြန်မာသက္ကရာဇ် ၄၂၉ ခုနှစ် ခရစ်နှစ် ၁၀၆၇ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ပြီး ဘုရားတွင်ရှိသော သပိတ်ကြီးနှင့် ဘုရားကြီးအတွင်းရှိ ကြီးမားသော အလယ်ဆင်းတုတော်ကြီးမှာ ထင်ရှားကြောင်း အဆိုပါ ဂေါပကအဖွဲ့မှ သိရှိရသည်။

ထန်းထန်း(မဲဇလီ)

# နတ်မောက်–မကွေး မီးရထားလမ်းအပိုင်း မြေယာလျော်ကြေးငွေပေးခဲ့ရာတွင် နစ်နာမှုမရှိသူ တောင်သူအချို့ပါဝင်နေကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်

**မကွေး၊ စက်တင်ဘာ ၂၃**

နတ်မောက်-မကွေး မီးရထားလမ်းစီမံကိန်းတွင် ပါဝင်ခဲ့သည့် ယာမြေများအတွက် မြေယာလျော်ကြေးငွေပေးခဲ့ရာတွင် နစ်နာမှုမရှိသူ တောင်သူအချို့ ပါဝင်နေကြောင်း မကွေးတိုင်း တောင်သူလယ်သမားအရေး ဆောင်ရွက်နေသူ ဦးဇော်မင်းထိုက်က သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို မကွေးမြို့၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့်ရှိ မြို့လယ်လက်ဖက်ရည်ဆိုင်တွင် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းပြည်ဘဏ္ဍာ လေလွင့်မှုမရှိစေရေးနှင့် မရိုးမသားပြုလုပ်မှုအပေါ် အရေးယူနိုင်ရေးအတွက် ယခုလို ရှင်းပြရခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ယာမြေပေါ်မှာ ဘာမှအသုံးမပြု၊ မပျက်စီးရပါဘဲနဲ့ လျော်ကြေးရနေတဲ့ တောင်သူဆယ်ဦး အထက်မှာ ရှိတယ်။ သူတို့ကို ကျွန်တော်ကိုယ်တိုင် မေးကြည့်တယ်။ မြေတိုင်းစာရေးက တင်သာတင်လိုက်ပါရတယ်။ ပြောလို့တင်လိုက်တာပဲလို့ သူတို့က ပြောတယ်။ ဒီဖြစ်စဉ်ကြောင့် တိုင်းပြည်ဘဏ္ဍာငွေ ကျပ်သိန်းပေါင်း ရာချီပြီး ဆုံးရှုံးလိုက်သလို ခံစားရလို့ အခုလို ဆောင်ရွက်ရတာပါ" ဟု ဦးဇော်မင်းထိုက်က ပြောသည်။

အဆိုပါ မီးရထားလမ်းကို ၂၀၁၀ ပြည့်နှစ်တွင် ပျော်ဘွယ်-နတ်မောက်-မကွေး စသည့်မြို့များကို ဆက်သွယ်ဖောက်လုပ်ခဲ့ပြီး လက်ရှိအချိန်ထိ ပျော်ဘွယ်-နတ်မောက်လမ်းပိုင်းကိုသာ အသုံးပြုလျက်ရှိသည်။ နတ်မောက်-မကွေးလမ်းပိုင်းကိုမူ နေရာအများစုတွင် လမ်းအူကြောင်းအတိုင်း မြေဖို့ခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းအချို့ကိုသာ ဆောင်ရွက်ရသေးသည်။

ဒီရထားလမ်း စီမံကိန်းမှာပါတဲ့ လယ်ယာမြေတွေအတွက် ထိုက်သင့်တဲ့လျော်ကြေးငွေ ရရှိဖို့အတွက် ကျွန်တော်ကိုယ်တိုင်ဦးဆောင်ပြီး လှုပ်ရှားခဲ့တာပါ။ အခြေခံအချက်အလက် အားလုံးကို အလွတ်တောင်ရတယ်။အခုလို မရိုးမသားပြုသူတွေကို ဖော်ထုတ်ပြီး ထိုက်သင့်တဲ့ အရေးယူမှုတွေ ပြုလုပ်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြဖို့စီစဉ်နေပါတယ်"ဟု ဦးဇော်မင်းထိုက်က ပြောသည်။

ရထားလမ်းစီမံကိန်းကြောင့် ပျက်စီးခြင်းမရှိဘဲ လျော်ကြေးရရှိခဲ့သည့် ယာမြေအများစုမှာ နတ်မောက်မြို့နယ် တံခွန်တိုင်ရွာ၏ အနောက်ဘက် ညောင်ပင်အနီးရှိ ဦးတင်ဝင်းလေးယာမြေမှ ပိတောက်ငုတ်ရွာလေးအထိ လမ်းပိုင်းတစ်လျှောက်မှ ယာမြေအချို့ဖြစ်ပြီး တောင်သူ ၂၀ ကျော်အတွက် ငွေကျပ်သိန်းပေါင်းရာနှင့်ချီ၍ လွဲမှားစွာပေးလျော်ထားရကာ အဆိုပါ မြေကွက်များတွင် ဂေါ်တစ်ချက်မျှပင် ကုပ်ယူခံရခြင်းမရှိကြောင်း ဦးဇော်မင်းထိုက်က ပြောသည်။

အဆိုပါ ယာမြေများတည်ရှိရာ နတ်မောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်ကို မေးမြန်းခဲ့ရာ ယင်းဖြစ်စဉ်အပေါ် မိမိအနေဖြင့် မသိရှိပါကြောင်းနှင့် ယခုအချိန်ထိမည်သူကမျှလည်း တိုင်ကြားခြင်း၊ အသိပေးခြင်း မရှိသေးကြောင်း ပြန်လည်ဖြေကြားသည်။

"လမ်းပိုင်းမှာ တမာပင်ရပ်ကွက်၊ အင်းကုန်းကျေးရွာ၊ တံခွန်တိုင်ကျေးရွာနဲ့ ပိတောက်ငုတ်ရွာလေးတို့က တောင်သူပေါင်း ၁၂၀ ရှိတယ်။ ပါဝင်ဧကပေါင်း ၁၀၆ ဒသမ ၄၂ ဧကပါ။ ဒသမ ၃၅ ဧက ကတော့ တောင်သူကိုယ်တိုင်က လျော်ကြေးငွေ သိန်းတစ်ရာရလိုတယ်ဆိုလို့ မပေးလျော်သေးဘဲ ညှိနှိုင်းဆဲပါ။ ဒါကြောင့် ၁၀၆ ဒသမ ၀၇ ဧကအတွက် တစ်ဧကကို ငွေကျပ် ၂၅ သိန်းနှုန်းနဲ့ ငွေကျပ် ၂၆၆ ဒသမ ၀၅ သန်းထဲက ပထမအရစ် ကျပ်သိန်းနှစ်ထောင်ကို လျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားနဲ့ တောင်သူတွေကို ပြေပြေလည်လည်ပဲ ပေးအပ်ခဲ့ပြီးပါပြီ"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်က ပြောသည်။

ထို့အပြင် လျော်ကြေးငွေ ပေးအပ်နိုင်ရေးအတွက် ပုံစံ(၁၂)ဖြင့် ရေးသွင်းကာ ရပ်/ကျေးမှ မြို့နယ်၊ ခရိုင် တိုင်းအဆင့်ထိ သက်ဆိုင်ရာ လယ်/စီ အဖွဲ့ အသီးသီးတို့ဖြင့် စနစ်တကျစိစစ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

ပေါ်ဦး

# အားလုံးကောင်းပါသည် နှင့် သက်သောင့်သက်သာ ကိုယ်စားလှယ်များ



ဒေါက်တာရန်မျိုးသိမ်း





ဝေဖန်ထောက်ပြမည်ဆိုလျှင် မကြိုက်တတ်၊ ကိုယ်လုပ်သမျှမှန်ကန်၊ ကြောင်းကျိုးဆီလျော်သည်ဟု ခုခံချေပတတ်၊ ဝေဖန် ထောက်ပြသူကို ဘေးဖယ်ထုတ်ပြီး၊ အုံနှင့်ကျင်းနှင့် ထိုးနှက်တိုက်ခိုက်တတ်သည့် အလေ့အထများ၊ အမူအကျင့်များ၊ စရိုက်များသည် ဒီမိုကရေစီဇောက်ထိုးကို အားပေးအားမြှောက် ပြုမည်ဖြစ်သည်။ အားလုံးကောင်းပါသည်ဟု ဆိုနေရုံမျှဖြင့် ကိုယ်စားလှယ်သည် သက်သောင့်သက်သာ၊ အပူအပင်ကင်းကင်း ရပ်တည်နိုင်ဖို့ အလားအလာ ကောင်းမည်ဖြစ်သည်။ ပြည်သူကို မျက်နှာမူလျက်၊ အစိုးရ၊ လွှတ်တော်နှင့်ပါတီတို့အား ဝေဖန်၊ ထောက်ပြ၊ ဆွေးနွေးမည်ဆိုလျှင် ထိုထိုကိုယ်စားလှယ်သည် သက်သောင့်သက်သာဖြစ်ဖို့ အလားအလာနည်းမည် ဖြစ်သည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၃ ရက်က ကျင်းပခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၉) လွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ်နှင့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၅) လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း တို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ နုတ်ထွက်ခွင့်ပြုခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဒီချုပ်ပါတီ)ပြောရေးဆိုခွင့်ရှိသူက အပြစ်ရှိသဖြင့် အရေးယူခြင်းမဟုတ်ကြောင်း၊ ပါတီစည်းကမ်းများ တင်းကျပ်လွန်းခြင်း၊ ပါတီရန်ပုံငွေထည့်ဝင်ရခြင်းနှင့် လွတ်လွတ်လပ်လပ် လုပ်ရန်ဆန္ဒရှိခြင်းတို့ကြောင့် နုတ်ထွက်စာတင်ခဲ့သည်ဟု ဆိုခဲ့သည်။

"ပြစ်ချက်ရှိလို့ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်က ပါတီစည်းကမ်းတွေက တင်းကျပ်လွန်းတယ်။ ပါတီကို အလှူငွေတွေ ထည့်ဝင်ရတယ်။ ဒါတွေကို လွတ်လွတ်လပ်လပ် လုပ်ချင်တယ်ဆိုပြီး ပါတီကို နုတ်ထွက်ခွင့်တောင်းတာ။ ဒါကို ဒီနေ့အစည်းအဝေးက အတည်ပြုလိုက်တာ" ဟု ပါတီ၏ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောကြားခဲ့သည်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးသည် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက် ရပ်တည်မည်ဖြစ်ပြီး လက်ကျန် လွှတ်တော်သက်တမ်းတွင် ယင်းကိုယ်စားလှယ်နှစ်ဦး၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ရမည်ဖြစ်ပြီး သက်သောင့်သက်သာ ခရီးဆက်ခြင်း ရှိ၊ မရှိ အကဲဖြတ်ရမည်ဖြစ်သည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အနေဖြင့် ပါတီရန်ပုံငွေ ထည့်ဝင်ရခြင်းထက် ပါတီစည်းကမ်းတင်းကျပ်လွန်းပြီး၊ လွတ်လွတ်လပ်လပ် လုပ်ခွင့်ကိုင်ခွင့်အားနည်းကာ ဗဟိုချုပ်ကိုင်မှုမြင့်မားလွန်းသည့် အခင်းအကျင်းနှင့် ဟန်ချက်ညီညီ ရပ်တည်နိုင်စွမ်း မရှိတော့သဖြင့် နုတ်ထွက်ခဲ့ခြင်းဖြစ်နိုင်သည်ဟုလည်း သုံးသပ်မှုများ ရှိနေသည်။ ဒီချုပ်ပါတီခေါင်းဆောင်များ အနေဖြင့် ပါတီစည်းကမ်းများ တင်းကျပ်လွန်းခြင်း၊ ဗဟိုချုပ်ကိုင်မှုမြင့်မားလွန်းခြင်းတို့ကို အဆောတလျင် ပြန်လည် သုံးသပ်နိုင်ရေး ရှေးရှုသင့်သည်။ လွှတ်တော်ကိုယ်စားလှယ်များ ပါတီမှ နုတ်ထွက်ရခြင်း အကြောင်းအရင်းများကို အမှန်အတိုင်း သိရှိနိုင်ရေး လေ့လာသုံးသပ်ရမည့်အပြင် အားနည်းချက်များ၊ လိုအပ်ချက်များ၊ ဟာကွက်များကို ဖော်ထုတ်၊ ပြုပြင်နိုင်ရေး အားသွန်ခွန်စိုက် စိုင်းပြင်းရမည် ဖြစ်သည်။

ဒီချုပ်ပါတီပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က"ပါတီစည်းကမ်းကတော့ မဖြစ်မနေ တင်းတင်းကျပ်ကျပ် လုပ်ထားရမှာပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ သက်သောင့်သက်သာနဲ့ လုပ်ရမယ်လို့ မမျှော်လင့်ပါနဲ့လို့ ကျွန်တော်တို့ ပြောထားပြီးပါပြီ။ အဲ့ဒီအတိုင်းပဲ တိတိကျကျ ဆောင်ရွက်သွားမှာ"ဟု သတင်းမီဒီယာများကို ပြောကြားခဲ့သည်။ တင်းလွန်းလျှင် ပြတ်တတ်သည့် သဘောကိုဆင်ခြင်လျက် ဗဟိုချုပ်ကိုင်မှုမြင့်မားလွန်းသည့် တစ်သွေးတစ်သံတစ်မိန့် ပုံစံဆင်ဆင် ပါတီစည်းကမ်း တင်းကျပ်မှုမျိုး ဖြစ်မည်ဆိုလျှင် နိုင်ငံရေးအရ အာဏာရှင်ဝန်းကျင်သို့ အသိမဲ့နောက်ကြောင်းပြန်လှည့်သည့်သဘော သက်ရောက်သွားနိုင်သည်ကို အလေးအနက် စဉ်းစား၊ သုံးသပ်သင့်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီခေါင်းဆောင်များအနေဖြင့် ပါတီစည်းကမ်း၊ ပါတီတွင်းဒီမိုကရေစီ နှင့် ဗဟိုချုပ်ကိုင်မှုမြင့်မားခြင်းတို့ကို အမြော်အမြင်ရှိရှိ ထိန်းကျောင်း၊ တည့်မတ်ဆောင်ရွက်နိုင်ရေး ရှေးရှုသင့်သည်။ ပါတီစည်းကမ်းများကို စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်၊ ဆန်းစစ်နိုင်ရန် အရေးကြီးသည့်အပြင်၊ ပါတီတွင်း ဒီမိုကရေစီကို ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက်ကျင့်သုံးနိုင်ရေး၊ ဗဟိုချုပ်ကိုင်မှုလျှော့ချနိုင်ရေးတို့ကို ရှေ့တန်းတင် ဆောင်ရွက်သင့်သည်။ ပါတီတွင်း ဒီမိုကရေစီချည့်နဲ့ပြီး ဗဟိုချုပ်ကိုင်မှုများလွန်းမည်ဆိုလျှင် ပုဂ္ဂိုလ်ဩဇာထူထောင်ခြင်း၊ အုပ်စုဖွဲ့ဂိုဏ်းဖွဲ့ခြင်း၊ ဆရာမွေး တပည့်မွေးခြင်းတို့နှင့်အတူ နိုင်ငံရေးအဂတိကြီးမားကာ ပါတီစည်းကမ်းများကို အုပ်စုတိုက်ပွဲများတွင် လက်နက်အဖြစ် အသုံးပြုလေ့ရှိတတ်သည့် နိုင်ငံတကာဖြစ်စဉ်များ၊ သာဓကများနှင့် ယှဉ်ထိုး သုံးသပ်နိုင်ရန် အရေးကြီးမည် ဖြစ်သည်။

> မလုပ်၊ မရှုပ်၊ မပြုတ်ထုံးကိုနှလုံးမူ၍ ရေငုံနှုတ်ပိတ်ကာ အထက်ကခိုင်းမှ၊ ညွှန်ကြားမှ အလုပ်ထလုပ်သည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစည်းကမ်းများကို တစ်လုံးတစ်ပါဒမျှ မဖောက်ဖျက်လင့်ကစား၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံရေးအချောင်သမားများ၊ နိုင်ငံရေးရေသာခိုသူများ၊ သက်သောင့်သက်သာ ကိုယ်စားလှယ်များပင် ဖြစ်သည် ... ”

လွှတ်တော်သက်တမ်း နှစ်နှစ်ခွဲကျော် ကာလတွင် လွှတ်တော်ကိုယ်စားလှယ်လေးဦးသည် ဒီချုပ်ပါတီဝင်အဖြစ်မှ နုတ်ထွက်ခဲ့ပြီး တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအဖြစ် ရပ်တည်လျက်ရှိသည်။ ဒီချုပ်ပါတီမှ နုတ်ထွက်ခဲ့သည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေသည် ပင်လယ်ရေမျက်နှာပြင်ထက်ပေါ်နေသည့် ရေခဲတုံး၏အစွန်းသက်သက်သာဖြစ်ပြီး ရေအောက်တွင် အဆိုပါအစွန်းထက် ပိုကြီးသည့် ရေခဲတုံးကြီးရှိသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များအကြား ပါတီမှနုတ်ထွက်လိုသူ အများအပြားရှိကောင်းရှိနေနိုင်သည်ကို ထည့်သွင်း၊ စဉ်းစားသင့်သည်။ အာဏာရပါတီမှနုတ်ထွက်ခဲ့သည့် ကိုယ်စားလှယ် လေးဦးဆိုသည့် အရေအတွက်ကိုကြည့်ပြီး မပြောပလောက်ဟု သတ်မှတ်မည်ဆိုလျှင် နိုင်ငံရေးအရ အမြော်အမြင် နည်းလွန်းရာ ကျသွားကောင်း ကျသွားနိုင်သည်ကို မျက်ခြည်မပြတ်သင့်ပေ။

ပါတီမှနုတ်ထွက်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ခါတော်မီများ၊ အခွင့်အရေးသမားများ၊ သမိုင်းမရှိခဲ့သူများ၊ သမိုင်းတန်ဖိုးမသိသူများ၊ ဆွမ်းဆန်ထဲ ရောသည့် ကြွက်ချေးများ၊ ကိုယ်ကျိုးကြည့်သူများ၊ နိုင်ငံရေးဒိုင်ဗင်သမားများ၊ အဖွဲ့အစည်းနှင့်မလုပ်တတ်သူများဟု လူမှုကွန်ရက်စာမျက်နှာထက် တံဆိပ်အမျိုးမျိုး ခတ်နှိပ်ကြမည်ဆိုလျှင် ကြောင်းကျိုး ဆီလျော်မှု မရှိနိုင်ပေ။ ပါတီဝင်ဖြစ်ဖြစ်၊ တစ်သီးပုဂ္ဂလဖြစ်ဖြစ် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်ကို လွတ်လွတ်လပ်လပ် ဆန်းစစ်၊ အကဲဖြတ်ပြီးမှသာ တံဆိပ်ကပ် သတ်မှတ်သင့်သည်။ သက်သောင့်သက်သာရှိနေသည့် လွှတ်တော်ကိုယ်စားလှယ် အများအပြားလည်း အာဏာရပါတီအလံအောက်တွင် ရှိနေမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။

မလုပ်၊ မရှုပ်၊ မပြုတ်ထုံးကိုနှလုံးမူ၍ ရေငုံနှုတ်ပိတ်ကာ အထက်ကခိုင်းမှ၊ ညွှန်ကြားမှ အလုပ်ထလုပ်သည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစည်းကမ်းများကို တစ်လုံးတစ်ပါဒမျှ မဖောက်ဖျက်လင့်ကစား၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံရေးအချောင်သမားများ၊ နိုင်ငံရေးရေသာခိုသူများ၊ သက်သောင့်သက်သာ ကိုယ်စားလှယ်များပင်ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များ အလုပ်လုပ်၊ မလုပ်စောင့်ကြည့်သည့်စနစ်ကလည်း ထိရောက်၊ တွင်ကျယ်၊ အလုပ်ဖြစ်ဖို့ သော့ချက်ကျသည်။ ပြည်သူလူထု၊ ဖေ့စ်ဘွတ်ခ် အပါအဝင် လူမှုကွန်ရက်စာမျက်နှာများ၊ အရပ်ဘက်လူမှုအဖွဲ့များ၊ သတင်းမီဒီယာများနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များ၏စွမ်းဆောင်ရည်ကို စောင့်ကြည့်နိုင်ရေး အားထုတ်သင့်သည်။ ဒီမိုကရေစီစနစ်ကို ဇာတ်စီး ဖော်ဆောင်မည့် နိုင်ငံရေးပါတီအနေဖြင့် ပါတီတွင်း ဒီမိုကရေစီ အားကောင်းရေး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးတို့ကို မဖြစ်မနေ ရှေ့တန်းတင် ဖော်ဆောင်နိုင်ရန် အရေးကြီးမည်ဖြစ်သည်။

နိုင်ငံတော်စီးပွားရေးအခြေအနေနှင့်ပတ်သက်၍ လွှတ်တော်အစည်းအဝေးများတွင် ထောက်ပြဆွေးနွေးခြင်း၊ သတင်းမီဒီယာများတွင် ဝေဖန်သုံးသပ်ပြောကြားခြင်းတို့ကို အကြောင်းပြုလျက် ဒီချုပ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့ကို ပါတီစည်းကမ်း ဖောက်ဖျက်သည်ဟု သတ်မှတ်ပြီး ပါတီတာဝန်များမှ ရပ်ဆိုင်းခဲ့သည့်ဖြစ်ရပ်ကလည်း ရှိသည်။ ပါတီ၊ အဖွဲ့အစည်းများတွင် စည်းကမ်းသည် မရှိမဖြစ်ဟု ဆိုလင့်ကစား၊ စည်းကမ်း တင်းကျပ်လွန်းသည်ကို အကြောင်းပြုလျက် အကျပ်အတည်း ဆိုက်ရလေ့ရှိတတ်သည်ကိုလည်း သတိချပ်သင့်သည်။ အစိုးရ၊ လွှတ်တော်နှင့် အာဏာရပါတီတို့ကို အကြောင်းအကျိုးပြ၊ ကျယ်ကျယ်လောင်လောင် ဝေဖန်ထောက်ပြသူများအား ပါတီစည်းကမ်း အကြောင်းပြ၊ အရေးယူ၊ သတိပေးနေမည်ဆိုလျှင် ဗဟိုချုပ်ကိုင်မှုကဲသည့် အာဏာရှင် နွံအိုင်ထဲမှ ရုန်းထွက်ဖို့ ခက်ခဲသည်ထက်၊ ခက်ခဲနေဦးမည် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် အစိုးရ၊ လွှတ်တော်နှင့် အာဏာရပါတီတို့ကို ဝေဖန်ထောက်ပြ၊ ဆွေးနွေးမေးခွန်းထုတ်ရခြင်းထက် ရေလိုက်ငါးလိုက်နေခြင်း၊ ရေငုံနှုတ်ပိတ်နေခြင်း၊ အားလုံးကောင်းပါသည်၊ အားလုံးလျော်ကန်သင့်မြတ်လှပါသည်ဟု ပြောဆိုရခြင်းသည် အကယ်စင်စစ် သက်သောင့်သက်သာ အဖြစ်ဆုံးဟု ဆိုရမည်ဖြစ်သည့်အလျောက် ဒီချုပ်ပါတီ ခေါင်းဆောင်များအနေဖြင့် ရေလိုက်ငါးလိုက်၊ သက်သောင့်သက်သာ ရပ်တည်နေသည့် လွှတ်တော်ကိုယ်စားလှယ်များကို အဆောတလျင် ပြုပြင်၊ တည့်မတ်ပြီး ပြည်သူကိုမျက်နှာမူသည်ထက် မျက်နှာမူနိုင်ရေး၊ ပြည်သူလူထု၏ ဆင်းရဲမွဲတေမှုဝန်ထုပ်ဝန်ပိုး လျှော့ချသည်ထက် လျှော့ချနိုင်ရေး အကြားမလပ် ဖော်ဆောင်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

www.free4readers.com



# မွန်ပြည်နယ်တွင် ၂၀၁၈– ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် လမ်းခင်းကျောက်ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားသူ ၁၀၃ ဦးရှိ

**မော်လမြိုင်၊ စက်တင်ဘာ ၂၄**

မွန်ပြည်နယ်တွင် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်အတွက် လမ်းခင်းကျောက်ထုတ်လုပ်ခွင့် လိုင်စင်လျှောက်ထားသူ ၁၀၃ ဦး ရှိကြောင်း စက်တင်ဘာ ၂၄ ရက်တွင် ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (သတ္တမနေ့)၌ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက ပြောကြားသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် လမ်းခင်းကျောက်ထုတ်လုပ်ခွင့် သက်တမ်းတိုးလျှောက်ထားသူ ၈၉ ဦး၊ လမ်းခင်းကျောက်ထုတ်လုပ်ခွင့်လိုင်စင်အသစ် လျှောက်ထားသူ ၁၃ ဦးနှင့် ဂဝံကျောက်ထုတ်လုပ်ခွင့် သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးရှိကြောင်း ၎င်းက ဆိုသည်။

မွန်ပြည်နယ်ရှိ ကျောက်မိုင်းလုပ်ငန်းများနှင့် ကျောက်ထုတ်လုပ်ငန်းများသည် အခွန်ဦးစီးဌာန၏ အခွန်ငွေကင်းရှင်းကြောင်း ထောက်ခံချက်ရမှ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သမ္မတရုံးက ညွှန်ကြားထားကြောင်း မွန်ပြည်နယ်အခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မူမူစောက ပြောထားသည်။

"ကျွန်မတို့ဆီကနေပြီးတော့ ဝင်ငွေခွန်ဖြစ်ဖြစ်၊ ကုန်သွယ်ခွန်ပဲဖြစ်ဖြစ် ကင်းရှင်းကြောင်း ထောက်ခံချက်ရမှ လိုင်စင်ထုတ်ပေးဖို့ သမ္မတရုံးက ညွှန်ကြားထားပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ညွှန်ကြားထားပါတယ်။ ၂၀၁၇ ခုနှစ် ဇွန်လ ၂၈ ရက် ကတည်းက ညွှန်ကြားထားတယ်"ဟု ဒေါ်မူမူစောက ပြောသည်။ မွန်ပြည်နယ်ရှိ လမ်းခင်းကျောက်ထုတ်လုပ်မှု၌ ကျောက်ကျင်းအရေအတွက် ကွာခြားမှု မရှိစေရန် လာမည့်ဘဏ္ဍာရေးနှစ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အခွန်ဦးစီးဌာနတို့ အခွန်ငွေ ပေါင်းစပ်ကောက်ခံရန် ညှိနှိုင်းထားပြီးဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးလှဝင်းတင်က ပြောသည်။

"အခွန်ကိစ္စကျတော့ ဌာနက ထုတ်လုပ်တဲ့ ကျင်းအရေအတွက်အရ ၁၀၀၀ ထုတ်ရင် ကျပ် ၂၅၀၀ နှုန်းနဲ့ ဆောင်ရတယ်။ အခွန်ဦးစီးဌာနကတော့ chack & balane ရှိရဲ့လား၊ ကျွန်တော်တို့ရဲ့chack & balane က ဘာတွေဖြစ်လာလည်းဆိုတော့ အခွန်ဦးစီးဌာနရဲ့ ကောက်ခံတဲ့ ပုံစံတွေ ရှိပါတယ်။ ဒီနေရာမှာလည်း နည်းနည်းဝိဝါဒကွဲနေတဲ့ အပိုင်းလေးက တိုင်တောတာ ဖြစ်ခဲ့ပါတယ်။ တချို့က လည်း အခွန်ကောက်တယ်။ အချို့ကျ အခွန်မကောက်ဘူး။ ပြန်ဆန်းစစ်တော့ ထုတ်လုပ်မှုတန်ဖိုး၊ ရောင်းချမှုတန်ဖိုး သိန်းငါးရာရှိမှ အခွန်ဝန်ထမ်းလို့ သတ်မှတ်တာ၊ အခွန်ထမ်းဖြစ်တဲ့ပုဂ္ဂိုလ်က ၇၁ ဦးရှိပြီးတော့၊ အခွန်ထမ်းမဖြစ်တဲ့ပုဂ္ဂိုလ်က ၆၃ ဦး ရှိတယ်။ ဒါလည်း ထွေ/အုပ်၊ အခွန်ဦးစီးတို့ ပြန်ပြီးညှိနှိုင်းရမယ့်ကိစ္စ ဖြစ်ပါတယ်"ဟု ဦးလှဝင်းတင်က ပြောသည်။



မွန်ပြည်နယ်အတွင်း ယခင်နှစ်က လမ်းခင်းကျောက်ထုတ်လုပ်သည့် လုပ်ငန်းရှင် မော်လမြိုင်ခရိုင်တွင် ၂၁ ဦးနှင့် သထုံခရိုင်တွင် ၈၀ ပြီး ပြည်ထောင်စုအစိုးရက တစ်ပြေးညီသတ်မှတ်ထားသော နှုန်းဖြင့် ကျောက်တုံးကျောက်ခဲ၊ ဂဝံ၊ ကျောက်စရစ်၊ သဲကျောက်၊ ထုံးကျောက်၊ နှမ်းဖတ်ကျောက်၊ လိပ်သဲကျောက် တစ်ရာကုဗပေ ကျပ် ၂၅၀၀ နှုန်း၊ စကျင်ကျောက်၊ ဂေါ်ဒန်ကျောက် တစ်ရာကုဗပေ ကျပ် ၃၀၀၀ နှုန်း ကောက်ခံလျက်ရှိကြောင်း သိရသည်။

**နေမင်း**

# ပြည်မြို့တွင် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အော်တစ်ဇင်ကျောင်း ဖွင့်လှစ်

**ပြည်၊ စက်တင်ဘာ ၂၂**

ပြည်မြို့တွင် အော်တစ်ဇင်ကလေးငယ်များအတွက် ကျောင်းကို ဖွင့်လှစ်ခဲ့ကြောင်း အော်တစ်ဇင်ကလေးမိဘများနှင့် ကူညီသည့် new life foundationမှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာတင်မဖြူထံမှ သိရသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယခင်က ရန်ကုန်နှင့် မန္တလေးနှင့် မော်လမြိုင်မြို့တို့တွင်သာ အော်တစ်ဇင် ကလေးငယ်များအတွက် လေ့ကျင့်သင်ကြားရေးကျောင်း ရှိပြီး နယ်ဒေသများမှ အော်တစ်ဇင်ကလေးငယ်နှင့် မိဘများအတွက် ကျောင်ထားရန် အခက်အခဲများရှိ၍ ယခုလို အော်တစ်ဇင်ကလေးမိဘများနှင့် new light foundation တို့မှ စုပေါင်း၍ ယခုလို ဖွင့်လှစ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

"အော်တစ်ဇင်ကလေးမိဘတွေအနေနဲ့ ကိုယ်ကလေး အော်တစ်ဇင်ဖြစ်နေတာကို စောစောသိဖို့ လိုသလို လေ့ကျင့်သင်ကြားတဲ့ ကျောင်းကိုပို့ဖို့လည်း လိုတယ်။ အော်တစ်ဇင်ဖြစ်နေလား၊ ခံစားနေရလားဆိုတာ ကလေးအသက် သုံးနှစ်အတွင်း သိဖို့လိုတယ်။ ရှေးရိုးစွဲအယူအဆတွေကို လက်ခံနေမယ်ဆိုရင် ကလေးက အခြေအနေ ပိုဆိုးသွားနိုင်တယ်"ဟု ဒေါက်တာ တင်မဖြူက ပြောသည်။

အော်တစ်ဇင်ဖြစ်နေတဲ့ ကလေးငယ်များအား မိဘက စောစီးစွာသိရှိပြီး မိဘများအနေဖြင့် ကိုယ့်သားသမီး အော်တစ်ဇင်ဖြစ်ပွားနေခြင်းကို လက်ခံပြီး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ကလေးမှာ ပုံမှန်ကဲ့သို့ ဖြစ်လာနိုင်ပြီး မိဘများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်တွင် အစားအသောက် အနေအထိုင်ဆင်ခြင်ပါက အော်တစ်ဇင်ဖြစ်ပွားနိုင်နှုန်း နည်းကြောင်း ၎င်းက ဆက်ပြောသည်။

"ရန်ကုန်တို့၊ မန္တလေးတို့မှာ သွားထားရင် ကုန်ကျစရိတ်က အရမ်းများတယ်။ မလွယ်ကူဘူး။ နောက်ပြီး မိဘတွေအနေနဲ့ကလည်း ကိုယ့်ကလေး အော်တစ်ဇင်ဖြစ်နေတယ်ဆိုရင် ရှက်နေ၊ ကြောက်နေလို့မရဘူး။ ကလေးဘဝအတွက် စောစောသိ လက်ခံပြီး လေ့ကျင့်သင်ကြားပေးရင် ပုံမှန်လို ဖြစ်နိုင်တယ်"ဟု အော်တစ်ဇင်ကလေးငယ် မိဘတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ကလေး ၄၅ ဦးမွေးဖွားလျှင် တစ်ဦးမှာ အော်တစ်ဇင်ဖြစ်ပွားနေပြီး အော်တစ်ဇင် ကလေးငယ်များအတွက် လေ့ကျင့်သင်ကြားရေးကျောင်းများ လိုအပ်နေပြီး ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့တို့တွင် အော်တစ်ဇင် ကလေးငယ်များအတွက် ကျောင်းရှိပြီး နယ်ဒေသများက သွားရောက်ကျောင်းထားရန် အခက်အခဲများစွာရှိပြီး တစ်လလျှင် နှစ်သိန်းခွဲမှ သုံးသိန်းခန့်အထိ ကုန်ကျနိုင် ပြီး ကျောင်းထားရန် ခက်ခဲရပြီး ယခု ပြည်မြို့တွင် ဖွင့်လှစ်ရာတွင် ကျပ်ငါးသောင်းခန့် သာ ကျောင်းစရိတ်ကုန်ကျနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး အော်တစ်ဇင်ကလေးငယ်မိဘများအနေဖြင့် ရှက်ရွံ့ခြင်း၊ ပတ်ဝန်းကျင်အထင်အမြင်သေးမည်ကို စိုးရိမ်ကြောက်လန့်မနေဘဲ လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ပုံမှန် လူတစ်ယောက်ကဲ့သို့ ဖြစ်နိုင်ကြောင်း အော်တစ်ဇင်ကလေးမိဘများနှင့် new life foundation က ပညာပေးဟောပြောသည်။

ယခု ပြည်မြို့တွင် ဖွင့်လှစ်သော အော်တစ်ဇင် ကလေးငယ်များ လေ့ကျင့်သင်ကြားရေးကျောင်းအဆောက်အအုံမှာ ငှားရမ်းဖွင့်လှစ်ခြင်းဖြစ်ပြီး သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများအနေဖြင့် အော်တစ်ဇင်ကလေးငယ်များအတွက် ကျောင်းဆောက်လုပ်နိုင်ရန် မြေနေရာ အကူညီပေးစေလိုကြောင်း အော်တစ်ဇင်ကလေးမိဘများက လိုလားကြသည်ဟု သိရသည်။

**ထန်းထန်း(မဲဇလီ)**

# မီးလောင်ခဲ့သည့် အင်းမဈေး လာမည့်မတ်လအကုန်တွင် အပြီးတည်ဆောက်ပြီး မူလဆိုင်ခန်းပိုင်ရှင်များအား အခမဲ့ပြန်လည်ပေးအပ်မည်

**ပဲခူး၊ စက်တင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမမြို့၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၈ နာရီခန့်က မီးလောင်ကျွမ်းခဲ့သည့် အင်းမဈေးအား လာမည့် မတ်လကုန်တွင် အပြီးတည်ဆောက်ပြီး မူလဆိုင်ခန်းပိုင်ရှင်များအား အခမဲ့ပြန်လည်ပေးအပ်သွားမည်ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က ပြောကြားလိုက်သည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် မီးလောင်ကျွမ်းခဲ့ပြီး ဈေးတည်ဆောက်ရန် အငြင်းပွားမှုများ ရှိခဲ့၍ တစ်နှစ်ခွဲခန့် ကြန့်ကြာခဲ့ရသည်ဟု အဆိုပါ လွှတ်တော်ကိုယ်စားလှယ်နှင့် ဒေသခံများထံမှ သိရသည်။

"ပဲခူးတိုင်းဒေသကြီး အစိုးရရန်ပုံငွေ သိန်း ကျပ် ၃၀၀၀ နဲ့ အခုလာမယ့် မတ်လအကုန်မှာ အပြီးတည်ဆောက်သွားမယ်လို့ သိရပါတယ်"ဟု ဦးဇော်လင်းထိုက်က ပြောသည်။

ယခုဆောက်မည့် ဈေးသစ်တွင် အခန်းပေါင်း ၄၂၃ ခန်း ပါရှိမည်ဖြစ်ပြီး အခန်းများမှာ ခြောက်ပေအကျယ်နဲ့ ရှစ်ပေအကျယ် အခန်းနှင့် ဈေးဝင်းတစ်ခုလုံးအား မူလထက် နှစ်ပေမြင့်ပြီး ကွန်ကရစ်ခင်းမည်ဖြစ်ကာ ဆိုင်ခန်းငှားရမ်းခဈေးများမှာ ယခင်က တစ်ခန်းလျှင် တစ်လ ကျပ် ၇၀၀ ဖြစ်ပြီး ပျံကျဈေးဆိုင်များမှာ တစ်ရက်လျှင် ကျပ် ၂၀၀ ဈေးကောက်ပေးရကြောင်း သိရသည်။

ပဲခူးတိုင်းအတွင်းရှိ တောင်ငူဈေး၊ ကျောက်ကြီးမြို့အတွင်းရှိ နတ်သံကွင်းဈေး၊ ကျောက်တံခါးမြို့မှ ဖဒိုဈေးများ မီးလောင်ခဲ့ပြီး ယခုအခါ အင်းမဈေးနှင့် နတ်သံကွင်းဈေးအား တိုင်းဒေသကြီး အစိုးရရံပုံငွေဖြင့် ပြန်လည်တည်ဆောက်နေကြောင်း သိရသည်။

**ထန်းထန်း(မဲဇလီ)**

# ရွှေရောင်းဝယ်ရာတွင် ကြိုရောင်းကြိုဝယ် မလုပ်ရန် ဆုံးဖြတ်

**မန္တလေး၊ စက်တင်ဘာ ၂၂**

ရွှေအရောင်းအဝယ် ပြုလုပ်ရာတွင် လေပတ်ကား (ကြိုရောင်းကြိုဝယ်) လုံးဝမလုပ်ရန်၊ ရွှေရောင်းပြီး မအပ်နိုင်သေးဘဲ နောက်တစ်ရက်သို့ မီတာ (အတိုးသဘောအပ်ခ) ပေးပြီး မရွှေ့ရဟု အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

စက်တင်ဘာ ၂၀ ရက် ညနေပိုင်းက ပြုလုပ်သော အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သူများက ပြောသည်။

ရွှေအရောင်းအဝယ် ပြုလုပ်ရာတွင် လက်ငင်းပေးချေစနစ် (ငွေပေး၊ ပစ္စည်းပေး) ဖြင့်သာ အရောင်းအဝယ်ပြုလုပ်ရန် သတ်မှတ်ခဲ့ပြီး အထက်ပါအချက်များဖြင့် အရောင်းအဝယ်မပြုလုပ်ရန် သတ်မှတ်ခဲ့ကြောင်း မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက ပြောကြားသည်။

"ရွှေဈေး တည်ငြိမ်အောင် အရင်လုပ်လိုက်တာ။ ထိုးတက်သွားတာ၊ ထိုးဆင်းသွားတာမျိုး မဖြစ်အောင်လုပ်တာ မဟုတ်ပါဘူး" ဟု ၎င်းက ပြောသည်။

ယခင်က ရွှေဈေးတက်လာပါက ခေါ်ယူညှိနှိုင်းမှုများရှိသော်လည်း ဒီမိုကရေစီလမ်းကြောင်းသွားနေသော ဈေးကွက်စီးပွားရေးစနစ်အရ ခေါ်ယူညှိနှိုင်းမှုမရှိတော့သဖြင့် ရွှေဈေးနှုန်း တည်ငြိမ်မှုစေရန် ရန်ကုန်နှင့် မန္တလေးမှ ရွှေကုန်သည်အသင်းများ နှစ်ဦးနှစ်ဖက်ပူးပေါင်းပါဝင်ကာ ယင်းအချက်သုံးချက်ကို ထုတ်ပြန်အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း ဦးတင်ထွန်းက ပြောသည်။

နိုင်ငံတကာတွင် ရွှေဈေးနှုန်းတည်ငြိမ်သွားပါက ယခုတားမြစ်ထားသည့် အချက်များကို ပြန်လည် ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ဦးတင်ထွန်းက ထပ်မံပြောကြားသည်။

ရွှေကုန်သည်များအသင်း အနေဖြင့် အာဏာပိုင် အဖွဲ့အစည်းမဟုတ်သောကြောင့် အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ခဲ့သော ဆုံးဖြတ်ချက်များကို အသင်းသားများ ပူးပေါင်းပါဝင်ကြရန် မေတ္တာရပ်ခံထားသည်။

အဆိုပါ အစည်းအဝေး ထုတ်ပြန်ချက်ထွက်ပြီးနောက် ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၀၅၀၀၀၀ အထိ ရောက်ရှိနေသော ရွှေဈေးသည် ကျပ် ၁၀၂၇၀၀၀ ဝန်းကျင်သို့ ပြန်လည်ကျဆင်းခဲ့ပြီး တစ်ဒေါ်လာ လဲလှယ်နှုန်းထားသည်လည်း ကျပ် ၁၆၄၇ မှ ကျပ် ၁၆၀၇ အထိ ပြန်လည်ကျဆင်းသွားခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ လေ့လာသိရှိရသည်။

**ဖြိုးအိ**

# ပေါင်းတည်မြို့တွင် WY ဆေးပြားများ ဖမ်းမိ

**ပေါင်းတည်၊ စက်တင်ဘာ ၂၅**

ပြည်ခရိုင် ပေါင်းတည်မြို့ ဈေး (၁) ရပ်ကွက် အကျဉ်းထောင်နှင့် IQ စားသောက်ဆိုင် အနောက်ဘက်တွင် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်က WY ဆေးပြားသုံးထောင်ကျော်နှင့်အတူ ဆေးခြောက်တို့ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ပြည်ခရိုင် မူခင်းနှိမ်နှင်းရေးဌာနစုမှ ဒုရဲအုပ်သိန်းဦး ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပေါင်းတည်မြို့ ဈေး(၁)ရပ်ကွက် အကျဉ်းထောင်အနောက်ဘက်နေ အဘဦးမွတ်တား (ခ) ဦးရဲအောင်၏သား သားကြီး (ခ) ထွန်းထွန်းလင်း၏ နေအိမ်အနောက်ဘက်ခန်း၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ သားကြီးနှင့် ဖြိုးကြွယ်တို့ကို အသင့်တွေ့ရှိဖမ်းဆီးခဲ့ပြီး WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးဝါး ၃၁၄၀၊ ဆေးခြောက် ၂၅ ဒသမ ၁၅ ဂရမ်နှင့် အတူ Ice ဟု ယူဆရသော အတုံးပုံဆောင်ခဲ သုညဒသမ ၁၉ ဂရမ် အပါအဝင် ကျပ် ၅၀၀၀၀၀ နှင့် Luojia ဆိုင်ကယ်တစ်စီးတို့ ကိုပါ သိမ်းဆီးရမိခဲ့သည်။



"အခုလို မူးယစ်ဆေးဝါးတွေကို ပေါင်းတည်မြို့မှာတင်မကဘဲ တစ်နိုင်ငံလုံး ဖမ်းဆီးပေးဖို့လို့ပါတယ်။ ဖြန့်ချိသူတွေကို ဖမ်းရင် သုံးစွဲသူက တဖြည်းဖြည်းနဲ့ ပျောက်သွားလိမ့်မယ်။ သက်ဆိုင်သူကလည်း စုံစမ်းဖို့လိုသလို ပြည်သူကလည်း သတင်းရရင် ပေးဖို့လိုမယ်" ဟု မြို့ခံတစ်ဦးက ပြောသည်။

ပေါင်းတည်မြို့မ ရဲစခန်းမှ မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိသူ သားကြီး (ခ) ထွန်းထွန်းလင်း (၃၅)နှစ် ပေါင်းတည်မြို့နှင့် ဖြိုးကြွယ်(ဘ)ဦးကြီးမြင့် (၄၀) နှစ် ဗိုလ်ဘုန်းမြင့်လမ်း လက်ပံတန်းမြို့နေသူတို့အား ဖမ်းဆီးထားပြီး မယ(ပ)၂/၂၀၁၈ မူး/စိတ်၁၉(က)/(၂၀)က/(၂၁) ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အောင်ကြီး(PDE)**

www.free4readers.com



**စာမျက်နှာ ၃ မှအဆက်**

စားသုံးသူတွေရော၊ အစိုးရကရော ထင်နေတာက အစ်ကိုတို့လို ၃၅ ဆိုင်လောက် တက်လာတဲ့ လုပ်ငန်းတွေက မြတ်လို့မကိုက်ဘဲနဲ့ တိုးလာမှာ မဟုတ်ဘူးလို့ သူတို့က ထင်ကြတယ်။ အစ်ကိုတို့လို ပရဟိတဝန်ထမ်းတွေ နှစ်ထောင်ကျော်ကို ထမင်းကျွေးချင်တဲ့စိတ်နဲ့ အလုပ်လုပ်နေတဲ့သူတစ်ယောက်အတွက်က ဘဏ်ချေးငွေတွေနဲ့ ချေးတယ်။ သိန်းတွေကို သောင်း ဂဏန်းနဲ့ ချေးတယ်။ ကိုယ့်မိသားစုပိုင် အိမ်တွေကို ပေါင်တယ်။ ပြီးတော့မှ ကိုယ့်ဟာကိုယ်တခြား ငွေရပေါက်ရလမ်းနဲ့ ကိုယ့်မိတ်ဆွေတွေ စုမိတဲ့ငွေကြေးနဲ့ အတိုးချထားတာမျိုး၊ မြေလေးတွေဝယ်လို့ ရောင်းရင် မြတ်တာမျိုး၊ ကားတွေဝယ်လို့ ရောင်းရင် မြတ်တာမျိုး၊ စားသောက်ဆိုင်ထဲကို ပုံထည့်ပြီး ဖွင့်တာ ပြောရမယ်ဆို ရှိတဲ့စားသောက်ဆိုင်တွေက မြတ်လို့ နောက်ဆိုင်တွေ တိုးချဲ့တာ မဟုတ်ဘူး။ နောက်တစ်ခါ တိုးချဲ့လာရခြင်း အကြောင်းအရင်းမှာ တစ်ချိန်မှာ ဖွင့်ပြီးသားဆိုင်က လခတွေ အရမ်းများလို့ တိုးလာတဲ့ အချိန်မှာ အဲဒီဆိုင်တွေက ပိတ်ပြေးရမယ်ဆိုတာမြင်လို့ အဲဒီကလေးတွေ ဒုက္ခမရောက်ရအောင် အလုပ်မထုတ်ချင်လို့ တစ်ထောင့်တစ်နေရာမှာ ကြိုပြီး ကျားကန်ထားရတာ နောက်ဆုံးနာမည်နဲ့ ပြောပြမယ်။ Feel 3 လို့ခေါ်တဲ့ အခု ဝါးတန်းလမ်းနဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်မှာ ကိုယ်ပိုင်အခန်း။ အဲဒီလို အခန်းတောင်မှ အခုပိတ်ပြီးတော့ YKKO ကြေးအိုးကို ငှားဖို့ပြင်နေရတယ်။ ကိုယ်ပိုင်အခန်းနဲ့ ငှားခမရှိဘဲနဲ့ ဖွင့်တာတောင် မကိုက်တော့လို့ ကိုက်မယ့်နေရာတွေ လျှောက်သွားနေရတယ်။ လျှောက်ပြီးတော့ ဖွင့်နေရတယ်။ ဒီလိုမျိုး Feel ဆိုတဲ့ဟာက Europan ဆိုလည်း Pizzer တို့၊ ဘာဂါတို့၊ Fish&Chick တို့၊ တကယ့်စပါယ်ရှယ်တွေ ရောင်းတဲ့ဘဝကနေ Feel အခုဘာလဲ အကြော်တို့၊ မုန့်ဟင်းခါးတို့၊ အသုပ်စုံတို့၊ ဇလုံထမင်းတို့ အဲဒီလိုဆင်းသွားပြီ အစ်ကိုတို့က သိလား။

**Speaker။ ။ အခုလိုမျိုး လုပ်ငန်းရှင်တွေ အခက်အခဲဖြစ်နေတာ အစိုးရပိုင်းကို ဘယ်လိုမျိုး အကြံပြုချင်လဲ။**

USNN ။ ။ ဘယ်လိုအကြံပြုချင်လဲဆိုရင် အစိုးရအနေနဲ့က နံပါတ်တစ် သူလည်း အခွန်ရရမယ်။ နံပါတ်နှစ် ပြည်သူလည်း သက်သက်သာသာ စားရမယ်။ နံပါတ်သုံး အစ်ကိုနဲ့ အစ်ကိုတို့ဝန်ထမ်းတွေ ရပ်တည်နိုင်ဖို့ဆိုရင် သူအပန်းမကြီးတဲ့နေရာတွေမှာ ယာယီပဲ ဖြစ်ဖြစ် အစ်ကိုတို့ကို ဖွင့်ခွင့်ပြုထိုက်သင့်တဲ့အခွန်ကောက် ငှားရမ်းခကို ဇီးရိုးလောက်နဲ့လုပ်ပေး အစ်ကိုတို့က ငှားရမ်းခမရှိဘဲနဲ့ဝန်ထမ်းတွေကို ဆက်အလုပ်ပေးနိုင်မယ်။ ငှားရမ်းခမရှိတော့တဲ့အတွက် စားသုံးသူကို ဈေးပေါပေါနဲ့ ရောင်းပေးနိုင်မယ်။ အဲဒါဆိုရင် နိုင်ငံတော်ကနေလည်း အလကား ပစ်ထားတဲ့မြေကနေပြီးတော့ အခွန်ရမယ်။ အခု နိုင်ငံတော်ကမြေတွေကို ဘယ်သူရလဲဆိုတော့ ညီလေးသိပါတယ်။ အစ်ကိုတို့လိုအဆင့်တွေ မရနိုင်ဘူး။ ရတဲ့သူကတော့ သူဌေးဖြစ်တာပဲလေ။ BOTနဲ့ နှစ်၇၀ရမယ်ဆိုပြီး ငှားရမ်းခကပေါပေါပဲပဲလေးနဲ့ အဲဒီမှာလုပ်စားသူဌေးဖြစ်တာပဲ။ အစ်ကိုတို့လို အခွန် မှန်မှန်ဆောင်တဲ့ သူကျတော့ အလှည့်မကျသေးဘူး။ ဘယ်ခေတ် ဘယ်အခြေအနေ ဘယ်အစိုးရကမှ သတိထားမိပြီး ပေးမလဲတော့မသိဘူး။ အစ်ကိုက အစိုးရနဲ့တောင် ဘယ်လိုများ စကားပြောချင်လဲဆိုတော့ အစ်ကို ပိုင်ရှင်စိုးညီညီ၊ စိုးညီညီသည် အိပ်ထဲတစ်ပြားမှ မထည့်ဘူး။ စိုးညီညီရဲ့ ဝန်ထမ်းတွေကို လခကောင်းကောင်းပေးပြီး ဒီလုပ်ငန်းကြီး ရေရှည်တည်မြဲနိုင်အောင် ဒီလိုဆိုင်လေးတွေ မြန်မာပြည်အနှံ့မှာ ဖွင့်နိုင်ဖို့အတွက် အခြေအနေလေးတစ်ခု ပေးနိုင်အောင် အစိုးရကူညီမယ်ဆိုရင် စိုးညီညီ အိပ်ထဲ တစ်ပြားမှမထည့်ဘဲ စားသုံးသူတွေ သန့်သန့်ပြန့်ပြန့် စားရဖို့အတွက် သူ့တိုင်းနဲ့ ပြည်နယ်မှာရှိတဲ့ ဝန်ထမ်းတွေအလုပ်ရဖို့အတွက် အစိုးရအခွန်ရဖို့ လုပ်ပေးနိုင်တယ်ဆိုတာ ဒီကနေ ကတိပေးရဲတယ်။

**Speaker။ ။နောက်တစ်ခုက အခုလိုအခက်အခဲ ကြုံနေရတာ ဘယ်လောက်ကြာပြီလဲ။**

USNN။ ။ ခက်ခဲလာတာတော့ ကြာနေပြီ အခုက ပိုခက်ခဲတယ်။ ဘာလို့လဲဆိုတော့အခု ညီလေးစဉ်းစားကြည့် နိုင်ငံခြားကုမ္ပဏီတွေ၊ နည်းပညာ အားကောင်းတဲ့ကုမ္ပဏီတွေ ဝင်လာပြီ။ ပီဇာကုမ္ပဏီတွေဝင်လာပြီ Starbark တွေ ဝင်လာမယ်။ KFC လို မြန်မာပြည်ကို မလာဘူးလို့ပြောတဲ့ဟာတောင် ရောက်နေပြီ၊ LOTTERA လာပြီ။ အများကြီးရောက်နေပြီ။ အဲဒီလိုရောက်နေတဲ့ အတွက်ကြောင့် စားသုံးသူတွေအကုန်လုံးက Local အစ်ကိုတို့လို Restaurant ထက် အဲဒီဘက်ကို သွားကုန်ကြပြီ။ သွားကြပြီဆို အစ်ကိုတို့က အထိုက်အလျောက် အရောင်းကျတာပဲ။ အစ်ကိုပြောတာက သူတို့ကိုပိတ်ပစ်ဖို့ ပြောတာမဟုတ်ဘူး။ ပြည်တွင်းလုပ်ငန်းရှင်ကတော့ နိုင်ငံခြားက လုပ်ငန်းရှင်နဲ့ ဘယ်လိုမှမယှဉ်နိုင်ဘူး။ စားသုံးသူကလည်းပဲ ပီဇာကို ဒီအနေအတိုင်းပဲ ပြည်တွင်းလုပ်ငန်းရှင်က ဖွင့်ရင်တောင် နိုင်ငံခြားကလာပြီးဖွင့်တဲ့ဟာလောက် အထင်ကြီးပြီး စားမှာမဟုတ်ဘူး။ ဒါကတော့ သေချာတယ်။ နောက်တစ်ခုက KFC က မွေးမြူရေးကြက်၊ အစ်ကိုတို့ ဗမာတွေကဗမာကြက်၊ ဗမာကြက်က မွေးမြူရေးကြက်ထက် ဈေးကြီးတယ်၊ အဲဒီတော့ ဗမာကြက်ကို ဘယ်လိုပဲကြော်ကြော် KFC လောက် နာမည်ကြီးမှာ မဟုတ်ဘူး။ KFC လောက် လူသွားစားမှာ မဟုတ်ဘူး။ အဲဒီတော့ ဟိုဘက်က နိုင်ငံခြားကုမ္ပဏီကြီးတွေက မွေးမြူရေးကြက်နဲ့လည်း ကြော်သေးတယ်။ စီးပွားလည်းဖြစ်တယ် ပိုက်ဆံယူရင်လည်း စားသုံးသူက ပေးတယ်။ အစ်ကိုတို့ ပြည်တွင်းလုပ်ငန်းရှင်က ဒီအတိုင်းပဲရောင်းရင်တော့ မစားကြဘူး အဲဒီလိုရှိတယ်။ အဲဒီတော့ အစ်ကိုတို့လည်း အမျိုးစုံ တီထွင်နေရတယ်။ အခု နိုင်ငံခြားသားတစ်ယောက်နဲ့ ကုမ္ပဏီ ဖွင့်ပြီးတော့ Feel the life ဆိုပြီး ဖွင့်ကြည့်တယ်။ သူကဘာလဲဆိုတော့ ထမင်းပေါ်မှာ ဗမာဟင်းလေးတွေကို အတုံးသေးသေးလေးတွေနဲ့ချက်ပြီး ဝက်သားနီ၊ ကြက်သားဆီပြန်ဟင်းရေလေးနဲ့ ပုံပြီးတော့ ဆမ်းပြီး ၂၅၀၀ နဲ့ရောင်းနိုင်အောင်စမ်းပြီး လုပ်ကြည့်တယ်။ ဘာဖြစ်လဲဆိုတော့ ဒီဘက်ဆိုင်တွေမှာ နေရာငှားခနဲ့ ဝန်ထမ်းတွေ ကြက်သားတို့၊ ဝက်သားတို့ တစ်ပွဲလေးထောင် ရောင်းနေရတဲ့ အခြေအနေ ဖြစ်နေပြီ။ အဲဒီလိုမဟုတ်ဘဲနဲ့ လေးထောင်ကတော့ အတုံးတွေလည်းကြီးမယ်။ ပြီးရင် တို့စရာပန်းကန်အလကားပေးရမယ်။ ဟင်းချို အလကားပေးရမယ်။ ဟိုမှာတော့ ဟင်းချိုလည်း မရှိဘူး။ တို့စရာလည်း မရှိဘူး။ ထမင်းပေါ်မှာ အသားဟင်းလေးဆမ်းပြီး ၂၅၀၀ ရောင်းတဲ့ဟာဖြစ်တယ်။ စားတဲ့သူကလည်း လေးထောင်ကို ၂၅၀၀နဲ့ ပြီးမယ့်ဟာကို စမ်းနေရတယ်။ ပြောရရင် အသားလျှော့ ထမင်းလျှော့ အရာရာလျှော့ပြီး ဈေးပေါပေါနဲ့ ရောင်းရင် အစ်ကိုတို့ဆိုင်တွေများ လူတွေလာမလားဆိုပြီး အဲဒီဘက်ကိုအစ်ကိုတို့ လှမ်းနေရတယ်။ အဓိကတော့ အစိုးရကူညီရင်ဖြစ်ပါတယ်။ အစိုးရမှာလည်း အဲဒီလိုကူညီဖို့ဆိုတဲ့ဟာမှာ အစ်ကိုတို့ စားသုံးသူတွေ အကုန်လုံးအတွက်ကို သူတို့တာဝန်ယူပြီး လုပ်မယ်ဆို သူတို့ ကိစ္စပေါင်းမြောက်မြားစွာနဲ့ ခေါင်းနားပန်းကြီးနေတဲ့ ပြဿနာပေါင်းစုံနဲ့ ရင်ဆိုင်နေရတာ အစ်ကိုတို့ဘက် မလှည့်နိုင်တာ အစ်ကိုတို့က တွေးကြည့်ရင်တောင် သိပါတယ်။ သူတို့က အစ်ကိုတို့အတွက်လုပ်ပေးဖို့က အားလည်း မအားပါဘူး။ အချိန်လည်း မပေးနိုင်ပါဘူး။ ဒီ့ထက်အရေးကြီးတဲ့ နိုင်ငံတော် ပြဿနာပေါင်းစုံကို လုပ်နေတာ။ ဒါကြောင့် အစိုးရကို နားပူနားဆာတော့ မလုပ်ချင်ဘူး။ ဒါပေမဲ့ လက်ရှိ အခြေအနေကတော့ မြင်နေတဲ့အတိုင်းပဲ အစ်ကိုကတော့ ဒီဆိုင်ကြီးဆိုင်ကောင်းတွေ နေရာကနေပြီးတော့ တဖြည်းဖြည်း ပိတ်ပြီးတော့ ဆိုင်သေးသေး မွှားမွှားလေးတွေနဲ့ မြို့ပြင်ထွက်ရမယ့်အခြေအနေကိုတော့ လှမ်းထားပါတယ်။ အခုလည်း မြို့ပြင်ထွက်နေပါပြီ။ တဖြည်းဖြည်းနဲ့ ၃၉ မိုင်တို့ ဇီးရိုးမိုင်တို့၊ ပန်းတနော်တို့ ရန်ကုန်မြို့ပြင်ကို ထွက်နေရပါပြီ။

**Speaker။ ။လတ်တလောမှာပေါ့ အစ်ကိုတို့နဲ့ဆက်စပ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေမှာရော ဘာတွေကြားလဲ။**

USNN ။ ။ အစ်ကိုတို့လို ဆိုင်တွေအများကြီးဖွင့်တဲ့ Feel ဆိုရင်လည်း ရှုံးတဲ့ဆိုင်တွေ ရှုံးနေရင်းနဲ့တောင့်ခံရင်း ဖွင့်နေတယ်။အမြတ်နည်းနည်းနဲ့ ဝန်ထမ်းကိုလစာပေးနိုင်ရုံ ဆိုင်တွေလည်း သူတို့ဖွင့်နေတယ်။ ဒီလိုတောင့်ခံနေတယ်ဆိုတာ ဘယ်လောက်ထိ တောင့်ခံနိုင်မလဲဆိုတာ ရှိသေးတာကိုး။ အစ်ကိုတို့တွေလည်း အသက်ကြီးလာပြီ။ အစ်ကိုဆို အသက်( ၆၀ )လောက် ဖြစ်နေပြီ။ အစ်ကိုတို့နဲ့ လုပ်ဖော်ကိုင်ဖက်တွေလည်း အသက်ကြီးလာပြီ။ သူတို့တစ်ချိန်မှာ ကျန်းမာရေးအရ နားချင်မှာပဲ။ အဲဒီအချိန်ကျ စိတ်တွေ ကျလာတော့မှာပဲ။ အဲဒီအခါကျရင် ၃၅ ဆိုင်၊ ၃၆ ဆိုင်နာမည်ကြီး Feel ကနေ လေးငါးဆိုင်ကျန်တဲ့ Feel ဖြစ်တော့မယ်လို့တော့ မှန်းထားတာပဲ။

**Speaker။ ။စီးပွားရေးလုပ်ငန်းရှင်တွေ အခက်အခဲတွေ့နေတယ်။ ဒီအခြေအနေကနေ မပြောင်းလဲဘူးဆို ဘယ်လောက်ထိ ခက်ခဲသွားနိုင်မလဲ။ အဲလိုမကြုံရအောင်ဆို ဘာတွေ ထောက်ပြချင်လဲ။**

USNN။ ။ စောစောကပြောသလို နိုင်ငံတော်က သူ့မှာ မြေလွတ်မြေရိုင်းတွေ အများကြီး ရှိနေတယ်။ ဒီလိုနေရာတွေမှာ သူသေချာဖန်တီးပေးမယ်ဆို ဘယ်လိုခေါ်မလဲ လူတွေ စီးပွားလုပ်စားလို့ရမယ့်ဟာ တစ်ခုဖြစ်အောင် အဲဒါကိုလည်း ဉာဏ်ကြီးကြီးနဲ့ ပညာရှင်တွေနဲ့ လုပ်မှရမယ်လို့ မြင်တယ်။ ဥပမာ ယိုးဒယားဆိုလို့ရှိရင် ဘန်ကောက်မှာ သူတို့က ညဈေးတွေ ပလက်ဖောင်းမှာ ဈေးရောင်းခွင့်တွေ ပေးနေတာပဲ။ လှည်းတွေနဲ့ရောင်းတာတွေ့နေတာပဲ။ အစ်ကိုတို့ ဒီမှာတော့စည်ပင်က လိုက်ဖမ်းတာပဲလေ။ ဥပမာ-စင်ကာပူမှာဆိုရင် သူ့နိုင်ငံမှာ Hogger Centerတွေ လုပ်ပေးထားတာပဲလေ။ Hogger Center ဆိုကတည်းက Restaurant ထက် ဈေးသက်သာတယ်လေ။ ဒါ အစိုးရ ဖန်တီးပေးမှုပေါ့။ အစ်ကိုတို့ဆီမှာက အခု ဦးဖြိုးမင်းသိန်းလက်ထက်မှာက ကမ်းနားမှာ ညဈေးပြောင်းတာတစ်ခုပဲ ထင်ထင်ရှားရှား တွေ့ရတယ်။ ဒီဟာလည်း ပြောရရင် ကားလမ်းနံဘေးမှာလေ။ သူတို့လည်း ပေးနိုင်တာလေး ထလုပ်တဲ့သဘောတော့ ရှိတာပေါ့။ ဒီ့ထက်ကောင်းတဲ့ နေရာမှာ ဒီထက်ကောင်းတဲ့အခြေအနေ။ အဲဒီလိုကျ ပြန်တော့လည်း လမ်းဘေးဈေးသည်တွေကို အဆင်ပြေအောင် လုပ်ပေးတာ ဖြစ်တဲ့အတွက်ကြောင့် အစ်ကိုတို့လို အောင်မြင်ပြီးသား၊ ဒါမှမဟုတ်ရင် ငွေရှိတဲ့ ဆိုင်ကြီးတွေအတွက်ကို မစဉ်းစားပေးတာ အဲဒီလိုညဈေးမှာ အစ်ကိုတို့ကိုပေးလိုက်ရင် တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့သူတွေ ဒုက္ခရောက်သွားမှာက ရှိသေးတယ်လေ။ အဲဒီတော့ အစိုးရအနေနဲ့ဆိုင်လေးတွေရဲ့ အသက်ရှင်သန်ရေး၊ သူတို့အဆင်ပြေရေးကို ဦးစားပေးမှာဖြစ်တယ်။ ဒါတွေလည်း အစ်ကိုတို့ နားလည်တယ်။ အစ်ကိုတို့အတွက်ကတော့ မင်းတို့ပိုက်ဆံရှိပြီးသားပဲ။ မင်းတို့ တတ်နိုင်သလောက် တောင့်ခံဆိုတာမျိုးပဲ ရှိမှာပဲ။ သူတို့ လုပ်ပေးနိုင်တာ ဒီအခွန်ဆိုတာကို လျှော့၊ နောက်တစ်ခု နေရာဆိုတာကိုလုပ်ပေးနိုင်ရင် အဆင်ပြေတယ်။ အစ်ကိုတို့ Feelအနေနဲ့ကတော့ ဘယ်တော့မှ နိုင်ငံတော်ကနေ သက်သာချောင်ချိတဲ့နေရာ၊ မင်းအခွန်ဆောင်နေတယ်။ မြန်မာနိုင်ငံမှာ မင်းကတော်တော် ကြီးနေတာပဲ။ အဲဒီအတွက်ကြောင့် ငါတို့ အစိုးရကနေပြီး မင်းကိုငါတို့ကနေပြီး အခွန်ဆောင်ခဲ့လို့ ပြန်ကြည့်ပေးတာမရှိဘူး။ မရှိဘဲနဲ့ ကိုယ့်ဟာကို သူများနေရာတွေမှာ အခကြေးငွေ အရမ်းပေးပြီး အစ်ကိုတို့က အလုပ်လုပ်နေရတဲ့ အဖွဲ့လေ။ အဲဒီတော့ အစ်ကိုတို့က ငှားခကမြေပိုင်ရှင်နဲ့ နေရာပိုင်ရှင်က ယူသွားတယ်။ အမြတ်ခွန်က ယူသွားတယ်။ အစ်ကိုတို့ဆီ ပိုင်ရှင်အနေနဲ့က သိပ်မကိုက်ချင်တော့ဘူး။ တော်ရုံတန်ရုံ ရောင်းရရင် ရှုံးတယ်။ တော်တော်လေး ရောင်းရရင် နည်းနည်းမြတ်တယ်။ အရမ်းရောင်းကောင်းတော့မှ အိတ်ထဲပိုက်ဆံရောက်မယ်။ အရမ်းရောင်းကောင်းဖို့ဆိုတာ ဆိုင် ၃၅ ဆိုင်မှာ ၃၅ဆိုင်လုံး မဖြစ်နိုင်ဘူး။ အဲဒီတော့ မရောင်းရတဲ့ဟာကို ပိတ်လိုက်မယ်ဆို ဝန်ထမ်းတွေက အလုပ်ပြုတ်ကုန်မယ်။ အဲဒီဟာကို သနားတာနဲ့ အစ်ကိုမှာ ကြားကန်ပြီး ဖွင့်နေရတယ်။ အစ်ကိုတစ်ယောက်တည်း အနေနဲ့ကတော့ စိတ်အေးလက်အေး ဘုရားတရားလေးလုပ်မယ်။ ကိုယ်လည်း ချမ်းသာသင့်သလောက် ချမ်းသာပြီးပြီ။ အေးအေးဆေးဆေး ထွက်နေမယ်ဆိုရင်တော့ လွယ်ပါတယ်။ ပိတ်လိုက်ရုံပဲ ကလေးတွေလည်း ထိုက်သင့်တာပေးပြီးတော့ မင်းတို့လည်း ကိုယ့်ဟာကို ရှာစားတော့ ပြောလိုက်ရုံပဲ အဲဒီကျတော့ မကောင်းဘူး။ ကလေးတွေလည်း နစ်နာတယ်။ တိုင်းပြည်မှာလည်း သန့်သန့်ပြန့်ပြန့် စားသောက်ဆိုင်တွေ လျော့သွားမယ်။ အဲဒီဆိုင်တွေ ပိတ်လိုက်ရင် အစိုးရလည်း အခွန်က ဇီးရိုးဖြစ်သွားမှာပဲ။ အဲဒီလိုကြောင့် ဒါမျိုးတွေကို ဖြေရှင်းပေးနိုင်တဲ့ လူကြီးတစ်ယောက်နဲ့ စကားပြောခွင့်ရမယ်ဆို တစ်ယောက်ခြင်း စကားပြောရမယ်ဆို သိပ်ပြောချင်တာပဲ။ အစိုးရကိုလည်း ကူညီနိုင်အောင် အစ်ကိုတို့ အခက်အခဲကိုလည်း သိအောင် ပြောချင်တာ။

**ရွှေထီး**



www.free4readers.com
The SPEAKER news journal

# အချစ်ကို ဦးစားပေးပြီး မြန်မာလင်မယား နေထိုင်ဖြတ်သန်းသည့် ရုပ်ရှင်ဇာတ်ကားကိုရိုက်ပြမည်

## ဒါရိုက်တာ ခရစ္စတီးနားခ်ီနှင့် တွေ့ဆုံခြင်း

ဘုန်းနေလ(အဂ္ဂံတက္ကသိုလ်)

မြန်မာ့ရုပ်ရှင်လောကကို စတင်ဝင်ရောက်ချိန်က ဝေဖန်တိုက်ခိုက်မှုပေါင်းများစွာကို ရင်ဆိုင်ခဲ့သည့် ခ်ီမောင်နှံက ခေါက်ရိုးကျိုးနေသည့် မြန်မာ့ရုပ်ရှင်လောကကို ပြောင်းလဲစေနိုင်ခဲ့သည့်အပြင် မုဒြာရဲ့ခေါ်သံ၊ ဥပါယ်တံမျဉ်-ရုပ်ရှင်ဇာတ်ကားများဖြင့်လည်း ပြောင်းလဲမှုကို လိုလားနေသည့် ပရိသတ်များ အကြိုက် ချပြနိုင်ခဲ့တာက အမှန်ဖြစ်ခြင်းကြောင့် ယခုလည်း Now & Ever ရုပ်ရှင်ကို ပုံဖော်ရိုက်ကူးတော့မည့် ဒါရိုက်တာ ခရစ္စတီးနားခ်ီ နှင့် Speaker တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**Speaker ။ ။ European Film festival ကို တက်ရောက်ခဲ့တာက။**

CTK ။ ။ European Film festival ကတာဝန်ရှိသူတွေက ဖိတ်လို့ပါ။ ရုပ်ရှင်သမားနဲ့ ရုပ်ရှင်ပွဲတော်ဆိုတာက ယှဉ်တွဲနေတဲ့ အရာတစ်ခုဆိုတော့လေ။ အစ်မက စိတ်ဝင်စားပြီး တက်လာတာပါ။

**Speaker ။ ။ ဒီလိုရုပ်ရှင်ပွဲတော်တွေမှာ ဘယ်ကားတွေကို ကြိုက်လေ့ရှိလဲ။**

CTK ။ ။ ကြိုက်တယ်။ အစ်မက ပြင်သစ်ဇာတ်ကားတွေကို ကြိုက်လေ့ရှိပါတယ်။ အမွှား၊ အပီးယက်နပ်(စ်)၊ တော်တော်များများ ကြိုက်ပါတယ်။ သူတို့လည်း အရသာတစ်ခုပေးတာကြောင့် တော်တော်များများ ကြည့်ဖြစ်ပါတယ်။

**Speaker ။ ။ ဒီလိုကားတွေကို ကြည့်ပြီး မြန်မာ့ရုပ်ရှင်မှာ အသုံးချလို့ရမလား။**

CTK ။ ။ ပြင်သစ်ကားတော့ ကြိုက်တယ်။ ဒီဥရောပ ရုပ်ရှင်တွေပေါ့လေ။ များသောအားဖြင့် ပွင့်တယ်။ အစ်မ အမြင်ကြတော့လေ။ အစ်မတို့နိုင်ငံက အဲဒီလိုကားတွေကြတော့ အဆင်မပြေ ဖြစ်မလားပေါ့လေ။ ကိုယ်ကတော့ ကြိုက်လည်း ကြိုက်တယ်။ ရိုက်လည်း ရိုက်ချင်တယ်။ သူတို့ဆီက Blues is the women colour ပေါ့လေ။ မိန်းမနှစ်ယောက် ကြိုက်ကြတဲ့ကားပေါ့။ ဒါတွေဆိုရင် အသေးစိတ်ပြတယ်ပေါ့။ ဒီမှာကြတော့ ဒါမျိုးကို ရိုက်ပြရင်တော့ ပြရင်လည်း ပြောကြမယ်ထင်တယ်ဆိုတော့ အစ်မထင်တာကတော့ အစ်မအနုပညာကို လေ့လာတဲ့ အချိန်မှာတော့ ကိုယ်ဒီလိုပုံစံကို မလုပ်ဘူးပေါ့။ ကောင်းတဲ့အနုပညာကို ခံစားတတ်အောင် အရင်ခံစားတယ်။ ပြီးတော့မှ ကိုယ်လုပ်နိုင်တာလေးကို ပြန်ယူတယ်။

**Speaker ။ ။ အခု လတ်တလော သရုပ်ဆောင်သစ်တွေ ရွေးချယ်တာကို ပြောပေးပါဦး။**

CTK ။ ။ ဒီနေ့ဆိုရင် Central Base ကနေပြီး သရုပ်ဆောင်သစ်တွေကို ရွေးချယ်မှုတွေ လုပ်နေတာမှာ လျှောက်လွှာတွေကို လက်ခံနေတယ်။ စက်တင်ဘာ ၂၁ ရက်နေ့မှာ ဖောင်ပိတ်သွားပါတယ်။ တော်တော်များများလည်း လျှောက်ကြပါတယ်။ အစ်မတို့လည်း ပိတ်လိုက်မလားလို့ စဉ်းစားပေမဲ့ နှစ်ပတ်စလုံး ဖွင့်ထားပေးပါတယ်။ ဝမ်းသာတယ်ပေါ့နော်။ Now & Ever ကတော့ အစ်မတို့အဖွဲ့ကြီးကတော့ လုပ်နေတယ်။ Location တွေ စချနေပြီ။ အစ်မတို့ ဒီတစ်ခေါက်က Production Designer ဆိုရင်လည်း သေချာကျကျနနလေး လုပ်မယ်။ ထားချင်တယ်ပေါ့။ အစ်မတို့အဖွဲ့မှာ မြန်မာ့ရုပ်ရှင်မှာ အရင်က ဆိုရင် ဒီလိုအဖွဲ့တွေအတွက် ဘတ်ဂျက်အကြီးကြီးတွေ မရှိဘူးလေ။ ရအောင် ပိုက်ဆံတွေ ရှာပြီးတော့ ထားမယ်ပေါ့။ သူ့အပိုင်းနဲ့သူ။ များသောအားဖြင့် အရင်တုန်းက အဲလိုတွေ မထားနိုင်ဘူးပေါ့။ အရင်တုန်းက အစ်မကိုယ်တိုင်ကပဲ လုပ်ရတာဆိုတော့ အခုတော့ အစ်မ လုပ်နိုင်အောင် ကြိုးစားနေပါတယ်။

**Speaker ။ ။ Now & Ever က ပရိသတ်ကို ဘယ်လိုမြင်သိ ထိတွေ့စေမလဲ။**

CTK ။ ။ မတူဘူးပေါ့နော်။ ဒီကားက အချစ်ကား။ အစ်မကားတွေ များသောအားဖြင့်က အချစ်ဘက်ကို ဦးတည်ပြီးတော့ မရိုက်ထားဘူးလေ။ ပထမ မုဒြာရဲ့ ခေါ်သံကလည်း မိဘရှာတဲ့ကားလေး အချစ်က နောက်မှာပဲ ကျန်ခဲ့တယ်ပေါ့။ ဥပါယ်တံမျဉ်က တကယ့်အချစ်ဇာတ်ကားကြီးလည်း မဟုတ်ပြန်ဘူးပေါ့။ ဒီကားကတစ်မျိုးပေါ့။ ခုကားက အချစ်ပဲ။ အချစ်ကနေပြီး ပေါက်ဖွားလာပြီး ဘဝတစ်ခုက ကောင်းခြင်းဆိုးခြင်းတွေကို ရင်ဆိုင်ရတဲ့ အခါမှာ ဖြစ်ပေါ်လာတဲ့ အရာတွေပေါ့နော်။ မြန်မာကား ဖြစ်အောင်လို့တော့ လုပ်မယ်ပေါ့။



မြန်မာ့ယဉ်ကျေးမှုလေးတွေပါအောင် ရိုက်မယ်ပေါ့နော်။ ဘာလို့ဆို ဇာတ်ညွှန်းက ကိုဇော်ခီရေးတယ်။ သူ့ကိုလည်း အစ်မပြောပြတယ်။ နိုင်ငံခြားကားလိုပုံစံမျိုးတော့ အစ်မ မဖြစ်ချင်ဘူးပေါ့။ အစ်မတို့ရုပ်ရှင်ရဲ့ သဘာဝအတိုင်း သွားမယ်ပေါ့။ အစ်မတို့ Production Designer ဆိုရင်လည်း အစ်မကပြောတယ်ပေါ့။ မြန်မာလင်မယားနေတဲ့ ပုံစံမျိုးလေး။ မြန်မာ လင်မယားနေတဲ့ပုံစံကိုမှ တချို့နေရာတွေမှာ မြန်မာအတွေးအခေါ်လေးတွေ အမြင်လေးတွေကို လိုက်ထည့်မယ်ပေါ့။ အဲဒီလိုစဉ်းစားထားတယ်။

**Speaker ။ ။ ခုချိန် လာလျှောက်ကြတာ များတယ်ဆိုတော့ ဘယ်လိုသတ်မှတ်ရွေးချယ်မလဲ။**

CTK ။ ။ အစ်မကလေ။ လူဦးရေတော့ မသတ်မှတ်ခဲ့ဘူးပေါ့နော်။ ဟိုတုန်းက အတွေ့အကြုံအရဆိုရင်။ တစ်ခါတလေကျရင် တစ်ယောက်၊ နှစ်ယောက်ပဲရတယ်။ ဒါပေမဲ့ ဟိုတုန်းကလျှောက်တဲ့ အနေအထား အင်အားထက်တော့ ခုကတော့ ငါးဆ၊ ခြောက်ဆလောက်တော့ များသွားပြီပေါ့လေ။ အစ်မတို့ကြည့်ရတယ်။ သူတို့ရဲ့ ကိုယ်ပိုင်ပုံစံအရ ကြည့်ရတယ်။ ဒီတိုင်းလေးရပ်နေပြီးတော့ စကားလေးသုံးကြောင်း လိုက်ပြောလိုက်လို့ရှိရင် သူ့ကို စိတ်ဝင်စားလို့ရနိုင်တဲ့ ဇာတ်ကောင်စရိုက် ရှိလား၊ မရှိလားဆိုတာကို ကြည့်တတ်ရတာပေါ့နော်။ တချို့က ကြောက်တာပေါ့လေ။ ဘာမှန်းမသိ ညာမှန်းမသိဘဲ။ တွေ့တွေ့ချင်းဆိုတော့ ရှိန်တာပေါ့လေ။ ကင်မရာကြီးရှေ့မှာ ပြောလိုက်ပါဆိုတော့တဲ့အချိန်မှာ သူတို့ကြောက်တာလည်း ရှိမှာပေါ့။ အစ်မကတော့ မသွားနိုင်ပါဘူး။ အစ်မရဲ့အဖွဲ့တွေက ပြန်ပြောကြတာ။ တချို့က မကြောက်တဲ့သူတွေ ရှိကြတာပေါ့။ မကြောက်တဲ့ သူတိုင်းကိုလည်း အစ်မတို့ မရွေးတာမဟုတ်ဘူးပေါ့။ အစ်မတို့ မျက်လုံးထဲမှာ သူလေးက ဖြစ်နိုင်လား မသိဘူးဆိုရင် အစ်မတို့စိတ်ထဲမှာ တွေးထားတယ်ပေါ့။ ဒါပေမဲ့အပိုင်းတွေ အစ်မတို့ ဘယ်လိုခွဲလိုက်မလဲဆိုတော့ တော်တော်လေးစိတ်ဝင်စားတဲ့သူတွေကို ခေါ်တွေ့လိုက်မယ်။ ဒါပေမဲ့ အလုပ်တကယ်လုပ်မှာက Now & Ever ပဲ လုပ်မှာပါ။ ဒါပြီးမှ TV စီးရီး။ ပြီးမှ သီတာဆိုတော့ သူတို့က ဒီကာလအပိုင်းအခြားလေးတွေကို စောင့်နိုင်မယ်ဆိုရင် ပိုကောင်းတာပေါ့နော်။ ဒီကာလအတွင်းမှာ သူတို့တခြား အလုပ်လုပ်လို့ ရနေတာပဲလေ။

**Speaker ။ ။ လှယဉ်ကျေးတို့၊ အောင်မြင့်မြတ်တို့ကို ဒီကားထဲမှာ ပြန်ပြီး ထည့်သုံးဦးမလား။**

CTK ။ ။ လှယဉ်ကျေးတို့ အောင်မြင့်မြတ်တို့ လာလျှောက်ကြတယ်။ အစ်မအံ့တွေသြလို့။ အရင်တုန်းကတည်းက အစ်မခေါင်းထဲမှာ သူတို့ကို ရှိပြီးသားပါ။ ဒီတစ်ခေါက် တော်တော်ထူးဆန်းတယ်။ တခြားရုပ်ရှင်ကားတွေမှာပါတဲ့ အသစ်တန်းမှာလည်း နေရာတစ်နေရာရထားပြီးသားတွေလည်း အများကြီး လာလျှောက်တယ်ပေါ့နော်။ အစ်မတို့ကလည်း အစောကြီးကတည်းက ဒီ ဇာတ်ကောင်တွေမှာ ဇာတ်ကောင်စရိုက်ချိုးလို့ရတဲ့သူ ရှိတယ်။ မချိုးလို့ရတဲ့သူရှိတယ်။ အဲဒီအခါကျတော့ အရည်အချင်းတော့ရှိတယ်။ မချိုးတတ်တဲ့သူကြရင်တော့ အစ်မတို့လိုက်တဲ့သူကိုတော့ ပေးမှာပဲပေါ့နော်။ ချိုးလို့ရတဲ့သူကတော့ တစ်မျိုးပေါ့နော်။ အစ်မတို့က ဆရာလည်း ခေါ်ထားတယ်ဆိုတော့ ခုလောလောဆယ်တော့ ဆရာနဲ့စကားပြောနေတယ်ပေါ့။ ဆရာလည်း အဆင်ပြေမယ်ဆိုရင် အစ်မက အစ်မရွေးထားတဲ့သူတွေနဲ့ ဆရာနဲ့ပေးတွေ့ချင်တယ်။ ပြီးရင် ဆရာနဲ့တိုင်ပင်မယ်။ တချို့က လေ့ကျင့်ပေးလို့ မရတာရှိတယ်။ တချို့က လာလျှောက်တဲ့အချိန်မှာပဲ ထပ်ခေါ်တဲ့အချိန်မှာ အချိန်တိကျရဲ့လား။ ဒါတွေက အရမ်းအရေးကြီးပါတယ်။ အစ်မတို့ Production-နဲ့ က Plan တွေမှာပေါ့။ အခုဆိုရင် အစ်မတို့အဖွဲ့မှာဆိုရင် Producer တွေက Plan တွေ ဆွဲပြီးသွားပြီ။ ဒီအတိုင်းဖြစ်ရမယ်လို့ ပြောတာ မဟုတ်ပါဘူး။ အစ်မတို့ ဘတ်ဂျက်တွက်တဲ့ အချိန်ကစပြီး ဘယ်နှရက်ရိုက်မယ်။ ဒီအခန်းကို ဘယ်လိုလုပ်မယ်ကအစ အတိအကျလုပ်မယ်ပေါ့။ အဲဒီအချိန်မှာ ကျွန်တော်၊ ကျွန်မ ဘယ်ရက်မှရမယ်တို့၊ စနေ၊ တနင်္ဂနွေမှ အားတယ်ဆိုတာတွေဆိုရင် အစ်မနဲ့ အဆင်မပြေဘူးပေါ့နော်။ အဲဒါတွေလည်း ထည့်တွက်ရပါတယ်။

**Speaker ။ ။ အောင်မြင့်မြတ်နဲ့ လှယဉ်ကျေးသရုပ်ဆောင်သစ်တွေထဲမှာ အတူတူ ပြန်လာလျှောက်တော့ ဘယ်လိုမြင်လဲ။**

CTK ။ ။ ဘယ်လို တွေးလိုက်လဲဆိုတော့။ အစ်မအဖွဲ့က ပြောတယ်။ သူတို့ လာလျှောက်တယ်လို့ ပြောလိုက်ချိန်မှာ အမှန်တိုင်းပြောရရင် အရမ်းလည်း ဝမ်းသာပြီးတော့ အစ်မအမျိုးသားကိုတောင် ပြောမိတယ်။ ငါများများ အလုပ်လုပ်ရမယ်။ ငါတို့ထုတ်လုပ်ရေးက ငါတစ်ယောက်တည်း ဒါရိုက်တာလုပ်လို့မရဘူးပေါ့နော်။ တခြားသူတွေပါ လာလုပ်မှဖြစ်တော့မယ်ပေါ့။ တခြားဒါရိုက်တာတွေ ပါလို့ရှိရင် သူတို့တွေကို အစ်မ အလုပ်ပေးချင်တယ်။ အစ်မမှာလည်း ရိုက်နိုင်တဲ့ကားက တစ်ကားတစ်ကားကို အကြာကြီးလုပ်တာဆိုတော့ အလုပ်က မပေးနိုင်ဘူးဖြစ်နေတယ်ဆိုတော့ အဲဒါကြောင့်မို့လို့ အစ်မအနေနဲ့ လက်ထောက်ဒါရိုက်တာတွေကို လေ့ကျင့်ပေးနေတယ်။ မျှော်လင့်ချက်ကတော့ သူတို့ကို ဒါရိုက်တာဖြစ်စေချင်တာပါ။

စာမျက်နှာ (၂၆) သို့

ဓာတ်ပုံ–ဇော်မင်းနိုင်(ဒီပဲယင်း)

www.free4readers.com

# လူမှန်၊ နေရာမှန် ရွေးချယ်တတ်ဖို့ လိုအပ်တယ်

## ပြည်ထောင်စုဝန်ကြီးဟောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးခင်ရီနှင့် တွေ့ဆုံခြင်း

အွန်လိုင်းဝဏ္ဏ

အန်ကယ် မင်္ဂလာပါဗျ။

အန်ကယ်နဲ့က ပြောစရာတွေများတော့ ဘယ်ကစရမှန်းတောင် မသိဘူး။ တချို့မေးခွန်းတွေလည်း အန်ကယ် ငြင်းချင်ရင် ငြင်းနိုင်ပါတယ်။ ဒါပေမဲ့ အန်ကယ် တာဝန်ထမ်းဆောင်ခဲ့ချိန်မှာ တချို့အဖြစ်အပျက်တွေက ပြည်သူလူထု သိချင်တာတွေ ရှိနေပါတယ်။ အဲဒီ အဖြစ်အပျက်တွေကို ဖြေနိုင်ရင် ဖြေပေးပါ အန်ကယ်။ နောင်လာနောက်သားတွေအတွက်ပဲ ဖြစ်ဖြစ်၊ အန်ကယ့် သားသမီး၊ မြေးမြစ်တွေအတွက်ပဲဖြစ်ဖြစ် ဂုဏ်ယူလို့ရအောင်ပါ။ ငါတို့အဘိုးက ဒါလုပ်ခဲ့တာကွ။ ဒီလို လုပ်ခဲ့ရတာကွ။ တွေ့လားကွ ဆိုတဲ့ အမျိုးမျိုးသော ဂုဏ်ပုဒ်တွေ နောင်းလူတွေအတွက် ဖြေလို့ရရင် ဖြေခဲ့ပေးပါအန်ကယ်ဟု Speaker မှ နိဒါန်းချီ မေးမြန်းခန်းကို စခဲ့သည်။ ဝန်ကြီးဟောင်းဦးခင်ရီက တချို့မေးခွန်းများကို အချိန်ပေးပြီး ဖြေဆိုရမည်ဖြစ်ပြီး၊ တချို့ မေးခွန်းများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေနိုင်တယ်။ လောလောဆယ် မဖြေနိုင်သေးဟု ငြင်းဆိုခဲ့သည်။

ဗိုလ်ချုပ်ကြီးခင်ညွန့်ကို အရေးယူလိုက်ပြီး နေအိမ်အကျယ်ချုပ်နဲ့ နေနေတုန်း ညဘက်မှာ အန်ကယ်ခေါင်းဆောင်ပြီး အိမ်ကိုသွားခဲ့တဲ့ အဖြစ်အပျက် အွန်လိုင်းပေါ်မှာ ပျံ့နှံ့ခဲ့ပါတယ်။ အဲဒီ ဗီဒီယိုဖိုင်နဲ့ ပတ်သက်ပြီး ရှည်ရှည်ဝေးဝေး ပြောပြပေးပါဦး။

အန်ကယ် ရဲချုပ်ဖြစ်နေတုန်း ငါးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့တယ်။ အန်ကယ်ကိုယ်တိုင်လည်း သတင်းစာရှင်းလင်းပွဲတွေမှာ ပြောခဲ့တာတွေ ရှိပါတယ်။ ဒါကတော့ စစ်အစိုးရခေတ်ဆိုတော့ အန်ကယ်ပြောတာတွေကို ယုံတဲ့သူ ရှိတယ်။ မယုံတဲ့သူတွေလည်း ရှိခဲ့တယ်။ ဒီနေ့အချိန်မှာ ငါးလောင်းပြိုင် လူသတ်မှုကို ပြန်စစ်ဆေးပါလို့ ပြောခဲ့ရင် အန်ကယ့်အနေနဲ့ ဘာတွေပြန်ပြောဖြစ်မလဲ။ ဖြေလို့ရရင် ဖြေပေးပါဦး။

နောက် USDP အနေနဲ့ ဒီနေ့အချိန်မှာ ပြည်သူအကြားပြောနေကြတဲ့ နိုင်ငံရေးသေသွားပြီလို့ ပြောတာကို အန်ကယ် ဘယ်လိုတုံ့ပြန်ချင်သလဲ။

၂၀၁၅ မှာ ပြည်သူတွေက စစ်အာဏာရှင် စနစ်ကို မုန်းတဲ့ဒဏ်၊ စစ်အာဏာရှင်နဲ့ နွယ်နေတဲ့ USDP ကို မုန်းတဲ့ ဒဏ်တွေကြောင့် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့ NLD ကို ပုံအောပြီး မဲပေးခဲ့တယ်။ အဓိကကတော့ လူတွေက အပြောင်းအလဲကို လိုချင်တဲ့စိတ်၊ အာဏာရှင်စနစ်ကို မုန်းတီးခဲ့တဲ့ စိတ်တွေ၊ နောက် ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်ကိုးစား လေးစားကရုဏာထားတဲ့ စိတ်တွေကြောင့် ယုံယုံကြည်ကြည်ကို ပုံအောပြီး ၂၀၁၅ ရွေးကောက်ပွဲကို မဲပုံအောပေးခဲ့ကြတယ်။ အခုအချိန်ထိ (ယနေ့ချိန်ထိ) USDP ရဲ့ မဲဆွယ်ပွဲတွေ၊ အခမ်းအနားပွဲတွေမှာ USDP တာဝန်ရှိသူတွေ ပြောနေ၊ ဆိုနေတာတွေကို ပြည်သူတွေ ဘယ်လိုတုံ့ပြန်နေတယ်ဆိုတာ အန်ကယ်တို့လည်း အွန်လိုင်းမီဒီယာသုံးရင် တွေ့ရမှာပါ။ ပြည်သူအများစုကတော့ USDP ကို ထောက်ခံတာ မတွေ့ရပါဘူး။ အဲဒီတော့ ၂၀၂၀ မှာရော အန်ကယ်တို့ အခု USDP ခေါင်းဆောင်ပိုင်းတွေ မျှော်လင့်နေသလို လက်ရှိ NLD အစိုးရကိုကျော်ပြီး အပြတ်အသတ် မဲနိုင်မယ်လို့ ထင်လား။ ပွင့်ပွင့်လင်းလင်း ပြောပါဦး စသည့်မေးခွန်းများကို လောလောဆယ်ဖြေဖို့ ငြင်းဆိုခဲ့သည်။



ဓာတ်ပုံ - ဇော်မင်းနိုင် (ဒီပဲယင်း)

> ပြည်သူက ကျွန်တော်တို့အပေါ်မှာ အမြင်ကြည်လာအောင်၊ ပြည်သူက သူတို့အကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်တဲ့ ပါတီလို့ မြင်လာအောင် ၂၀၂၀ အတွက် ကျွန်တော်တို့ စည်းရုံးရေးလုပ်ငန်းတွေကို ဦးစားပေး ဆောင်ရွက်နေပါတယ်။

**Speaker ။** ။ အဘတို့ ပါတီအနေနဲ့ သမ္မတဦးဝင်းမြင့်နဲ့ တွေ့ဆုံခွင့်တောင်းထားတယ်လို့ သိရပါတယ်။ ဘာတွေ တင်ပြချင်လို့ တွေ့ဆုံခွင့် တောင်းရတာပါလဲ။

**UKY ။** ။ ကျွန်တော်တို့က သမ္မတဦးဝင်းမြင့်တင် မဟုတ်ဘူး။ အရင် သမ္မတကြီး ဦးထင်ကျော်လက်ထက်ကလည်း တောင်းခဲ့ဖူးတယ်။ သမ္မတကြီး ဦးထင်ကျော်လက်ထက်က စာလေးစောင်ပို့ခဲ့ဖူးတယ်။ စာလေးစောင်မှာ နှစ်စောင်က တွေ့ဆုံခွင့်တောင်းတာ။ တွေ့ဆုံခွင့် မရခဲ့ဘူး။ အထူးသဖြင့်တော့ ရခိုင်ပြည် မြောက်ပိုင်းမှာ ဘင်္ဂါလီကိစ္စ ဖြစ်ပေါ်နေတာနဲ့ ပတ်သက်လို့ နိုင်ငံတော်ကို အကြံပြုချင်တာနဲ့ တွေ့ဆုံခွင့် တောင်းတာပါ။ တွေ့ခွင့် မရခဲ့ပါဘူး။ သမ္မတကြီးဦးဝင်းမြင့် လက်ထက်ကျတော့ ၂၀၁၈ ခုနှစ် ဧပြီလ ၂၇ ရက်လို့ ထင်ပါတယ်။ အဲဒီနေ့မှာ ကျွန်တော်တို့ အိတ်ဖွင့်ပေးစာတစ်စောင် ပေးတယ်။ နိုင်ငံတော်ရဲ့ အထွေထွေကိစ္စများကို ပြောချင်လို့။ ဘာတွေပြောချင်တာလဲဆိုတော့ ဒီနေ့ နိုင်ငံတော်မှာ ဖြစ်ပျက်နေတဲ့ ကိစ္စတော်တော်များများပေါ့။ မကျေလည်တာတွေ ရှိတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်နေတာတွေနဲ့ ပတ်သက်လို့ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်တွေအပေါ်မှာ ကျွန်တော်တို့ မကျေလည်တွေရှိတယ်။ မကြိုက်တာတွေ ရှိတယ်။ ဒါတွေကို ကျွန်တော်တို့ လွှတ်တော်ထဲမှာ ကန့်ကွက်တာတွေ ရှိတယ်။ မေးခွန်းမေးတာတွေ ရှိတယ်။ အဆိုတင်တာတွေ ရှိတယ်။ နိုင်ငံရေးပါတီတွေအနေနဲ့ကလည်း ထုတ်ပြန်ချက်တွေ ထုတ်တာတွေ ရှိတယ်။ နောက် ကျွန်တော်တို့ တွေ့ဆုံမေးမြန်းခန်း လုပ်တာတွေ ရှိတယ်။ ဆွေးနွေးပွဲလုပ်တာတွေရှိတယ်။ ဒီလမ်းကြောင်းတွေအပြင် ကျွန်တော်တို့မှာ ဘာမှလုပ်စရာ မရှိဘူး။ အရင်သမ္မတကြီး ဦးသိန်းစိန်လက်ထက်က နိုင်ငံရေးပါတီတွေနဲ့ တွေ့တာတွေ ရှိတယ်။ လေး၊ ငါးကြိမ်လောက် တွေ့တာတွေရှိတယ်။ အဲဒီတော့ နိုင်ငံတော် အစိုးရရဲ့ ဆောင်ရွက်ချက်တွေအပေါ်မှာ ထောက်ခံတာတွေ ရှိတယ်၊ ကန့်ကွက်တာတွေ ရှိတယ်။ ဒီဟာတွေက အစိုးရ ကြားလား၊ မကြားလား၊ သိလား၊ မသိလားတော့ မသိဘူး။ လက်ရှိအခြေအနေအရလည်း ရခိုင်လိုပြဿနာမျိုးဆိုရင် တစ်နိုင်ငံလုံးနဲ့ဆိုင်တဲ့ အချုပ်အခြာအာဏာနဲ့ ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက် ကြိုက်ချင်း၊ မကြိုက်ချင်း အသာထားပြီး တို့သိတာတွေတော့ နိုင်ငံတော်ဘက်ကို ပြောဖို့လိုတယ်ဆိုတဲ့ စိတ်မျိုးနဲ့ ကျွန်တော်တို့က တွေ့ဆုံခွင့်တောင်းတာ။ တွေ့ဆုံခွင့် မရဘူး။

**Speaker ။** ။ လက်ရှိအစိုးရရဲ့ ဘင်္ဂါလီအရေး ကိုင်တွယ်ဆောင်ရွက်ပုံနဲ့ပတ်သက်လို့ အဘဘယ်လိုမြင်လဲ။ အားနည်းချက်တွေ ဘာရှိလဲ။ အားသာချက်တွေရော ဘာတွေရှိလဲ။

**UKY ။** ။ ဘင်္ဂါလီကိစ္စနဲ့ပတ်သက်ရင်တော့ အစိုးရရင်ဆိုင်နေရတာ နှစ်ခုရှိတယ်။ တစ်ခုက နိုင်ငံတကာဖိအား၊ တစ်ခုက ပြည်တွင်းမှာရှိတဲ့ နိုင်ငံသူတွေ၊ နိုင်ငံသားတွေရဲ့ စိုးရိမ်စိတ်။ ရခိုင်ကိစ္စနဲ့ပတ်သက်လို့ အစိုးရမှာ တိကျတဲ့ မူဝါဒ ရှိပုံမရဘူး။ ဒီကိစ္စကိုဖြင့် ငါတို့ဘက်က အလျှော့မပေးဘူး။ ဒီကိစ္စကို ငါတို့ညှိနှိုင်းတဲ့အခါမှာ ပြည်သူလူထုရဲ့ သဘောဆန္ဒနဲ့အညီ ငါတို့စဉ်းစားရမယ် စသည်ဖြင့်ပေါ့။ ဒီလိုပြတ်ပြတ်သားသား ခိုင်မာတဲ့ မူဝါဒကို ချမှတ်မထားတဲ့အတွက်ကြောင့် ပြည်သူက စိုးရိမ်တယ်။

စာမျက်နှာ (၂၈) သို့

